
www.burmeseclassic.com
စိုးမိုးစာပေ
လုံးချင်းဝတ္ထုသစ်
မြပုလဲသွယ်
ပန်ခေါင်ခ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံ နှိပ် မှတ် တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | ♦ | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ♦ | ဒေါ်ရွှေ (မြ-၀၂၀၇၉) သုခပုံနှိပ်တိုက် အမှတ် (၁၄၈)၊ ၄၅လမ်း(ထက်) ဗိုလ်တထောင်။ |
| အတွင်းဖလင် | ♦ | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | ♦ | ကိုသန်းဌွေး |
| ပုံနှိပ်ခြင်း | ♦ | ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ |
| အုပ်ရေ | ♦ | ၅၀၀ |
| တန်ဖိုး | ♦ | ၂၀၀၀ ကျပ် |

ခြဇုလဲထွယ်

ဝန်ဆောင်ခ

စိုးမိုးစာပေ၊ ၂၀၀၅

၂၉၀ – စာ၊ ၀၂.၅ × ၁၈.၅ စင်တီ။

ခြဇုလဲထွယ် / ဝန်ဆောင်ခ


BURMESE CLASSIC

## အခန်း(၁)

တောင်များက မြင့်၍မြင့်၍ တက်လာ၏။

ထို့အတူ ကြောက်စရာကောင်းသော တောင်ကမ်းပါးယံကို ကပ်ပြီး ဖောက်ထားသော လမ်းကလည်း တဖြည်းဖြည်း ငိုဝိုကျဉ်းလာရာမှ ရုတ်တရက် အပြန့်ကျယ်သည့်ဘက်သို့ ရောက်မှန်းမသိ ရောက်လာသည်။ နေရာများစွာတွင် မျက်စိတစ်ဆုံး မြင်ရသော စိမ်းစိမ်းညို့ညို့ တောင်တန်းပေါ်တွင် ဖွေးဖွေးဖြူနေသော တိမ်စိုင်တိမ်လိပ်တို့ လွှမ်းခြုံနေပုံက ရှုမငြီးချင်စရာ သဘာဝရှုခင်းသာကို လူတိုင်း နှုတ်များက မထုတ်ဖော် မချီးကျူးဘဲ မနေနိုင်။ လူတချို့က ကားဒရိုင်ဘာကို ကားကို ခွတ်အတင်း ရပ်ခိုင်းကြပြီး သူတို့မှာ အသင့်ပါလာသော ကင်မရာကိုယ်စီဖြင့် ခတ်ပုံတဖျတ်ဖျတ် ရိုက်ယူမှတ်တမ်း တင်ကြသည်။

ထိုခရီးသွားဖော် တစ်စုတည်းမှာ မတုန်မလှုပ်၊ ကျောက်ဆင်ရုပ်ကလေးတစ်ရုပ်လို အရယ်အပြုံးကင်းစွာ ရှိနေသည့် ဆယ်ကျော်သက်အရွယ် မိန်းမလှတစ်ယောက်ကတော့ မုံ။ မည်သည့်အဝတ်မှ မပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှလည်း အရောဝင်ခြင်း မပြု။ သူမအတွေးနှင့် သူမ ငြိမ်သက်တိတ်ဆိတ်လျက်။ သူမ မျက်စိတည်ရာကိုသာ ငေးလျက် တစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် ပျံ့လွင့်နေပုံက လူကသာ ဒီနေရာမှာ ရှိနေသော်လည်း မုံ့စိတ်ဝိညာဉ်က လေအနှင်မှာ မျောချင်တိုင်း မျောလွင့်နေသော တိမ်စိုင်တိမ်လိပ် တိမ်ဦးမျှင်များပမာ ဖြစ်၏။

ဒီခရီးလမ်း၊ ဒီပန်းတိုင်ကို မရောက်ရောက်အောင် သွားတော့မည်လို့ စပြီးဆုံးဖြတ်လိုက်သည့် အချိန်ကတည်းက မုံ အခု ရောက်နေသည့်နေရာကို ရောက်လာသည့် အချိန့်အထိ သူမ အပြင်းနှင်လာခဲ့ရသော ခရီးလမ်းက သူမ သွားရောက်လိုသည့် နေရာသို့ အဆုံးအထိ မရောက်နိုင်သေးချေ။

"ကဲ... ခရီးသည်တွေအားလုံး ခရီးဆက်ကြရအောင် ကားပေါ်တက်ကြပါ"

အားလုံး ကားပေါ် ပြန်တက်ဖို့ ပြင်ဆင်ကြသည်။ တချို့က ခေတ်ပုံရိုက်၍ မပြီးသေး။

မုံ၏ ခရီးက မကြာခင် ပြီးဆုံးတော့မည်။ သူမ့ အမျှော်လင့်အတောင့်တဆုံးနေရာ၊ သူမ အရောက်ချင်ဆုံး ခရီး။ ပြီးဆုံးလုနီးပါး ရောက်လာပြီဟု တွေးလိုက်တော့ ငြိမ်သက်နေသည့် မုံ့ရင်က လှိုင်းထန်လာသည်။

အိမ်...။

မုံ ချစ်သောအိမ်၊ မုံ မြတ်နိုးသောအိမ်၊ မုံ အလွန်တွယ်တာသော မုံ့အိမ်ကို မုံ ပြန်ရောက်ရတော့မည်ဟူသော အသိက မုံ့နှလုံးသားကို ပူနွေးလာစေသည်။ တုန်လှုပ်ချောက်ချားစေသည်။

ပန်ဆောင်ခက မုံ့ကို ကြည်နူးဆွတ်ပျံ့ဖွယ်၊ လွမ်းမောတမ်းတဖွယ် အောက်မေ့အမှတ်ရစရာတွေနှင့် နွေးထွေးစွာ ကြိုဆိုမည်လား။



သို့တည်းမဟုတ် ထိတ်လန့်တုန်လှုပ်ဖွယ် အေးစက်ကြောက်မက်ဖွယ်ရာ အန္တရာယ်တို့ ပြည့်လျှမ်းနေသည့် အဖြစ်မျိုးများလား။ မုံကိုယ်တိုင်လည်း သေချာမသိ။

ဘာပဲဖြစ်ဖြစ်။ ဘာကြီးပဲ ဖြစ်လာဖြစ်လာ မုံရင်ဆိုင်မည်။ နောက်ဆုတ်ရန် အကြောင်းမရှိ။ မုံဆိုတာ ပန်ဆောင်ခရဲ့သွေး။ ပန်ဆောင်ခရဲ့ တစ်ဦးတည်းသော အရှင်သခင်။ ပန်ဆောင်ခရဲ့ ဘုရင်မ။ မုံ့ခန္ဓာကိုယ်ထဲမှာ ပန်ဆောင်ခရဲ့ သွေးစက်တွေ စီးဝင်လည်ပတ်နေသရွေ့ မုံ့မှာ ဘယ်သူနှင့်မှ မတူသော သတ္တိခွန်အားတွေ ရှိနေသည်။ အားမာန်တွေ ပြည့်နေသည်။

မြို့အဝင်ဆိုင်းဘုတ်ကြောင့် မုံ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

လှိုက်လှဲစွာ ကြိုဆိုပါ၏ ဆိုသည့်စကားက မုံ့အတွက် မဟုတ်မှန်း သိလိုက်၍ လူက ပိုပြီးသတိအနေအထား ဖြစ်သွားသည်။ မုံကိုယ်တိုင် သူမကိုယ်သူမ သတိထားမိခြင်း မရှိသော်လည်း မုံ့အမူအရာက အတောင်ပံကျိုးနေသည့် ငှက်ဖိုမလှလှလေးနှင့် တူနေ၏။ အလွန် နုနယ်လှပသော မျက်နှာလေးတွင် သောကရိပ်က ထင်းနေ၏။

စိုးရိမ်ခြင်းက လွှမ်းလျက်။

ကားက မြို့တွင်းသို့ ဝင်စပြုလာ၏။

ဖေဖေနဲ့ မေမေ။

မုံ့ရင်ထဲ ဆွတ်ပျံ့လွမ်းမောဖွယ် အတိတ်က ဘွားခနဲ ရောက်လာ၏။ ပြီးတော့ မုံ့၏ မိခင်နှင့်ဖခင်တို့၏ ပြုံးရယ်ကြည်နူးနေသည့်မျက်နှာ။ ပျော်စရာကောင်းသည့် မိသားစုဘဝ။ ရောင်စုံမီးရောင်တွေနှင့် အလှကြီးလှနေသော ပန်ဆောင်ခအိမ်ကြီး။ စိန်ရောင်ရွှေရောင်တွေ ဖိတ်ဖိတ်လက်နေသည့် ဧည့်သည်တွေအလယ်မှာ ဘာအပူအပင်မှ

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ အပျော်ကြီး ပျော်နေခဲ့သည့် မုံ။

မုံ့ မျက်စိကို တအားမှိတ်ပစ်လိုက်သည်။

တစ်ချိန်လုံး တစ်နေ့မှ မမေ့ခဲ့သည့် မုံ့၏ မွေးရပ်မြေ။ မွေးရပ်ဌာနက နွေးထွေးနေဆဲ ဖြစ်သည်။ ရှေ့နေကြီး ဦးဘမင်း၏ အစီအစဉ်ဖြင့် မုံက ကိုယ်ပိုင်ကျောင်းတစ်ကျောင်းမှာ ကျောင်းအိပ် ကျောင်းစား နေခဲ့ရသည်။ နွေရာသီ ကျောင်းပိတ်ရက် ရောက်ပြန်တော့လည်း ကွန့်ဗင့်သီလရှင်များနှင့် အချိန်ကုန်ခဲ့ရသည့် အချိန်ကာလများက မုံ့ဘ၀ အထီးကျန်နေ့ရက်များ ဖြစ်သည်။

မုံ့မှာ မည်သည့်ဆွေမျိုးမှ မရှိ။ တစ်ဦးတည်းသော မိခင်ဘက်မှ ဆွေမျိုးတော်စပ်သည့် ရှေ့နေကြီး ဦးဘမင်းက မုံ့၏ အမွေထိန်း ဖြစ်သည်။ မုံ့ကို တစ်ဦးတည်း လာရောက်တွေ့ဆုံသော မုံ့၏ တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည်။ အန်ကယ်ဦးဘမင်းက အိမ်ထောင် မရှိ။ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်၍ သူ့တွင် အမွေဆက်ခံမည့်သူ လည်း မရှိ။ မုံနှင့်အန်ကယ်တို့က ဘ၀တူများဖြစ်သည်။ ထို့ကြောင့် လည်း မုံ့ကို အန်ကယ်ဦးဘမင်းက သူ့သမီးလေးလို ချစ်သည်။

အလိုလိုက်သည်။

မုံ့မျက်နှာကို တစ်ချက်အငြိုးမခံ။

မုံလိုချင်တာကို ကြိုးစားဖြည့်ဆည်းပေးပေမယ့် ကံတရားက မုံ့ဘက်မှာ မရှိ။ ကင်ဆာရောဂါဖြင့် အန်ကယ်ဆုံးသွားတော့ မုံ တစ်ယောက်တည်း ကျန်ခဲ့သည်။

မုံ့အတွက် အန်ကယ်ဦးဘမင်း ချန်ထားခဲ့သည့် တိုက်အိုကြီး တစ်လုံးသာ မုံနှင့် ကျန်ခဲ့သည်။ အန်ကယ်မဆုံးခင်က ပန်ဆောင်ခကို မုံပြန်ရရန် အကြိမ်ကြိမ် ကြိုးစားသည်။

ကြာခဲ့ပါပြီ…



အသက်ရှစ်နှစ်အရွယ် ကလေးမလေး မုံ့အဖြစ်နှင့် ပန်ဆောင် ခမှာ မုံနောက်ဆုံး နေခဲ့ရသည့်အချိန်မှာ မုံ့ မိဘနှစ်ပါးစလုံး ကား အက်စီးဒင့်ဖြစ်ပြီး ကွယ်လွန်ခဲ့သည်။ သေခြင်းတရားဆိုသည့် အရာကို အသက်ရှစ်နှစ်အရွယ် ကလေးမလေးက ကြောက်ရွံ့မှုများ၊ ထိတ်လန့် တုန်လှုပ် ချောက်ချားမှုများစွာ၊ ဝမ်းနည်းကြေကွဲမှုအပေါင်း မရေမတွက်နိုင်။ နှလုံးသွေးပျက်သည့်အထိ အော်ဟစ်ငိုကြွေးသံများ ဆူညံနေသည့် အချိန်မှာ ဖခင်ဘက် တစ်ဦးတည်းသောဆွေမျိုး ဦးလေးအရင်းခေါက် ခေါက်က ဖခင်ကြီး၏ စီးပွားရေးလုပ်ငန်းအားလုံးနှင့်တကွ ပန်ဆောင်ခ ကို သူတစ်ဦးတည်းပိုင်အဖြစ် သိမ်းပိုက်ခဲ့သည်။

ဦးလေးဖြစ်သည့် စပ်ကြာမှူနှင့်မိသားစု ပန်ဆောင်ခအိမ်ကြီးပေါ် ရောက်လာသည်။ မေမေ့ မီးခံသေတ္တာနှင့် စိန်ရွှေငွေအားလုံးကို သိမ်း သည်။ နောက်ဆုံး တစ်ဦးတည်းသော အမွေဆက်ခံမည့်သူအဖြစ် ကျန်ရစ်ခဲ့သော မုံ့အသက်ကို ရန်ရှာသည့်အထိ ဖြစ်လာတော့မှ မုံ့မေမေနှင့် ငယ်စဉ်ကတည်းက အတူနေလာသည့် မုံ့အထိန်းတော် ကြီး ဒေါ်ကျဲက အန်ကယ်ဦးဘမင်းကို လှမ်းအကူအညီတောင်းပြီး မုံ့ကို အန္တရာယ်ထဲက ကယ်တင်ဖို့ ကြိုးစားသည်။

ပန်ဆောင်ခကို အန်ကယ်ဦးဘမင်း ရောက်လာသည်။ ဦးလေး စပ်ကြာမှူနှင့် အပြန်အလှန် စကားအခြေအတင် ပြောကြပြီးနောက်မှာ အန်ကယ်ဦးဘမင်းနှင့်အတူ မြတ်ပါလာသည်။ နောက်ကိုယ်ပိုင်ကျောင်း တစ်ကျောင်းမှာ နေရသည်။ ပန်ဆောင်ခကို မြတ် ဘယ်တော့မှ ပြန်ခွင့်မရခဲ့သည်မှာ ဒီနေ့ဒီအချိန်ထိ ဖြစ်သည်။

ငယ်ရွယ်နုငယ်စဉ်တုန်းကတော့ ပန်ဆောင်ခက မုံ ဘာလို့ ထွက်လာခဲ့ရမှန်း မသိ။ မုံ သိတတ်နားလည်တတ်စပြုလာတော့မှ ပန်ဆောင်ခကို ဦးလေးစပ်ကြာမှူက အကြွေးဖြင့် သိမ်းခဲ့ခြင်းဟု သိခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရခဲ့သည်။ ဘယ်လိုအကြွေးဆိုသည်ကို မုံ မသိရ။ ပန်ဆောင်ခက မုံ့အပိုင် မဟုတ်မှန်း သိခဲ့ရပေမယ့် ပန်ဆောင်ခဆိုတာ မုံ့အိမ်ဖြစ်သည်။ ထိုအိမ်ကြီးကို မုံ မမေ့။

ကိုယ့်အတ္တ မုံဆိုသည်မှာ ဘယ်သူဘယ်ဝါဆိုတာကိုလည်း မုံအမြဲသတိရနေသည်။ မင်းမျိုးမင်းနွယ် စော်ဘွားအနွယ်ဖြစ်သော မုံ့၏သွေးသားက မြင့်မြတ်သည်။ ကြီးကျယ်ခမ်းနားသည်။ ဂုဏ်ရှိန်မြင့်မားသည်။ ဇာတိမာန် တက်ကြွသည်။

မုံ့ဖေဖေ စပ်ကြာရုံက စော်ဘွားမျိုးရိုးမှ ဆင်းသက်လာသော စော်ဘွားလေး ဖြစ်ရုံမက မုံ့မေမေ ကိုယ်တိုင်ကလည်း ဒိတ်ဒိတ်ကျဲ မင်းဆွေမင်းမျိုးထဲမှ သမီးတော်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားသူဖြစ်သည်။

သို့သော် မုံ့မိဘနှစ်ပါး၏ ကံအကြောင်းတရားက မလှပ။ အသက်ငယ်ငယ်နှင့် ဘဝဇာတ်သိမ်းခဲ့ရသည်။ ထိုဇာတ်သိမ်းခန်းကလည်း ရင်နာစရာ ဖြစ်ခဲ့သလို သူတို့၏ တစ်ဦးတည်းသော သမီးလေး၏ အဖြစ်ကလည်း မြင့်မြတ်သော မင်းဆွေမင်းမျိုးမှ ပေါက်ဖွားလာရသော်လည်း သူမ မွေးဖွားရာ အိမ်ကြီးမှာ မနေရ။ မိဘနှစ်ပါးရှိစဉ်က ရွှေမင်းသမီးလေးအဖြစ် များပြားလှသော အထိန်းတော် အချီတော် အချော့တော်တွေနှင့် နေလာခဲ့သော်လည်း မိဘနှစ်ပါး မျက်ကွယ်ပြုသွားသည်နှင့် သူမ မိသားစု ပျော်ရွှင်စွာ နေထိုင်ခဲ့ရသော နန်းတော်တမျှ ကြီးကျယ်ခမ်းနားလှသည့် ပန်ဆောင်ခအိမ်ကြီးကို ဖွန့်လွှတ်ကျောခိုင်းကာ တစ်ဦးတည်း အထီးကျန်ဘဝဖြင့် မည်သူမှမသိအောင် မုံ့၏ အသက်အန္တရာယ်အတွက် တိတ်တဆိတ် ကိုယ်ယောင်ဖျောက်နေခဲ့ရသူ ဖြစ်ခဲ့ရသည်။

မုံ့အသက်ကို အန္တရာယ် ပေးကြမည့်သူမှာလည်း တခြားသူ



မဟုတ်။ မြတ်ဦးလေးအရင်းခေါက်ခေါက် စပ်ကြာမှုံကိုယ်တိုင် ဖြစ်နေရခြင်းကလည်း အံ့သြစရာ ဖြစ်သည်။ အခု မုံ့အသက်မှာ တစ်ဆယ့်ခြောက်နှစ် ဖြစ်သည်။ ရှစ်နှစ်ကျော်ကြာအောင် သူမ မေ့ထားသည့်နေရာကို မုံပြန်ရောက်လာရခြင်းကြောင့် မုံ့စိတ်တွေ လှုပ်ရှားနေသည်။

မုံ့ကို ဦးလေးစပ်ကြာမှုံတွေ့လျှင်... ဟု တွေးလိုက်တိုင်း မုံ့ရင်ထဲ အေးခနဲ လှိုက်ဖိုသွားသည်။

မုံ့မိသားစုပိုင် ပန်ဆောင်ခစံအိမ်ကြီးက ဦးလေးစပ်ကြာမှုံပိုင်ဖြစ်သည်။ ဖြူဖွေးတောက်ပနေသော ကျောက်သားအဖြူရောင်များနှင့် ရွှေရောင်တို့ကို အသုံးပြုထားသည့် စံအိမ်ကြီး ခန့်ညားထည်ဝါမှုက ဤမြို့၏ ဂုဏ်ဆောင်ဖြစ်သည်။ ရွှေရောင် ကနုတ်ပန်းများဖြင့် အလှဆင်ထားသည့် တံခါးမကြီးမှ သူမ ထွက်လာစဉ်က ရှစ်နှစ်သမီးဖြစ်ပြီး နောက်ထပ် တစ်ခေါက်မှ ပြန်မရောက်တော့။ အခု မုံ့ရင်သည် ဟိုးအရင်အိမ်မှ ထွက်ခဲ့စဉ်ကအတိုင်း ခံစားနေရ၏။

ရောက်ပြီ။

မုံ သိပ်ရောက်ချင်သည့် မုံ့ရဲ့ မွေးရပ်မြေကို မုံ ပြန်ရောက်ခဲ့ရပါပြီ။ တရွေ့ရွေ့ သွားလာနေသည့် လူစုလူဝေးကိုကြည့်ကာ မုံ အသက်ရှူဖို့ မေ့နေ၏။ တစ်နေရာတွင်ရပ်ပြီး သူမ မြင်တွေ့နေရသော မြို့ပြမြင်ကွင်းကို ငေးကြည့်နေမိ၏။

ငယ်ငယ်တုန်းက သူမ ဖေဖေ၊ မေမေတို့နှင့် ပျော်ရွှင်ခဲ့ကြသော်လည်း အခု သူတို့ မရှိကြတော့။ မုံ့အတွက် ကမ္ဘာအသစ်တစ်ခုလိုဖြစ်နေ၏။ လက်ဆွဲအိတ်ကိုဆွဲ၍ လမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်သည်။ သူမကို ကားငှားဦးမည်လားဟု မေးလာသူများကို ခေါင်းခါသည်။ ငြိမ်းချမ်းစွာ သက်ဝင်လှုပ်ရှားနေသော ပတ်ဝန်းကျင်ကို ကြည့်ပြီး မုံ ရင်တွေ ခုန်လာသည်။ နေခြည်အောက်မှာ ဝင်းလက်နေသော

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံများကို စိတ်ဝင်စားစွာ ငေးကြည့်နေမိ၏။ ဟိုတုန်းက မုံသိမြင်ခဲ့သည့်အတိုင်း မပြောင်းမလဲ ရှိနေဆဲ ဖြစ်သည်။

"ဗျို့… မမလေး၊ ရထားလုံး စီးဦးမလား"

"စီးမယ် ဦးလေး။ ကျွန်မပြောတဲ့ လိပ်စာကို ပို့ပေးပါ"

"ကောင်းပါပြီဗျာ"

ရထားလုံးမောင်းသူနှင့်အတူ ပါလာသူက မုံတက်ရန် ရထားလုံးတံခါးကို သူကိုယ်တိုင် ဖွင့်ပေးသလို မုံ့ခရီးဆောင်အိတ်ကို ကူဆွဲပြီး ရထားလုံးထဲမှာ နေရာချပေးသည်။ မုံက သူမသွားချင်သည့်နေရာကို ပြောလိုက်သည်။ ရထားလုံးနေရာက စထွက်သည်နှင့် ရက်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် မုံ ပြုံးလိုက်သည်။ ထိုအပြုံးက မုံ့ရင်ထဲက စိမ့်ထွက်လာသည့် အပြုံးဖြစ်သည်။ ဒီလိုမပြုံးဖြစ်သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဟု တွေးလိုက်တော့ မုံ့ထံမှ သက်ပြင်းချသံသဲ့သဲ့က အေးမြသော လေထုထဲ နွေးထွေးညင်သာစွာ ဖြတ်သန်းစီးမျောသွားသည်။

# အခန်း (၂)

ပန်ဆောင်ခကို မုံသွားမည်ဆိုတော့ မုံကို အနီးကပ်စောင့်ရှောက်ခဲ့သည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျူလီက မသွားစေချင်။ အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်သူလည်းဖြစ်၊ စာလည်း တော်သော မုံကို သူတို့ကျောင်းမှာပဲ အလုပ်ပြန်လုပ်စေချင်သည်။ မုံက လက်မခံ။ ဆန္ဒပြင်းစွာဖြင့် ပန်ဆောင်ခကို အရင်ပြန်ပြီးမှ တခြားအကြောင်းအရာတွေကို စဉ်းစားပါရစေဟု ခွင့်ပန်ခဲ့သည်။

အတိတ်ဆိုးကို ဒေါ်ဂျူလီက ပြန်သတိမရစေချင်။ လူသစ်၊ စိတ်သစ်၊ ဘဝသစ်ဖြင့် မုံ့ကို နေစေချင်မှန်း သိပေမယ့် သူပြောသလို မုံ့ဘက်က မလိုက်နာနိုင်။ နေစရာ အဆင်သင့်။ ငွေရမည့် အလုပ်သစ်ကို ဂရုမစိုက်။ ပန်ဆောင်ခကို မဖြစ်ဖြစ်သည့်နည်းနှင့် ရောက်အောင်ပြန်ခဲ့ပြီးမှ သူမစိတ်ထဲ ရှိသည့်အတိုင်း သူမငယ်စဉ်က နေခဲ့ရသော အဖြူရောင် ကျောက်သားကျောက်တုံးတို့ဖြင့် ဆောက်လုပ်ထားသော ပန်ဆောင်ခစံအိမ်ကြီးရှိရာသို့ ချက်ချင်း အရောက်မသွားနိုင်။

ပန်ဆောင်ခမှာ ဦးလေးစပ်ကြာမှူ ရှိနေသည်။ မုံ့ကိုမြင်လျှင် မုံ့ အသက်အန္တရာယ်ကို ရန်မပြုပါဟု အတတ်ပြော၍ မရ။ မုံ

www.burmeseclassic.com

www.burmeseclassic.com



တိုယ်တိုင်ကလည်း ပန်ဆောင်ခကို သူမ ရောက်လာသည့်အဖြစ်ကို ဦးလေးစပ်ကြာမှုကို မသိစေချင်။ မုံ့ဘာသာ ဘယ်သူမှမသိအောင် ပန်ဆောင်ခကို အဝေးကကြည့်ပြီး အလွမ်းဖြေတော့မည်ဟု စိတ်ပိုင်းဖြတ်ထား၍ ပန်ဆောင်ခကို လူမြင်သူမြင်အချိန်မှာ မသွား။ ညဘက် လူခြေတိတ်ချိန်မှ သွားကြည့်ရန် စီစဉ်ထားသည်။

မုံ့လို မိန်းမလှလေးတစ်ယောက် စိတ်ချလက်ချ အနားယူနိုင်လောက်စရာ နေရာလည်း မရှိ။ ဘာလို့ နေရာမရှိရမှာလဲ။ မုံ့မှာ ပန်ဆောင်ခ ရှိသည်။ မုံတို့မိသားစုပိုင် အိမ်ကြီးဆီကို သွားချင်လွန်းလို့ ဒီနေရာကို ရောက်လာခဲ့သည် မဟုတ်လား။ ဘယ်လောက် ပင်ပန်းပင်ပန်း အကြောင်းလား။

နောက်ထပ် အချိန်မဆိုင်းလိုတော့။

သွက်လက်ရဲရင့်သော ခြေလှမ်းများဖြင့် ရင်းနှီးကျွမ်းဝင်ပြီးသားလမ်းအတိုင်း ဆက်လျှောက်သည်။

သွားမည်။

ပန်ဆောင်ခစံအိမ်ကြီးဆီသို့ သွားကိုသွားမည်။

မုံ ဘာကိုမှမကြောက်။ ဖြစ်လာသမျှကို ရင်ဆိုင်မည်။ မည်မျှခက်ခဲသည့် လမ်းပဲဖြစ်ဖြစ် မုံ ပန်ဆောင်ခကို ရောက်အောင်သွားမည်။ မုံ့အသက်ကို အန္တရာယ်ပြုလည်း မုံ ဂရုမစိုက်။ လမ်းတစ်ခုကို ချိုးကွေ့လိုက်လျှင် သူမ အလွန်မြင်ချင်တွေ့ချင်သည့် ပန်ဆောင်ခကို တွေ့မြင်ရတော့မည်။

မုံ့ရင်တွေ ခုန်သထက် ခုန်လာ၏။

ပတ်ဝန်းကျင်က အမှောင်ထု လွှမ်းခြုံစပြုလာပြီဖြစ်၍ သူမရှေ့သို့ ဆက်လျှောက်သည့်အခါ ပန်ဆောင်ခအိမ်ကြီး ရှေ့ကလမ်းမီးတိုင်ကို လှမ်းမြင်ရသည်။ သစ်ပင်တွေ အုပ်ကွယ်နေသဖြင့် ပန်ဆောင်ခကို



တော့ မမြင်ရသေး။ မုံ့ကိုယ်မုံ သတိမထားမိခင်မှာ မုံ့ခြေလှမ်းတွေက အမှောင်ထုအောက်မှာ ပိုသွက်လာ၏။

မုံအလွန်ချစ်မြတ်နိုးသော အိမ်ကို မြင်ရတော့မည်။

မုံ့မိသားစုပိုင် ပန်ဆောင်ခက ရုတ်ချည်းဆိုသလို မုံ့မျက်စိရှေ့ ဘွားခနဲ ရောက်လာမှ မုံခြေအစုံ ရပ်တန့်သွားသည်။ မျက်လုံးထဲ တွေ့မြင်နေရသော မြင်ကွင်းကို မုံမျက်တောင်မခတ် စူးစိုက်ကြည့်လျက် နေရာမှာ ကျောက်ရုပ်လို ရပ်နေမိ၏။

ကျောက်ဖြူသားဖြင့် ရှိခဲ့သော ပန်ဆောင်ခက ဟော်နန်းစံအိမ်ကြီးဖြစ်၍ ကြီးကျယ်ခမ်းနားမှုအပေါင်းတို့ ပြည့်လျှမ်းနေပုံက ဟိုအရင်ကအတိုင်း ဘာတစ်ခုမှ မပြောင်းလဲပါပဲလား။ လေသာခန်းဆောင်တွင် မတ်ရပ်ပြတင်းပေါက်ကြီးတွေနှင့် အလှစိုက်မြက်ခင်းကြီး၊ အရောင်အသွေး စုံလင်စွာ ဖူးပွင့်နေသည့် လှပသည့် ပန်းဥယျာဉ်က ဝေဆာလျက်။

ငယ်စဉ်က မိသားစုနှင့်အတူ ပျော်ရွှင်စွာ ကြီးပြင်းနေထိုင်ခဲ့ရသော မုံ့မိဘပိုင် အိမ်ကြီးရှေ့မှာ မုံအချိန်မည်မျှကြာအောင် ရပ်နေမိသည်မသိ။ ပန်ဆောင်ခစံအိမ်ကြီးကို မျက်နှာမလွှဲနိုင်၊ ရှေ့ကိုလည်း တိုးမသွားရဲ။ သွားလည်း မသွားလိုတော့။ အိမ်ကြီးထဲမှာ မုံကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုမည်သူမရှိ။ မုံ့ကို မြင်သည်နှင့် ရန်သူသဖွယ် မြူမှုပြောဆို ဆက်ဆံကာ မုံ့အသက်ကိုပင် ရန်ပြုမည့်သူတွေပဲ ရှိသည်။

စိတ်ကူးယဉ် အိပ်မက်အတိုင်း ပန်ဆောင်ခံစံအိမ်ကြီး ရှိသည့်နေရာ ပန်ဆောင်ခံစံအိမ်ကြီးရှေ့အထိ ရောက်လာပြီးနောက်မှ မုံနှင့် မည်သို့မျှ မသက်ဆိုင်တော့သည့် အိမ်ကြီးကိုကြည့်ကာ သူမ မက်ခဲ့သည့် စိတ်ကူးယဉ် အိပ်မက်သည်လည်း ပျက်ပြယ်သွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်ဆောင်ခ ဟော်နန်းစံအိမ်ကြီးက မုံနှင့်မည်သို့မျှ မသက်ဆိုင်တော့။ မုံသည် သူမမိသားစုပိုင် သူမတို့ မိသားစု ပျော်ရွှင်စွာနေခဲ့သည့် အိမ်ဖြူကြီးကို ကျေနပ်အားရအောင်ကြည့်ပြီး နေရာမှာ သူမ ဆတ်ရပ်နေမိသည်။ မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေ၍ ဘာမှ မသဲကွဲ။ ပါးပေါ် စီးကျလာသည့် မျက်ရည်တွေကို မတားနိုင်။ ဦးခေါင်းကို မတ်မတ်ထား၍ လက်ဆွဲအိတ်ကို လက်မှာကိုင်ကာ တစ်ဖက်ဆီအလှည့် သူမနှင့်မျက်နှာချင်းဆိုင် နေရာမှ လျှောက်လာသည့် မိန်းမကြီးတစ်ယောက်ကို မျက်ရည်များကြားက ဝိုးတစ်ဝါး မြင်လိုက်ရသည်။ အသက်အရွယ်ကြီးရင့်၍ အိုမင်းသော်လည်း ကြံ့ခိုင်သော အမျိုးသမီးကြီးက လက်ထဲမှာ အထုပ်တစ်ထုပ်ဆွဲပြီး ပါးပြင်ပေါ် စီးကျနေသည့် မျက်ရည်စတို့ဖြင့် မျက်နှာလှလေးကို သတိထားမိသလို မျက်နှာကို သေချာစိုက်ကြည့်သည်။

ညကြီးအချိန်မတော် ပန်ဆောင်ခစံအိမ်ကြီးရှေ့မှာ ဒီမိန်းကလေး ဘာလာလုပ်ပါလိမ့်ဟုသော အတွေးဖြင့် ကြည့်ခြင်းဖြစ်သည်။ လက်ထဲမှာလည်း ခရီးဆောင်အဝတ်အိတ်နှင့် ပန်ဆောင်ခလို ဟော်နန်းစံအိမ်ကြီးကို အချိန်အကြာကြီး ငေးကြည့်နေကြောင်း သူတွေ့မြင်ထားသည်။ မုံက သူမကို စူးစူးစိုက်စိုက် ကြည့်ရှုအကဲခတ်နေသည့် မိန်းမကြီးကို စိတ်မဝင်စား။ ပန်ဆောင်ခစံအိမ်ကြီးကို နောက်ဆုံးကြည့်ခြင်းဖြင့် တစ်ချက်ကြည့်ပြီး စိတ်ထဲက မိဘနှစ်ပါးကို နှုတ်ဆက်သည်။

မုံ ပြန်ရတော့မယ် မာမီနဲ့ဒယ်ဒီ။

မုံ့ကို ဒီနေရာက ပြန်ခွင့်ပြုပါတော့နော်။

ပါးပြင်ပေါ် မျက်ရည်တွေ ဝေါခနဲ ပြိုဆင်းသည်ကို မုံ မတား။ မိန်းမကြီးက မုံ့ကို ခြေဆုံးခေါင်းဆုံး စေ့စပ်သေချာစွာကြည့်ပြီး နောက်မှာ အံ့သြထိတ်လန့်သွားက လွှတ်ခနဲ အသံတစ်ချက် ထွက်သွား၏။



"မုံ… ကလေး"

မုံက ထိုအသံကို မကြား။

နေရာက ထွက်သွားတော့မည်ဟု ခြေလှမ်းအပြင်။

"မုံ… မုံလေး မဟုတ်လား"

"ဒေါ်ကျဲ"

"အမယ်လေး… မုံမှ မုံအစစ်ပါပဲလားကွယ်"

ဒေါ်ကျဲက မုံငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မုံ၏ အထိန်းတော်ကြီးဖြစ်ကာ မုံမှန်းသိသည်နှင့် လက်နှစ်ဖက်ကို ရှေ့သို့ ဆန်းတန်းပြီး မုံ့အမည်ကို ဝမ်းသာစွာခေါ်ရင်း မုံ့ကိုယ်လေးကို သူ့လက်ကြီးများဖြင့် လွှတ်ထွက်မသွားအောင် အတင်းကျုပ်ဆုံး ပွေ့ဖက်ထားသည်။ မုံ့မှာလည်း ထင်မှတ်မထားသည့်အဖြစ်ကြောင့် သူမ လက်ထဲက အဝတ်အိတ်လေး ပြုတ်ကျသွားပြီး ဒေါ်ကျဲကိုယ်ကြီးကို အားပါးတရ ပြန်ဖက်ထားရင်း ဝမ်းသာစိတ်နှင့် မျက်ရည်ဖြိုင်ဖြိုင် ကျမိသည်။

"ဒီဘဝ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့ ထင်ထားတာ ကွယ်… မုံလေးရယ်။ ကြည့်ပါဦး… သမီး မာမီထက်တောင် ပိုချော ပိုလှနေပါလား ကလေးရယ်"

"ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ မုံလေးရယ်။ ဒေါ်ကြီး မြင်ရင် မယုံနိုင်လွန်းလို့ပါ"

"မုံ ပန်ဆောင်ခကို ပြန်လာကြည့်တာပါ ဒေါ်ကျဲ"

"ဖြစ်မှဖြစ်ရလေကွယ် အခုဘယ်မှာတည်းလဲ"

"မုံ ဘယ်မှာမှ မတည်းဘူး၊ ဒီနေ့မှ ပန်ဆောင်ခကို မုံရောက်တာ"

"ဒေါ်ကျဲအိမ်ကြီးကိုလည်း ရောင်းပစ်လိုက်တာ ကြာပြီကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကြီး ရောင်းပစ်လိုက်ကြောင်း ပြောသည့် ဒေါ်ကျဲမျက်နှာမှာ ကြေကွဲရိပ်တစ်ခု စွန်းထင်းနေ၏။ ပြီးတော့ မုံ့မျက်နှာလေးကို သေချာကြည့်သည်။ ပန်ဆောင်ခစံအိမ်ကြီးက မုံ့ပိုင်သည့် စံအိမ်ကြီး ဖြစ်သော်လည်း အခု မုံ့နှင့် ထိုစံအိမ်ကြီးက ဘာမှမဆိုင်တော့။

"ဦးလေးစပ်ကြာမှူးရော နေကောင်းရဲ့လား ဒေါ်ကျဲ"

စပ်ကြာမှူးဆိုသည့် အမည်စကားကြောင့် ဒေါ်ကျဲမျက်နှာတစ်မျိုးဖြစ်သွားကာ မုံ့ကိုကြည့်သည်။

"မုံ့ ဘာမှမသိဘူးထင်တယ်။ စပ်ကြာမှူး သေတာကြာပြီကွဲ့။ သူ့မိသားစုတွေလည်း တစ်ယောက်မှ မရှိတော့ဘူး"

"ရှင်..."

မုံ့မှာ ကြားရသည့်စကားကို မယုံ။

မီးလင်းနေသည့် ပန်ဆောင်ခစံအိမ်ကြီးကိုသာ အလန့်တကြား လှမ်းကြည့်သည်။ မီးလင်းနေသည့် ပန်ဆောင်ခအိမ်ကြီးမှာ ဘယ်သူနေသလဲ။

"ပန်ဆောင်ခက ပိုင်ရှင်အသစ် ဖြစ်သွားပြီမုံ့။ ဒီအိမ်ကြီးကို စပ်ကြာမှူးကိုယ်တိုင် သူဌေးတစ်ယောက်ကို ရောင်းလိုက်တာ အခု ပန်ဆောင်ခမှာနေတာ အဲဒီပိုင်ရှင်သူဌေးပဲ"

"အို..."

ဒေါ်ကျဲက မုံ့သိချင်သည့် အဖြေကို ပြည့်စုံအောင် ဖြေကြားလိုက်ခြင်း ဖြစ်သည်။ မုံ့အကြည့်တွေက ပိုင်ရှင်အသစ်လက်ထဲ ရောက်သွားပြီဖြစ်သော သူ့မအိမ်ကြီးကို တမ်းတမ်းတတ လှမ်းကြည့်သည်။

"ပိုင်ရှင်အသစ် ပြောင်းသွားပေမယ့် အိမ်ကြီးကို ပြင်ဆင်ထိန်းသိမ်းထားပုံက အရင်ကအတိုင်းပဲ ဘာတစ်ခုမှ ပြောင်းလဲမသွားဘူးနော် ဒေါ်ကျဲ"



"ဟုတ်တယ် သူဌေးက အရင်ပုံစံကိုပဲ သဘောကျလို့ အရင်ပုံစံအတိုင်းပဲ ခြေရာလက်ရာမပျက် ဆက်ထိန်းထားတာကွဲ့... အခု မုံ့ဘယ်မှာတည်းမှာလဲ မိုးချုပ်တော့မယ် ကလေးရဲ့..."

ဒေါ်ကျဲက သိပ်လှသည့် မုံ့ကို စိုးရိမ်စွာ ကြည့်သည်။ အလွန်နုနယ်လှပသော မုံ့က သူ့မျက်လုံးထဲ ကြည့်မဝ။ ပန်ဆောင်ခကို သူမတစ်ယောက်တည်း ရောက်လာပြီး တခြားဘယ်ကိုမှ သွားစရာမရှိတာလဲ ဒေါ်ကျဲစိတ်ထဲ အလိုလို သိနေ၏။

"မုံ့အတွက် စိတ်မပူပါနဲ့ ဒေါ်ကျဲ၊ မုံ့တစ်နေရာရာမှာတော့ တည်းမှာပါ"

"ဘယ်နေရာလဲ တည်းခိုခန်းကို ပြောတာလား"

ဒေါ်ကျဲအသံက အလန့်တကြား ဖြစ်သည်။

မုံ့လို လှပငယ်ရွယ်သည့် မိန်းမလှတစ်ယောက်တည်း မည်သည့်အဖော်မှမပါဘဲ တည်းခိုခန်းမှာ တည်းခိုခြင်းက အန္တရာယ်ကို ဖိတ်ခေါ်ခြင်းသာဖြစ်ကြောင်း ဒေါ်ကျဲကောင်းစွာ သိသည်။ မုံ့က သူမအတွက် စိုးရိမ်စိတ်မချ ဖြစ်နေသော အဘွားအိုကို နှစ်သိမ့်အားပေးသလို ပြုံးပြသည်။

"မုံ့အတွက် မစိုးရိမ်ပါနဲ့ ဒေါ်ကြီးရယ်။ မုံ့ကိုမုံ့ ကာကွယ်စောင့်ရှောက်နိုင်ပါတယ်။ အခု ဒေါ်ကျဲ ဘယ်မှာနေလဲဟင်"

မုံ့ထံမှ အမေးစကားအဆုံးမှာ ဒေါ်ကျဲက မုံ့ကို စိတ်မကောင်းသလို ကြည့်သည်။

"ဒေါ်ကျဲနေတာက ဒီပန်ဆောင်ခမှာပါပဲကွယ်"

"ဘယ်လို"

"ဟုတ်တယ်မုံ့လေး၊ ဒေါ်ကျဲ သမီးနဲ့မြေးလည်း ဆုံးသွားပြီ။ ဒေါ်ကျဲတစ်ယောက်တည်း ကျန်ခဲ့တော့ နေစရာအိမ်လည်း မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ပန်းဆောင်ခပိုင်ရှင်သူဌေးက အရင်ကတည်းက ကြီးတော်က ပန်းဆောင်ခက အိမ်တော်ထိန်းမှန်းသိလို့ ဒီမှာပဲ အလုပ်ဆက်လုပ်ခွင့် ပေးထားပြီး ဒီမှာပဲ နေခွင့်ပြုထားတယ်ကွယ်''

''ဒေါ်ကျဲ ကံကောင်းတာပေါ့နော်''

ဒေါ်ကျဲက မုံ့ကို ဘာမှ ပြန်မပြော။

ပန်းဆောင်ခစံအိမ်ကြီး၏ ပိုင်ရှင်သူဌေးသမီးလေးက လမ်းပေါ်မှာ ရောက်နေပြီး သူကတော့ ပန်းဆောင်ခစံအိမ်ကြီး၏ အမိုးအောက်မှာ အရင်ပုံစံအတိုင်း ငြိမ်းချမ်းစွာ ရှိနေခြင်းကို စိတ်မချမ်းသာ။ ရင်ထဲမှာ စို့နင်လာပြီး မုံ့လက်ထဲက အဝတ်အိတ်လေးကို မှုံသီသော မျက်ဝန်းအစုံဖြင့် တစ်ချက်လှမ်းကြည့်ပြီး သက်ပြင်းချသည်။ မုံ့က သူ့လက်ထဲမှာပင်မွေး၍ သူ့လက်ပေါ်မှာ ကြီးပြင်းလာရသော ချစ်စရာ ကလေးမလေး ဖြစ်သည်။

ဦးလေးဖြစ်သူက မုံ့အသက်အန္တရာယ်ကို ရန်ရှာလာသည်အထိ ဖြစ်လာ၍ မုံ့ကို ဦးဘမင်းလက်ထဲ ထည့်ပေးလိုက်သူကလည်း ဒေါ်ကျဲကိုယ်တိုင်ဖြစ်သည်။ ဦးဘမင်း ဆုံးသွားသည့်အကြောင်းကို သတင်းစာမှာ ဖတ်လိုက်ရသည်ဟု ဒေါ်ကျဲကို တခြားသူတွေ ပြောလို့သိလိုက်ရသည်။ မုံ့နှင့်တော့ ဘာအဆက်အသွယ်မှမရ။ အခု မုံ့ပြန်ရောက်လာသည်။ အရင်လို ရင်ခွင်ထဲ ထွေးပွေ့ထားရမည့် ချစ်စရာအရွယ်ကလေး မဟုတ်တော့။ အလွန်လှပ၍ ကျက်သရေရှိလှသော အလှပိုင်ရှင် ဣန္ဒြေရှင်မိန်းမပျိုလေးအဖြစ် ပြန်ရောက်လာခြင်း ဖြစ်သည်။

''မုံ့ သွားတော့မှထင်တယ် ဒေါ်ကျဲ''

''ဘယ်ကိုသွားမှာလဲ ကလေးရယ်၊ ဒေါ်ကျဲနဲ့ နေပါလား''

ဒေါ်ကျဲက မုံ့လက်လေးကိုဆွဲပြီး မုံ့လက်ထဲက အထုပ်ကိုယူတော့ မျက်ရည်ပြည့်နေသော မျက်ဝန်းအစုံဖြင့် သူမက အခုချိန်ထိ



ချစ်ခင်နေဆဲဖြစ်သည့် ဒေါ်ကျဲမျက်နှာ ဝိုင်းဝိုင်းကြီးကို ချစ်မြတ်နိုးစွာ ကြည့်သည်။

''ဒေါ်ကျဲနဲ့ပဲနေမယ် မဟုတ်လားဟင်... နေနော် မုံလေး''

မုံ့က တိတ်ဆိတ်နေသော ပန်းဆောင်ခံစံအိမ်ကြီးကို တစ်ချက်လှမ်းကြည့်ပြီး ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ဖဝါးတစ်ဖက်အသာပွတ်သုတ်၍ သူမလက်ကို ဖလွှတ်တမ်း ဆွဲထားသည့် ဒေါ်ကျဲကို ကြည့်သည်။

''ဒေါ်ကြီးပြောသလို မုံ့ ဒေါ်ကျဲနဲ့ နေချင်ပါတယ် ဒေါ်ကျဲရယ်။ ဒါပေမဲ့ ပန်းဆောင်ခံစံအိမ်ရဲ့ အရှင်သခင်က ဒေါ်ကြီးနဲ့အတူလာနေမယ့် မုံ့ကို ကြိုက်ပါ့မလား''

''သူက သဘောကောင်းမှာပါကွယ်။ ဒေါ်ကြီးကလည်း အိမ်ရှင်သူဌေးကို တစ်ခါမှ မမြင်ဖူးဘူး။ ဒေါ်ကြီးက ဒီမှာ အိမ်စောင့်လေလကုန်ရင် သူဌေးက လူလွှတ်ပြီး လခပေးတာကို လိုအပ်တာတွေ ညွှန်ကြားတာတို့ လုပ်တယ်။ တစ်ခါတုန်းကတော့ ဆရာဝန်မိသားစုလာနေမယ်လို့ ပြောတယ်။ ဒါပေမဲ့ မနေဖြစ်ပါဘူးကွယ်''

''နောက်တစ်ပတ်ဆိုရင်တော့ အင်ဂျင်နီယာ အဖွဲ့တစ်ဖွဲ့ လာမယ်ပြောတယ်။ ဒီမှာနေပြီး အင်ဂျင်နီယာလုပ်ငန်းတွေ လုပ်မှာဆိုတော့ ဒေါ်ကျဲအတွက် အကူကလေးမလေး နှစ်ယောက်ငှားပေးမယ်တဲ့။ မုံလေးကိုမေးရင် ဒေါ်ကြီးတူမပါလို့ ပြောမယ်။ မပူပါနဲ့ကွယ် ဘယ်သူမှ ဒေါ်ကျဲကို အပြစ်ပြောမှာ မဟုတ်ပါဘူး''

ဒေါ်ကျဲစကားအဆုံးမှာ မုံ့စိတ်တွေ လွတ်လပ်ပေါ့ပါးသွားခြင်း ကြောက်ရွံ့ထိတ်လန့်နေသော မသိုးမသန့်စိတ်များ ပျောက်သွားကာ ချက်ချင်း လူသစ်စိတ်သစ် ဖြစ်သွားသည်။ မုံ့ကို အန္တရာယ်ပြုမည့် ဦးလေးလည်း မရှိတော့။ သူမတစ်ယောက်တည်းဟု ထင်ထားရာက

www.burmeseclassic.com

www.burmeseclassic.com



သူချစ်သော ဒေါ်ကျဲနှင့် ပြန်တွေ့ဆုံခွင့် ရလိုက်သလို ဒေါ်ကျဲ ကိုယ်တိုင်က အခုချိန်ထိ မုံ့ကို ချစ်မြတ်နိုးနေဆဲဖြစ်၍ ဤကမ္ဘာလောကထဲမှာ မုံတစ်ယောက်တည်း မဟုတ်တော့ပဲ တွယ်ငြိစရာ သံယောဇဉ်သစ် ရောက်လာ၍ ပျော်ရွှင်သွားသည်။

"လာပါကွယ်၊ ဒီနေရာက သွားကြရအောင်။ တကယ် မုံ အနေသင့်ဆုံးနေရာက ဒီနေရာပါကွယ်။ ပန်းဆောင်ခစံအိမ်ကြီးက မုံတို့ ပိုင်တဲ့အိမ်ကြီး မဟုတ်လား"

ဒေါ်ကျဲအသံက ပို၍ပျော့ပျောင်း နူးညံ့လျက်။ မုံ့လက်ထဲက အဝတ်အိတ်ကို လက်တစ်ဖက်ကဆွဲပြီး တခြားလက်တစ်ဖက်က မုံ့လက်လေးကိုဆွဲကာ ပန်းဆောင်ခစံအိမ်ကြီး၏ ဝင်းတံခါးကို ဖွင့်ကာ ရှေ့မှာ ရဲရဲစွာ ဦးဆောင်ဝင်သွား၏။ မုံသည် ပထမတော့ တွန့်ဆုတ်တွေဝေနေသည်။ ဒေါ်ကျဲပြောသလို ပန်းဆောင်ခစံအိမ်ကြီးမှာ ဒေါ်ကြီးနှင့်အတူ ပြန်နေရခြင်းကြောင့် သူမကိုယ်သူမ ငယ်ဘဝကို ပြန်ရောက်သွားသလိုဖြစ်ကာ ဒေါ်ကျဲဆွဲခေါ်ရာနောက်သို့ စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်ပြီး လိုက်သွားသည်။

လာတုန်းကတော့ ပန်းဆောင်ခစံအိမ်ကြီးကို အလွမ်းပြေကြည့်ရန် ဖြစ်သည်။ ပြန်နေခွင့်ရလိမ့်မည်ဟု စိတ်ပင်မကူးခဲ့။ မျှော်လည်း မမျှော်လင့်ရဲ။ အဝေးမှ မျှော်ကြည့်ရုံသက်သက် ဖြစ်သည်။ အတိတ်ဟောင်း။ နေရာဟောင်းမှာ ပြန်နေခွင့်ရလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့သော်လည်း မုံ့ကိုထိန်းသည့် အထိန်းတော်ကြီး ဒေါ်ကျဲကို ပန်းဆောင်ခမှာ ပြန်တွေ့ပြီးနောက်မှာ မုံ့ဘဝမှာ မျှော်လင့်မထားသည့် အရာတွေ တစ်ခုပြီးတစ်ခု လက်တွေ့ဖြစ်လာသည်။

စံအိမ်ကြီး၏ နောက်ဘက်တံခါးမကြီး၏ ရှေ့တွင် ဒေါ်ကျဲနှင့်အတူ မုံရပ်နေ၏။ ဒေါ်ကျဲက သော့တွဲထဲမှာ သော့ကြီးတစ်ချောင်းကို



ရွေးပြီး သော့ပေါက်ထဲထည့်ပြီး လှည့်လိုက်သည်နှင့် တံခါးက ကျွီးခနဲမြည်တော့ ပွင့်သွားသည်။ အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အစေခံများနေသည့် အဆောင်ကို ဝါမှိုင်းမှိုင်းအရောင်ဖြင့် တွေ့ရ၏။ ဒေါ်ကျဲက မီးခလုတ်ကို ဖွင့်လိုက်တော့ မာမီ သိပ်ကြိုက်ခဲ့သည့် အပြာရောင်ခန်းဆီးတွေကို ဟိုတုန်းက ပုံစံအတိုင်း တွေ့လိုက်ရ၏။ သို့သော် အပြာရောင်က သစ်လွင်တောက်ပခြင်း မရှိ။ မှေးမှိန်လွင့်ပြယ်နေသော အပြာရောင် ဖြစ်သည်။

ကြမ်းခင်းတွေကလည်း ထိုအတိုင်း။

သန့်ရှင်းသပ်ရပ်သော်လည်း ဆေးရောင်က မှိန်ဖျော့နေ၏။ ဟိုတုန်းက ဤနေရာ ဤကြမ်းပြင်က ဖိတ်ဖိတ်လက်နေတာ မုံ မှတ်မိသည်။ အိမ်ဖော်တွေလည်း အများကြီးဆိုတော့ ပျော်စရာ။ အခုတော့ ဒီအိမ်ကြီးထဲမှာ ဒေါ်ကြီးတစ်ယောက်တည်း။ ဘာတစ်ခုမှ မပြောင်းလဲသော အိမ်ကြီးထဲမှာ ဒေါ်ကြီးက ဦးဆောင်ပြီး မုံ့ကို အခန်းတစ်ခန်းရှိရာ ခေါ်သွားသည်။ ထိုအခန်းကို မုံမှတ်မိသည်။ မုံငယ်ငယ်က အိမ်ဖော်ချောချောလေး နေခဲ့သည့်အခန်း။ ထိုအခန်းမှာ မုံနေရတော့မည်။

ဒေါ်ကျဲက ဗီရိုတစ်လုံးထဲက အိပ်ရာခင်းတွေ စောင်တွေ ဆွဲထုတ်ပြီး မုံ့အတွက် အိပ်ရာကို သူကိုယ်တိုင် သေချာပြင်ပေးသည်။ ပစ္စည်းအားလုံး အဟောင်းများဖြစ်သော်လည်း ပရုတ်နံ့သင်းလျက် သန့်ရှင်းစွာ လျှော်ဖွပ်သိမ်းဆည်းထားသော ပစ္စည်းဖြစ်၍ ဖြူစင်နေ၏။ မုံက ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း ဒေါ်ကျဲလုပ်သမျှကို ငေးကြည့်နေသည်။

"ရေချိုးမလား ကလေး။ ဒေါ်ကြီး ရေနွေး အသင့်ပြင်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ ဒေါ်ကြီး"

"ဒါဆို ဒီမှာခဏစောင့်၊ ကလေးရေချိုးဖို့ ဒေါ်ကြီး သွားပြင်လိုက်မယ်"

ဒေါ်ကျဲ အိပ်ခန်းထဲက ထွက်သွားမှ အိပ်ရာပေါ် မှံလှဲချလိုက်သည်။ အခန်းက ကျဉ်းသလို မှံအိပ်ရသည့် ခုတင်ကလည်း ကျဉ်းကျဉ်းလေး ဖြစ်သည်။ အခန်းနံရံမှာ ဘာမှ မရှိ။ ရှင်းနေသည်။ ပြတင်းပေါက်ကို အရောင်လွင့်ပြယ်နေသော လိုက်ကာတစ်ခုဖြင့် ကာထားသည်။ ကြမ်းတွင် ခင်းထားသော ကော်ဇောပိုင်းတစ်ခုက ဟောင်းလှပြီဖြစ်သည်။ မျက်လုံးကို အသာပိတ်လိုက်သည်။ နို့နှင့် ပူတင်း ယန်းကန်ကိုကိုင်ပြီး ဒေါ်ကျဲဝင်လာတော့ မှံက ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။

မှံ့ကို မနှိုးတော့ဘဲ တံခါးဝမှာ အကြာကြီးရပ်လျက် ငေးနေသည်။ မီးခလုတ်ကို ပိတ်လိုက်တော့ ခုတင်ပေါ်သို့ လရောင်က ဖြာကျလာ၏။ သဘာဝအလင်းရောင်အောက်မှာ အိပ်မောကျနေသည့် မိန်းမပျိုလေးကိုကြည့်ရင်း ဤအိမ်ကြီးအရှင်သခင်မ၊ ယန်ဆောင်ခစံအိမ်ကြီး၏ အနွယ်တော် နောက်ဆုံးမျိုးဆက်ဖြစ်သော မှံ၏ ငယ်ဘဝကို မြင်ယောင်နေ၏။

## အခန်း (၃)

မှန်ပြတင်းကိုဖြတ်၍ ဝင်လာသော နေရောင်ခြည်ကြောင့် အိပ်နေရာမှ နိုးလာသူက မှံ။ အိပ်ရာက ရုတ်တရက် မထသေး။ မျက်စိမှိတ်ရက် အနေအထားအတိုင်း အိပ်ရာပေါ်မှာ ငြိမ်နေပုံက ပုံပြင်ထဲက မင်းသမီးတစ်ပါးနှင့် တူလှသည်။ မျက်နှာတစ်ဝိုက်မှာ ဝဲကျနေသည့် ဆံပင်နက်နက်တွေက ပဝါတစ်စလို ပြန့်ကျဲနေပုံက လှသည်။

"ဟင်... ဒေါ်ကြီး"

အိပ်ချင်နေဆဲ မျက်တောင်ကော့ကြီးများကို အသာပင့်ကြည့်လိုက်ချိန် မှံ့ကို ဘယ်အချိန်ကတည်းက ငေးကြည့်နေမှန်း မသိသော ဒေါ်ကျဲကို တွေ့လိုက်ရ၍ မှံ အိပ်ပျော်သွားတာကို အားနာပြုံးလေးပြုံးလိုက်မိ၏။

"မှံအိပ်ရာထ နောက်ကျသွားပြီ"

"အလိုတော်... မှံလေးက ဘာကြောင့် အိပ်ရာထ နောက်ကျရမှာလဲ။ ဘယ်သူနဲ့ ချိန်းထားလို့လဲ ကလေးရယ် ရှောက်မယ်မှ မကြာသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကျဲက ပြောပြောဆိုဆို မုံ့ခုတင်နား လျှောက်လာပြီး မုံ့မျက်နှာလေးကို ချစ်စနိုး ငုံ့ကြည့်သည်။

"လှလိုက်တဲ့ မုံလေးရယ် ဒေါ်ကြီးဖြင့် ကလေးပန်ဆောင်ခကို ပြန်လာတာ သိပ်ကိုဝမ်းသာတာပဲ"

"မုံလည်း ဒေါ်ကျဲကို အခုလို ကျန်းကျန်းမာမာ ပြန်တွေ့ရတာ သိပ်ကိုဝမ်းသာပါတယ် ဒေါ်ကျဲရယ်။ ညက မုံ ဘယ်လို အိပ်ပျော်သွားမှန်းမသိဘူး"

အိပ်ရာမှထကာ ခုတင်ပေါ်တွင် ထိုင်လိုက်သည့် မုံ့မျက်နှာက နှစ်ခြိုက်စွာ အိပ်စက်လိုက်ရ၍ အားအင်များပြည့်ကာ လန်းဆန်းနေသည်။ မုံ့ရင်ထဲက သောကများအားလုံး ညတစ်ညတည်းနှင့် လွင့်ပျယ်သွားသည့်အလား မုံ့ရင်မှာ ပေါ့ပါးနေ၏။ အရင်ကလို ထိတ်လန့်ချောက်ချားခြင်း မရှိတော့။ သူမ သိချင်တာအားလုံး သိခဲ့ရပြီ မဟုတ်လား။ အဆိုးရွားဆုံးတွေ ဖြစ်ခဲ့ပြီးပြီ။ ခံစားခဲ့ပြီးပြီ။ အခုတော့ မုံ့အနာဂတ်ကိုသာ စဉ်းစားဖို့သာ ရှိတော့သည်။

"ညက ရေမချိုးလိုက်ရပေမယ့် အခုမနက် မုံလေး ရေ အသင့်ချိုးနိုင်အောင် ဒေါ်ကြီး အားလုံးစီစဉ်ပြီးပါပြီ သခင်မလေးရယ်။ ရေချိုးပြီးရင် ဒေါ်ကြီးနဲ့အတူ မနက်စာ စားကြရအောင် ဟုတ်လား"

"ဟုတ်ကဲ့ ဒေါ်ကျဲ"

မုံ ရေချိုးခန်းထဲ ဝင်သွားချိန်မှာ ဒေါ်ကျဲက မုံအိပ်သွားသည့် အိပ်ရာကို အသစ်ပြန်ခင်းသည်။ စိတ်ထဲမှာ မုံရောက်လာသည့်အတွက် ကြည်နူးနေ၏။ ဒေါ်ကျဲဘဝကလည်း မုံ့ဘဝနှင့် အတူတူဖြစ်သည်။ သမီးနှင့်မြေး ကားအက်စီးဒင့်ဖြစ်ပြီး ကွယ်လွန်ပြီးနောက် ဒေါ်ကျဲတစ်ယောက်တည်း လောကအလယ်မှာ တွယ်ရာမဲ့ ကျန်ခဲ့သည်။ အခုတော့ သူ့မှာ တွယ်တာစရာ သံယောဇဉ် ရှိလာပြီ၊ ကြင်နာယုယ



ရမည့်သူ၊ ငဲ့ညာစောင့်ရှောက်ရမည့် မုံလေးက သူ့ဘဝထဲ ရောက်လာပြီ။ ထိုအတွက် မုံပျော်သလို ဒေါ်ကျဲလည်း ပျော်သည်။

မနက်စာကို အတူစားရင်း ဒေါ်ကြီးသမီးနှင့်မြေး ကား အက်စီးဒင့်ဖြစ်ပြီး ဆုံးသွားတာ သိရသလို ဦးလေးကိုယ်တိုင် လောင်းကစားလုပ်မိရာက အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး ဘဝကို အရက်သမား၊ ဘိန်းသမားဘဝဖြင့် အရှုပ်ဆိုး အကျည်းတန်စွာ အဆုံးသတ်တာကို သိခဲ့ရသည်။ ဦးလေးမိန်းမက နောက်အိမ်ထောင် ပြုပြီး အဝေးတစ်နေရာကို ထွက်သွားသလို သူတို့သားနှင့်သမီးကလည်း ဤမြို့မှ ရွှေ့ဆင့်နောက်ဆင့် ကွယ်ပျောက်သွားကြသည်မှာ ဘာသတင်းမှ မကြားရတော့ဟုဆိုသည်။

"မုံ့မှာ ဒေါ်ကြီးတစ်ယောက်လုံး ရှိတယ်။ ဘာမှမပူနဲ့"

သူ့ရင်ဘတ်ကြီးကို လက်ဖဝါးနှင့်ပုတ်ပြီး ပြောတော့ မုံ ပြုံးသည်။

"မုံ့ဘဝမှာ ဒေါ်ကြီးရှိနေလို့ ကျေးဇူးတင်ပါတယ်။ နောက်ကိုသာ ဟိုတုန်းက ရွှေထီးဆောင်းရတဲ့ အကြောင်းတွေကို မပြောပါနဲ့တော့နော်"

"မုံက မပြောနဲ့ဆို မပြောတော့ပါဘူးကွယ်။ ဒီမှာ ကလေး စိတ်ချမ်းသာသလိုသာ နေပါ"

မုံ မကြိုက်သည့် စကားကို နောက်ထပ်မပြောတော့ဟု ဆုံးဖြတ်ထားသည့်ပုံဖြင့် ဒေါ်ကျဲပြောတာကို နားထောင်ပြီး မုံ ကျေးဇူးတင်သည်။ သို့သော် ဒေါ်ကျဲစိတ်ထဲက သိပ်တော့ သဘောမကျ။ မနက်စာ ကော်ဖီပိုင်းကို သိမ်းဆည်းဆေးကြောနေချိန်မှာ မုံက သူ့ကိုဝိုင်းကူသည်။

"ထားပါကွယ် ဒါတွေက ဒေါ်ကြီး လုပ်နေကြ အလုပ်တွေပါ၊ မုံ့လို ရွှေမင်းသမီးလေးက ဒီလိုအလုပ်တွေ လုပ်ရမယ့်သူ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဒေါ်ကြီးနော်၊ မုံ့ကို ဒီစကားတွေ မပြောတော့ဘူးလို့ ကတိပေးထားတာ မေ့သွားပြီလား"

"တော်တော် ထူးဆန်းတဲ့ မိန်းကလေးပဲ။ မျိုးရိုးဂုဏ်နဲ့ အဆင့်အတန်းကို ပြောတာပဲ မပြောရဘူးလို့ ရှိသေးလို့လား"

မုံ့မကြားအောင် သူ့ဘာသာ တစ်ယောက်တည်း တီးတိုးပြောနေချိန်မှာ မုံ့ သူမ ဘာဆက်လုပ်ရမလဲဆိုတာ တွေးနေသည်။

"ကဲ... နေ့လယ်စာ ဘာစားချင်လဲဆိုတာ ဒေါ်ကြီးကိုပြော၊ ကိုယ့်အိမ်ကိုယ် ပြန်ရောက်လာပြီဆိုမှတော့ ပျော်ပျော်သာနေတော့နော်"

ကိုယ့်အိမ်ကိုယ် ဆိုပါလား။

ဒေါ်ကြီးစကားက တဒင်္ဂတော့ မုံ့ကို စိတ်ချမ်းသာစေသည်က အမှန်ဖြစ်သည်။

"ဒေါ်ကြီး ပြောတာနဲ့ မုံ့ ဒီမှာပဲ ဆက်နေချင်စိတ် ပေါက်လာပြီ"

မုံ့စကားကြောင့် ဒေါ်ကြီးမျက်နှာ ပျက်သွားသည်။ ပြီးတော့ မုံ့မျက်နှာလေးကို အထိတ်တလန့် ကြည့်သည်။

"မုံ့က ဒီမှာ ဒေါ်ကြီးနဲ့ မနေဘူးလား။ ဘယ်ကိုသွားမလို့လဲ"

"ဘယ်ကိုမှတော့ မသွားချင်ပါဘူး။ ဒါပေမဲ့ ဒီမှာနေဖို့ အကြောင်းကလည်း ဘာမှမရှိဘူးလေ"

ပြောသာ ပြောနေရသည်။

မုံ့မှာ သူမငယ်စဉ်ကတည်းက နေလာခဲ့ရသည့် ပန်ဆောင်ခံ စံအိမ်ကြီးထဲမှာ မခွာလိုသေး။ ဖြစ်နိုင်လျှင် မုံ့မိဘနှစ်ပါး ခေါင်းချသွားသည့် ဒီမြေ ဒီအိမ်ကြီးမှာပဲ နေလိုက်ချင်သည်။ သို့သော် စိတ်တစ်ပိုင်းကလည်း မုံ့ကို သူမ လွန်စွာ မြတ်နိုးတွယ်တာလှသော



စံအိမ်ကြီးကို ချစ်ခင်တွယ်တာစိတ်တွေ ဒီထက်ပိုများမလာခင် ဒီနေရာက ထွက်ခွာသွားသင့်ကြောင်း နားလည်နေသည်။ နှလုံးသားကမူ သည်မှာပင် တွယ်ကပ်နေချင်သည်။

"မုံ့ ဒီမှာမနေချင်တော့ဘူးပေါ့ မဟုတ်လား"

စိုက်ထိုးကိုက်စွာ ဒေါ်ကြီးက မေးလာတော့လည်း မုံ့နှလုံးသားမှာ တွယ်တာနေသော စံအိမ်ကြီး၏ အရိပ်အောက်က ချက်ချင်း ထွက်ခွာသွားချင်စိတ်က မရှိ။

"ဒီနေရာမှာ မုံ့ နေချင်တိုင်း နေလို့ရတာမှမဟုတ်ဘဲ ဒေါ်ကြီးရယ်။ တခြားတစ်နေရာမှာ နေစရာရှာမယ် ပြီးတော့ မုံ့ အလုပ်လုပ်မယ် ဒေါ်ကြီး"

"မုံ့လို နုနုနယ်နယ် မိန်းကလေးက ဘာများလုပ်ဦးမလို့လဲကွယ်။ ဒေါ်ကြီးရှိနေသ၍ မုံ့ ဘာအလုပ်မှ လုပ်စရာ မလိုပါဘူး"

ဒေါ်ကြီးက မုံ့အလုပ်လုပ်မည်ဆိုသည်ကို လက်မခံ။ ပြောရင်းဆိုရင်းက ဒေါ်ကြီးစိတ်က အတိတ်ဟောင်းကို ပြန်ရောက်သွားကာ မုံ့ရှေ့က သူ့ကိုယ်သူ မားမားရပ်ကာ မုံ့ကို ကာကွယ်စောင့်ရှောက်မည်ဟု ဆုံးဖြတ်ပြီးသား ဖြစ်နေ၏။

"မုံ့ရဲ့ စားဝတ်နေရေးအတွက် မုံ့အလုပ်လုပ်ရမယ် ဒေါ်ကြီးရဲ့။ ဒေါ်ကြီးပြောသလို ဒေါ်ကြီးလုပ်စာကို မုံ့ ထိုင်စားနေရင် ဒေါ်ကြီးက ဘာနဲ့ သွားစားမှာလဲ"

"အိုး... ဒီမှာ စားစရာတွေ ပေါလွန်းလို့ ဘာနဲ့စားစား ရပါတယ်ကွယ်"

မုံ့ကို အလျှော့မပေးသော ဒေါ်ကြီးကိုကြည့်ပြီး မုံ့ ချစ်စနိုးပြုံးသည်။ ပြီးတော့ ဒေါ်ကြီး နားလည်သဘောပေါက်အောင် မုံ့ ဆက်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မုံ့ကို ဒေါ်ကြီးနားမှာ ရှိနေစေချင်ရင် မုံ့မှာ အလုပ်ရှိမှဖြစ်မယ် ဒေါ်ကြီး မုံ့ အလုပ်လုပ်တာကိုလည်း ဒေါ်ကြီး မတားပါနဲ့။ မုံ့ ဘယ်လိုနေရမယ် ဘယ်လိုအလုပ်လုပ်ရမယ်ဆိုတာကိုသာ ဒေါ်ကြီး ပြော"

"အခု မုံ့က အင်္ဂလိပ်စာတွေ အများကြီး တတ်နေပြီဆိုတော့ အလုပ်ကောင်းကောင်း ရမှာပေါ့"

ဒေါ်ကြီးက မုံ့မျက်နှာကိုကြည့်ရင် စဉ်းစားသလို အဖြေရှာသည်။

"မုံ့လို သိပ်လှပြီး အင်္ဂလိပ်စာတော်တဲ့ မိန်းကလေးကို ဘယ်သူဖြစ်ဖြစ် အလုပ်ကောင်းကောင်း ပေးကြမှာကို ဒေါ်ကြီး သိတယ်"

ဒေါ်ကြီးစကားကို နားထောင်ပြီး မုံ့ ရယ်လိုက်သည်။

"ဒေါ်ကြီးပြောတာ မှန်တော့မှန်ပါတယ်။ ဒါပေမဲ့ အလုပ်ခွင်တိုင်းမှာ သူတို့လူနဲ့သူတို့ ရှိပြီးသားဆိုတော့ လစ်လပ်နေတဲ့နေရာမျိုးရှာပြီး အလုပ်လျှောက်မှ ကိုယ်လိုချင်တဲ့ အလုပ်ကရမှာ ဒေါ်ကြီးရဲ့"

ပြောနေရင်းက မုံ့ ခေါင်းထဲ လျှပ်စီးလက်သလို အကြံတစ်ခု ဖျတ်ခနဲ ဝင်လာ၍ မုံ့မျက်နှာလေး ပြုံးသွား၏။

"နေပါဦး… ဒီမှာက ဒေါ်ကြီးအသိတွေ ရှိတယ်မဟုတ်လား။ မုံ့ကို အလုပ်တစ်ခုခု ပေးနိုင်တဲ့သူမျိုးနဲ့ ဆက်သွယ်ပေးရင်လည်း ဖြစ်တာပဲ"

"ဒေါ်ကြီးမှာတော့ သူဌေးလူယုံက ပေးထားတဲ့ လိပ်စာတစ်ခု ရှိတယ်"

"ရော့… ဒီမှာ"

ဒေါ်ကြီးက သူ့အင်္ကျီအိတ်ထဲမှာ လိပ်စာတစ်ခုကို မုံ့ကို လှမ်းပေးသည်။ မုံ့ ဘာမှစဉ်းစားတွေဝေ မနေတော့ဘဲ ဒေါ်ကြီးပေးသည့်



လိပ်စာအတိုင်း အလုပ်သွားလျှောက်ရန် ဆုံးဖြတ်လိုက်၏။

"မုံ့အတွက် အလုပ်တစ်ခုခုတော့ ရမှာပါ။ မုံ့ အခုပဲ အလုပ်သွားလျှောက်လိုက်တော့မယ် ဒေါ်ကြီး"

"ဒေါ်ကြီးရော လိုက်ရမှာလား မုံ့"

"နေခဲ့ပါ… ဒီလမ်းတွေက မုံ့သွားနေကြ လမ်းတွေပါ။ မုံ့ တစ်ယောက်တည်း သွားတတ်ပါတယ်။ အချိန်နည်းနည်း နောက်ကျရင်သာ မုံ့အတွက် စိတ်မပူပါနဲ့"

"မုံ့သွားပြီနော် ဒေါ်ကြီး"

"ကောင်းပါပြီကွယ်"

ဒေါ်ကြီးပေးသည့် လိပ်စာကို သူမ ပိုက်ဆံအိတ်ထဲထည့်ကာ ပန်ဆောင်ခစံအိမ်ကြီးထဲက ထွက်ခဲ့၏။ ပင်ပန်းကြီးစွာ ရောက်လာခဲ့ရသည့် ခရီးက ပြီးဆုံးသွားသော်လည်း မုံ့ဘဝခရီးသစ်က အခုမှ စတင်ရခြင်း ဖြစ်သည်။ ဒေါ်ကြီး စီစဉ်ပေးသည့်အတိုင်း အစေခံများ နေသည့် အခန်းထဲမှာ တစ်ညအိပ်ခဲ့ရသည်။ အခြေအနေအရ စခန်းသွားနေရခြင်းဖြစ်၍ တစ်ရက်တလေ ဘာမှမဖြစ်သောလည်း တစ်ခါက သူမ ပိုင်ဆိုင်နေထိုင်ခဲ့ရသည့် မိသားစုပိုင် အိမ်ကြီး၏ နောက်ဖေး အခန်းကျဉ်းလေးထဲမှာ တစ်သက်လုံး ဆက်နေသွားဖို့ကိုတော့ တွေးမထား။

အပေါ်ထပ်သို့ တက်ကြည့်ရဲသည့် သတ္တိမျိုး မုံ့မှာ လောလောဆယ် မရှိသေး။ အကယ်၍ ပန်ဆောင်ခစံအိမ်ကြီးတွင် မုံ့ အလုပ်တစ်ခုခုလုပ်ဖြစ်မည်ဆိုလျှင်တော့ အိမ်ကြီး၏ အပေါ်ထပ်ကို မလွဲမသွေ တက်ရတော့မည်။ ထိုအခါ မုံ့ ငယ်စဉ်က မိသားစုနှင့်အတူ ပျော်ရွှင်စွာ နေခဲ့ရသော အိမ်ကြီးနှင့် မုံ့မည်သို့မျှ မသက်ဆိုင်တော့ပါလားဟု သတိရှိနေရမည်။ ဒီစံအိမ်ကြီးအကြောင်းကို ဘာမှမသိ။ ဘယ်သူနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



မသိသလို၊ နောက်ဆုံး သည်အိမ်ကြီးကို အခုမှ ရောက်လာသည့်ပုံစံဖြင့် နေထိုင်ရမည်ဆိုသော အတွေးပေါင်းစုံဖြင့် မုံ့ရင်မှာ ဗလောင်ဆူနေသည်။

ဒါမှမဟုတ် တခြားတစ်နေရာမှာ ဒေါ်ကြီးပြောသလို အလုပ်တစ်ခု လုပ်ရမည်ဆိုလျှင်လည်း ပြဿနာ မရှိ။ လောလောဆယ် ဒီမြို့ ဒီနေရာက မုံ မခွာချင်သေး။ ရထားလုံးငှားပြီး ဒေါ်ကြီးပေးသည့် လိပ်စာကို ရောက်သွားသည်။ မည်သည့်အလုပ်မှ မရလျှင် မုံ့ ရှေ့ခရီးကို ဘယ်လိုဆက်ရမည်ဟု သေချာမဆုံးဖြတ်ရသေး။ ဘာလုပ်ဖို့ ဒီနေရာမှာ ဆက်နေချင်ရတာလဲဟု မေးလျှင် မုံ့ရင်ထဲက အလွန်ပြင်းပြသည့် စိတ်ဆန္ဒကြောင့် ဤနေရာမှာ ဆက်နေချင်နေတာကို မုံသိသည်။

ပန်ဆောင်ခံစံအိမ်ကြီးရှိရာ နေရာသည် မုံ့၏မြို့။

မုံ့ဇာတိ၊ မုံမွေးဖွားရာ နေရာ။ မုံပျော်ရွှင်စွာ ကြီးပြင်းခဲ့သည့်နေရာ။ မုံ့မိဘတွေ ခေါင်းချခဲ့သည့်မြေ။ မုံ့ဘဝကြီးတစ်ခုလုံးကို ပန်ဆောင်ခံစံအိမ်ကြီးက စိုးမိုးထားသည်။

ဒေါ်ကြီးပေးလိုက်သော လိပ်စာရှိ အဆောက်အအုံက အိမ်ငှားရှာဖွေရေးကျွမ်းကျင်သူ လူပုဂ္ဂိုလ် ဖြစ်သည်။ လူအများ ဝင်ထွက်သွားလာနေသော နေရာဖြစ်၍ ဘယ်နေရာမှာ သူမ အလုပ်ကိစ္စ စုံစမ်းရမှန်းမသိ။ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာရာ တစ်ဖက်မှလာသည့် အရပ်မြင့်မြင့်မားမား အသားဖြူဖြူ လူပုံချောချော လူတစ်ယောက်နှင့် ဝင်တိုက်မိလု ဖြစ်သွား။

"ဆောရီး"

ထိုလူထံမှ ထွက်ပေါ်လာသော စကားဖြစ်သည်။

အသက်က မုံ့ထက် များစွာကြီး၍ သုံးဆယ်အရွယ်ခန့်ဖြစ်ပြီး နက်မှောင်သော ဆံပင်တွေက လှိုင်းထလျက်။ မျက်ခုံးထူထူအောက်မှာ



စူးရှတောက်ပသည့် မျက်ဝန်းအစုံက သူ့မျက်စိရှေ့မှ အလွန်လှပသော မိန်းမချောလေးကို စူးစိုက်ကြည့်ရင်း မုံ့ကို ခင်မင်နှစ်လိုဖွယ် ပြုံးပြသည်။ မုံ ထိုလူချောကို ပြန်ပြုံးပြဖို့ ကြိုးစားသည်။ သို့သော် မပြုံးဖြစ်ဘဲ မျက်နှာက ပိုတည်သွားသည်။ မိန်းကလေး ချောချောလှလှမြင်တိုင်း ယောကျ်ားအများစုက မုံ့ကို စိတ်ဝင်စားကြသည်။ အရောတဝင် ပြုချင်ကြသည်။ ဤသည်မှာ မုံ့အတွက် အန္တရာယ်သာဖြစ်ကြောင်း တွေးမိသည်နှင့် မုံ သူ့ကိုတစ်ချက်ကြည့်ပြီး ဖျတ်ခနဲ အကြည့်လွှဲပစ်လိုက်၏။

ဥပမိရုပ် ဘယ်လောက်ကောင်းကောင်း ဘယ်လောက်ချောချော၊ ဘယ်လောက်လှလှ ထိုအရာသည် မုံနှင့်မသက်ဆိုင်။ သက်ဆိုင်စရာလည်း အကြောင်းမရှိဟု မုံ ခံယူထားသည်။

"ကိုယ်··· တောင်းပန်ပါတယ်နော်"

ထိုလူက မုံ နားလည်သော တိုင်းရင်းသား ဘာသာစကားတစ်ခုဖြင့် ထပ်တောင်းပန်၍ မုံ သူ့ကို ပြန်မကြည့်ဘဲ ခေါင်းလေးငုံ့ပြီး ထိုနေရာက ထွက်ခွာရန် ကြိုးစားသည်။

"မင်း ကိုယ်ပြောတဲ့စကားကို နားလည်လားဟင်"

"မုံ နားလည်ပါတယ်"

သူပြောသည့်စကားကိုလည်း မုံ ပြောတတ်သော်လည်း ပြောချင်စိတ် မရှိ။

"ခွင့်ပြုပါဦးရှင်"

မုံ ထိုလူကို နှုတ်ဆက်ပြီး လျှင်မြန်စွာ ထိုနေရာကို ကျော်ခဲ့သည်။ နေကောင်းကင်က သူ့မျက်စိရှေ့က လှပစွာ ထွက်သွားသူ၏ နောက်နောက်ကို မမေ့။ သူ့ထက် အများကြီး ငယ်ရွယ်သော လှပမှုကတော့ ဘယ်သူမှ လိုက်မမီသော အလှပိုင်ရှင်ဖြစ်ပြီး ကျက်သရေရှိရှိနှင့်

www.burmeseclassic.com

www.burmeseclassic.com



မဟာဆန်သော အထက်တန်းကျကျ ဘယ်သူမှ လိုက်မမီသော အလှ ဖြစ်နေခြင်းကို သူ သတိပြုမိ၏။

နေကောင်းကင်သည် နန်းဆန်၍ ပြစ်မျိုးမထင်သော ထို မိန်းကလေး၏ အလှတရားကို သူ့စိတ်ထဲ စွဲသွား၏။ သို့သော် သူ ကိုယ်တိုင်က တခြားယောကျ်ား အများစုကဲ့သို့ ပွေတတ်ရှုတ်တတ်သူ မဟုတ်။ မိန်းမလှလှမြင်တိုင်း စိတ်ဝင်စားသူတွေထဲမှာလည်း သူ မပါ။ သူ့ကို ရင်းနှီးပတ်သက်ချင်ကြသူများနှင့်လည်း တတ်နိုင်သမျှ ခပ်ကင်းကင်းနေသည်။ ဘယ်လိုမိန်းကလေးမျိုးနှင့်မှ အရောဝင်ခြင်း မပြု။ အရင်ကတည်းက မိန်းကလေးကိစ္စ ကင်းရှင်းခဲ့၍ နေကောင်းကင် ကို မာမီက အထက်တန်းလွှာထဲက နာမည်ကြီးသူဌေးသမီး သင်ဇာနှင့် စေ့စပ်တာကို လက်ခံခဲ့သူ ဖြစ်သည်။ သင်ဇာက အလှမယ်ဖြစ်သလို မကြာခင် နေကောင်းကင်၏ဇနီး ဖြစ်တော့မည်။ ရုပ်ရည်ချောမောလှပ သော်လည်း ခုနက အမျိုးသမီးအလှကိုတော့ မမီ။ စေ့စပ်ထားသည်မှာ မကြာသေး။ လက်ထပ်မည့်ရက်ကိုတော့ မာမီသဘောကျ စီစဉ်နေ၍ သူ ခေါင်းရှုပ်စရာ မရှိ။

တာဝန်အရ ဒီမြို့လေးကို ရောက်လာသူဖြစ်သော်လည်း ခရီး သွားရတာကို နှစ်မြို့က်သဘောကျသူဖြစ်၍ နေရာသစ် ရှုခင်းသစ်များ ကြားမှာ သူ ကျေနပ်ပျော်ရွှင်နေသည်က အမှန်ဖြစ်သည်။ ကြိုတင်စီစဉ် ထားသည့်အတိုင်း သူ့အတွက် နာမည်ကြီး ရိုးရှိုက်ကားက အသင့် စောင့်နေ၏။ လုပ်ရမည့် တာဝန်နှင့်ဝတ္တရားတွေကို ပြန်သတိရလိုက် သည်နှင့် စောစောက သူနှင့်တိုက်မိလို ဖြစ်သွားသည့် မိန်းမချောလေး ကို မေ့သွား၏။ သူ့ကို လာကြိုသည့်ကားနှင့် နေကောင်းကင် ထွက် သွားချိန်မှာ မုံကတော့ သူမအလုပ်အတွက် တစ်ဖက်က မေးသမျှကို ဖြေနေရသည်။ မုံလိုချင်သည့် အတွင်းရေးမှူးလို နေရာမျိုး အလုပ်က



သူ့လူနှင့်သူ ပြည့်နေသည်။ တခြားအလုပ်လည်း မရနိုင်သေး။ နေရာလွတ်ရှိလျှင်တော့ အကြောင်းကြားပေးမည်။ ဖုန်းနှင့် လိပ်စာ ပေးထားဟုဆိုသဖြင့် မုံက သူမဖုန်းနံပါတ်နှင့် ပန်ဆောင်ခ စံအိမ်ကြီး လိပ်စာကို ရေးပေးသည်။

"မင်းက ပန်ဆောင်ခ စံအိမ်ကြီးကလား"

"ဟုတ်ပါတယ်။ အိမ်စောင့်အဒေါ်နဲ့ နေပါတယ်"

"သူက မင်းအဒေါ်ဆိုရင် အဆင်ပြေမယ်၊ အလုပ်တော့ အသင့် ရှိတယ်။ အဲဒါက မင်းအဒေါ်ကို ကူရမယ့် လက်ထောက်အလုပ်ပဲ လူလိုတာကတော့ နှစ်ယောက်ပဲ။ ဒါပေမဲ့ မင်းတို့နှစ်ယောက် အတူ တွဲလုပ်ရင် အဆင်ပြေမယ်လို့ ထင်တယ်။ မင်းရော လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်"

ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။

ပင်ပန်းချင် ပင်ပန်းပါစေ၊ ပန်ဆောင်ခစံအိမ်ကြီးထဲမှာ ဆွေးဝေး လုံခြုံစိတ်ချစွာ ခေတ္တခဏဖြစ်ဖြစ် နားခိုနေချင်သည်။

"ကောင်းပြီ… အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့ မကြာခင် ပြောင်းလာ လိမ့်မယ်။ တပည့်သုံးယောက်ပါမယ် ပြောတယ်။ သူတို့ကတော့ အပေါ်ဆုံးထပ်က အလုပ်သမားတွေ နေတဲ့အခန်းမှာ နေမယ်ထင် တယ်။ ဒီလိုဆို မင်းတို့နဲ့ မရောတော့ဘူးပေါ့"

"ဟုတ်ကဲ့"

"နောက်ထပ် တစ်ယောက်တော့ ရှာရဦးမယ် ဒါပေမဲ့ လော လောဆယ် လူရှာမရသေးဘူး။ တနင်္လာနေ့မှာ အိမ်ကို ကြီးကြပ်မယ့် လူတစ်ယောက် လွှတ်လိုက်မယ်။ အိမ်အတွက် လိုအပ်တာတွေအားလုံး သူပဲ အကုန်လုပ်ပေးလိမ့်မယ် ဟုတ်လား"

"အခန်းတွေကို သေချာရှင်းထားပေး။ အထူးသဖြင့် အင်ဂျင်

www.burmeseclassic.com

www.burmeseclassic.com



နိယာချုပ် နေရမယ့်အခန်းက အရေးအကြီးဆုံးပဲ သေချာလုပ်ထားပါ"

"ဟုတ်ကဲ့"

ဒုတိယအကြိမ် အလုပ်စာရင်းကိုကြည့်ပြီး ကြက်တူရွေးလို တတွတ်တွတ် ရွတ်နေသည့် အဒေါ်ကြီးကို ခေါင်းညိတ်ရပြန်သည်။

"သူက သိပ်အကောင်းကြိုက်တယ်၊ ခမ်းခမ်းနားနား နေရတာကိုလည်း သဘောကျတယ်။ ဒါကြောင့် ပန်ဆောင်ခစံအိမ်ကြီးကိုပဲ သူ့စိတ်တိုင်းကျ ရွေးထားတာ"

မှို ဘာမှမပြော။ သူ့ဘာသာသူ ဘယ်လိုနေနေ မုံနှင့်မဆိုင်။ မုံနှင့်သက်ဆိုင်သည်က မုံချစ်သော အိမ်ကြီးမှာ မုံ နေနိုင်တော့မည်။

"လခကတော့ စရိတ်ငြိမ်း တစ်သိန်း၊ တစ်လတစ်ခါ ရှင်းပေးမယ်"

လက်ရှိအနေအထားနှင့်ဆိုလျှင် မုံရသည့် လခတစ်သိန်းမှာ သိပ်မဆိုးပါ။ စားဖို့နေဖို့လည်း မပူရ။ မုံနေချင်သည့် စံအိမ်ကြီးထဲမှာ အချိန်ပြည့် ဒေါ်ကြီးနှင့် အတူနေရမှာဆိုတော့ မုံ ကျေနပ်သည်။ မုံ အိမ်ပြန်ရောက်လာတော့ ဒေါ်ကြီးက မုံ့မျက်နှာလေးကို ကြည့်သည်။

"အလို... ပုံစံကြည့်ရတာ အလုပ်အဆင်ပြေခဲ့ပြီထင်တယ်။ ဒေါ်ကြီးပြောတဲ့ အတွင်းရေးမှူးနေရာ ရခဲ့ပြီလား"

"အင်း... အလုပ်ကတော့ ရခဲ့ပါပြီ။ ဒါပေမဲ့ ဒေါ်ကြီး ပြောသလို အတွင်းရေးမှူး အလုပ်ပါပဲ"

"အမယ်လေး... ကြားရတာ ဝမ်းသာလိုက်တာ ဘယ်သူ့ဆီမှာ အလုပ်ဆင်းရမှာလဲ ကလေးရဲ့၊ လခကရော ဘယ်လောက်လဲ"

"လခက တစ်သိန်း၊ အလုပ်က ဒေါ်ကြီးရဲ့ အတွင်းရေးမှူး။ လုပ်ရမယ့်အလုပ်က ပန်ဆောင်ခစံအိမ်ကြီးမှာ"

"အလိုတော်... အဲဒါက ဘာစကားလဲ"



"အလုပ်စကားလေ"

"ဘာပြောတယ်"

ဒေါ်ကျဲက မုံ့မျက်နှာကို အံ့ဩမယုံနိုင်သလို မျက်လုံးကြီးပြူးကြည့်သည်။

"ဒေါ်ကြီးကို ကူလုပ်ဖို့ အလုပ်ရခဲ့ပြီ။ တနင်္လာနေ့ အလုပ်စဝင်ရမယ်"

"ဒီမှာ... ဒီအိမ်ကြီးမှာ ဟုတ်လား"

"ဒါပေါ့"

ဒေါ်ကြီးမျက်နှာကြီး စူပုပ်လာသည်။ မကျေမနပ် အမူအရာနှင့် မုံ့ကို စိတ်ဆင်းရဲစွာ လှမ်းကြည့်သည်။

"ကြည့်စမ်း... ဒီအောက်တန်းစား အလုပ်မျိုးနဲ့ ကလေးနဲ့က ဘာဆိုင်လို့လဲကွယ်။ ဘုရား... ဘုရား ဒီကလေးမတော့ ရူးနေပြီထင်တယ်"

"မဖြစ်ဘူး... မဖြစ်ဘူး။ ဒီကိစ္စ ဒေါ်ကြီး လုံးဝသဘောမတူဘူး။ ဒီလိုအလုပ်မျိုး ဒေါ်ကြီးရှိနေသ၍ လုံးဝမလုပ်ရဘူး။ ဘယ်နှယ့်တော် လူကြားလို့မှ မတော်..."

ဒေါ်ကြီးက ဒေါသတကြီး စိတ်ဆိုးမာန်ဆိုး ဖြစ်နေ၏။ ဒီလိုဖြစ်မည်ဟု ကြိုသိထား၍ မုံက ဘာမှမပြော။ သူ့ဘာသာတစ်ယောက်တည်း ကျေနပ်အားရအောင် ဆူပွက်ပြီးမှ သူမ ပြောမည့်စကားကို ဆက်ပြောသည်။

"မုံက ဒေါ်ကြီးနဲ့ အတူတူ နေချင်လို့ပါ"

"အိုး... အခုလည်း အတူတူ နေနေရတာပဲ"

ခံပြင်းဒေါသနှင့် ဒေါ်ကြီးက မကျေမချမ်း ရေရွတ်ပြီး ဘုရားတပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရုံးတွေမှာ မုံမလုပ်ချင်ပါဘူး။ ဒီမှာပဲ လုပ်ချင်တယ်။ ဒီစံအိမ်ကြီးထဲမှာပဲ နေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မုံ ဒီအိမ်ကြီးရဲ့ အရိပ်အောက်က မခွာချင်လို့ပါ"

မုံ့အသံက အဖျားမှာ တုန်ယင်အက်ကွဲစွာ တိုးတိတ်သွားတော့ ဒေါ်ကြီး မျက်နှာပျက်သွားသည်။

"မဖြစ်ပါဘူးကွယ်"

ဒေါ်ကြီးက ခါးခါးသီးသီး။

"မုံ လုပ်နိုင်ပါတယ် ဒေါ်ကြီးရယ်"

"အို… မုံလုပ်နိုင်တာ မလုပ်နိုင်တာက အရေးမကြီးပါဘူး"

"ဒါဖြင့် ဘာက အရေးကြီးတာလဲ ဒေါ်ကြီးရဲ့"

"မုံ့ရဲ့ မျိုးရိုးနဲ့ မုံ့ရဲ့ ဂုဏ်သိက္ခာကို မုံ လုံးလုံး ထည့်မတွက်တော့ဘူးလားကွယ်"

"ဒေါ်ကြီးကို အဲဒီမျိုးရိုးတွေ၊ ဂုဏ်ထူးအဆင့်အတန်းတွေနောက် ထပ်မပြောနဲ့လို့ မုံတောင်းပန်ထားတယ် မဟုတ်လား။ အားလုံးကို မေ့လိုက်ပါတော့လို့ မုံပြောပြီးပြီပဲ။ မုံဟာ ဒေါ်ကြီးရဲ့ အတူတူသူလိုကိုယ်လိုပါပဲ ဒေါ်ကြီးပြောသလို ရွှေမင်းသမီးဆိုပြီး မုံ့ကို ဘယ်သူက ရွှေတွေငွေတွေ လာပေးမှာလဲ။ မုံ အလုပ်လုပ်မှ မုံ ငွေရမယ်။ ဝတ်နိုင်စားနိုင် နေနိုင်မှာ မဟုတ်လား"

"အခုပဲကြည့်လေ၊ မုံ့ကို ဒေါ်ကြီးက ခေါ်ထားလို့ မုံ့မှာ နေစရာရှိတာ။ ဒေါ်ကြီးနဲ့ မတွေ့ရင် မုံ့မှာ နေစရာတောင် အနိုင်နိုင်ရယ်၊ စားဖို့သောက်ဖို့ဆိုတာ ဝေးရော၊ မုံပြောတာ ဒေါ်ကြီး နားလည်တယ် မဟုတ်လားဟင်"

"နားလည်ပါတယ်တော်၊ နားလည်လွန်းလို့ မုံ့အဖြစ်ကို မကြည့်ရက်၊ မမြင်ရက်နိုင် ဖြစ်နေရတာပါ"



ပြောရင်း ဒေါ်ကြီးက ငိုသည်။

ပါးပြင်ပေါ် စီးကျသည့် မျက်ရည်တွေကို အင်္ကျီလက်ဖျားနှင့် သုတ်ပြီး မုံ့ကို မချိသလို ကြည့်သည်။

ပန်ဆောင်ခစံအိမ်ကြီးထဲမှာ သူနဲ့အတူ ရှိနေသ၍ မုံ ဘာအလုပ်မှ လုပ်စရာမလို။ သူတစ်ယောက်တည်း ရှိသမျှ အလုပ်တွေ အကုန်သိမ်းကျုံးလုပ်မည်။ မုံက ဒီအတိုင်း ငြိမ်ငြိမ်လေး နေပါဟုဆိုသည့်အတွက် မုံ့မှာ ဒေါ်ကြီးအတွက် စိတ်ထိခိုက်ရပြန်သည်။

"မုံက လူငယ်ပါ ဒေါ်ကြီးရယ်၊ ဒေါ်ကြီး လုပ်ရမယ့် အလုပ်တွေကို မုံ လုပ်နိုင်ပါတယ်"

"မုံ့ အဆင့်အတန်းနဲ့ ဒီအလုပ်ဆိုတာ…"

"တော်လောက်ပါပြီ ဒေါ်ကြီးရယ်၊ မုံတို့နှစ်ယောက် ဒီ ပန်ဆောင်ခစံအိမ်ကြီးထဲမှာ အတူရှိနေရတဲ့ အချိန်လေး အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင်လေးနေပြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စောင့်ရှောက်ပြီး နေကြပါစို့နော်"

ဒေါ်ကြီးက ဘာမှမပြော။

မုံ့မျက်နှာလှလှလေးကို မျက်ရည်ဝေသော မျက်လုံးအစုံဖြင့် ဝေဝါးစွာ ရှုံးစိုက်ကြည့်ရင်း စိတ်ဆင်းရဲခြင်းကြီးစွာ ခေါင်းမညိတ်ချင်ညိတ်ချင်ညိတ်ပြီး သူတာဝန်ယူရမည့် မီးဖိုဆောင်ထဲ ဝင်သွားမှ မုံ့မျက်ဝန်းမှာ ပြည့်အိုင်လာသော မျက်ရည်ပေါက်ကြီးက မုံ့ပါးပြင်ပေါ် ပေါက်ခနဲ စီးကျလာ၏။

ထိုညက ပန်ဆောင်ခစံအိမ်ကြီး အပေါ်ထပ်ကို ဒေါ်ကြီးနှစ်ခြိုက်စွာ အိပ်နေသည့် အချိန်မှာ သူမတစ်ယောက်တည်း ဒေါ်ကြီးမသိအောင် အသာခိုးတက်သွားသည်။ သူမစိတ်ထဲက ကြိတင်ပြီးကြောက်ရွံ့ စိုးထိတ်နေသလောက် တကယ့်လက်တွေ့မှာ ကြောက်နှလုံးပ်တော့။

www.burmeseclassic.com

www.burmeseclassic.com



မုံ အမြဲ အမှတ်ရ သတိရနေခဲ့သည့် ပရိဘောဂပစ္စည်းတွေ တစ်ခုမှ မရှိ။ ဆိုဖာခုံရှည်ကြီးနှင့် စန္ဒရားကြီးသာ ကျန်ခဲ့သည်။ မာမီနှင့်ဒယ်ဒီ နေသွားခဲ့သည့် အခန်းကတော့ အရင်အတိုင်း။ မိသားစုအိပ်ရာ ခုတင်ကြီးကအစ လက်ရာမပျက် မြင်ရတော့ မုံ့ရင်ကို အတိုင်းမသိ နာကျင်နင့်စို့ မျက်ရည်တွေမပြတ် စီးကျလာသည်။

ခုတင်ကြီးပေါ် ကိုယ်ကို မှောက်အပ်ပြီး မုံ အားပါးတရ ငိုနေမိသည်။ ရင်ဖွင့်မတတ် ပေါက်ကွဲပစ်သည်။ စိတ်ရှိလက်ရှိ လူးလိမ့်ဖြစ်သည်။ မုံ့ရင်ထဲက အနှစ်နှစ်အလလ မျိုသိပ်ချုပ်တည်းခဲ့ရသမျှ ဘာတစ်ခုမှ မကျန်ရစ်အောင် ဖော်ထုတ်ခံစား ရင်ဖွင့်သွန်ချဖြစ်ခြင်း ဖြစ်သည်။ အရူးမလေးတစ်ယောက်လို မုံ့ကိုမုံ မထိန်းနိုင်မသိမ်းနိုင် မိဘနှစ်ပါး ခုတင်ကြီးပေါ် လူးလိမ့်ငိုနေပုံကိုကြည့်၍ မုံနှင့် အပြိုင် မျက်ရည်မဆည်နိုင်ရှာသူက မုံ့အထိန်းတော်ကြီး ဒေါ်ကျဲဖြစ်သည်။

သနားစရာကလေးမလေး၏ အဖြစ်က ဒေါ်ကျဲ၏ နှလုံးသားကို ဆုတ်ချေနေသည်နှင့် တူသည်။ မုံကိုယ်တိုင်ကမူ မွမွကြေနေသော နှလုံးသားပိုင်ရှင်အဖြစ် သူနှင့်တကွ သူ့ပတ်ဝန်းကျင်ကို မေ့လျက် အတိတ်ခရီးကို ပြန်ရောက်တမ်းတလျက် သည်းနှုပြတ်မတတ် ငိုကြွေးနေခြင်းဖြစ်သည်။ မုံ ကျောင်းမသွားခင် နှုတ်ဆက်ရန် မာမီ့အခန်းသို့ မုံပြေးဝင်လာတိုင်း နံနက်ခင်း နေခြည်အောက်မှာ လှချင်တိုင်းလှနေသော မိခင်ဖြစ်သူကို တွေ့ရမြဲ ဖြစ်သည်။ အခုတော့ မုံချစ်သော မာမီ မရှိတော့။

ဒေါ်ကျဲက မုံ့အဖြစ်ကို မကြည့်ရက်သလို အသံမထွက်မိအောင် ကျိတ်၍ ငိုရှိုက်ရင်း မုံမသိအောင် အောက်ထပ်က သူ့အခန်းကို ပြန်ဆင်းသွားသည်။ မုံက သူမအဖြစ်ကို ဒေါ်ကျဲ တွေ့မြင်သွားမှန်း မသိ။ အားရအောင် လူးလိမ့်ငိုလို့ဝမှ တခြားအခန်းတွေကို တစ်ခန်းပြီး



တစ်ခန်း လျှောက်ကြည့်သည်။ မျက်စိထဲ ဘာမှမမြင်။ သူမ အာရုံ အသိထဲ စိုးမိုးမြင်တွေ့နေရသည်က မုံ့မာမီ၊ ဒယ်ဒီနှင့် မုံ့ဘဝ၏ ငယ်ငယ်က ပျော်ရွှင်စရာ ပုံရိပ်များ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မုံ့ အိပ်ရာကနိုးတော့ မုံ့ အိပ်ရေးဝနေပြီ။

"ကော်ဖီသောက်ကြရအောင် မုံ့၊ ဒီမှာ မုံ့အကြိုက် ကြက်ပေါင်းခေါက်ဆွဲလေး လုပ်ထားတယ်။ စားကြည့်စမ်းပါဦး"

ပူနွေးသည့် ကြက်ပေါင်းခေါက်ဆွဲတွေ မုံ့အကြိုက် နှစ်သက်ဆုံးအစားအစာဖြစ်၍ မုံ့က ဒေါ်ကြီးလက်ရာက နှစ်ခြိုက်စွာ အားပါးတရစားသည့်အတွက် ဒေါ်ကြီးမျက်နှာက ကျေနပ်စွာ ပြုံးနေ၏။

"လူငယ်ဆိုတာ ဒီလိုအားရပါးရစားမှ အားရှိတာကွဲ့၊ စားစား ဒေါ်ကြီးတို့တော့ မုံ့တို့လို ကလေးတွေလောက် 'မစားနိုင်တော့ဘူး"

ဒေါ်ကြီးစကားကို မုံ့ ပြုံးရုံပြုံးနေလိုက်သည်။

ဒေါ်ကြီး မစားနိုင်တော့ပါဆိုသည့် စကားက မုံ့အတွက် ပြုံးစရာ ဖြစ်နေလို့ပါ။ မုံ့ စားကောင်း၍ စားနိုင်သော မုံ့ စားသည့်ပုံနှင့် ဒေါ်ကြီး မစားနိုင်၍ အစားအသောက် ပျက်ပါသည်ဆိုကာ စားသည့်နှုန်းက အတူတူ ဖြစ်နေသောကြောင့် ဖြစ်သည်။ မုံ့အတွက် ကော်ဖီကို



ဒေါ်ကြီးက ငှဲ့ပေးရင်း သူ့အတွက် ကော်ဖီတစ်ခွက်နှင့် အပြည့်လောင်းထည့်ပြီး အားပါးတရ သောက်သည်။ နောက်နာရီဝက်ခန့်အကြာမှာ ဖုန်းသံ ကြားရသည်။ အင်ဂျင်နီယာအဖွဲ့မှ ရှေ့ပြေးရောက်လာမည့်အဖွဲ့အတွက် ကြိုတင်အကြောင်းကြားခြင်း ဖြစ်သည်။ သိပ်အကြာကြီး မစောင့်လိုက်ရ။

ပန်ဆောင်ခစံအိမ်ကြီးသို့ ကားကြီးတစ်စီး ရောက်လာပြီး ကားပေါ်က လူသုံးယောက် အပြေးအလွှား ဆင်းလာကာ ပစ္စည်းတွေတောင်ပုံရာပုံဖြစ်အောင် စုကြပုံကြ နေရာချကြနှင့် ဆူညံသွားသည်။

အလုပ်အားလုံးကို တတ်နိုင်သမျှ မုံ့တစ်ယောက်တည်း ကြိုးစားလုပ်သည်။ စကားတော့ မပြော။ သို့သော် ခေါင်းညိတ်ခေါင်းခါနှင့် အလုပ်ကို စည်းစနစ်ကျကျ လှလှပပလေး အားလုံး စီစဉ်နေရာချသွား၍ ကားပေါ်ပါလာသည့် လူသုံးယောက်က မုံ့ကို ကျေးဇူးတင်မဆုံး။ မွန်းလွဲပိုင်းမှာ မုံ့တို့ လုပ်စရာ အလုပ်အားလုံး ပြီးသွားသလိုလူတွေလည်း တော်တော် မောသွားသည်။ အသက်အကြီးဆုံးလူက အင်ဂျင်နီယာအဖွဲ့မှ လက်ထောက်တစ်ယောက်ဖြစ်ပြီး မုံ့ကို ကော်ဖီသောက်ရင်း ကျေးဇူးတင်စကား ပြောသည်။ ပအိုဝ့်တိုင်းရင်းသားဖြစ်ပြီး မုံ့ကို သူ့ဘာသာစကားဖြင့် ပြောခြင်းဖြစ်သည်။

"မင်းသာမရှိရင် ကျုပ်တို့ ဘာလုပ်လို့ လုပ်ရမှန်းကို သိမှာမဟုတ်ဘူး။ မိန်းကလေးကို ကျေးဇူးတင်တယ်ဟော့"

မည်းနက်နေသော သွားများကို အစွမ်းကုန်ဖွင့်၍ ရယ်မောပြောပုံက အားပါးတရ ဖြစ်သည်။ သူပြောသည့်စကားကို မုံ့ နားလည်သလား၊ မလည်လားလည်း သိပုံမရ။ အသက်လေးဆယ်ကျော်ခန့်ရှိပြီး ထိပ်ပြောင်ပြောင်၊ ဗိုက်ရွှဲရွှဲ၊ ရင်အုပ်ကျယ်ကျယ်နှင့် မျက်လုံးညိုများက ခင်မင်နှစ်လိုဖွယ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ပြောတာ နားလည်ရဲ့လား မိန်းကလေး"

မုံက နားလည်ကြောင်း ခေါင်းညိတ်တော့ သူ့အသံဝါကြီးနှင့် ရယ်သည်။

"ကျုပ်နာမည်က စိန္တ၊ မင်းနာမည်က ဘယ်လိုခေါ်လဲ"

ရုတ်တရက် မုံ့နာမည်ကို ထုတ်ပြောလိုစိတ် မရှိ။ သို့သော် အမည်တစ်ခုခုတော့ ပြောရမည်။

"မုံပါ"

"ဒီတစ်လုံးတည်းပေါ့"

"ဟုတ်ကဲ့"

ပန်းဆောင်ခစံအိမ်ကြီးကို စိတ်ထဲရှိသည့်အတိုင်း မလှလှအောင် ကြီးစားပြင်ဆင်ကြသည်။ ပို၍ ကြီးကျယ်ခမ်းနားမှုရှိအောင် အားထုတ်ကြသည့်အတွက် မုံ ဘယ်လောက်ပင်ပန်းပင်ပန်း မောသည် မရှိ။ စိတ်ထဲက ကျေနပ်နေသည်။ ပျော်ရွှင်နေသည်။ နောက်ထပ် ရောက်လာသည့် သေတ္တာတွေ၊ ဗီရိုတွေ၊ ကော်ဇောတွေ၊ စားပွဲကုလားထိုင်၊ မီးပစ္စည်းတွေက အခန်းတိုင်း ပြည့်လုနီးပါးဖြစ်ပြီး သူ့နေရာနှင့်သူ အချိုးကျကျ လှပသပ်ရပ်သန့်ရှင်း တောက်ပြောင်နေ၏။

ပန်းဆောင်ခစံအိမ်ကြီးမှာ နေထိုင်မည့်သူ၏ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရုံဖြင့် ထိုသူ၏ အဆင့်အတန်းမှာ မသေးကြောင်း ဖော်ပြနေ၏။

"ဟား… ဒီနေ့တော့ တကယ်ပင်ပန်းတဲ့နေ့ပဲ ဒေါ်ကြီးရေ အားလုံးထဲမှာ မုံက အပင်ပန်းခံဆုံးလို့ ကျုပ်ထင်တယ်။ သူသာ အဆင်ပြေပြေ စီစဉ်မပေးရင် ကျုပ်တို့လုပ်သမျှအားလုံး ဒုက္ခဖြစ်မှာပဲဗျာ"

မုံ့ကို ချီးကျူးကြသည်။ မုံက ဘာမှမပြော။ ပြုံးနေသည်။ ဒေါ်ကြီးကတော့ မုံပင်ပန်းတာမြင်တိုင်း မျက်နှာပျက်ပျက်သွားကာ



မုံ့ကို စိတ်ဆင်းရဲခြင်းကြီးစွာ မျက်နှာမသာမယာနှင့် လှမ်းလှမ်းကြည့်တတ်သည်။ အောက်ခြေသိမ်း အလုပ်မှန်သမျှ ဒေါ်ကျဲကိုယ်တိုင် မမောနိုင်မပမ်းနိုင် သိမ်းကျုံးလုပ်တတ်သော်လည်း အခုလို အဖိုးတန်ပစ္စည်းတွေ သူ့နေရာနှင့်သူ အံဝင်ဂွင်ကျ လှလှပပဖြစ်အောင်ကျတော့ ဒေါ်ကျဲလည်း မစီစဉ်တတ်။ မုံကတော့ အားလုံးကို သူမအိမ် သူမအလှပဆုံး အခမ်းနားဆုံးဖြစ်အောင် သူမ စိတ်တိုင်းကျ ပြင်ဆင်ခင်းကျင်းပုံက အထက်တန်းကျသလို လှလည်း လှသည်။

"မနက်ဖြန်ကျရင် ကျုပ်တို့ ဒီထက်ဆိုးမယ်ကွ"

ဦးစိန္တစကားကြောင့် မုံ လန့်သွားသည်။

"ပစ္စည်းတွေ ထပ်ရောက်လာဦးမယ် ဟုတ်လားဦးလေး"

ဒီနေ့ ရောက်လာသည့် ပစ္စည်းတွေပင် အခန်းတိုင်း ပြည့်လုနီးပါးဖြစ်နေ၍ နောက်ထပ်ပစ္စည်းတွေ ထပ်ရောက်လာလျှင် ဘယ်လိုစီစဉ် နေရာချရမှန်းမသိ ဖြစ်နေ၏။ မုံ ဖြစ်နေပုံကိုကြည့်ပြီး ဦးစိန္တက ရယ်သည်။

"နောက်ထပ် ဘာပစ္စည်းမှ မလာတော့ပါဘူးဗျာ၊ သူဌေး ရောက်လာတော့မှာကို ပြောတာပါ။ သူလာရင် ကျုပ်တို့အားလုံး ဘယ်သူမှ မနားရအောင် အလုပ်ရှုပ်တော့မှာလေ"

"သူဌေးက အပန်းဖြေခရီး ထွက်မလို့ဆိုဗျာ့"

ကိုကျောက်တိုးက သူ့ကော်ဖီခွက်ကို ကုန်အောင် မော့သောက်ပြီး ဦးစိန္တမျက်နှာကို လှမ်းကြည့်သည်။

"ဘယ်ခရီးမှ မထွက်ပါဘူးကွာ။ သူ့အလုပ်ကိစ္စရှိလို့ တခြားတစ်နေရာကို သွားနေတာပါ။ ဒီညတောင် ပြန်ရောက်လာမလာ မသိဘူး။ သူ့အလုပ်တွေက ဒီမှာ တောင်လိုပုံနေတာကွ…"

သူဌေးဆိုသူက ဒီနယ်တစ်ဝိုက်ရှိ လူတိုင်း စိတ်ဝင်စားရအောင်

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးသူ ဖြစ်သည်။ အလုပ်လုပ်ရမှာ တိကျပြတ်သားသည်။ ဖွဲ့ကြီးသည်။ ဘယ်အလုပ်မျိုးဖြစ်ဖြစ် စမိပြီဆို ဆုံးအောင်လုပ်မှ ကျေနပ်တတ်သူဖြစ်ပြီး သူမှန်သည်ဟုထင်လျှင် မည်သူ့ကိုမှ ဂရုမစိုက်တတ်သော ဥကျကျ ပေါင်းရသင်းရ ခက်သူအဖြစ် နာမည်ကြီးသူ ဖြစ်သည်။

ဒေါ်ကြီးက တစ်ချက်သမ်းဝေပြီး မုံ့ကိုကြည့်ကာ မီးဖိုခန်းထဲက ထွက်သွားသည်။ တံခါးရောက်ခါနီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မုံ့ကို ပြန်လှည့်ကြည့်သည်။

"ဒေါ်ကြီး အပေါ်ထပ် တက်ရဦးမယ်ကွဲ့"

လုပ်လက်စ အလုပ်တွေကို ပြီးအောင် ဆက်လုပ်သည်။ ပန်းကန်တွေကို ပဝါဖြူဖြူနှင့် စီစီရီရီထားပြီးမှ သက်ပြင်း တစ်ချက်ချကာ အိမ်မကြီးဘက် လျှောက်ခဲ့သည်။

ခန်းမဆောင်ကြီးက အားလုံး နေသားတကျ ရှိနေသည်။ ဘာတစ်ခုမှ အပြစ်ပြောစရာ မရှိ။ ဧရာမ စန္ဒယားကြီးကို နှစ်ပေါင်းများစွာက ရှိခဲ့သည့် နေရာတွင်ပင် ယခင်အတိုင်း ပုံစံမပျက် ရှိနေဆဲ။ မီးပန်းဆိုင်းကြီးမှာလည်း ဒယ်ဒီနှင့်မာမီ ရှိစဉ်ကအတိုင်း တောက်ပလင်းထိန်လျက်။ မီးပဒေသာတွဲကြီးကို အမှတ်မထင် မော့ကြည့်လိုက်မိ၏။ ဤမီးပန်းဆိုင်းကြီးက မုံငယ်ငယ်က အလွန်သဘောကျခဲ့သည့် မီးပန်းဆိုင်းဖြစ်သည်။ တစ်ဆက်တည်း အိမ်တွင် ကျင်းပလေ့ရှိသော မုံ့မွေးနေ့ပွဲနှင့် ဧည့်ခံပွဲတွေကို မြင်ယောင်လာပြန်သည်။

အပေါ်ထပ် တက်သွားရင်း အတိတ်ကို လွမ်းမောတမ်းတစိတ်ကြောင့် မုံ့ရင်တွေ ပူလောင်ကြေကွဲစွာ နာကျင်လာ၏။ မုံ့စိတ်ထဲ အလွန်ပြင်းပြသော ဆန္ဒတစ်ခု ဘွားခနဲ ရောက်လာသည်။ ထိုစိတ်ဆန္ဒက မုံငယ်စဉ်က နေခဲ့သည့် မုံ့အိပ်ခန်းကို မုံ ပြန်ကြည့်ချင်လာသည့်ဆန္ဒ။ မုံ အခန်းပြတင်းကနေ ခြံထဲက ပန်းဥယျာဉ်ကို ငေးကြည့်



ချင်သည်။ ခဏလေးဖြစ်ဖြစ် မုံ့အိပ်ခန်းလေးထဲမှာ မုံရှိနေချင်သည်။ ခေါင်းစည်းအဝတ်ကို အမှတ်မထင် ဖြည်းဖြည်းချင်း ဆွဲဖြုတ်လိုက်တော့ နက်မှောင်ရှည်လျားသော ပိုးသားဆံနွယ်တွေက မုံ့ကိုယ်ပေါ်သို့ လျောခနဲ ပြုတ်ကျလာ၏။

ဟိုတုန်းက ကျောင်းမှပြန်ရောက်လျှင် ဦးထုပ်ဆွဲချွတ်ပြီး အပေါ်ထပ်သို့ ပြေးတက်သွားသည့် မုံနှင့် အခုလက်ရှိ မုံက လုံးဝမတူတော့။ ဂါဝန်လေးနှင့် ချစ်စရာကလေးမလေး မုံ့နေရာမှာ အလွန်လှပ၍ ကျက်သရေရှိသော မုံဆိုသည့် မိန်းမလှလေးက နေရာယူခဲ့လေပြီ။ မုံ့အခန်းရှိရာသို့ မုံလျှောက်ခဲ့သည်။ တံခါးဝကရပ်ပြီး မုံ့အခန်းလေးကို ကြည့်လိုက်တော့ မီးထွန်းမထားသည့် မုံ့အခန်းလေးထဲမှာ ဗီရိုတွေ၊ ကုလားထိုင်တွေနှင့် ဧရာမစားပွဲကြီးတစ်လုံးကို မြင်ရ၏။

အရင်က မုံပိုင်ဆိုင်ခဲ့သော အိပ်ခန်းနှင့် လုံးဝမတူတော့သလို ဟိုတုန်းက မုံပိုင်ဆိုင်ခဲ့သည့် ပရိဘောဂ အသုံးအဆောင်တွေလည်း တစ်ခုမှ မရှိတော့။ ရှိပါစေတော့လေ။ ဒီအိမ်ကြီးတစ်ခုလုံးကိုတောင် မုံ လက်လွှတ်ဆုံးရှုံးခဲ့ရပြီးပြီပဲ။ မုံ ငယ်စဉ်ကလေးဘဝက ပိုင်ဆိုင်ခဲ့တဲ့ အရာတွေ ပျောက်ဆုံးသွားခြင်းမှာ ဘာဆိုဘာမှ အရေးမပါတော့။ အသိမဲ့သူတစ်ယောက်လို မုံ့အိပ်ခန်းလေးထဲ မုံ လှမ်းဝင်သွားသည်။ ဖွင့်လျက်ရှိသော ပြတင်းပေါက်ကို မှီနွဲ့ပြီး မုံ မြင်တွေ့နေရသော ပန်းဥယျာဉ်ကို ငုံ့ကြည့်သည်။ လရောင်အောက်မှာ ဖူးပွင့်နေသည့် လှပသော ပန်းဥယျာဉ်။ ရေပန်းကြီးနှင့် မြက်ခင်းစိမ်းတွေ၊ မုံ့ အိပ်ခန်းက လှမ်းကြည့်ရင် မြင်တွေ့နေရသော ဧရာမမိုးမခပင်ကြီးက လရောင်အောက်မှာ အုံ့ဆိုင်းမှိုင်းညို့နေပုံကအစ ဟိုးအရင်ကအတိုင်း ဘာဆိုဘာမှ မပြောင်းလဲပါလား။

"မင်းဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



မို့နောက်ဘက်မှာ အောင်မြင်ခန့်ညားစွာ ထွက်ပေါ်လာသည့် ယောကျ်ားတစ်ယောက်၏ အသံကြောင့် မို့ လိပ်ပြာလွင့်မတတ် ထိတ်လန့်ချောက်ချားသွားသည်။ ချာခနဲ လှည့်ကြည့်လိုက်တော့ အမှောင်ရိပ်မှာ ရပ်နေသည့် ယောကျ်ားတစ်ယောက်၏ ပုံသဏ္ဍာန်ကို မသဲမကွဲ မြင်လိုက်ရ၍ မို့တစ်ကိုယ်လုံး အေးစက်သွားကာ သူမကိုယ်လေးကို အုတ်နံရံနှင့် ဖိကပ်ထားလိုက်သည်။ အခန်းအပြင်က မီးရောင်က အခန်းထဲမှာ မဆိုသလောက်သာ ရှိနေ၍ ထိုသူ့မျက်နှာကို မမြင်နိုင်။

သူဘယ်သူလဲ။

ဒီလိုနေရာမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ။ မို့တို့ အိမ်ရှင်တွေမသိအောင် အိမ်ကြီးအပေါ်ထပ်ကို ရောက်နေသည်ဆိုတော့ လူကောင်းမှ ဟုတ်ပါလေလားဟုတွေးရင်း အကြည့်တွေက ထိုလူ့လက်မှာ ကိုင်ထားဆဲဖြစ်သည့် အပေါ်ဝတ် လောင်းကုတ်အင်္ကျီရှည်နှင့် လက်ဆွဲအိတ်ငယ်တစ်လုံးရှိရာ ရောက်သွား၏။ နေ့ခင်းက ဦးစိန္တနှင့် သူ့လူတွေ ပြောသည့်စကားကို မို့ချက်ချင်း သတိရသွားကာ ဒီနေ့ည ရောက်လာမည့် သူဌေးဆိုတာ ဒီလူများလားဟုတွေးပြီး မို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။

"ရှင်… ရှင်က ဒီအိမ်ကြီးကို ရောက်လာမယ်ဆိုတဲ့ သူဌေးဆိုတာလားဟင်"

"ကျုပ်မေးတာပဲ ဖြေပါ။ မင်းဘယ်သူလဲ"

တစ်ဖက်ကအသံက ကြောက်စရာကောင်းအောင် တိကျပြတ်သားမှုတွေနှင့် အေးစက်နေ၍ မို့ နေရာက ထွက်ပြေးချင်လာသည်။ သို့သော် မို့ ပြေးမည့်အခန်းပေါက်ဝမှာ ထိုသူက ရှိနေ၍ မို့ပြေးချင်လျက် မပြေးနိုင် ဘယ်သူမှလည်း ရှေ့မတိုး။ နောက်လည်းမဆုတ်ဘဲ တစ်ယောက်ကိုတစ်ယောက် စောင့်ကြည့်နေကြသည်။ သူက မီး



ခလုတ်ကို မီးလျက် လှမ်းမဖွင့်။ အလင်းမှုန်မှုန်အောက် မြင်နေရသည့် မိန်းကလေး၏ ပုံသဏ္ဍာန်ကို စိုက်ကြည့်။ စိတ်ထဲ အလိုလို ထိုသဏ္ဍာန်ကို မြင်ဖူးသလိုလို ထင်နေ၏။

ဆန်းတော့ ဆန်းသည်။

အလင်းရောင်မှိန်မှိန်တွင်ပင် ထိုမိန်းကလေး မျက်နှာသွင်ပြင်ကို ခံစားသိနေသလို ဖြစ်နေသည်။

ဘယ်မှာ မြင်ဖူးပါလိမ့်။

ရုံးခန်းထဲကို ထိုမိန်းကလေး ဝင်လာကတည်းက သူစောင့်ကြည့်နေခြင်း ဖြစ်သည်။ လှေကားဆီက အသံကြားတော့ မီးကိုပိတ်ပြီး အသာစောင့်နေသည်။ ပထမတော့ သူ့ကို အန္တရာယ်ပြုမည့်သူလားဆိုသည်အတွေးနှင့် ထောင့်တစ်နေရာမှာ ကိုယ်ကို အသာကွယ်နေလိုက်သည်။ နောက်မှ မိန်းကလေးတစ်ယောက် ဖြစ်နေ၍ သူအံ့ဩသွားသည်။ သူထင်သလို သူ့ကို ရန်ပြုမည့်သူမဟုတ်။ ညဆယ့်တစ်နာရီမှာ ပန်ဆောင်ခစံအိမ်ကြီး အပေါ်ထပ်က သူ့ရုံးခန်းထဲ တိတ်တဆိတ် ကျူးကျော်ဝင်ရောက်လာသည့် မိန်းကလေးကို သူ ဘယ်လိုမှ နားမလည်။

"ကျွန်မ… ကျွန်မ တောင်းပန်ပါတယ်။ ဒီက မီးတွေပိတ်ဖို့ ကျွန်မ တက်လာတာပါ"

"တောင်းပန်တာက ဟုတ်ပါပြီ။ ဒါပေမဲ့ ကျုပ်မေးတာကို မင်း မဖြေသေးဘူး… မင်းဘယ်သူလဲလို့ ကျုပ်မေးနေတာ"

သူ့လေသံက တစ်ချက်မလျော့။

အေးစက်မာကြောသလောက် တိကျပြတ်သားသည်။

"မို့ပါ… ကျွန်မ ဒီမှာအလုပ်လုပ်ပါတယ်"

တစ်ဖက်က မေးနေပြီဆိုတော့ မို့ ဖြေရတော့မည်။ မဖြေဘဲ

www.burmeseclassic.com

www.burmeseclassic.com



နေလို့မရတော့။

“ကျွန်မ ဒီအိမ်ကြီးက အိမ်ဖော်ပါ”

မုံ့အသံက အဖျားခတ်ပြီး တုန်ယင်သွားသလို မုံ့မျက်ဝန်းမှာ မျက်ရည်ကြည်တွေ သီဝေလာသည်။ ကြာလျှင် မုံ ငိုမိတော့မည်။

“ထားပါတော့… မင်းတစ်ယောက်တည်း အပေါ်ထပ် တက်ပြီး ဘာလုပ်တာလဲ”

“မီးတွေ ပိတ်မလို့ပါ”

“ဒါဆို ဒီအခန်းထဲ ဝင်တာကရော”

“အသံကြားမိတယ်ထင်လို့ ဝင်ကြည့်တာပါ”

“သြော်…”

သူ့ကို ညာပြောနေမှန်း နေကောင်းကင် သိသည်။ အပေါ်ထပ်ကို သူရောက်ကတည်းက ဘာသံမှမရှိ။ မည်သည့်အသံမျိုးမှ မထွက်။ သူမ ခြေသံကြား၍ မီးခလုတ်ကိုပင် အသံမမြည်အောင် နေကောင်းကင် ပိတ်လိုက်ခြင်း ဖြစ်သည်။

“မင်းက တော်တော်သတ္တိကောင်းတဲ့ မိန်းကလေးပေါ့ ဟုတ်လား”

နေကောင်းကင်အသံက သရော်သံ ဖြစ်သည်။ ဒါကို မုံ သိသည်။ နားလည်သည်။

“ကဲ… ကျုပ်က လူဆိုးဆိုရင် အမိ ဘာလုပ်မှာလဲ”

နေကောင်းကင်မေးရင် အလင်းတစ်ဝက် ရောနေသည့် အမှောင်ထဲက မုံ့ကို စူးစူးရဲရဲ စိုက်ကြည့်နေ၍ မုံ့ကျောထဲ စိမ့်သွားသည်။

“တစ်ယောက်ယောက်ကို အော်ခေါ်ပြီး အကူအညီ တောင်းမှာပေါ့”

နေကောင်းကင်က သူမအဖြေကို သဘောကျသလို တစ်ချက်



ပြုံးပြီး သူပိတ်ထားသည့် မီးခလုတ်ကို ဖျတ်ခနဲ ပြန်ဖွင့်လိုက်တော့ မှောင်နေသည့်အခန်းက လင်းထိန်သွား၏။ မီးရောင်ကြောင့် မုံ့မျက်ဝန်းထဲ အရာအားလုံး ထင်ရှားပြတ်သားစွာ မြင်လိုက်ရသလို နေကောင်းကင်ကိုယ်တိုင်လည်း သူ့မျက်စိရှေ့မှာ ရှိနေသည့် မိန်းမလှလေးကို ကြည့်ကာ ဘာစကားမှ မပြောနိုင်အောင် အံ့ဩသွားသည်။

ဒီမိန်းကလေးက သူနှင့် လူချင်း ဝင်တိုက်မိမလို ဖြစ်ခဲ့သည့် မိန်းကလေးပါလား။ သူ ချက်ချင်း မှတ်မိသွားသည်။ မုံကတော့ နေကောင်းကင်ကို မမှတ်မိ။ သူမ ရောက်ရှိနေသော အကျဉ်းအကျပ်ထဲက ဘယ်လိုရုန်းထွက်ရပါ့ဟုတွေးကာ စိတ်ပူနေသည်။

ကျက်သရေရှိသော အလှပိုင်ရှင်။ တည်တည်ငြိမ်ငြိမ်ရှိသည့် အလှမျိုး။ မြင်ရုံနှင့် ရင်ကိုငြိမ်းချမ်း အေးမြသွားစေသည့် အလှပိုင်ရှင် မိန်းမချောက နေကောင်းကင်ရှေ့မှာ မည်းနက်သော ဆံပင်ရှည်ကြီးဖြင့် နတ်သမီး ကိုယ်ထင်ပြသလို ရပ်နေသည်။ ယမုံဆိုသည့် မုံ့ကို သူ့နားက ရုတ်တရက် ထွက်မသွားစေချင်သေး။ မုံ့အလှကို သူကြည့်ချင်နေသေးသည့်အတွက် စောစောက စကားကို သူပြန်ဆက်သည်။

“မင်းအော်ခေါ်လည်း ဘယ်သူမှ ကြားမှာမဟုတ်ဘူး။ ဘယ်သူမှလည်း မရှိဘူး”

ထင်မှတ်မထားသည့် စကားကြောင့် မုံ ထိတ်ခနဲ ဖြစ်သွားကာ သူမ မျက်စိရှေ့ကလူကို အလန့်တကြား မော့ကြည့်လိုက်သည်။ မုံ့ကို တုံ့ပြန် စူးစိုက်ကြည့်နေသည့် သူ့မျက်လုံးတွေ အရောင်တဖိတ်ဖိတ်ထက်အောင် ညမီးရောင်အောက်မှာ စူးရှနက်မှောင်နေ၏။ သူကတော့ လူချောဖြစ်သည်။ မုံ့ထက်လည်း အသက်ကြီးသည်။ အရပ် အမြင့်ကြီးနှင့်လိုက်အောင် ကျယ်ပြန့်သော ရင်အုပ်ကားကားနှင့် အဆီပိုမရှိသော ခန္ဓာကိုယ်က မားမတ်ခန့်ညားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့စကား အဓိပ္ပာယ်က ဘယ်လိုပါလိမ့်။ မုံ့ကို ခြိမ်းခြောက်နေခြင်းလား။

ဒီအိမ်ကြီးထဲမှာ မင်းနဲ့ငါ နှစ်ယောက်တည်း တခြားဘယ်သူမှ မရှိဘူးလို့ ပြောနေတာလား။

အရပ်အမြင့်ကြီးနှင့် ခပ်ချောချောလူကို မုံ ကြောင်ပြီးကြည့်နေသည်။ ထိုသူက မုံ တွေ့ဖူးသော ယောကျ်ားတွေနှင့်မတူ။ စကားပြောပုံက အထက်စီးသံ၊ အမိန့်ပေးသံ ပါနေသည်။ အကျင့်ပါနေသည်လား မပြောတတ်။ ထိုလူမျိုးက သူ့လက်ညှိုးညွှန်ရာ ရေဖြစ်ရသည့် တန်ခိုးရှိနေသည့် ဟန်ပန်မျိုး။ လိုတရ လူတန်းစား။ အထက်တန်းလွှာ အသိုင်းအဝန်းကဖြစ်ကြောင်း အထူးပြောနေစရာမလို။ ဘုရား… ဘုရား။

ညကြီးအချိန်မတော် သူနဲ့နှစ်ယောက်တည်းရှိသည့် မုံ့ကိုများ။

"ဒီအိမ်ကြီးမှာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး"

"ပြောပါဦး… နောက်ထပ် ဘယ်သူရှိသေးလို့လဲ"

"ကျွန်မ အဒေါ်ရှိတယ်။ သူ့နာမည်က ဒေါ်ကျဲ။ အဲဒါ ကျွန်မ အဒေါ်ပဲ။ သူနဲ့အတူ ကျွန်မ ဒီအိမ်ကြီးမှာနေတာ"

"ဟုတ်လား"

"ဒေါ်ကြီးက အောက်ထပ်မှာ ကျွန်မကို စောင့်နေတယ်"

နေကောင်းကင် မျက်ခုံးထူတွေ တွန့်သွားပြီး မုံ့မျက်နှာလေးကို တစ်ချက်စိုက်ကြည့်သည်။

"မင်းအဒေါ်က ဒီမှာ အလုပ်လုပ်သလား"

"ဟုတ်ကဲ့"

"ကျွန်မခေါ်ရင် သူ ဒီကို ချက်ချင်း ရောက်လာမှာပါ"

စင်စစ်အဒေါ်ကြီးကို အားကိုးစရာ လုံးဝမရှိ။ ဟောက်သံသဲ့သဲ့ဖြင့် နှစ်မြိုက်စွာ အိပ်ပျော်နေသော ဒေါ်ကြီးပုံစံကို ပြန်မြင်ယောင်လိုက်



တော့ မုံ ငိုချင်လာ၏။ အခုချိန်က သူ့ဘက်က တစ်ခုခုကြိုးစားကြံစည်လာလျှင် မုံ့ကို ကယ်တင်မည့်သူ မရှိသလို ပြေးစရာလည်း လမ်းမရှိ။

"မင်းအဒေါ်နာမည်က ဒေါ်ကျဲနော်"

"ဟုတ်ပါတယ်"

"မင်းနာမည်က ဘယ်သူ"

"မုံပါ"

"ဘယ်လို"

"မုံလို့ပြောတာပါ"

"ဒီနာမည်တစ်လုံးတည်းပဲလား"

"ဟုတ်ကဲ့"

မုံ့ကို သေချာထပ်ကြည့်သည်။ ဘယ်လိုကြည့်ကြည့် မုံ့အလှက ကြည့်လို့မဝ။

"ကျုပ်နာမည် နေကောင်းကင်။ ဒါကျုပ်ရုံးခန်း နောက်ဆိုရင် ရုံးချိန်ပြင်ပမှာ မင်း နောက်ဘယ်တော့မှ ဒီကိုမလာရဘူး ဟုတ်ပြီလား။ ရုံးချိန်မှာလည်း အကြောင်းမရှိဘဲ မလာရဘူး နားလည်လား"

"နားလည်ပါတယ်"

မုံ့ကို ကြိမ်းမောင်းမာန်မဲသည့် စကားလုံးများ ဖြစ်သော်လည်း စောစောကလို မာကျောခက်ထန်သော လေသံမျိုး မဟုတ်တော့။

"နေပါဦး… မင်းတို့နေတဲ့နေရာနဲ့ အိမ်မကြီးကိုကူးတဲ့ တံခါးရှိသလား"

"ရှိပါတယ်။ အဲဒီတံခါးကိုဖွင့်ပြီး ဆက်သွားရင် ကျွန်မ ဒေါ်ကြီးနေတဲ့ အခန်းကို ရောက်ပါတယ်"

မုံ့ထံမှ အကြည့်တစ်မျိုးနှင့် မုံ့စကားကြောင့် သူ့သည်ကလေးမ

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို အဓိပ္ပာယ်ကောက် လွဲသွားပြီဟု သိလိုက်သည်။ သူက လည်း အိမ်မကြီးနဲ့ကူးသည့် တံခါးအကြောင်းကို မေးမိသည်ကိုး။ မုံ့စိတ်ထဲ သူ့ကို ခပ်ဗွေဗွေလူဟုထင်ကာ သူ့အဒေါ်အခန်းကို ပြော လိုက်၍ သူ့အဖြစ်သူတွေးကာ ရယ်ချင်စိတ်ကို မနည်းထိန်းထားရ သည်။ နေကောင်းကင် မေးတာက သူ့အခန်းရှိရာ အပေါ်ထပ်ကို ဘယ်သူမှ လာလို့မရအောင် တံခါးကို သူ့ဘက်က အသေပိတ်ထားရန် ဖြစ်သော်လည်း မုံဆိုသည့် မိန်းမချောလေး နားလည်ပုံက တစ်မျိုး ဖြစ်သည်။

ရှင်သွားချင်ရင် ကျွန်မအဒေါ်အခန်း ရှိတယ်ဆိုသည့် အဓိပ္ပာယ် ဖြစ်၍ မုံ့ထံမှ အထင်အမြင်မှားတာ မခံနိုင်၍ သူပြောစရာရှိတာ ဆက်ပြောလိုက်သည်။

"တံခါးရှိရင် ပြီးတာပဲလေ။ မရှိရင် တံခါးတပ်ခိုင်းမလို့ ပြီးတော့ အဲဒီတံခါးကို အသေပိတ်ထားမှ ဖြစ်မယ်။ ဒါမှ မင်း ခုလို ကူးချင်တဲ့အချိန် ကူးမလာနိုင်မှာ။ မနက်ဖြန်ကစပြီး အိမ်ရှေ့မှာ အစောင့်တစ်ယောက် ချထားမယ်။ ဒီတော့ အိမ်ထဲက ဘာသံ ကြားကြား မင်းလာကြည့်ဖို့ မလိုဘူး… ဟုတ်ပြီလား"

နေကောင်းကင်က မုံဆိုသည့်အမည်နှင့် သိပ်ချောသိပ်လှ သိပ် ငယ်လွန်းသော မိန်းမလှလေးကို စူးစူးစိုက်စိုက်ကြည့်ပြီး သူပြောချင် တာကို ပြောလိုက်ပေမယ့် သူ့အကြည့်ကြောင့် မုံက မျက်လွှာချပြီး ခေါင်းငုံ့မသွား။ သူ့မျက်လုံးများကို ရဲရဲရင့်ရင့် ရင်ဆိုင်ကြည့်ပြီး သူမ ပြောချင်သည့်စကားကို သတ္တိရှိရှိနှင့် တုံ့ပြန်သည်။

"ဒီအိမ်ကြီးကို စောင့်ရှောက်ဖို့က ကျွန်မ တာဝန်ပါ"

"အခုလို တာဝန်သိတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နောက်ကို ဒီဘက်ကို လာစရာမလိုဘူး ဟုတ်လား"



"ကဲ… သွားလို့ရပြီ"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု ပါးစပ်က ပြောပေမယ့် နေရာက မရွေ့။

"တံခါးကိစ္စကော"

"ဘာတံခါးလဲ"

မုံ ဘာကိုဆိုလိုမှန်း မသိ၍ နေကောင်းကင် မျက်ခုံးထူတွေ တွန့်သွား၏။

"ကျွန်မတို့ အခန်းတွေဘက်ကို သွားတဲ့တံခါးကို မနက်ဖြန် ပိတ်မှာလား… သိပါရစေ"

အဆောင်ကူးတံခါးကို ပိတ်မည်ဆိုလျှင် အိမ်မကြီးကို သွားမည် ဆိုလျှင် အိမ်ရှေ့တံခါးပေါက်က တစ်ပတ်ကြီး ကွေ့ပတ်ဝင်ရတော့မည် ဖြစ်၍ ထင်သလောက် မလွယ်၍ မုံ့ရင်ထဲ သူမကို နှိမ့်ချနေသူ မျက်နှာကိုကြည့်ကာ အောင့်သက်သက် ဖြစ်နေသည်။ နေကောင်းကင် အကြည့်က မုံ့ထံ စူးခနဲ ပြန်ရောက်သွားသည်။

လူပုံကြည့်တော့ ယမင်းရုပ်လေး ချထားသလို နုနယ်လှပ သလောက် သူမပုံစံက ရဲတင်းခေါင်းမာမည့်သူပါလား။ အိမ်ဖော် တစ်ယောက်ပုံစံနှင့်လည်း မတူ။ အထက်တန်းကျကျ လှပသည့် သူမ ရုပ်ရည်က အိမ်ဖော်ဆိုသည့်အမည်နှင့် လုံးဝ မဆိုင်။ အိမ်စေ အဘွား ကြီးရဲ့ တူမဆိုတာ ဟုတ်မှဟုတ်ရဲ့လားဟု မုံ့ကိုကြည့်ပြီး သံသယ ဖြစ်နေ၏။

"လောလောဆယ် တံခါးကိစ္စကို ဒီအတိုင်းထားပါဦး။ ညည မင်း အခုလို တစ်ခန်းဝင်တစ်ခန်းထွက် လျှောက်မသွားမိဖို့တော့ သတိ ထားပေါ့။ အခုဟာ ကျုပ်ရုံးခန်းထဲမို့လို့ တော်သေးတယ်။ ကျုပ် အိပ်ခန်းထဲ အသံမပေး ဘာမပေးနဲ့ အခုလို ဝင်လာရင် ဘယ်နှယ့်လုပ်

www.burmeseclassic.com

www.burmeseclassic.com



မလဲ”

နေကောင်းကင် စကားကြောင့် မုံ့မျက်နှာလေး ရဲခနဲ ဖြစ်သွားတာ မြင်လိုက်ရသည်။ ဒီတစ်ခါတော့ သူနှင့်မျက်လုံးချင်း မဆိုင်ဘဲ မျက်လွှာချထားသည့်အတွက် သူ စလိုက်တာ လွန်သွားပြီဟုလားဟု တွေးရင်း စိတ်မကောင်း ဖြစ်သွားသည်။ သေသေချာချာကြည့်လေ မုံ့မျက်နှာလေးက သူထင်ထားတာထက် ငယ်ရွယ်နုနယ်နေတာ သတိထားမိသည်။

“မုံ့ကို ခွင့်ပြုပါ”

“ကောင်းပြီ”

မုံ့က သူ့ထံက ခွင့်ပြုချက်ရသည်နှင့် သူ့နားက လှစ်ခနဲ ပြေးထွက်သွားပုံက ယုန်ဖြူမလေးနှင့် တူသည်။ မထင်မှတ်ဘဲ သူ့အာရုံထဲစွဲနေသည့် မိန်းမလှလေးနှင့် တစ်အိမ်တည်း အတူပြန်ဆုံမိသည့် ကံတရား၏ ဆန်းကြယ်ပုံကို သဘောကျသလို တစ်ယောက်တည်း ပြုံးနေသည်။

တော်တော်လှတဲ့ မိန်းကလေးပဲ။

နာမည်က မုံ့ဆိုပါလား။ နာမည်က ဆန်းသလို သူမကို တွေ့ရမြင်ရသည်မှာလည်း နေကောင်းကင်စိတ်ထဲမှာ ထူးခြားဆန်းကြယ်နေသည်။

လှပသော အိမ်ဖော်မလေးက မင်းနဲ့ဘာမှ မဆိုင်ပါဘူးကွာဟု သူ့ကိုယ်သူပြောရင်း နေကောင်းကင်တစ်ယောက်တည်း ပြုံးလိုက်၏။

## အခန်း (၅)

“အို… မလုပ်နဲ့… မလုပ်နဲ့။ ဒီအလုပ်ကို မုံ့လုပ်လို့ ဘယ်ဖြစ်မလဲ။ ဒေါ်ကြီး လုပ်ပါ့မယ် ကလေးရယ်၊ ဖယ်စမ်းပါ”

“လက်ထဲက တံမြက်စည်းကို ဒေါ်ကြီးကိုပေး”

“ဒီအလုပ်တွေ ကလေး မလုပ်ရဘူး”

ဒေါ်ကြီးက မုံ့လက်ထဲက ကြမ်းတိုက်အဝတ်ကို ဖွတ်အတင်း ဝင်လုသည်။ မုံ့က မလွှတ်။

“မုံ့လုပ်နိုင်ပါတယ်ဆို ဒေါ်ကြီးကလဲ”

“အို… ဒါက လုပ်နိုင်တာ မလုပ်နိုင်တာကို ပြောနေတာ မဟုတ်ဘူး။ မုံ့အဆင့်အတန်းနဲ့ ဒီလောက်နိမ့်ကျတဲ့အလုပ်မျိုး မုံ့လုပ်စရာ မလိုဘူးကွဲ့”

“ဘုရား… ဘုရား ဘာတွေများ ဖြစ်ကုန်ကြပါလိမ့် ကလေးရယ်”

မုံ့လက်ထဲက ကြမ်းတိုက်ဝတ်က ဒေါ်ကြီးလက်ထဲ ပါသွားသည်။ နောက်ကို ဒီလိုအလုပ်မျိုး မလုပ်ဖို့ မုံ့ကို အပြင်းအထန်

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းသည်။ မုံ ကြွက်တိုက်ခြင်းက ဒေါ်ကြီးအတွက် မမြင်ဝံ့သော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသကဲ့သို့ ဖြစ်သည်။ သူ့ရင်ဘတ်ကို ခြင်း မုံ ကြွက်တိုက်နေသည့် ရေပုံးနားမှာ ထိုင်ချလိုက်သော ဒေါ်ကြီး က မုံ့အခြစ်ကိုကြည့်ရင်း ရင်ထုမနာ ဖြစ်နေ၏။ ဒေါ်ကြီးမျက်လုံး အိမ်တွင် ပြည့်လာသည့် မျက်ရည်များကြောင့် မုံအနေရခက်သွားကာ သူ့ကိုယ်သူလည်း စိတ်ထိခိုက်သွား၏။

"ဒီမယ်... ကလေး၊ ဒေါ်ကြီး ပြောစကားကို ကလေး နား မထောင်ရင် သူတို့ကို ဒေါ်ကြီး အကုန်ဖွင့်ပြောလိုက်မှာနော်"

"ဒေါ်ကြီး တကယ်ပြောတာနော်။ ဒီအတိုင်းဆို ဒေါ်ကြီးအပြစ် မဟုတ်တော့ဘူး"

"ဒေါ်ကြီးက မုံ့အကြောင်း တော်တော်ပြောချင်နေတယ်ပေါ့ လေ"

"မုံ့လေးကမှ စကားနားမထောင်တာကိုး"

ဒေါ်ကြီးက နှုတ်ခမ်းစူသည်။

မုံကတော့ သူ့ဘာလုပ်လုပ် စိတ်ဆင်းရဲနေသည့် ဒေါ်ကြီးကို ကြည့်ပြီး စချင်သည်။

"ကဲ... ပြောပါဦး... ဒေါ်ကြီးက မုံ့အကြောင်း ဘယ်သူ့ကို သွားတိုင်မလိုလဲ"

"သူဌေးကိုပေါ့"

"ဒေါ်ကြီးသူဌေးကိုယ်တိုင်က အလုပ်သိပ်လုပ်တာ။ ဒေါ်ကြီး သွားပြောရင် ဒီကောင်မလေး အလုပ်သိပ်လုပ်ပါလားလို့ သဘော တောင် ကျဦးမယ်"

"ကလေးက အဲဒီလို ထင်လို့လား"

ဒေါ်ကြီးစကားကြောင့် မုံ မျက်ခုံးလေး တွန့်သွား၏။



"ဒေါ်ကြီး ဘာကိုပြောတာလဲ"

"ဟိုတစ်နေ့က မုံ့ကို သူဌေးက ကျောင်းနေသလား။ ဘယ် နှတန်းလဲ မေးနေတယ်"

"ဒေါ်ကြီး ဘယ်လိုဖြေလိုက်လဲ"

မုံထိတ်လန့်စွာ မေးလိုက်သည်။

သူဌေးဆိုသူနှင့် မုံအတတ်နိုင်ဆုံး ကင်းအောင်နေချင်ရုံမက အကြောင်းကိစ္စကြီးငယ် ရှိရင်တောင် မုံက သူဌေးနှင့် မျက်နှာချင်း မဆိုင်ဖြစ်အောင် သူမဘာသာ သီးသီးသန့်သန့် နေခဲ့တာ။ ဟိုတစ်ညက ကိစ္စ ဖြစ်ပြီးကတည်းကပါ။ ပန်ဆောင်ခစံအိမ်ကြီးထဲ မုံ ရှိနေတာ ကိုပင် ဘယ်သူမှ မသိကြသည့်အထိ မုံ့ဘက်က အနေအထိုင် ဝိရိ သေသပ်ခဲ့သည်။ သူဌေးဆိုသူနှင့် မုံ နောက်ထပ် မျက်နှာချင်းမဆိုင်။ သူ့ကိုတွေ့တာနှင့် မုံ့ကို သူ မမြင်မတွေ့နိုင်အောင် ပုန်းကွယ်ပစ်လိုက်၍ နေကောင်းကင်ကိုယ်တိုင်လည်း မုံ့ကို မမြင်ရတော့။

ဒေါ်ကြီးက မုံ့သဘောထားကိုသိ၍ နေကောင်းကင် ဘာခိုင်းခိုင်း မုံ့ကိုယ်စား သူပဲ လုပ်ပေးသည်။ နေကောင်းကင်ကလည်း မုံ့ကိုမမေး။ ကြာတော့ ဒေါ်ကြီးနှင့် နေကောင်းကင် အဖွဲ့ကျလာသည်။ တရင်း တနှီး စကားပြောဖြစ်ကြသည်။ ဒါကို မုံသိပေမယ့် မုံ့အကြောင်းကို နေကောင်းကင်ဆိုသည့်လူက ဒေါ်ကြီးကို မေးလိမ့်ပြောလိမ့်မည်ဟု မထင်ခဲ့။ အခု ဒေါ်ကြီးပြောမှ မုံ့အကြောင်း သူမေးတာကို သိလိုက် ရပြီး ဒေါ်ကြီး ဘာတွေများ ပြောခဲ့ပါလိမ့်မှ သိချင်လာ၏။

"မောင်နေကောင်းကင်က သဘောကောင်းပါတယ်"

"သူ့ဘာသာ သဘောကောင်းတာ ဘာဖြစ်လဲ၊ မုံ့အကြောင်း ဒေါ်ကြီး ဘာပြောခဲ့လဲဆိုတာကိုသာ ပြောစမ်းပါ"

"ဒေါ်ကြီးလည်း မုံလေး ဘယ်နှတန်း နေခဲ့လဲဆိုတာတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာမသိဘူး။ ဒါပေမဲ့ ကလေးက အင်္ဂလိပ်စာတွေ အများကြီး တတ်တယ်လို့တော့ ပြောလိုက်တယ်"

"ဒုက္ခပါပဲ ဒေါ်ကြီးရယ်"

အိမ်ဖော်လုပ်နေတဲ့ မုံက အင်္ဂလိပ်စာ အများကြီး တတ်တယ်ဆိုတော့ မုံစိတ်ညစ်သွားသည်။

"အို… ဘာဒုက္ခဖြစ်စရာရှိလဲ ကလေးရဲ့၊ ကလေးက ဘိုကျောင်းမှာ နေခဲ့တာပဲ၊ ဘိုစာတွေ အများကြီးတတ်တော့ သူသိတော့ ကလေးကို အလုပ်ကောင်းကောင်း ပေးနိုင်တာပေါ့ကွဲ့၊ မဟုတ်ဘူးလား"

ဒေါ်ကြီးက သူ့အတွေးနှင့်သူ ပြောခြင်းဖြစ်သည်။

မုံကတော့ ဒေါ်ကြီးစကားကို နားထောင်ပြီး သူမ အပြစ်တွေပေါ်သွားတော့မှာလားတွေးပြီး ရင်ထိတ်နေ၏။

"ပြီးတော့ ဘာမေးသေးလဲဟင်"

"ကလေး ဘယ်ကျောင်းမှာနေလဲ မေးတာပေါ့"

"ဒေါ်ကြီး ဘာပြောလိုက်လဲ"

"ဘိုကျောင်းမှာ နေတယ်ပဲ ပြောလိုက်တယ်။ တခြားတော့ မပြောလိုက်ပါဘူး။ ဒီလောက်တော့ ဒေါ်ကြီး သိပါတယ်။ မုံလေးကို ဒါထက်ကောင်းတဲ့အလုပ် ရစေချင်လို့ပါကွယ်"

"တော်ပါပြီ ဒေါ်ကြီးရယ်၊ ဒါ မုံ့အိမ်ပဲ မုံတို့အိမ်ပါ။ မုံ့အိမ်မှာ မုံအလုပ်လုပ်နေတာပါ ဒေါ်ကြီးရယ်။ ဒီအလုပ်ကို မုံသဘောကျတယ်"

ဒေါ်ကြီးက မုံ့လက်ကလေးနှစ်ဖက်ကို သူ့လက်ကြမ်းကြီးတွေနှင့် ဆုပ်ကိုင်ပြီး မျက်ရည်ကျသည်။

ဒေါ်ကြီးကို မုံကိုယ်တိုင် ပစ္စည်းတွေ ကူသိမ်းရင်း တတ်နိုင်သမျှ



ဘာစကားမှ မပြောမိအောင် ကြိုးစားနေသည်။ ဒီနေ့တော့ သူမ အိပ်ခန်းလေးထဲက မုံ မထွက်တော့။ သူမတစ်ယောက်တည်း အတွေးတွေနှင့် ငြိမ်နေ၏။ မနက်လင်းကတည်းက ဒေါ်ကြီးကို သူ ကူလုပ်ပေးသည်။ ဆေးကြောစရာ ရှိသည်များကို တိုက်ချွတ်ဆေးကြောပေးသည်။ နေကောင်းကင် အလုပ်သွားချိန်မှာ တစ်ခန်းဝင် တစ်ခန်းထွက် ရှင်းလင်းပေးသည်။ နေကောင်းကင်၏ အိပ်ခန်းထဲက ခုတင်ကို သိမ်းဆည်းပေးရသည့်အခါတိုင်း မာမီ့အိပ်ရာကို ပြုပြင်ပေးသည်ဟု စိတ်ထဲစွဲနေ၏။

သူနေသည့်အခန်းက မုံ့မိဘနှစ်ပါး နေသွားသည့် အိပ်ခန်းကျယ်ကြီးဖြစ်သလို မုံ့မိဘနှစ်ပါးသုံး သည့်ခုတင်ကြီးကို ဆက်လက်အသုံးပြု၍ မာမီ့အခန်းကို သွားရတိုင်း ထိုစိတ်လေး ဖြစ်မိသော်လည်း မုံ့ရင်ထဲက အလွမ်းနှင့် တမ်းတစိတ်တွေကို နေကောင်းကင် အသုံးပြုသည့် စီးကရက်နှင့် ယမကာနံ့များကြောင့် လက်ရှိအခန်းမှာ မာမီ့အခန်း မဟုတ်မှန်း သတိပေးပြီး ဖြစ်နေ၏။ ဒီအခန်းမှာ မာမီနေတုန်းက နှင်းဆီပန်းတွေ၊ သစ္စာပန်းတွေ အမြဲဝေနေသလို ပန်းရနံ့တို့ သင်းပျံ့ နေသည့်နေရာ။

လွမ်းခြေတိတ်သည့်အချိန်…

သူမကိုယ် ဘယ်သူမှ သတိမထားမိချိန် မုံတစ်ယောက်တည်း လွတ်လပ်စွာ ခြံထဲဆင်းသည်။ အိမ်ရှေ့ဘက် ဥယျာဉ်ကြီးကို သွားခြင်း မဟုတ်။ သူမကို ဘယ်သူမှ အလွယ်တကူ မမြင်တွေ့နိုင်သည့် ခြံနောက်ဘက်က သူမအချစ်တော် မိုးမခပင်ကြီးအောက်သွားပြီး သစ်ပင်ကြီးကို မှီထိုင်ရင်း တွေးမိတွေးရာ တွေးနေခြင်းဖြစ်သည်။ သူမလက်ထဲမှာ လိမ္မော်သီးတစ်လုံးနှင့် နှင်းဆီပန်းတစ်ပွင့် ပါလာ၏။

ပန်းကို ချစ်မြတ်နိုးစွာ ရှိုက်နမ်းပြီး သူမခေါင်းမှာ မြတ်နိုးစွာ

www.burmeseclassic.com



ပန်ဆင်သည်။ ဒီအချိန်က လူသားအားလုံး အနားယူ အိပ်စက်နေသည့် **အချိန်ဖြစ်၍** မုံ့ကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်သော မုံ့၏ **ကိုယ်ပိုင်အချိန်** ဖြစ်သည်။

လရောင်ဖြင့် ရွှန်းလက်နေသည့် မိုးကောင်းကင်ကြီးအောက်မှာ မုံရောက်နေသည်။ မြက်ခင်းစိမ်းစိမ်းများပေါ် သူမကိုယ်လေးကို လှဲလျောင်းရင်း မိုးကောင်းကင်ကြီးကို မော့ကြည့်သည်။ လမင်းကြီးကို ကြည့်ပြီး ဒီလိုသက်သောင့်သက်သာ နေရတာကို မုံ နှစ်သက်သည်။ သဘောကျသည်။ မုံ့လက်ထဲက လိမ္မော်သီးကို ဂရုတစိုက် အခွံနွှာရင်း မြက်ခင်းစိမ်းပေါ် ငြိမ်သက်စွာ လှဲလျောင်းနေသော မုံ့ကို မြင်တွေ့သွားသူက နေကောင်းကင် ဖြစ်သည်။

အစက ဘယ်သူမှန်း မသိသေး။

နောက်မှ မုံမှန်းသိကာ မြက်ခင်းစိမ်းပေါ်က လမင်းကြီးကို မော့ကြည့်နေသော မုံ့ကို မျက်တောင်မခတ် စူးစိုက်ကြည့်နေမိ၏။ မုံ့ကို သူလွမ်းခဲ့သည် ညတစ်ညမှာ အမှတ်မထင် ဆုံတွေ့ခွင့် ရခဲ့ပြီး နောက်မှာ နောက်ထပ် မုံ့မျက်နှာလေးကို လုံးဝ မမြင် မတွေ့ရတော့။ မုံကပဲ သူ့ကို တမင်မတွေ့အောင် ရှောင်ပုန်းနေသည်လား။ သူကိုယ်တိုင်ကပဲ အလုပ်တွေ မအားလပ်အောင် များလွန်းလို့ မုံရှိနေတာကို သတိမထားမိခြင်းလား မသိ။

မုံကတော့ ပန်ဆောင်ခစံအိမ်ကြီးမှာ သူမ ရှိနေပါသည်ဆိုတာ ကျမ်းကျိန်ပြောရမလောက် ပျောက်ချက်သား ကောင်းနေသည်က အမှန် ဖြစ်သည်။

အခု သူ မုံ့ကို တွေ့ပြီ။

အလုပ်တွေ သိမ်းကျုံးလုပ်ရင်း ခေါင်းထဲ ညည်းစီစီ ဖြစ်လာ၍ ခြံထဲဆင်း လမ်းလျှောက်ရင်း မုံ့ကိုတွေ့ခြင်းဖြစ်သည်။ မုံရှိရာ ဆက်



လျှောက်သွားရမည်လား။ သူမဘာသာ ဘာလုပ်လုပ် စိတ်မဝင်စားဘဲ ကျောခိုင်းလှည့်ပြန်ရမည်လားဆိုတာ သူ့ကိုယ်သူ မဆုံးဖြတ်နိုင်သေး။ မုံ့အဒေါ်ဆိုသည့် ဒေါ်ကျဲနှင့် စကားပြောရင်း နေကောင်းကင် တစ်နေ့ တခြား မုံ့ကို စိတ်ဝင်စားနေမိသည်က အမှန်ဖြစ်သည်။

ပန်ဆောင်ခစံအိမ်ကြီးကို ထိန်းသိမ်းရသည့် အိမ်ဖော်ဒေါ်ကျဲ၏ တူမဆိုသည့် မုံက ဒေါ်ကျဲနှင့်လည်း မတူ။ အိမ်ဖော်တစ်ယောက်၏ အသွင်သဏ္ဌာန်မျိုးလည်း မရှိ။ ဘိုကျောင်းမှာနေပြီး ဘိုအတွေးများကာ မုံ့ကို ပိုစိတ်ဝင်စားလာ၏။ မုံ့ကိုကြည့်ရတာ လျှို့ဝှက်မှုတစ်ခု ရှိနေသလို သူ့စိတ်ထဲ မယုံသင်္ကာဖြစ်ပြီး စောင့်ကြည့်အကဲခတ်လိုသော လည်း သူ့မှာ အချိန်မရ။

သူ့ကိုယ်သူ ဘာလုပ်လို့ လုပ်လိုက်မိမှန်း မသိခင် မုံ့နားကို ခြေသံမကြားအောင် လျှောက်သွားပြီး မုံနားမှာ ဖြည်းဖြည်းကလေး ထိုင်ချလိုက်၏။ ပြီးတော့ မုံ့ကို ငုံ့ကြည့်သည်။ ကောင်းကင်ပြာပြာကို နောက်ခံထားပြီး နေကောင်းကင်မျက်နှာကို အနီးကပ် ဘွားခနဲ တွေ့လိုက်ရ၍ မုံလန့်သွားကာ နေရာက ဝုန်းခနဲ ထထိုင်လိုက်ကာ နေကောင်းကင် မျက်နှာကို မျက်လုံးဝိုင်းကြီးတွေနဲ့ ထိတ်လန့်သလို ကြည့်သည်။

"အသံမပေး ဘာမပေးနဲ့ လန့်သွားတာပဲ"

မုံက သူ့ကို မည်သည့်နာမ်စားမှ မသုံးဘဲ သူမဘာသာ ပြောသလို ပြောခြင်းဖြစ်သည်။ လရောင်အောက်မှာ အဖြူရောင် ညဝတ်အင်္ကျီနှင့် ကလေးမက ပန်ဆောင်ခစံအိမ်ကြီးက အိမ်ဖော်နှင့်မတူ။ ချစ်စရာကောင်းသော အလွန်လှပသော နတ်သမီးနှင့်သာ တူနေ၍ သူ့အတွေးသူ သဘောကျစွာ နေကောင်းကင် ပြုံးလိုက်၏။

"မင်းကို ကြည့်လိုက်ရင် ကိုယ့်စိတ်ထဲ တစ်ခုမဟုတ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



အမြဲတူးဆန်းနေသလိုပဲ"

နေကောင်းကင် စကားကြောင့် မို့မျက်နှာ ပျက်သွားတာကို သူ မမြင်အောင် တစ်ဖက်သို့ လှည့်လိုက်သည်။

"မို့မှာ ထူးဆန်းစရာ ဘာမှမရှိပါဘူး။ မို့ အခု ဝတ်ထားတဲ့ ညဝတ်အင်္ကျီက သူမျှားပေးထားတဲ့ အင်္ကျီပါ"

"ဟုတ်လား"

နေကောင်းကင်က မမေးဘဲ သူမဘာသာ လိပ်ပြာမလုံဖြစ်ပြီး သူမ ညဝတ်အင်္ကျီအကြောင်း ပြောမိ၍ ပြုံးနေသည့် နေကောင်းကင် မျက်နှာကိုကြည့်ကာ မို့ စိတ်ညစ်သွားသည်။ တကယ်ဆို မို့ ဘာမှ မပြောဘဲ နေလိုက်ရမှာဟုတွေးပြီး ဒီနေရာက မို့ထွက်သွားမှ ဖြစ်တော့မည်ဟုစဉ်းစားကာ နေကောင်းကင်ကို နှုတ်ဆက်လိုက်၏။

"ဟို... မို့ သွားတော့မှ ထင်တယ်"

"ဘာဖြစ်လို့လဲ၊ ကိုယ်နဲ့ စကား မပြောချင်လို့လား"

သူ့ကိုယ်သူ ကျုပ်ဟု မပြောသလို မို့ကို လေသံမာမာနှင့် မပြောတော့တာလည်း သတိထားမိသည်။

"မဟုတ်ပါဘူး။ မို့ကြောင့် ဦးနေကောင်းကင် စိတ်အနှောင့် အယှက် ဖြစ်မှာစိုးလို့ပါ"

"စိတ်အနှောင့်အယှက် မဖြစ်ဖူးဆိုရင်ရော"

မို့ ဘာမှမပြော။

သူမလက်ထဲက လိမ္မော်သီးအမွှာလေးတွေကို အခွံဆက်ခွာနေ၏။

"ဟိုတစ်ညက ကိုယ်မင်းကို ပြောလိုက်မိတဲ့ စကားတွေအတွက် ဆောရီးနော်... ကိုယ်လွန်သွားတာ တောင်းပန်တယ်"

"မို့မှာလည်း အပြစ်ရှိပါတယ်"



"ဒါဆို ကျေပြီပေါ့ ဟုတ်လား"

မို့ ခေါင်းညိတ်လိုက်ပုံက ကလေးလေးနှင့် တူသည်။ နေကောင်းကင်လက်ထဲကို သူမလက်ထဲက လိမ္မော်သီးတစ်စိတ် လှမ်းပေးသည်။ ဝထမဆုံးအကြိမ် မို့ထံမှ ခင်မင်ရင်းနှီးမှုဖြစ်၍ နေကောင်းကင် သူမ ပေးသည့် လိမ္မော်သီးစိတ်လေးကို လှမ်းယူလိုက်၏။

"ဒီမိုးမခပင်ကြီးကို မင်းသိပ်သဘောကျလား မို့"

"ဟုတ်ကဲ့ မို့ သံယောဇဉ် အကြီးဆုံး သစ်ပင်ကြီးပါ"

မို့အကြည့်တွေက ဟိုးအဝေးကြီးကို ရောက်သွားသည်။ နေကောင်းကင်က မို့ရင်ထဲက ခံစားချက်ကို မသိ။ ဤကလေးမလေး၏ လှပသော မျက်နှာကို ကြည့်မဝနိုင် ဖြစ်နေ၏။ ဘာကြောင့်မှန်း မသိ။ မို့နှင့်အတူ လရောင်အောက်မှာ အတူရှိနေရတာကို စိတ်ထဲမှာ ငြိမ်းချမ်း အေးမြနေသည်။

"ကျွန်မငယ်ငယ်က နေခဲ့ရတဲ့ အိမ်ကြီးတစ်အိမ်မှာ ဒီလို မိုးမခပင်ကြီးတစ်ပင် ရှိတယ်။ အဲဒီအပင်ကြီးက ကျွန်မအိပ်ခန်းက လှမ်းမြင်နေရတော့ တစ်ခါတလေ အဲဒီသစ်ပင်ကြီးနဲ့ ကျွန်မ စကားပြောနေရတာ သိပ်ပျော်စရာ ကောင်းတာပဲ"

"အခုရော... ဒီအပင်ကြီးနဲ့ စကားပြောနေတာပဲလား"

"တစ်ခါတလေပါ"

"ကိုယ့်ရုံးခန်းထဲမှာ ဆုံတဲ့ညက မင်း ဒီအပင်ကြီးကို စကား လှမ်းပြောမလို့ ထင်တယ်"

မို့မျက်နှာမှာ ကြေကွဲဝမ်းနည်းမှုတွေ ထင်လာသည်။

"တကယ်တော့ အဲဒီညက ကျွန်မအခန်းကို... အဲလေ အဲဒီ အခန်းက ပြတင်းပေါက်တွေက ကျွန်မအခန်းက ပြတင်းပေါက်တွေနဲ့ တူလို့ ကြည့်ချင်စိတ် ပေါက်လာလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မင်းတို့အိမ်က ဘယ်မှာလဲ"

"ဒီမှာပဲ"

"ဩော်... မင်းအိမ်မင်း ပြန်မရောက်ဘူး ထင်တယ် ဟုတ်လား"

"ကျွန်မအိမ်က သူများလက်ထဲ ရောက်သွားပြီ"

သူ မုံ့မျက်နှာလေးကို ကြင်နာစွာ ကြည့်လိုက်၏။ ပြီးတော့ သူ အလွန်သိချင်သော မေးခွန်းတစ်ခုကို မေးလိုက်၏။

"မင်းမိဘတွေကရော မုံ၊ ဘယ်မှာနေကြလဲ"

ခဏတော့ မုံ့ဘက်က ငြိမ်သွားသည်။

"မုံ့မိဘတွေ မရှိတော့ပါဘူး။ မုံ့မှာ ဒေါ်ကြီးတစ်ယောက်ပဲ ကျန်တာပါ"

"ကြားရတာ စိတ်မကောင်းပါဘူးကွာ၊ လိုအပ်တဲ့ အကူအညီ ရှိရင် ကိုယ့်ကိုပြောပါ"

"မုံ့ကို သွားခွင့်ပြုပါ"

"ကောင်းပြီ... ဂွတ်နိုက်"

ထိုတစ်ညမှာ ဒုတိယအကြိမ် နေကောင်းကင်နှင့် မုံဆုံတွေ့ပြီး နောက်မှာ နှစ်ယောက်တည်း လွတ်လပ်စွာ ထပ်မဆုံဖြစ်ကြတော့ပါ။ မုံ့များ မိုးမခပင်ကြီးအောက်မှာ ရှိနေမလားလို့ စိတ်က မကြာခဏ သတိရနေပေမယ့် သူ့စိတ်ကိုသူ မုံနှင့်ပတ်သက်သမျှ မေ့နိုင်အောင် ကြိုးစား၏။ မိုးမခပင်ကြီးကို မကြည့်မိအောင် နေသည်။ သူတို့ နှစ်ယောက် ထပ်မဆုံဖြစ်အောင် သတိနှင့်နေသည်။

သူ့အသက်အရွယ်က ရှုးရှူးမိုက်မိုက် အရွယ်မဟုတ်။ သူ့ဂုဏ် သိက္ခာ၊ သူ့အဆင့်အတန်းနှင့် လိုက်ဖက်သော ဇနီးလောင်းမိန်းမချောကို လက်ထပ်ရမည့်သူလို လူတစ်ယောက်က ဘာမှမဟုတ်သည့် အိမ်ဖော်



မိန်းကလေးတစ်ယောက်အကြောင်း အချိန်ကုန်ခံကာ တွေးနေစရာမရှိ။

အလုပ်ထဲမှာ သူ့ကိုယ်သူ အာရုံနှစ်ထားသည်။ မုံ့အကြောင်း မတွေးမိအောင် မစဉ်းစားမိအောင် နေသည့်ကြားက မုံ့ကို တမ်းတမ်း တတ တွေ့ချင်မြင်ချင်စိတ်က သူ့ကိုယ်သူ ကြိုးစားထိန်းနေသည့်ကြား က တစ်ချက်တစ်ချက် လွတ်ထွက်ချင်နေ၍ သူ့ကိုယ်သူ ဒေါသဖြစ် နေသည်။ စိတ်ဆိုးလာသည်။ မုံက သူမ ထုံးစံအတိုင်း ယန်ဆောင်ခ စံအိမ်ကြီးထဲမှာ ရှာလို့မရအောင် ပျောက်နေပြန်သည်။

နေ့ အသိုင်းအဝိုင်း သူ့မိသားစုက ကိုယ်နှင့် အဆင့်အတန်း တူတွေကိုသာ စိတ်ဝင်စားသည်။ ကိုယ့်ထက်နိမ့်ကျသည့်သူဆို မည်သူ ကိုမှ အထင်မကြီး စိတ်တောင် မဝင်စား။ အထူးသဖြင့် နေ့မာမီ အကြောင်း နေကောင်းကင် သိသည်။ မာမီက အကောင်းဆုံး ဆိုတာ တွေကိုသာ တန်ဖိုးထားသည်။ ရယူပိုင်ဆိုင်ချင်သည်။ သင်ဇာမှာ မာမီလိုချင်သည့် အရည်အချင်းအားလုံး ရှိ၏။ မာမီကိုယ်တိုင် နေကောင်းကင်အတွက် စိတ်တိုင်းကျ ရွေးချယ်ခဲ့သည့် ချွေးမလောင်း ဖြစ်သည်။

နေကောင်းကင်ကိုယ်တိုင်လည်း သူနှင့် အသင့်တော်ဆုံး အလိုက် ဖက်ဆုံး ဇနီးမယားမှာ သင်ဇာဖြစ်သည်ဟု သတ်မှတ်ခဲ့သဖြင့် မာမီ မျှော်သလို သင်ဇာနှင့်လက်ထပ်ရမှာကိုလည်း မျှော်ခဲ့သည်။ သင်ဇာက လိုက်လျောလွန်းသည်။ သဘောကောင်းလွန်းသည် သူ့ဆန္ဒမှန်သမျှ ဘာတစ်ခုမှ မငြင်း၊ အားလုံး နေကောင်းကင်စကားဖြစ်၍ သူကိုယ်တိုင် မာမီရွေးပေးသည့် သင်ဇာကို ပိုင်ဆိုင်ခွင့်ရသည်မှာက ကောင်းသည်ဟု ထင်ခဲ့သည်။

မုံ့နှင့်တွေ့ပြီးနောက်မှာ နေကောင်းကင်ကိုယ်တိုင် လိုက်မမီနိုင် သော နားမလည်နိုင်သော ခံစားချက်သစ်တွေ တစ်ခုပြီးတစ်ခု ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တာကို သူကိုယ်တိုင် မတားဆီးနိုင်ဖြစ်လာ၏။ သူ့ကိုယ်သူ အခုထက် ပိုဆိုးမလာခင် သင်ဇာကို လက်ထပ်မှဖြစ်မည်ဟု စဉ်းစားဆုံးဖြတ် နေချိန်မှာပင် နေကောင်းကင်နှလုံးသားက မုံ့ကိုသာ တမ်းတနေသည်။ သူ့လိုလူတစ်ယောက်မတွက် ဘယ်လိုမှ မဖြစ်သင့်မှန်းသိလျက်နှင့် တွေးကာ စိတ်မကြည်မသာနှင့် အိမ်ကို ပြန်ခဲ့သည်။ ပြင်ပေးသည့် ညစာကို တိတ်ဆိတ်စွာ စားသည်။ ဘယ်သူနှင့်မှ စကားမပြော။ မိုးမခပင်ကြီးကိုလည်း မကြည့်၊ တစ်ခန်းလုံး မီးအမှောင်ချကာ အိပ်ဆေး သောက်ပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်သည်။

## အခန်း (၆)

နေကောင်းကင် ခရီးထွက်သွား၍ မုံ့အတွက် လသာသော ညနှင့် မြက်ခင်းပြင် အပိုင်ဖြစ်သွားသလို ဒေါ်ကြီး နေပြန်ကောင်း လာပြီဖြစ်၍ မုံ လုပ်ရမည့် အလုပ်တွေလည်း လျော့သွားသည်။ မုံ့ ဘဝ အနာဂတ်ခရီးအတွက် မုံ လုပ်စရာအလုပ်တွေ အများကြီးရှိသော် လည်း ထိုအကြောင်းကို မုံ မတွေးချင်သေး။ ပန်ဆောင်ခ စံအိမ်ကြီးမှာ စိတ်ရှိသလောက် နေချင်သေးသည်။ ဒီနေရာက ထွက်သွားပြီးလျှင် နောက်ထပ် မည်မျှကြာမှ ဒီနေရာကို ပြန်ရောက်နိုင်မည် မသိ။ ပြန် ရောက်လာနိုင်သည်ပဲထားဦး ဒေါ်ကြီးကျဲက ပန်ဆောင်ခ စံအိမ်ကြီးမှာ ရှိချင်မှ ရှိနိုင်တော့မည်။

မုံချစ်သော ပန်ဆောင်ခအိမ်ကြီးမှာလည်း မုံသဘောရှိ နေခွင့် ရတော့မည် မဟုတ်။ အဝေးမှလှမ်းမျှော်ကြည့်ငေးတာ လောက်သာ ရှိတော့မည်။ အခွင့်အရေးရတုန်းမှာ မုံ တမ်းတလွမ်းဆွတ်ခဲ့ရသော ငယ်ဘဝ ပုံရိပ်များရှိရာ စံအိမ်က မခွာနိုင်။ မုံ ကျေနပ်အောင်ရသည့်အထိ

www.burmeseclassic.com

www.burmeseclassic.com



ဤစံအိမ်ကြီးမှာ အားပါးတရနေပြီးမှ မုံရွေ့ဆက်ရမည့် အနာဂတ်ကို သူမဘာသာဖန်တီးရန် စဉ်းစားထားသည်။ နေကောင်းကင်ကို အံထုပ် အပိုးတွေနှင့်သာ တွေ့လိုက်ရသည်။ ဘယ်ကို ခရီးသွားမှန်း မသိ။ မုံ့လည်း မသိချင်၍ ဒေါ်ကြီးကိုလည်း မမေး။ တစ်ပတ်ဆယ်ရက် ကြာမည်ဆိုတာနှင့် မုံ့စိတ်မှ ပေါ့ပါးလွတ်လပ်သွားသည်။

မုံ ခြံထဲဆင်းခဲ့သည်။ တိတ်ဆိတ်သောညက ဆွတ်ပျံ့လွမ်းမော ဖွယ်ရာ အကြောင်းတွေကို မုံ့ကို တီးတိုးပြောနေသည့်နှင့် တူသည်။ မြက်ခင်းတွေကို နင်းဖြတ်နေသော မုံ့ခြေအစုံက မိုးမခပင်ကြီးဆီသို့ ရှုးစိုက်ကြည့်ရင်း နေရာမရွေ့ ရပ်နေမိပြီ သူမကိုယ်သူမ မယုံနိုင်။ အကြည့်မှားသည်က မဟုတ်။ မိုးမခပင်ကြီးအောက်မှာ အရင် ကြိ ရောက်နေသော နေကောင်းကင်ကိုယ်တိုင် ဖြစ်သည်။

"မုံ"

သူ မုံ့ကို မြင်သွားသည်။

အခုချိန်ကြမှ ရုတ်ပျက်ဆင်းပျက် မုံထွက်သွား၍ မဖြစ်တော့။ ဣန္ဒြေရစွာ နေ့ကို ရင်ဆိုင်လိုက်ပြီး နေကောင်းကင် လရောင် အောက်မှာ အလှကြီးလှနေသည့် မုံ့ကို ရုတ်တရက် မြင်လိုက်ရတော့ နှလုံးခုန် ရပ်မိသလို ဖြစ်သွားသည်။ လမင်းကိုကြည့်ပြီး သူစိတ်တွေ တိုက်ဆိုင်စွာ သူ့နားကို မုံ့ရောက်လာပုံက မယုံနိုင်စရာ သူ့ကို မြင် သည်နှင့် နေရာက လှည့်ထွက်သွားဟန်ပြင်နေသည့် မုံ့ကို သူလှမ်း တားထားလိုက်၍ နေရာမှာ မုံ ရပ်နေ၏။

သူ့ကို ဘာမှမပြော။ နေကောင်းကင် မုံရပ်နေသည့်နေရာသို့ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားပြီး မုံနှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်လိုက်သည်။ သတ္တိရှိသော မုံက ခြေတစ်လှမ်းဆ နောက်ဆုတ်လိုက်တော့ သူစိတ်ထဲ မုံ့အပြုအမူကို ဘယ်လိုမှ သည်းမခံ



နိုင်အောင် ပေါက်ကွဲချင်နေပြီး စိတ်ကိုထိန်းပြီး မုံ့မျက်နှာလေးကို သူ ချစ်ချစ်နှင့် စိုက်ကြည့်သည်။ နေ အမြဲမြင်ချင်သောမျက်နှာ သူ အမြဲ တမ်းတနေခဲ့ပါသော အလှတရားတို့၏ အရှင်သခင်။

မုံ့ကို စိုက်ကြည့်ရင်း နေကောင်းကင် ရင်တစ်ခုလုံး တင်းတင်း ကျပ်ကျပ်ကြီးဖြစ်လာသည်။ ကိုယ့်ကိုကိုယ် တားဆီး၍မရတော့ မုံ့ကို သူချစ်နေပြီ။ ရိုးရိုးချစ်နေခြင်း မဟုတ်။ လှိုက်လှဲသော နှလုံးသား နက်ရှိုင်းသောချစ်ခြင်းဖြင့် နင့်သည်းစွာ မြတ်မြတ်နိုးနိုး ချစ်နေခြင်း ဖြစ်သည်။

"သစ်ပင်ကြီးနဲ့ စကားပြောမလို့လား မုံ"

"ဟင့်အင်း"

မုံ ခေါင်းခါသည်။ သူရှိနေလျှင် ဒီနေရာကို မုံရောက်လာစရာ အကြောင်းမရှိ။ ဒီနေရာက မုံ အမြန်ဆုံး ပြန်သွားချင်နေသည်။

"မုံ ပြန်တော့မယ်"

"ပြန်မယ်… ဟုတ်လား၊ ကိုယ်ရှိနေလို့ မင်းက ဒီနေရာမှာ မနေချင်တော့တာလား"

သူ့ကိုယ်သူ ထိန်းနေသည့်ကြားက နေကောင်းကင် ပုံစံက အချိန်မရွေး ထပေါက်ကွဲတော့မလို ဖြစ်နေသည်။ မုံက သူ့ကို ထိတ် လန့်နေသည့် မျက်လုံးဝိုင်းကြီးတွေနှင့် ကြည့်သည်။ ဘာမှတော့ မပြော။ မျက်လုံးချင်း ဆုံမိကြသည်နှင့် နေကောင်းကင်တစ်ကိုယ်လုံး ပူနွေးလာသည်။ တုန်တုန်ယင်ယင်ဖြစ်လာသည်။

မုံ့ကို ချစ်နေပြီ။

"မုံ"

သူ့အသံက တိုးတိတ်ညင်သာလွန်းနေ၏။ သူ့စိတ်ကို ခွင့်ပေး လိုက်လျှင်တော့ ဘာတွေဆက်ဖြစ်လာတော့မည်ဆိုတာကို သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ပင် မတွေးရဲ။ မို့အမည်ကိုခေါ်ပြီး မို့ကို ဘာဆက်ပြော ရမှန်းမသိဘဲ ဒီအတိုင်း ဆက်ရပ်နေမိသည်။ မို့မျက်နှာလေးကို ကြည့်သည်။ မို့က သူ့ကို မကြည့်တော့ ခေါင်းငုံ့မျက်လွှာချထား၍ သူ ရင်နာသွားသည်။

"မို့ သွားပါရစေ"

"မင်းက ဘယ်ကိုသွားမှာလဲ"

"အိမ်ထဲမှာ မို့လုပ်စရာ အလုပ်တွေ ကျန်သေးလို့ပါ"

"ဪ..."

မို့လိမ်ညာပြောနေမှန်းသိ၍ နေကောင်းကင် မချိတရိ ပြုံးလိုက်သည်။ သူ့နှုတ်ဖျားက မို့ကို ကိုယ်ချစ်နေပြီဟု ပြောချင်စိတ်ကို ဖွတ်မျိုသိပ်နေသည်။ သူ မို့ကိုချစ်ကြောင်း သူ့နှုတ်က ဖွင့်ပြောမိလျှင် ဘာဆိုဘာမှ ထိန်းချုပ်၍ မရတော့မှာ သူ သိနေသည်။ ထို့ကြောင့် ထိုစကားကို ပြောချင်လျက်နှင့် မပြော။ ပြောခွင့်မရမှ သူ မို့ကို ဘယ်လောက်ချစ်နေမှန်း ပိုသိလာသည်။

"မင်း ကိုယ့်ကို ရှောင်နေတာလား မို့"

နောက်ဆုံး သူပြောမိပြောရာ ပြောလိုက်သည်။

"မို့ ဘယ်သူကိုမှ မရှောင်ပါဘူး၊ ဦးနေကောင်းကင်က မို့ရဲ့ အလုပ်ရှင်ပါ"

"ကိုယ်မေးတာပဲဖြေပါ၊ တခြား အပိုတွေ ထည့်မပြောပါနဲ့"

"အဖြစ်မှန်တွေကို မို့ ပြောနေတာပါ ဦးနေကောင်းကင်၊ အပို စကားတွေ မို့ မပြောတတ်ပါဘူး"

မခံချင်စိတ်လေးက ရုန်းကြွလာ၍ မို့ သူ့ကို ရဲဝံ့စွာ တုံ့ပြန် ရင်ဆိုင်လိုက်တော့ နေကောင်းကင် မျက်လုံးတွေ လက်ခနဲ စူးရှ တောက်ပသွားတာ မြင်လိုက်ရ၏။

"အဖြစ်မှန်ဟုတ်လား"



ထိုစကားကို နေကောင်းကင်နှုတ်ဖျားက နာကြည်းစွာ ရေရွတ် လိုက်သည်။ မို့က အဖြစ်မှန်တွေကို ပြောသည်ဆိုတော့ နေကောင်းကင် ဆိုသည့်သူလို လူတစ်ယောက်က သူ့ရင်ထဲခံစားချက် အစစ်အမှန်ကို မို့ရှေ့မှာ ဖွင့်ဟဝန်ခံလိုက်ရမှာလား။

"မင်းတော်တော် အဖြစ်မှန်တွေကို ပြောချင်နေလား"

"ဦးနေကောင်းကင် အရက်တွေ သောက်လာတယ်ထင်တယ်၊ နောက်မှ မို့ကို အေးအေးဆေးဆေး စကားပြောပါ"

"မို့ သွားတော့မယ်"

ဒီတစ်ခါတော့ မို့က သူ့ဆီက ခွင့်တောင်းခြင်း မဟုတ်။ သူမ ဘာသာ ဆုံးဖြတ်၍ ပြောခြင်းဖြစ်သဖြင့် နေကောင်းကင်ထံမှ တုံ့ပြန် စကားကို မစောင့်ဘဲ နေရာက ချာခနဲ လှည့်ထွက်သွား၍ နေကောင်း ကင်ရင်ထဲ ဆတ်ဆတ်ခါသွားသည်။

"မို့"

"အို... အမေ့"

သူ့ကိုယ့်သူ ဘာလုပ်၍ လုပ်လိုက်မှန်းပင် မသိ။ သူ သတိရ ချိန်မှာ မို့က သူ့ရင်ခွင်ထဲ အနက်ရှိုင်းဆုံးရောက်နေကာ နေကောင်းကင် က မို့ကိုယ်လေးကို အတင်းကြပ်ဆုံးပွေ့ဖက်၍ ချစ်အနမ်းတွေ မခုံးနိုင် အောင် သည်းကြီးမည်းကြီး ရွာချလိုက်ပြီ ဖြစ်သည်။ လုံးဝမျှော်လင့် မထားသည့် အနေအထား။ လုံးဝ မဖြစ်သင့်သည့် အခြေအနေကို သူကိုယ်တိုင် စောင့်ထိန်းခဲ့သော်လည်း မျိုသိပ်ထားသမျှ ရင်ဖွင့် ပေါက်ကွဲမိချိန်မှာတော့ ထိန်းမနိုင်သိမ်းမရ ဖြစ်သည်။

မို့ကိုယ်တိုင် လုံးဝထင်မထားသည့်အဖြစ်မို့ ရုတ်တရက်တော့ ကြောင်နေသည်။ နောက်မှ သတိရပြီး နေကောင်းကင်ရင်ခွင်ထဲက သူမကိုယ်လေးကို ရုန်းသည်။ ဖယ်သည်။ တွန်းထိုး တွန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကင်က မုံ့ကို မလွှတ်။

"ဦးနေကောင်းကင်"

"မုံ့ကိုလွှတ်ပါ"

"လွှတ်ဆို"

ခေါင်းကို ခါယမ်းသည်။ မုံ့မျက်လုံး၊ မျက်နှာ၊ နှုတ်ခမ်းတွေက နေကောင်းကင်ရင်ကို အပြင်းထန်ဆုံး လှုပ်ရှားစေသည်။ တစ်ခါမှ မချစ်ဖူးသည့်အချစ် တစ်ခါမှမဖြစ်ပေါ်ဘူးသည့် နှလုံးသား၏ ပြင်းသော လှိုက်လှဲသောဆန္ဒဖြင့် မုံ့ကို သူ့ရင်ခွင်ထဲဆွဲပွေ့ပြီး မုံ့ ခန္ဓာကိုယ် အထက်ပိုင်း တစ်ခုလုံးကို မွှတ်မွှတ်သိပ်သိပ် နမ်းသည်။ တအားဖက်၍ နမ်းခြင်း ဖြစ်သည်။ ဖြစ်နိုင်လျှင် မုံ့နှုတ်ခမ်းအစုံကို ပြန်၍ပင် မလွှတ်ချင်တော့ တင်းကျပ်သော နှောင်ဖွဲ့မှု။ ပြင်းပြထက်သန်သော အနမ်းများအောက်မှာ မုံ့တစ်ကိုယ့်လုံး နစ်မြုပ်သွားသည်။ ခန္ဓာကိုယ်နှစ်ခုက တစ်ခုတည်းအဖြစ်သို့ ပေါင်းစည်းသွားသည့်အလား။

မုံ့ကိုယ်လေးမှာ နေကောင်းကင်၏ ရင်ခွင်ကျယ်ကြီးထဲတွင် တစ်စတစ်စ အနိုးအငွေ့ထွက်သလို ဖြည်းဖြည်းခြင်း စိမ့်ဝင် ပျောက်ကွယ်လျက်ရှိပြီး–

"မုံ့... မောင့်အချစ် မုံ့လေးရယ်"

တား၍ မရနိုင်သော အချစ်လှိုင်းများအောက်မှာ မုံ့ ဘာမှ မပြောနိုင်။ ပြောခွင့်လည်း မရ။ ဘာမှ ဆက်မပြောနိုင်ဘဲ အနမ်းရှည်ကြီးကို ဆက်လျှောက်ကြသည်။ မုံ့ အသက်ရှူမဝတော့၊ မနေတတ်တော့၊ သူ့နှုတ်ခမ်းတွေထဲမှာ ဖွတ်အတင်းရုန်းထွက်လိုက်ပြီး ခေါင်းအေးကာ လေကို တစ်ဝကြီးရှူသွင်းလိုက်ရသည်။ ပြီးမှ မျက်ရည် ပြည့်လျှံနေသည့် မျက်လုံးကြီးများဖြင့် နေကောင်းကင်ကို လှမ်းကြည့်လိုက်သည်။ လရောင်က ရွှန်းမြစွာ ဝေဖြာနေဆဲ။



"ဒီအထိ မဖြစ်သင့်ပါဘူး ဦးနေကောင်းကင်ရယ်"

"ဘာဖြစ်လို့ မဖြစ်သင့်ရမှာလဲ"

မုံ့ ဘာကိုဆိုလိုမှန်း သူ သိပါသည်။ နားလည်ပါသည်။ ရင်ထဲက လှုပ်ရှားမှု ဒီရေက လှိုင်းထန်နေဆဲ။ ဘာဆိုဘာမှ မတားဆီးနိုင်တော့တာကို သူသိသည်။

"မုံ့"

မင်းကို ကိုယ့်ချစ်တယ်ဟုပြောမည့်ဆဲဆဲတွင် တုံ့သွားပြီး သူ့အဖြစ်က အငိုလွယ်သလောက် အရှိက်ခက်မည့်ဇာတ်လမ်း ဖြစ်သည်။ ဒီလိုဖြစ်မှာသိ၍ မုံ့ကို သူရှောင်သည်။ မုံ့နှင့်ဝေးနိုင်သမျှ ဝေးအောင် ကြိုးစားသည်။ အခုတော့ သူ မုံ့နှင့်ဝေးပြီး မနေချင်တော့။ နေလည်း မနေနိုင်တော့မည့် မထင်။ မုံ့နှင့် သူ့ကြားမှာ မမြင်နိုင်သည့် အင်အားတစ်ခုက မုံ့နားက သူကို ခွာမသွားအောင် တွန်းအားပေးနေ၏။

"မဖြစ်နိုင်ပါဘူး ဦးနေကောင်းကင်ရယ်"

"တခြား တစ်ခုခုခေါ်စမ်းပါကွာ၊ ဦးနေကောင်းကင် ဆိုတာကြီးကို မခေါ်စမ်းပါနဲ့"

စိတ်ညစ်သည့်ကြားက မုံ့ ပြုံးချင်စိတ်ဖြစ်လာသည်။ သူ့ကို မုံ့က ဦးနေကောင်းကင်လို့ခေါ်တာ သူက မကြိုက်၊ စိတ်ဆိုးနေ၍ မုံ့ သက်ပြင်း ကျိတ်ချလိုက်သည်။

"ဒါဖြင့် အစ်ကို့ကို မုံ့က ဘယ်လိုခေါ်ရမှာလဲ"

"ဦးလေးလို့ မခေါ်ရင်ပြီးတာပဲ"

ပြောပြီး မုံ့မျက်နှာကို မျက်တောင်မခပ် အကြာကြီး ငေးကြည့်သည်။ လှပသွယ်ပျောင်းသည့် မုံ့လက်လေးတွေကို ဆွဲယူပြီး နမ်းသည်။

"မုံ့တို့ဘဝက တခြားစီပါ အစ်ကိုရယ်၊ ပြီးတော့ ဒီလိုကိစ္စမျိုးက ဖြစ်လည်း မဖြစ်သင့်ပါဘူး၊ အစ်ကို့ဘဝကို မုံ့နားလည်သလို

www.burmeseclassic.com

www.burmeseclassic.com



မုံ့ဘဝကိုလည်း မုံ သိပါတယ်”

မုံ ဘာကိုဆိုလိုမှန်း နေကောင်းကင် သိနေသည်။ ထိုအသိနောက်ကို နှလုံးသား၏ အလိုဆန္ဒက မလိုက်နိုင်။ မုံပြောနေတာကို နေကောင်းကင် ဘာမှမကြား။ ဘာမှမမြင် ငွေလရောင်တွင် လှချင်တိုင်း လှနေသော မုံ့မျက်နှာလေးကိုသာ တရှိုက်ရှိုက်မက်မက် ငေးစိုက်ကြည့်နေသည်။ မုံ တားနေသည့်ကြားက မုံ့ကိုယ်လေးကို ဒုတိယအကြိမ် ခပ်တင်းတင်းဖက်ကာ မုံ့နှုတ်ခမ်းကို နမ်းမဝသလို ဖြည်းဖြည်းခြင်း ငုံ့နမ်းလိုက်ပြန်သည်။

ဘယ်လိုအခြေအနေက ဒီအထိ ဖြစ်အောင် ခွင့်ပြုလိုက်သည် မသိ။ မုံကိုယ်တိုင်လည်း နားမလည်။ ဘာဖြစ်လို့ သူ့အနမ်းမှာ မုံကိုယ်တိုင် မျောပါသွားရသည်ကို မုံ မသိ။ မဖြစ်နိုင်တာကို မုံ သိသလို သူကိုယ်တိုင်လည်းသိလျက်နှင့် မုံ့ပြောစကားကို ဘာတစ်ခုမှ နားမဝင်။ သူ့ကြောင့် မုံ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ အချိန်တန်တော့ သူ့ လက်ထပ်ရမည့် မိန်းကလေးရှိရာ ထွက်သွားမည်ကို မုံ တားဍ်လည်း ရမည်မဟုတ်။ အဆင့်အတန်းနိမ့်ကျသော အိမ်ဖော်မ လှလှလေးဘဝနဲ့ သူထားရာနေ စေရာသွားရမည့် အဆင့်အတန်းထဲမှာ သူ မပါ။

“ဘာဖြစ်လို့ ငိုနေရတာလဲ မုံရယ်”

“မုံ့ဘဝအကြောင်း တွေးမိလို့ပါ”

“မုံ့ဘဝအကြောင်း ဟုတ်လား”

မုံ ခေါင်းညိတ်လိုက်သည်။

“မုံ သွားပါရစေတော့ အစ်ကိုရယ်၊ ကြာရင် မုံ့ ရင်တွေ ပေါက်ကွဲထွက်ကုန်လိမ့်မယ်”

“မုံ”



“မုံလေးရယ်”

အချစ်ကို မကြေညာဘဲ အနမ်းသံသရာထဲ ရှည်ကြာလှိုက်မောစွာ လည်ပတ်နေရာက မုံ့ကိုယ်လေးကို ဖွတ်ရုန်းထွက်လိုက်ပြီး ထိုနေရာက တအားပြေးထွက်ခဲ့သည်။ ပထမတော့ နေကောင်းကင် မုံ့နောက်ကို ပြေးလိုက်သွားရန် ကြိုးစားသေးသည်၊ သို့သော် မလိုက်တော့။

မိုးမခသစ်ပင်ကြီးအောက်မှာ တစ်ယောက်တည်း ရပ်ကျန်ရစ်ပြီး သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။ မိုးမခရိပ်မှာ လရောင်က ရှန်းမြစွာသာနေဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ထုံးစံအတိုင်း မုံက သူ့မြင်ကွင်းကနေ ပျောက်ကွယ်သွားသည်။ မုံ့ကို တွေ့ရပြန်တော့လည်း မုံက သူ့ကိုမကြည့်။ သူမ လုပ်စရာရှိတာ လုပ်ပြီး ထွက်သွား၏။ လူအများရှေ့မှာ နေကောင်းကင် စကားပြောခွင့် မရ။ ကိုယ်ချစ်မြတ်နိုးသူကို ကိုယ့်မျက်စိရှေ့အောက်မှာ အနီးကပ် တွေ့နေ မြင်နေပါလျက် သူစိမ်းပြင်ပြင် နေနေရသည့်အဖြစ်က သူ့ နှလုံးသားကို အခံရခက်အောင် နာကျင်ပင်ပန်းစေသည်။

မိုးမခပင်အောက်တွင် ဆုံသည့်ညက နောက်ပိုင်းတွင် သူတို့ နှစ်ယောက် တစ်ဦးကိုတစ်ဦး စကားမပြောကြတော့သလို ဆုံလည်း မဆုံကြတော့ပါ။ မုံ သူ့ကို သိသိသာသာ ရှောင်သလို နေကောင်းကင် ကလည်း မဖြစ်နိုင်သည့်ကိစ္စကို ရှေ့ဆက်မတိုးမိစေရန် သူ့ကိုယ်သူ ထိန်းထားသည်။ ပန်ဆောင်ခက မုံ ထွက်သွားမည်ဆိုတော့ သူ မထိန်း နိုင်တော့။ မုံနှင့် နှစ်ယောက်ချင်း တွေ့ခွင့်ရအောင် သူ ကြိုးစားသည်။ မုံက အလွန်ဖြူစင်သန့်ရှင်းသည့် မိန်းကလေး။ ဘာဆိုဘာမှ မတွေ့



အကြုံမရှိသေးသည့် အပျိုစင် နုနုနယ်နယ်လေး ဖြစ်သည်။

မုံ့ကို စိတ်ဒုက္ခရောက်အောင် သူ မလုပ်ရက်။ တစ်ဖက်မှာလည်း သူနှင့် လက်ထပ်မည့် ဇနီးလောင်းက အသင့်စောင့်နေသည်။ ခက် သည်က နေကောင်းကင် စိတ်ကို ဖမ်းစားလွှမ်းမိုးထားသူက သင်ဇာ မဟုတ်။ သူ့အသိအာရုံမှာ အချိန်တိုင်း လွှမ်းမိုးထားသူက မုံဖြစ်သည်။ တနင်္ဂနွေတစ်ရက်မှာ သူ့အစီအစဉ်ကို နေကောင်းကင် အကောင် အထည် ဖော်သည်။ မုံ မသိအောင် ဒေါ်ကြီးကို အလုပ်ကိစ္စ တစ်ခုကို ခိုင်းပြီး ရွာတစ်ရွာကို လှည့်ပတ်လွှတ်လိုက်သည်။ ဒေါ်ကြီးကို ကား မောင်းပေးမယ့်သူက ဦးစိန္တဖြစ်ပြီး၊ ပစ္စည်းသယ်ရမည့်သူကို မောင်ဆစ် အား ထည့်ပေးလိုက်သည်။

မုံ ဈေးကပြန်လာတော့ သူတစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့ တာ ကို မုံ မသိ။ သူ့ကိုမြင်တော့ မုံက မျက်နှာထား ခပ်တည်တည် လေးနှင့် ကွေ့ရှောင်သွားဖို့ ကြိုးစားသည်။

"မုံ"

သူခေါ်ပေမယ့် မုံ မထူး။

လှည့်လည်း မကြည့်။ သူမ ထုံးစံအတိုင်း နေကောင်းကင်ကို မသိသလို၊ မမြင်သလိုလုပ်နေ၍ မုံ့ရှေ့က ပိတ်ရပ်လိုက်တော့မှ သူ့ကို မုံ အတန်ကြာ မော့ကြည့်သည်။ သူနှင့် အကြည့်ချင်းဆုံတော့ ချက်ချင်း အကြည့်လွှဲပြီး မျက်လွှာချသွားသည်။

"မုံ"

"ဟုတ်ကဲ့"

မုံ့အသံလေးက အေးစက်စက်။ သူနဲ့မုံ ဘာမှမဖြစ်သလို သူစိမ်း ဆန်ဆန် လုပ်နေပုံကိုကြည့်ပြီး နေကောင်းကင် အသည်းယားလာ သည်။ ရင်ထဲ ပေါက်ကွဲချင်လာသည်။ မုံ လုပ်နေပုံကို ဆက်သည်း

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်အောင် ဖြစ်လာသည်။

''ကိုယ် မုံ့ကို ပြောစရာရှိတယ်''

''ဟုတ်ကဲ့ ပြောပါ''

မုံက သူ့ကို မကြည့်။ ခေါင်းငုံ့မပျက်၊ မျက်လွှာချပြီး ပြောနေ၍ မုံ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး စိတ်ရှိလက်ရှိ နမ်းချင်စိတ် ပေါက်လာသည်။

''ကိုယ်စကားပြောရင် ကိုယ့်မျက်နှာကိုကြည့်မှ ကြိုက်တာ မုံသိလား''

မုံအကြည့်က သူ့ထံ ဖျတ်ခနဲ ရောက်လာ၏။ မျက်ဝန်းခြင်း အဆုံမှာ လှုပ်ခတ်သွားတော့ မုံမျက်နှာလေးကို မလွှတ်တမ်း စိုက်ကြည့် ပစ်လိုက်သည်။

''ကိုယ် မင်းကိုယ် တောင်းပန်စရာ ရှိတယ်၊ ခုတလော ကိုယ့်အပြုအမူတွေ ရိုင်းစိုင်းသလိုဖြစ်နေတာ ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ့်စိတ်တွေ ရှုပ်နေတယ် မုံ''

''မုံလည်း ဒီတိုင်းပါပဲ''

''ကိုယ့်ကို စိတ်ဆိုးနေလာဟင်''

မုံမဖြေ။

မုံက သည်အခြေအနေကို ဘယ်လိုနားလည် ခံယူထားသည် မသိတော့လည်း သူကိုယ်တိုင်ကတော့ လက်ရှိအခြေအနေကို ကြောက် နေသည်။

''မုံ သွားလို့ရပြီလားဟင်''

''ကိုယ်မေးတာ မုံ မဖြေသေးဘူးနော်''

သူ့စကားအဆုံးမှာ သူ့မျက်နှာကို စိုက်ကြည့်သည်။ သူမနှင့် အကြည့်ချင်းဆုံလေတိုင်း နေကောင်းကင် ရင်တွေ ဗလောင်ဆူရတာကို



သူပဲ သိသည်။ မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူချင်စိတ်ကို အနိုင်နိုင် မျိုသိပ်ထားရသည်။ အကြည့်ကိုတော့မလွှဲ၊ ရင်ထဲက ဝေဒနာကို ကျိတ်မှိတ်မျိုသိပ်ရသည့်အဖြစ်က ပင်ပန်းလွန်းသည်။ နာကျင်ရသည်။

''မုံကို ဘယ်လို ပြောစေချင်လို့လဲ''

''မုံ''

မျက်ရည်သီဝေနေသည့် မုံ့မျက်ဝန်းအစုံကြောင့် သူ့ရင်တွေ ထိတ် ခနဲ ဖြစ်သွားသည်။

''မုံ့ရင်ထဲမှာ နာနေတယ်၊ မုံကြမှ ဘာလို့ ဒီလိုဖြစ်ရလဲဆိုတာ မုံ နားမလည်ဘူး၊ တကယ်ဆို ဦးနေကောင်းကင်မှာ လက်ထပ်ရမယ့် ခနီးလောင်းလည်း ရှိနေရင်းနဲ့. . .''

''မုံ မငိုပါနဲ့ မုံရယ်''

မုံက စကားကို ရှေ့မဆက်နိုင်။ မုံ့ရင်ထဲ ဘယ်လို ခံစားနေရ သည်ကို သိလိုက်ရပြီးနောက်မှာ နေကောင်းကင်ကိုယ်တိုင် သူ့ကိုယ်သူ ဆက်ပြီး မလိမ်ညာချင်တော့၍ မုံကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်း ကျပ်ဆုံး ဆွဲယူပွေ့ဖက်လိုက်သည်။ နှုတ်မှလည်း တတွတ်တွတ် မြည်လျက် သူ့ရင်ထဲ အချစ်တွေကို မုံရှေ့မှာ ထုတ်ဖော်ဝန်ခံလိုက် သည်။

''ကိုယ် မင်းကိုချစ်တယ် မုံ''

''ချစ်တယ် မင်းကို အစ်ကို သိပ်ချစ်တယ် မုံရယ်''

ဟန်ဆောင် ထိန်းထားသမျှ ကွာကျသွားသလို အထိန်းအချုပ် ကင်းသော ချစ်ခြင်းတွေကလည်း သူတို့နှစ်ဦးရင်ထဲက အချစ်တွေကို ပွင့်လင်း လွှတ်လပ်စွာသွားသည်။ နှုတ်ခမ်းချင်း ဆုံမိကြသည်။ အနမ်းတွေ ဖလှယ်မိကြသည်။ တစ်ယောက်ကိုတစ်ယောက် လွှတ်ထွက်သွားမှာ စိုးသည့်အလား အတင်းကြပ်ဆုံး ပွေ့ဖက်ထားပြီး။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးက တိတ်ဆိတ်နေသည်။

"မို"

"လွှတ်ပါဦး အစ်ကိုရယ်"

"ဟင့်အင်း အခုချိန်ကစပြီး မို့ကို အစ်ကို ပိုင်သွားပြီ"

မို့မျက်နှာလေးကို ငုံ့နမ်းရင်း သူ့အနမ်းတွေ မို့လည်တိုင်ဆီ ရောက်သွားသည်။

"သိပ်ချစ်တယ် မို့ရယ်"

သူ့အသံက နူးညံ့ပျော့ပြောင်းနေသည်။ အနမ်းတွေက တစ်ခုပြီး တစ်ခု။ မို့ကို သနားစိတ်နှင့်လည်း ချစ်သည်။ ဆန္ဒရမ္မက်နှင့်လည်း ချစ်သည်။ အသွေးအသားထဲကလည်း ချစ်သည်။ သူ့ရင်ထဲ အသည်းထဲက ဘယ်တုန်းကမှ ဘယ်သူနှင့်မှ မဖြစ်ပေါ်ဘူးသည့် အချစ်မျိုးနှင့် ချစ်ခြင်းဖြစ်သည်။

"မို့လည်း အစ်ကို့ကိုချစ်တယ်"

လေထဲသို့ မို့ကိုယ်လေး မြောက်တက်သွားသလို နေကောင်းကင် ရင်ခွင်ထဲ သူမကိုယ်လေး အရုပ်လေးတစ်ရုပ်လို ပါသွားသည်။ သူ့ အိပ်ခန်းဝရောက်တော့ မို့ ရင်တွေ တဆတ်ဆတ်တုန်လာသည်။

"ဟင့်အင်း... ဟင့်အင်း... မဖြစ်ဘူးအစ်ကို"

မို့ ခေါင်းခါသည်။

သူ့ရင်ခွင်ထဲက ရှန်းသည်။

မာမီ့ခုတင်ကြီးကြောင့် မို့စိတ်တွေ တစ်မျိုးဖြစ်လာသည်။ ဒါကို သူက မသိ။

"အစ်ကို မို့ကို တစ်ဖက်သတ် အနိုင်မယူပါဘူး မို့"

"မင်းကို အစ်ကို သိပ်ချစ်တယ်"

ခုတင်ပေါ်ရောက်သွားသည်နှင့် သူပေးခဲ့သည့် ကတိစကား



အားလုံး မေ့ပျောက်သွားသည်။ အချစ်နတ်ပူးနေသည့် သူ့လက်တွေ၊ သူ့နှုတ်ခမ်းတွေအောက်မှာ မို့ မလူးသာမလွန့်သာ နောက်ဆုံးတော့ ချစ်သူအလိုဆန္ဒကို မို့ကပဲ လိုက်လျောအရှုံးပေးရသူ ဖြစ်သွားသည်။ မို့ အသက်ရှူသံတွေက သူနဲ့အပြိုင် တိုတောင်း ပြင်းပြလာသည်။ သူ့ ဘဝထဲကို တစ်စိတ်တစ်ပိုင်းလေးပဲ ဝင်ရဝင်ရ။ ချစ်စိတ်တစ်ခု တည်းဖြင့် အရာအားလုံး မေ့သွားသလို ဖြစ်သွားသည်။ ရင်တွေ နှလွန်း၍ ဘာဆိုဘာမှ မသိတာလည်း ဖြစ်နိုင်သည်။ မို့ဘဝတွင် ထမဆုံး အကြိမ်အဖြစ် လေဟာပြင်ထဲ လွင့်မျောနေသလို ခံစားဖူး ခြင်းဖြစ်သည်။

ငြိမ်သက်နေသော မို့ကို အယုယဆုံး။ အကြင်နာဆုံး၊ အညင် သာဆုံး ထွေးပွေ့ထားသည်။ နေကောင်းကင် ရင်ခွင်ထဲမှာ အလှဆုံး သိပ်ပြာမလေးတစ်ကောင် နားနေတာကို သဘောကျသလိုငုံ့ကြည့်ရင်း မို့လည်တိုင်ကို ဖွဖွငုံ့နမ်းသည်။

"မို့"

"ရှင်"

"ကို့ကို ဘယ်တော့မှ ခွဲမသွားရဘူးနော်"

"တကယ်ပဲလား အစ်ကိုရယ်"

"ကိုယ်က မို့ကို ညာပြောနေတယ် ထင်လို့လား"

"မို့ကို အစ်ကို စိတ်ဆိုးလား"

"ဆိုးချင်တယ်"

"ကိုယ်ချစ်သလို မို့က မချစ်ဘူး"

"ဟုတ်လား"

မို့ ပြုံးမိသည်။

မို့အပြုံးက လျှို့ဝှက်ဆန်းကြယ်သောအပြုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကိုယ့်ကို သိပ်အသည်းယားအောင်လုပ်နေတာပဲ မုံရယ်"

"ကိုယ် မင်းနဲ့ မခွဲနိုင်တော့ဘူး မုံရယ်၊ ဒီအခန်းရယ်၊ ဒီခုတင်ကြီးက ကိုယ့်စိတ်ကို အမြဲအမှတ်တရတွေ ပေးနေတော့မှာ မုံ သိလား"

မုံ့ပါးလေးကို အတင်းတိုးဝှေ့နမ်းတော့ မုံက သူ့မကိုယ်လေးကို နေကောင်းကင်ရင်ခွင်ထဲ အလိုက်သင့် တိုးဝင်လိုက်သည်။

"မုံလည်း ဒီနေ့ကို ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး အစ်ကိုရယ် မုံ့မာမီသာသိရင် ဘာပြောမလဲ မသိဘူးနော်"

"ဘယ်လို... မာမီဟုတ်လား"

မုံ့လို အိမ်ဖော်မလေးတစ်ယောက်နှုတ်ဖျားက သူ့မိခင်ဖြစ်သူကို မာမီလို့ခေါ်လိုက်တော့ မုံ့ကို သူ စိတ်ဝင်စားသွားသည်။

"ဟုတ်တယ် မုံ့မာမီကို ပြောတာ၊ ဒီအခန်းက မုံမှာမီအခန်း ဒီခုတင်ကြီးကလည်း မုံ့မာမီအိပ်ခဲ့တဲ့ ခုတင်ပဲလေ ဒါကြောင့်..."

တိုးတိတ်ကြေကွဲစွာ ပြောနေသည့် မုံ့စကားတွေကို နားထောင်ရင်း နေကောင်းကင် သူ့ဘေးမှ မိန်းကလေးကို အထိတ်တလန့် ကြည့်နေ၏။

"ဘုရားရေ... မင်းက ဒေါ်ကျဲရဲ့တူမဆိုတာ မဟုတ်ဘူးပေါ့ ဟုတ်လား"

"အင်း"

ခေါင်းညိတ်လိုက်သည့် မုံ့ကိုကြည့်ကာ အရင်က ရှိခဲ့သော နေကောင်းကင် ရင်ထဲက သံသယက သူ့ထံ ပြန်ရောက်လာသည်။ အစကတည်းက မုံ့ကို သူ့စိတ်ထဲမှ မသင်္ကာဖြစ်ခဲ့သည်။ မုံ့ရုပ်ရည် မုံ့အနေအထိုင်၊ အပြောအဆို၊ အပြုအမူ အားလုံး အထက်တန်းကျ



သည်။ နူးညံ့သိမ်မွေ့သည်။ ဂုဏ်သိက္ခာရှိရှိ တည်တည်ခန့်ခန့် အမြဲ ဣန္ဒြေရနေတတ်တာ အခုမှ သူသဘောပေါက် နားလည်လာသည်။

"မင်း ဘယ်သူလဲဆိုတာ ကိုယ့်ကိုပြောပါဦး အချစ်ရယ်"

မုံ့လက်လေးကို တင်းကြပ်စွာ သူဆုပ်ကိုင်ထားသလို မုံကလည်း သူ့လက်တွေကို သူမ လက်သွယ်သွယ်လေးတွေနှင့် ပြန်ဆုပ်ကိုင်ရင်း ရွှန်းလက်သည့် မျက်ဝန်းတွေနှင့် နေကောင်းကင်မျက်နှာကို မော့မော့ လေး ကြည့်သည်။

"တကယ်တော့ မုံဟာ အစ်ကိုထင်သလို ဒေါ်ကြီးရဲ့တူမ မဟုတ်သလို အိမ်ဖော်မလေးလည်း မဟုတ်ပါဘူး၊ စပ်မြတ်ရှုပါမုံပါ။ ပန်ဆောင်ခအိမ်ကြီးဆိုတာ မုံ့အိမ်၊ မုံ့ကို ဒီအိမ်ကြီးမှာမွေးပြီး ဒီအိမ်ကြီးမှာပဲ ကြီးပြင်းခဲ့ရတဲ့ ဇော်ဘွားကြီး ဦးစပ်ကြာမုံနဲ့ ဇော်ဘွား ကတော်ကြီး မဟာဒေဝီစပ်နန္ဒာတို့ သမီးလေး စပ်မြတ်ရှုပါမုံပါတဲ့ အစ်ကိုရယ်"

"အစ်ကိုနဲ့ ပထမဆုံး စတွေ့တဲ့ ညက မုံ ငယ်ငယ်က နေခဲ့တဲ့ အခန်းလေးကို လာကြည့်တာပါ။ အစ်ကို ရှုံးခန်းဖွင့်ထားတဲ့အခန်းက မုံ့အခန်းပါ အစ်ကို"

သူ အံ့သြလွန်း၍ မုံ့ကိုသာ ငေးကြည့်နေမိသည်။ မုံ့မှာ လျှို့ ဝှက်မှုတစ်ခုခု ရှိလိမ့်မည်ဟု ထင်ခဲ့သော်လည်း မုံ့အဖြစ်က ဤမျှ ကြီးကျယ် ခမ်းနားမှုတွေနှင့် ပတ်သက်နေမည်ဟု မထင်ခဲ့။ သူ အိမ်ဖော်မလေးဟု ထင်ထားသည့် မုံက မျိုးရိုးအစဉ်လာနှင့် ဆက်ခံ ရမည့်နေရာက တော်ဝင်ထားတဲ့ အမျိုးမြင့်မြတ်သော မင်းသမီးလေး တစ်ပါး ဖြစ်နေပါလား။

မုံ့ကို စတွေ့ကတည်းက မုံ့ထံမှ ထူးခြားသည့်အငွေ့ကို သူ သတိထားမိသည်။ မုံက အနွယ်တော်ထိပ်ထားလေးဖြစ်နေ၍

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းကင်စိတ်ထဲ အတိုင်းအဆမရှိ ပျော်သွားသည်။ သူ့ချစ်သူက သူထင်ထားသလို အဆင့်အတန်းနိမ့်ကျသူ အိမ်ဖော်မလေး မဟုတ်တော့၍ နေကောင်းကင်စိတ်မှာ ပေါ့ပါးလွတ်လပ်သွားခြင်းပါ။

"မှုံ့ဘဝက ဆန်းကြယ်လှချည်လား အချစ်ရယ် ဘယ်လိုဖြစ်တာလဲဆိုတာ ကို့ကို ပြောပါဦး"

သူမပိုင် အိမ်ကြီးမှာ အိမ်ဖော်ဘဝဖြင့် ပင်ပန်းကြီးစွာ အလုပ်ကြမ်းတွေလုပ်နေရရှာသော ထိပ်ထားမင်းသမီးလေးအဖြစ်ကို ရင်နာစွာ သူ မေးလိုက်သည်။ ဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲဆိုတာ သူ သိချင်သည်။ မှုံက သူမဘဝဇာတ်ကြောင်းကို နေကောင်းကင်မေးသည့်အတိုင်း တစ်လုံးမကျန် ပြောပြသည်။ သူမငယ်စဉ်ဘဝ သူမတို့မိသားစု ချမ်းသာကြွယ်ဝမှု။ မျိုးရိုးအစဉ်အဆက် မှုံ့ဦးလေး၏ ရက်စက် ယုတ်မာမှုကြောင့် မှုံ့မိဘနှစ်ပါး မရှိသည့်နောက်မှာ အင်္ဂလိပ်စာသင်သည့် ကျောင်းတစ်ကျောင်းမှာ မှုံ့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဂျူလီနှင့် နေခဲ့ပုံ၊ ဒီကို မှုံ အလွမ်းပြေ လာကြည့်ရင်း ဒေါ်ကျဲနှင့်တွေ့ပြီး ပန်ဆောင်ခအိမ်ကြီးမှာ ရောက်စ နေကောင်းကင်နှင့် တွေ့ခဲ့ရခြင်းဖြစ်ကြောင်း အားလုံး ပြောပြသည်။

"ငွေမရှိရင် လောကကြီးက အလကားပါပဲ အစ်ကိုရယ် ဘွဲ့ထူး ဂုဏ်ထူးတွေနဲ့ မျိုးရိုးအစဉ်လာဆိုတာ လက်တွေ့ဘဝမှာ ငွေကြေး ချမ်းသာတာလောက် မသုံးမဝင်ပါဘူး"

"ဒါပေမဲ့ မှုံ့မှာ ဘယ်သူမှ လုယူလို့မရတဲ့ မဟာဆီ မဟာသွေးတွေက မှုံ့ကိုယ်မှာ စီးဆင်းနေတယ် မှုံ။ ဒါတွေဟာ ငွေကြေးနဲ့ ဝယ်ယူလို့ မရသလို ဘာနှင့်မှ တန်ဖိုးဖြတ်လို့မရပါဘူး အချစ်ရယ်"

မှုံက ဘာမှမပြော။

နေကောင်းကင်မျက်နှာကိုသာ ငေးနေသည်။



မှုံ့ဘဝမှန်ကို နေကောင်းကင်ကို သူမကိုယ်တိုင် ဖွင့်ဟဝန်ခံပြီးပါပြီ။ ကျန်တာကိုတော့ မှုံဆုံးဖြတ်ရမည်မဟုတ်။ ကာယကံရှင်ဖြစ်သည့် နေကောင်းကင်ကိုယ်တိုင် ဆုံးဖြတ်ရပေလိမ့်မည်။ မှုံကိုယ်တိုင် သူ့ကို ချစ်မိပါပြီ။ အချစ်ဆုံး ချစ်သူနှင့်လည်း မခွဲလိုပါ။ မှုံတို့နှစ်ယောက်ကြားမှာ အကြီးမားဆုံး အတားအဆီးရှိနေတာကို မှုံသိသည်။

သိလျက်နှင့် ချစ်သူတွေဘဝရောက်အောင် ဖွတ်နစ်ခဲ့သူက နေကောင်းကင် ဖြစ်သည်။

"မှုံ့ကို စတွေ့ကတည်းက ထူးခြားမှုတစ်ခုခု ရှိနေတာ ကိုယ်သိတယ်။ ခံစားလို့လည်း ရခဲ့တယ် မှုံ၊ မှုံ ဘယ်လိုပဲ ဇာတ်မြှုပ်နေနေ မှုံ့ရုပ်ရည်က လူသာမန်နဲ့ လုံးဝမတူဘူးဆိုတာ မင်းကိုယ်မင်းသိရဲ့လားဟင်။ မင်းဟာ နတ်သမီးလေးပါပဲ။ မင်း ဘာလို့ ဒီလောက် ထူးထူးခြားခြား လှနေတာလဲဆိုတာ ကိုယ် အခုမှ သဘောပေါက်တော့တယ်"

မှုံ့ထူးခြားချက်တွေကို နေကောင်းကင် အခုမှ ပိုနားလည်လာသည်။ ပိုသဘောပေါက်လာသည်။ သူ အမြတ်တနိုး စွဲလမ်းစွာ ချစ်ခဲ့သူက လူသာမန်မဟုတ်၊ ထိပ်ထားမင်းသမီးလေးဖြစ်နေ၍ မှုံ့ကို ပိုချစ် ပိုမြတ်နိုးရသည်။ အံ့သြစရာအဖြစ်တွေနှင့် ချစ်စရာ မြတ်နိုးစရာ ပုံပြင်ထဲက မင်းသမီးလေးဘဝနှင့် ချစ်သူကို သူ စိုက်ကြည့်နေမိသည်။ သူ့အကြည့်တွေကို မြင်တော့ မှုံ မျက်ရည်လည်ချင်လာသည်။

နှစ်ယောက်အတူ ကြည်နူးစွာ ရယ်မိကြသည်။ ကလေးတွေလို သူတို့ ပျော်ရွှင်နေရာက အိပ်မက်က လန့်နိုးလာသူ တစ်ယောက်လို တစ်နေရာကိုကြည့်ပြီး မျက်နှာပျက်သွားသူက မှုံ။ မှုံ ကြည့်နေသည့်နေရာကို နေကောင်းကင် လိုက်ကြည့်လိုက်တော့ အိပ်ရာဘေးက

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာ သူ့ကို ကြည့်နေသည့် သင်ဇာ။ နေကောင်းကင်၏ ချစ်သူ။ သူနှင့် မကြာခင် လက်ထပ်တော့မည့် ဇနီးလောင်း အထက်တန်းလွှာက သူဌေးသမီး။ မုံက တခြားကမ္ဘာတစ်ခုက အညတရ သာမန် မိန်းကလေးတစ်ဦး။

"မုံ"

နေကောင်းကင် စိတ်ထိခိုက်စွာ မုံ့အမည်ကို ခေါ်လိုက်သည်။

"မုံ နားလည်ပါတယ် အစ်ကို၊ အစ်ကိုဘဝနဲ့ အလိုက်ဖက် အတင့်တယ်ဆုံး မိန်းကလေးဆိုတာ မုံ သိပါတယ်"

မုံ့အသံက တိုးတိတ်စွာ နူးညံ့နေ၏။ နာကျင်စွာ ကြေကွဲနေသည်။

"ကိုယ် မုံ့ကို အမှန်အတိုင်းပြောမယ် မုံ၊ ဘာမှ ဖုံးကွယ်မထားချင်ဘူး။ အဲဒီအမျိုးသမီးနဲ့ ကိုယ် ဇွဲစပ်တာထက် မကြာခင် လက်ထပ်တော့မယ့်ဆဲဆဲပဲ။ ဒါပေမယ့် အစ်ကို အခု ဘာလုပ်ရမှန်း မသိတော့ဘူး မုံ၊ မုံ့ကို အစ်ကို ချစ်တယ်၊ ရိုးရိုးသားသားနဲ့ နှစ်နှစ်ကာကာကို ချစ်တယ်"

"မုံ့ကို ကိုယ်ဘယ်တုန်းက စချစ်ခဲ့လဲသိလား၊ ကိုယ့်ရုံးခန်းထဲကို ခြေဖျားထောက်ပြီး တိတ်တိတ်လေး ဝင်လာတဲ့ညကစပြီး ကိုယ် မင်းကိုချစ်ခဲ့တာ"

"မုံလည်း အစ်ကို့ကိုချစ်ပါတယ်၊ ဒါပေမယ့် ချစ်တိုင်းလည်း ညားနိုင်ကြတာမှ မဟုတ်ပဲနော်။ အစ်ကိုတို့ အသိုင်းအဝိုင်းနဲ့ မုံ ဘာမှမဆိုင်ဘူးဆိုတာ မုံ သိပါတယ်"

"ဘာလို့မဆိုင်ရမှာလဲ၊ မုံဟာ ကို့ချစ်သူ။ မုံနဲ့ ပတ်သက်သမျှ ကိုယ်နဲ့ ဆိုင်သလို ကိုယ်နဲ့ ပတ်သက်တာလည်း မုံနဲ့ ဆိုင်တယ်"

"အစ်ကို မြင့်သလို အစ်ကိုမိသားစုက မုံ့ကို မြင်နိုင်ပါ့မလား အစ်ကိုရယ်"



ဒါကိုတော့ နေကောင်းကင် မဖြေ။

ဖြေစရာလည်း စကား မရှိ။ သူ့မိသားစုအကြောင်း၊ သူ့မာမီအကြောင်းကို နေကောင်းကင် အသိဆုံးဖြစ်၍ ဘာမှမပြောတာလည်း ဖြစ်သည်။ မာမီနှင့်ပတ်သက်ပြီး သူ ဘာမှမပြောနိုင်။ သူပြောနိုင်တာ တစ်ခုပဲ ရှိသည်။

"ကိုယ် သင်ဇာ့ကို မချစ်ဘူး မုံ၊ ကိုယ်ချစ်တာ မုံတစ်ယောက်ဆိုတာ မြဲမြဲမှတ်ထား ဘယ်လိုကိစ္စပဲ ဖြစ်လာဖြစ်လာ ကိုယ် ဂရုမစိုက်ဘူး"

သူပြတ်သားစွာ ပြောလိုက်သည်။

"မုံ သွားတော့မှ ထင်တယ်"

မုံက သူ့ကို တစ်ချက်ကြည့်ပြီး အခန်းပြင်ကို ထွက်ရန် ပြင်လိုက်သည်နှင့် နေကောင်းကင်ကိုယ်ကြီးက မုံ့ရှေ့က ပိတ်ရပ်လိုက်တော့ မုံ့မျက်နှာလေးကို စူးစူးစိုက်စိုက် ငုံ့ကြည့်သည်။

"အစ်ကို အသက်သုံးဆယ်ရှိပြီမုံ၊ အရေးကြီးဆုံး အစ်ကို့ဘဝကိစ္စကို အစ်ကို ကိုယ်တိုင်ပဲ ဆုံးဖြတ်မယ်၊ သူတို့နဲ့မဆိုင်ဘူး မိသားစုရဲ့ ဆန္ဒကိုသာ အမြဲလိုက်လျောနေရရင် အစ်ကို ဒီနေရာကိုတောင် ရောက်လာမှာ မဟုတ်ဘူး မုံ။ မိသားစုပိုင် ကုမ္ပဏီလုပ်ငန်းတွေထဲမှာပဲ ကိုယ် တစ်သက်လုံးနေရမှာ"

နေကောင်းကင် စကားကို မုံ နားလည်သလိုလို ရှိသည်။ သို့သော် အခုကိစ္စက နေကောင်းကင် အလုပ်ကိစ္စမျိုးတော့ မဟုတ်။ ဒီလိုကိစ္စမျိုး ဘယ်မိဘကမှ အလွယ်တကူ လိုက်လျောကြမည်မဟုတ်။ မကြာခင် လက်ထပ်ရအောင် ဇနီးလောင်းကလည်း ကျေနပ်မှာ မဟုတ်။ မုံ့ကိုမုံသာ နာနာကြည်းကြည်း ပြုံးမိသည်။ မုံရဲ့ မိုက်မဲမှုသာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ မည်သူ့ မိုက်မဲမှုမှ မဟုတ်။

"ကိုယ်ပြောတာ မုံ နားလည်ရဲ့လားဟင်"

"နားလည်ပါတယ် အစ်ကို"

မုံ ရှုံးမိုက်စွာ ဆက်၍ ခေါင်းညိတ်နေ၏။ သူပြောသမျှကိုလည်း မျက်စိမှိတ်၍ ဖွတ်ယုံချင်နေသည်။

"ကိုယ် မုံ့ကိုချစ်တယ် အဲဒါကို ဘယ်တော့မှ မမေ့နဲ့။ ကိုယ့်ဘဝကို ကိုယ်ကိုတိုင်ပဲ ဆုံးဖြတ်မယ်။ သင်ဇာ့ကိစ္စ အပါအဝင်ပေါ့"

မုံ ခေါင်းညိတ်သည်။ ဘယ်နှကြိမ်မြောက်မှန်း မသိ။

"မုံ အစ်ကို့ကို ယုံပါတယ်"

"ဒီထက်ပိုယုံရမယ့် တခြားကိစ္စတွေ ရှိသေးတယ် မုံ"

ပြောပြောဆိုဆို မုံ့ကိုယ်လေးကို အတင်းကျပ်ဆုံး ပွေ့ယူချီမြှောက်အငမ်းမရ နမ်းရှိုက်လိုက်၍ မုံ့ရင်ခုန်သံတွေ ဆူညံသွားကာ သူ့ကိုယ်ကြီးကို အလန့်တကြားလေး ပြန်ဖက်ထားလိုက်မိသည်။

## အခန်း (၈)

"ဘယ်လိုကွဲ့ ကလေးရဲ့၊ ဒေါ်ကြီးကို သေချာ ပြန်ပြောစမ်းပါဦး"

ဒေါ်ကြီးက သူ့နား သူ မယုံသလို သေချာစေ့စေ့ကြည့်ပြီး သူ သိချင်တာကို ထပ်မေးသည့်အတွက် မုံ မျက်နှာနီနီနှင့် ဒေါ်ကြီး အကြည့်အောက်မှာ အနေခက်စွာ ပြုံးလိုက်ပါပြီ။

"ဒေါ်ကြီးကလည်း ဦးနေကောင်းကင်ကို ပြောချင်နေတဲ့ မုံ့အကြောင်းကို မုံကိုယ်တိုင် သူ့ကို ပြောပြလိုက်ပါပြီလို့ဆို"

"အားလုံးကို ပြောပြတယ်ဟုတ်လား"

ဒေါ်ကြီးက သူ့ရင်ဘက်ကို ဖိသည်။ မျက်လုံးပြူးကြီးနှင့် မုံ့ကို မယုံနိုင်သလို ထပ်ကြည့်တော့ မုံ ခစ်ခနဲ ရယ်မိသည်။ ဒေါ်ကြီး မယုံနိုင်အောင်ဖြစ်နေတာ သူ့အပြစ် မဟုတ်။ မုံကိုယ်တိုင်က ဒေါ်ကြီးကို သူမ မိသားစုအကြောင်း သူမအကြောင်း ဘယ်သူ့ကိုယ်မှ မပြောရဟု တင်းကျပ်စွာ အမိန့်ထုတ်ထားပြီးမှ မုံကိုယ်တိုင်က သူမအမိန့်ကို သူမဘာသာ ဖောက်ဖျက်သူဖြစ်သည်။ ဒေါ်ကြီးမှာ အပြစ်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေကို ပြောလိုက်တာလဲ ကလေးရယ်"

"အားလုံးပဲ ဆိုပါတော့၊ မုံ့အကြောင်း မုံ့မာမီနဲ့ ဒယ်ဒီအကြောင်း သည်အိမ်ကြီးအကြောင်း အစုံပေါ့"

တတ်နိုင်သမျှ ခပ်ပေါ့ပေါ့လေသံဖြစ်အောင် ကြိုးစားပေမယ့် မုံ့ကိုယ်တိုင် စိတ်လှုပ်ရှားမှုကို မဖုံးကွယ်နိုင်။

"သူက မုံ့ကို ဘာပြောလဲ"

"ဘာမှ မပြောပါဘူး"

ဒေါ်ကြီးကို လိမ်လိုက်သည်။

စိတ်ထဲကတော့ သူက မုံ့ကိုချစ်တယ်လို့ ပြောတာပေါ့ ဒေါ်ကြီးရဲ့ဟု ပြောရင်း ကျိတ်ပြုံးလိုက်သည်။

"သူက ဘာကရုစိုက်မှာလဲ ဒေါ်ကြီးရယ်၊ ဒေါ်ကြီး ပြောပြောနေတဲ့ ရွှေမင်းသမီးလေးဘဝကို သူတို့ နားလည်မယ် ထင်လို့လား အိမ်ဖော်ဟာ အိမ်ဖော်ပါပဲ ဒေါ်ကြီးရယ်"

"အင်း... ကလေးအကြောင်းပြောပြီးတော့လည်း ဒီအတိုင်းပဲလား"

ဒေါ်ကြီးအသံက မကျေမနပ်။

"ဒီအတိုင်းပဲပေါ့ ဒေါ်ကြီးရဲ့၊ အဲ... သူနဲ့တော့ မိတ်ဆွေဖြစ်သွားတယ်"

မုံ့စကားကို ဒေါ်ကြီး မယုံ။

သူကိုယ်တိုင် ငယ်ရာက ကြီးလာသူဖြစ်၍ နေကောင်းကင်နှင့် မုံ့အနေအထားက ထိုထက်မကတာ သူသိသည်။ ထို့ကြောင့် သူ သိချင်တာကို မျိုသိပ်မနေတော့ဘဲ မုံ့ကို မေးလိုက်သည်။

"သမီး သူ့ကိုချစ်နေသလား မုံ့"

"ရှင်..."



"ဒေါ်ကြီး နားလည်ပါတယ် ကလေးရယ်၊ အကြောင်းကိစ္စမရှိဘဲ မုံ့အကြောင်း သူ့ကို ပြောမှာမဟုတ်ပါဘူး၊ ကလေးနဲ့ သူ မေတ္တာမျှနေကြလို့သာ မုံ့အကြောင်း သူ့ကို ပြောပြတာ မဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ကြီး ပြောတဲ့အတိုင်းပါပဲ"

မုံ့ ဝန်ခံလိုက်တော့ ဒေါ်ကြီးက ကျေနပ်စွာပြုံးပြီး မုံ့ ကိုယ်လေးကို သိုင်းဖက်လိုက်သည်။

"သူကရော မုံ့လေးကို ချစ်ရဲ့လားဟင်"

"ထင်တာပဲလေ သေချာတော့ မုံ့လည်း မသိဘူး"

မုံ့အသံက တွေးတွေးဆဆ ဖြစ်သည်။

မုံ့ကတော့ နေကောင်းကင်ကို တစ်ခါမှ မချစ်ဖူးသည့် အချစ်နှင့် ချစ်ခြင်းဖြစ်သည်။ သူ့အချစ်ကိုတော့ မုံ့ သေချာမသိ။ လျှာ အရိုးမရှိတိုင်း လိမ်ညာတတ်သော ယောကျ်ားတို့အကြောင်းကို မုံ့ကိုယ်တိုင် မကြုံဘူးသော်လည်း စာတွေထဲမှာတော့ ဖတ်ဖူးသည်။

"မုံ့ သူ့ဆီက ဘာမှ မျှော်လင့်လို့မရဘူးဆိုတာ မုံ့သိပါတယ် ဒေါ်ကြီးရယ်၊ ပန်ဆောင်ခမှာ ရောက်နေတုန်း ဖြစ်သွားတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်လို့ပဲ ပြောရမှာပေါ့။ အချိန်တန်တော့လည်း သူ့အိမ် သူပြန်သွားမှာပါ"

"သူပြန်တော့ ကလေးကို ခေါ်သွားမှာပေါ့ကွယ်"

မုံ့ကိုယ်တိုင်လည်း ဒေါ်ကြီးပြောသလို ဖြစ်လာစေချင်ပါသည်။ ဒါပေမဲ့ ဖြစ်မလာမှာကိုလည်း မုံ့ဘာသာ သိနေသည်။ သူ့မှာ လက်ထပ်ရမည့် ဇနီးလောင်း ရှိသည်။

"သိပ်လည်း မထင်ပါနဲ့ ဒေါ်ကြီးရယ်။ သူ မုံ့ကိုခေါ်သွားပြီးသနားလို့ခေါ်သွားတဲ့ သဘောပဲဖြစ်မှာပါ မထားခဲ့ရက်လို့လေ"

"အို ဘယ်နည်းနဲ့ ခေါ်ခေါ်ပေါ့ လိုက်သာသွား"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးမြင်သမျှတော့ အားလုံးရှင်းသည်။ မုံက အဝေးကြီးကို မျှော်ကြည့်နေခြင်း ဖြစ်သည်။

"အဲဒီလောက် မလွယ်ပါဘူး ဒေါ်ကြီးရယ်"

"သူ့ကို မုံချစ်တယ်မဟုတ်လား၊ ချစ်ရင် လိုက်သွားပေါ့"

"ချစ်တာက တခြားပါ ဒေါ်ကြီးရယ်၊ ဘဝချင်းကမှမတူဘဲ သူလိုလူတစ်ယောက် လက်ထပ်မယ့် မိန်းကလေးဟာ သူ့လို အဆင့်အတန်းပဲ ဖြစ်မှာပေါ့။ မုံ့လို အခြေမှဲ့အနေမဲ့ ကောင်မလေးကို ခေါ်ပါ့မလား"

"အဲဒီလောက်လည်း ကိုယ့်ကိုကိုယ် မနှိမ့်ချပါနဲ့ ကလေးရယ်။ ကလေးက ဆွေကြီးမျိုးကြီးပါ တော်ရုံထဲက မဟုတ်ပါဘူး"

"ပိုက်ဆံမရှိလို့ကတော့ ဆွေကြီးမျိုးကြီး အနွယ်တော်ဆိုတာလည်း အလကားပါ ဒေါ်ကြီးရယ်။ ဒီနေ့ခေတ်က ငွေရှိမှ လူရာဝင်တာပါ"

"ဘာပဲဖြစ်ဖြစ် ကလေးက ကံကောင်းမှာပါ"

"အဲဒီလို ဖြစ်ပါစေလို့ပဲ ဆုတောင်းနေပါတယ်"

ပြောသာပြောရသည်။ မုံ့ဆုတောင်းက ပြည့်နိုင်မှာ မဟုတ်သည်ကို နေကောင်းကင်အိပ်ခန်းထဲက သူ့ဇနီးလောင်း၏ ဓာတ်ပုံက သက်သေခံနေသည်က နေကောင်းကင်ကို နောက်ထပ် မတွေ့ဖြစ်အောင် နေမည် ဆုံးဖြတ်ရတိုင်း မုံ့ရင်တွေ နာနေသည်။ နှလုံးသားတွေ အစိတ်စိတ်အမွှာမွှာ ဖြစ်နေသည်။

နေကောင်းကင်ကို မတွေ့အောင်ရှောင်နေတော့ သူက မုံ့ကို မရရအောင် ဖွတ်လိုက်ရှာသည်။ နောက်ဆုံး မုံ့ကို ဘယ်လိုမှ ရှာမတွေ့တော့ သူ ဘယ်လိုမှ နေမရတော့ ဂုဏ်တွေ ဂုဏ်သိက္ခာတွေ ထည့်တွက် မနေနိုင်တော့ဘဲ မုံ့ဒေါ်ကြီးကို သူသိချင်တာ ခပ်ပြောင်ပြောင်ပဲ



မေးလိုက်သည်။

"မုံရော ဒေါ်ကြီး၊ မုံ ဘယ်သွားလဲ၊ ကျွန်တော် သူ့ကို တွေ့ချင်လို့ လိုက်ရှာနေတာ မတွေ့ဘူး"

"မုံလေး အိမ်မှာ မရှိဘူးကွဲ့၊ မောင်နေကောင်းကင်ရဲ့ အလုပ် …နဲ့ အပြင်ကို သွားနေတယ်"

"အလုပ်ဟုတ်လား မုံက ဘာတွေ လုပ်နေလို့လဲ"

ထိုကိစ္စ သူ မသိ။ မုံကလည်း နေကောင်းကင်ကိုမပြော။ …မြဲ အိမ်မှာ တွေ့မြင်နေကြမျက်နှာ၊ သူကြားနေကြ ချစ်သူ့အသံကို …မြင်ရ မကြားရတော့ သူ့ရင်တွေ ပူနေသည်။ သူ့ကို ဘာမှမပြောဘဲ …ဘာတွေလုပ်နေလဲ သိချင်လာသည်။ နေကောင်းကင် မုံ ပျောက် …သွား၍ ပျာယာခတ်နေတာကို ဒေါ်ကြီးက ကြည့်နေသည်။ မုံ့ကို …ကယ်ချစ်ကြောင်း မြတ်နိုးကြောင်း သူဖြစ်နေပုံကိုကြည့်ပြီး ဒေါ်ကြီး …သိသည်။ နားလည်သည်။ မုံကလည်း နေကောင်းကင်ကို ချစ် …သည်။ ချစ်ပင်ချစ်သော်လည်း သူမကို လက်ထပ်ယူနိုင်မှာမဟုတ်တာ …လည်း အလိုလို သိနေသည်။

ဒေါ်ကြီးကိုယ်တိုင် နေကောင်းကင်အခန်းထဲက သင်ဇာ့ဓာတ်ပုံ …တွေ့ပြီး နောက်မှာ မုံဆိုလိုရင်းကို သဘောပေါက်လာ၏။ ဦးစိန္တကို …ကောင်းကင်၏ ဇနီးလောင်း ချောကြောင်းလှကြောင်း ပြောရင်း …တလေး၏ အခြေအနေကို စုံစမ်းမေးမြန်းသည်။

နေကောင်းကင် လက်ထပ်မည့် ဇနီးလောင်းက ဆွေကြီးမျိုးကြီး …သည်။ သင်ဇာက တစ်ဦးတည်းသော်သမီး ငွေကြေးချမ်းသာသလို …င်ဇာ့ဖခင်က အာဏာရှိသူ ဖြစ်သည်။ နေကောင်းကင် မိဘတွေနှင့် …င်ဇာ့မိဘတွေက လုပ်ငန်းသဘောချင်း ဆက်စပ်နေသည်။ …မ်းသာ …ယ်ဝတာချင်းအတူတူ လက်ရှိမှာ သင်ဇာ့အဖေက ပိုပြီး အဆက်

www.burmeseclassic.com

www.burmeseclassic.com



အသွယ်ကောင်းသလို သူ့သမီးနှင့် လက်ထပ်သည့်သူမှာလည်း လူမှုရေးအရရော စီးပွားရေးအရပါ ထိပ်ဆုံးနေရာကို ရနိုင်မည် ဖြစ်သည်ဟုဆိုသည်။

ထိုသတင်းကို ဒေါ်ကြီး သိပြီးနောက်မှာ မုံ့အတွက် စိုးရိမ်လာသည်။ မုံ ထိခိုက်နစ်နာမှာကို တွေးကြောက်လာသည့်အတွက် မုံ့ကို သင်ဇာ့အကြောင်း သူ သိသလောက် ဒေါ်ကြီးက သိသိသာသာရော မသိမသာပါ ပြောပြသည်။ တစ်နည်းပြောရလျှင် မုံ့ကို သတိပေးခြင်း ဖြစ်သည်။ အရင်ကလို ကံကိုချည်း အားကိုးချင်စိတ် မရှိတော့။ မုံက နေကောင်းကင်လက်ထပ်မည့် ဇနီးလောင်း ချမ်းသာကြွယ်ဝတာကို သိသော်လည်း ဒေါ်ကြီး သိသလောက်တော့မသိ။ နေကောင်းကင်အကြောင်းလည်း ထိုနည်းတူဖြစ်သည်။

ဘဏ်လုပ်ငန်းနှင့်တကွ တခြားမြောက်မြားလှစွာသော အလုပ်များကို လုပ်ကိုင်နေသော နေကောင်းကင် မိဘတွေ အနေအထားကြောင့် မုံ့မှာ ပြောစရာစကားမရှိ။ ချစ်မိသည်မှန်သော်လည်း လွန်ပြီးသည့်ကိစ္စကို အပြစ်တင်တာထက် နောက်ထပ် ဘာမှ မဖြစ်အောင်နေဖို့သာ ကြိုးစားအားထုတ်ရန် စဉ်စားဆုံးဖြတ်သည်။ မုံ့ကို ပန်းဆောင်ခ စံအိမ်ကြီးက တခြားတစ်နေရာကို သွားရောက်နေထိုင်ရန် စီစဉ်ပေးသူက တခြားသူမဟုတ် ဒေါ်ကြီးကိုယ်တိုင် ဖြစ်သည်။

စိတ်ပြေလက်ပျောက်သဘောမျိုး မုံ့ကို သူ့သူငယ်ချင်း ပအိုဝ့်မကြီး ဒေါ်မင်လာအိမ်ကို ဒေါ်ကြီးကိုယ်တိုင် လိုက်ပို့သည်။ ဒေါ်မင်လာက ခြံလုပ်ငန်း စိုက်ပျိုးလုပ်ကိုင်သူဖြစ်ပြီး ထိုလုပ်ငန်းနှင့် စီးပွားဖြစ်နေသူလည်း ဖြစ်သည်။ မုံ့အတွက် အနေအထိုင် အစားအသောက်တွက် ပူပင်စရာမရှိသလို ပန်းတွေကိုကြည့်ပြီး စိတ်ချမ်းသာအောင် နေထိုင်နိုင်သည့်နေရာဖြစ်သည်။ ထိုကိစ္စကို နေကောင်းကင်



မသိ။ သူ့အလုပ်ကိစ္စနှင့် ခရီးသွားနေတုန်း မုံ ပျောက်သွား၍ နေမထိထိုင်မသာ ဖြစ်နေ၏။

သူ့ကို ဘာမှမပြောဘဲ သူမသဘောနှင့် သူမ လုပ်သွားသည့် မုံ့ကို စိတ်ဆိုးချင်နေသည်။ ဒေါသလည်း ဖြစ်နေသည်။ မုံမရှိရင် သူ မနေတတ်တာကို မုံ သိသင့်သည်။ မုံက သူကို ဘာမှမဖြစ်သလို ခွဲသွားနိုင်ပေမယ့် မုံ့ကို မခွဲနိုင်အောင် ချစ်နေမိသူက မုံမရှိသည့်အရပ်၊ မုံမရှိသည့်နေရာမှာ တစ်စက္ကန့်ပင် နေလိုစိတ်မရှိဘဲဖြစ်နေသည်။

တစ်ရက် နှစ်ရက်တော့ သူ့ကိုယ်သူ ထိန်းသေးသည်။ သုံးရက်မြောက်မှာတော့ ဒေါ်ကြီးကို သူသိချင်တာ ဖြောင့်ဖွင့်မေးသည့်အဖြစ်ရောက်သွားသည်အထိ မုံက သူကို နှိပ်စက်နေ၏။

"တခြားသက်တောင့်သက်သာရှိမယ့် အရပ်မျိုးပေါ့ကွယ်၊ ကလေးခမျာ သူ့အိမ်ကြီးကို မခွဲနိုင်ရှာအောင် ချစ်လွန်းလို့ သံယောဇဉ်ကြီးလွန်းလို့ ကိုယ်ပိုင်တဲ့အိမ်ကြီးမှာ ပြန်အလုပ်လုပ်ပြီး ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနေနေရတာ။ တကယ်ဆို သူ့ပညာအရည်အချင်း သူ့ရုပ်ရည်နဲ့ တခြားတစ်နေရာမှာ အလုပ်ကောင်းကောင်းလုပ်ပြီး တင့်တောင်းတင့်တယ်နေနိုင်တာပဲ မောင်နေကောင်းကင်ရဲ့"

"ဒေါ်ကြီးမှာ တားမရလို့သာ မုံ့လေးကို ဒီအတိုင်းကြည့်နေတာ။ ဒေါ်ကြီးသဘောဆိုရင် မုံ့လေးကို သဘောကျနေတဲ့ သူဌေးတစ်ယောက်နဲ့ လက်ထပ်ပေးပြီး သူ့မိသားစုလေးနဲ့သူ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နေစေချင်လှပြီ"

တစ်ချက်ခုတ် နှစ်ချက်ပြတ် ဒေါ်ကြီးက သူ့သဘောထားကို ပြောသလိုလိုနဲ့ မုံ့ဆိုတာ အချိန်မရွေး လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့် ချစ်စရာမိန်းမချော မိန်းမလှလေးပါဟု သွယ်ဝိုက်ပြောလိုက်တော့ နေကောင်းကင် ငိုင်သွား၏။ ဒေါ်ကြီးပြောနေသည့် စကားတွေက

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှမလွန်။ သူကိုယ်တိုင် မုံ့ကို ဤမျှ အသည်းအသန်ချစ်နေလျှင် တခြားယောကျ်ားတွေလည်း သူ့လို မုံ့အချစ်ကို မုံ့မေတ္တာကို လိုချင်ကြမှာ သေချာသည်။ လှပသော မုံ့ကို ဘယ်ယောကျ်ားမှ မချစ်ဘဲနေနိုင်မည် မဟုတ်။ မုံ့ရုပ်ရည် မုံ့ပညာ မုံ့ဂုဏ်အဆင့်အတန်းနှင့် ချမ်းသာကြွယ်ဝသော ယောကျ်ားတစ်ယောက်ကို အချိန်မရွေး လက်ထပ်နိုင်တာကိုလည်း သူ သိသည်။

မုံ့က သူ့ထက်များစွာ နုနယ်ငယ်ရွယ်သူဖြစ်တော့လည်း တည်ငြိမ်လေးနက်သူ ဖြစ်သည်။ စဉ်းစားတွေးခေါ် ဆုံးဖြတ်နိုင်စွမ်းရှိသူလည်းဖြစ်၍ သူ့ကို မုံ့ထားခဲ့မှာကို စိုးရိမ်လာ၏။

"အခု မုံ့ဘယ်မှာလဲ ဒေါ်ကြီး"

"မုံ့က သူရှိတဲ့နေရာကို ဘယ်သူ့မှ မပြောရဘူးလို့ ဒေါ်ကြီးကို မှာထားတယ် မောင်နေကောင်းကင်ရဲ့"

"တခြားသူတွေကို မပြောရင်နေပါ ကျွန်တော့်ကိုတော့ မုံ့ရှိတဲ့နေရာကို ပြောပါ။ ကျွန်တော့်မှာ မုံ့ကိုတွေ့ပြီး ပြောရမယ့် အရေးကြီးကိစ္စ ရှိနေလို့ပါ"

"မုံ့လေးကတော့ ဒေါ်ကြီးကို အပြစ်မြင်တော့မှာပါပဲကွယ်"

ဒေါ်ကြီးက ခပ်အင်အင်ပုံစံနှင့် နေကောင်းကင်တောင်းသည့် မုံ့နေသည့် နေရာနှင့် လိပ်စာကို ပြောလိုက်သည်။ နေကောင်းကင်က ဘာကိုမှ ဂရုမစိုက်တော့။ ကားကို ကိုယ်တိုင်မောင်းပြီး ဒေါ်ကြီးပြောသည့် လိပ်စာအတိုင်း ချက်ချင်းလိုက်သွားသည်။

ဒေါ်ကျဲပေးသည့်လိပ်စာအတိုင်း သူရောက်သွားတော့ မုံ့ကို မတွေ့။ အိမ်ရှင် အဘွားကြီးက ဒေါ်ကျဲ၏ သူငယ်ချင်းဖြစ်သည်။ ဒေါ်ကျဲက လွှတ်လိုက်တာဟုပြောမှ မုံ့ရှိသည့် ပန်းဥယျာဉ်ကြီးဘက်လက်ညှိုးညွှန်ပြသည်။



"ထိပ်ထားလေး ဟိုဘက်မှာ ရှိတယ် လိုက်သွား"

မုံ့ကို ဒေါ်ကျဲခေါ်သလို ထိပ်ထားလေးဟု ခေါ်ခြင်းဖြစ်ကြောင်း သူ သိလိုက်သည်။ အိမ်ရှင် အဘွားအိုကို ကျေးဇူးတင်ကြောင်းပြောပြီး အဘွားအို ညွှန်ပြသည့် ဥယျာဉ်ဘက် လျှောက်ခဲ့သည်။ ခြံကြီးက ကျယ်ဝန်းပြီး စိုက်ပျိုးထားသည့် သီးနှံတွေလည်း စုံသည်။ လက်ရှိ အလုပ်နေသူတွေကလည်း ခပ်များများဖြစ်၍ အိမ်ရှိလူတွေအားလုံး သူ့အလုပ်နှင့်သူ ရှုပ်နေသည်။ မနက်ဖြန် ဈေးရက်ဈေးရှိသည့်အတွက် ပန်းဝယ် များခြင်းဖြစ်သည်။

မုံ့ကို သူတွေ့ပါပြီ။

"မုံ့"

"ဦးနေကောင်းကင်"

မုံ့လက်ထဲက ပန်းတွေ ပြုတ်ကျသွားအောင် မနည်းသတိထားလိုက်ရသည်။ ဒီနေရာကို သူ ဘယ်လိုလုပ်ပြီး ရောက်လာလဲ နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ဘာစကားမှ မပြောနိုင်ဘဲ တစ်ယောက်မျက်လုံးထဲ တစ်ယောက်နှစ်နေအောင် စိုက်ကြည့်နေ၏။ ရင်ထဲမှာ ကိုယ်စီလှိုင်းထန်နေပေမဲ့ အပြင်မှာတော့ အတတ်နိုင်ဆုံး တည်ငြိမ်အောင် ကြိုးစားနေကြသည်။

"အိမ်ပြန်မယ် မုံ့"

နေကောင်းကင်အသံက အမိန့်သံဖြစ်သည်။ ပြီးတော့ မုံ့ကို ခေါ်ပုံက ပိုင်စိုးပိုင်နင်း။ အိမ်ပြန်ကြမယ်ဆိုပါလား။

"ဟင့်အင်း"

မုံ့ အားတင်းပြီး ခေါင်းခါလိုက်တော့ သူ့မျက်လုံးတွေ အရောင်ဖျတ်ဖျတ်လက်သွားတာ မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မုံ အိမ်မပြန်သေးဘူး"

သူမ ဖြစ်ချင်တာကို ဖျစ်ညှစ်ပြီးပြောလိုက်တော့ တင်းတင်းစေ့သွားသည့် သူ့နှုတ်ခမ်းကို မုံ မကြည့်ရဲတော့ဘဲ ဖြစ်သွားပြီး-

"ကိုယ်တစ်ခုပဲ မေးမယ်၊ မင်း ကိုယ်နဲ့အတူ အခုချက်ချင်း အိမ်ကိုပြန်လိုက်မှာလား မလိုက်ဖူးလား ဒါပဲပြော"

"မုံ့ကို အမိန့်မပေးပါနဲ့"

"ဘာပြောတယ်"

ဒေါသကြောင့် နေကောင်းကင် အသံမာသွားသလို မုံလည်း သူမကို သူပိုင်ပစ္စည်းတစ်ခုလို ပြုမူပြောဆို ဆက်ဆံနေသည့် နေကောင်းကင်ကို ကြည့်ကာ စိတ်ဆိုးခံပြင်းနေသည်။

"မုံဟာ ဦးနေကောင်းကင်ပိုင်တဲ့ ပစ္စည်းမဟုတ်ဘူးလို့ ပြောတာ"

"ဩော်..."

"ဦးနေကောင်းကင်ပြန်ပါ၊ မုံ ဒီမှာပဲ နေဦးမယ်"

"သတ္တိရှိရင် ဆက်နေလေ"

မုံ့ဘက်က ပြတ်သားသလို သူ့ဘက်ကလည်း အလျှော့မပေးသဖြင့် မုံ ငိုချင်လာသည်။ တစ်ယောက်နှင့်တစ်ယောက် စူးစိုက်ကြည့်နေသည် အကြည့်တွေကို ဘယ်သူမှမလွှဲ။ သူ ဘာဖြစ်လို့ ဒီအထိ လိုက်လာရတာလဲ။ မုံ့ကို ဘာဖြစ်စေချင်လို့လဲ။ သူကိုယ်တိုင် လက်ထပ်ရမယ့် မိန်းမတစ်ယောက်လုံး ရှိနေရက်နဲ့ မုံ့ကို ဘယ်အထိ ဒုက္ခပေးချင်လို့ မုံ့ရှေ့ကို ရောက်လာပြီး မုံ့ကို အမိန့်တွေ ပေးနေရတာလဲ။

မုံကရော။

သူ အမိန့်ပေးတိုင်း၊ သူ ခိုင်းစေတိုင်း လိုက်လုပ်နေရမယ့်



အရုပ်လေးလား။

"ဦးနေကောင်းကင်"

"မုံ တောင်းပန်ပါတယ် အစ်ကိုရယ်၊ မုံ ဒီမှာပဲ နေပါရစေ။ ပန်ဆောင်ခကို မုံ ပြန်မလိုက်ပါရစေနဲ့"

"အကြောင်းပြချက်က ဘာလဲပြော"

"ရှင်"

"ကို့ကို ဒီထက်ပိုပြီး အခံရခက်အောင် မလုပ်ပါနဲ့တော့ မုံ၊ ပန်ဆောင်ခမှာ မင်းမရှိဘဲ ကိုယ်မနေတတ်တော့ဘူးဆိုတာ မင်းသိပါတယ်"

"ကိုယ်ရူးတော့မယ်မုံ၊ မင်းကိုသိပ်ချစ်လို့ ကိုယ်ရူးတော့မယ်ဆိုတာ မင်းသိရဲ့လားဟင်"

မုံလည်း အစ်ကိုနဲ့အတူတူ ရူးချင်နေတာပါဆိုတာကို မုံ့ပါးစပ်က ထုတ်မပြောပေမယ့် မုံ့စိတ်ထဲကတော့ ပြောနေသည်။

"မင်း ကိုယ့်ကို မချစ်တော့ဘူးလားမုံ"

"အစ်ကို့ကို မုံချစ်တယ်"

"အခုလည်းချစ်တယ် နောက်ကိုလည်း အမြဲချစ်နေမှာပါ အစ်ကို"

"အစ်ကို့ကို ချစ်ရင် အစ်ကို့ကို ဘာလို့ရှောင်နေရတာလဲ မုံရယ်"

"မဖြစ်နိုင်တဲ့ ဘဝမှာ ဒီလိုနေကြတာ အစ်ကို့အတွက်ရော မုံ့အတွက်ပါ အကောင်းဆုံးပါအစ်ကို"

"အစ်ကို မုံ့ကို လက်ထပ်မယ်လို့ ပြောပြီးပြီပဲ"

"ကျေးဇူးတင်ပါတယ် အစ်ကို"

"မင်း ကိုယ့်ကို အရွဲ့တိုက်နေတာလား မုံ"

www.burmeseclassic.com

www.burmeseclassic.com



မုံ နာကြည်းစွာ ပြုံးသည်။

"မုံလို မိန်းမလေးတစ်ယောက်က အစ်ကို့လိုလူတစ်ယောက်ကို အရွဲ့မတိုက်ရဲပါဘူး အစ်ကိုရယ်။ မုံ့ကို အစ်ကို လက်ထပ်မယ်လို့ ပြောတဲ့ စကားကို တကယ် ကျေးဇူးတင်လို့ တင်ကြောင်းပြောတာပါ"

"ကိုယ်တို့ ဒီနေရာက အမြန်ဆုံး သွားကြပါစို့ မုံရယ်။ ကြာရင် ကိုယ့်စိတ်ကို ဒီထက်ပိုပြီး မထိန်းနိုင်ရင် အားလုံးခက်ကုန်မယ်"

စိတ်ရှိသလောက်သာ သူ့စိတ်ကို လွှတ်ပေးလိုက်ရရင် သူ့ရင်ခွင်ထဲ မုံ ဘာစကားမှ ဆိုခွင့်ရတော့မည် မဟုတ်။

"ကိုယ်တို့ ဟိုဘက်ကို လမ်းလျှောက်ရအောင်"

မုံက သူ့ကို ဘာမှမပြော။

မတုန့်မလှုပ်လုပ်နေတာကို နေကောင်းကင် ဆက်သည်းမခံနိုင်တော့လောက်အောင် အသည်းယားလှပြီဖြစ်၍ သူတို့ကို ဘယ်သူမှ ရှုတ်တရက် မမြင်တွေ့နိုင်သည့် သရက်ပင်ကြီးရှိရာ ခေါ်လာခြင်းဖြစ်သည်။ မုံက သူ့အကြံကို မသိ။ နေကောင်းကင် ဘယ်လိုခေါ်ခေါ် ပန်ဆောင်ခကို ပြန်မလိုက်နိုင်အောင် သူ့စိတ်ကိုသူ နောက်ဆုံး အချိန်အထိ တင်းထားရန် စဉ်းစားနေ၍ အကြံသမား၏ စိတ်ကူးကို မသိဘဲ နေကောင်းကင် ဦးဆောင်လျှောက်သွားသည့် နောက်ကို သူမအတွေးနှင့် သူမ တိတ်ဆိတ်စွာ ပါလာသည်။

"မုံ"

"အို... အစ်ကို... မုံ့ကိုလွှတ်ပါ"

မုံ့ကိုယ်လေးကို သရက်ပင်စည်ရင်းအရောက် ဆွဲခေါ်သွားသူက နေကောင်းကင်။ လွမ်းသမျှ အတိုးချသည့် ချစ်အနမ်းတွေက ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း။ မုံ့နှုတ်ခမ်းတွေ မလွှတ်တမ်း ဖိကပ်စုပ်နမ်းသည်။ လည်တိုင် ရင်ညွှန့်ဖွေးဖွေးတွေမှာ နေကောင်းကင် ချစ်အနမ်းတွေက



တမ်းတမ်းတတ။

"လူတွေမြင်ကုန်တော့မှာပဲ အစ်ကိုရယ် မုံ့ကိုလွှတ်ပါ"

"လွှတ်စေချင်ရင် ကိုယ်နဲ့ ပန်ဆောင်ခကို ပြန်လိုက်ပါ့မယ်လို့ ပြော၊ မပြောရင် ဘယ်သူတွေ ဘာထင်ထင် ကိုယ်ဂရုမစိုက်ဘူး"

"ပြော ကိုယ်နဲ့ပြန်လိုက်မှာလား"

"အစ်ကို့ကို မုံ အရှုံးပေးပါပြီ အစ်ကိုရယ်၊ ပန်ဆောင်ခကို မုံ ပြန်လိုက်ခဲ့ပါတော့မယ်"

"သင်ခ့ံယူ"

အေးစက်နေသော မုံ့နှုတ်ခမ်းအစုံ အချိန်အတော်ကြာ နွေးထွေးသွားသည်။ ခေါ်ကျဲ့သူငယ်ချင်း ခေါ်မင်လာကို နှုတ်ဆက်ပြီး မုံတို့ ပြန်တော့ အဘွားကြီးက မုံတို့အတွက်ဟုဆိုကာ ခြံထွက် အသီးအနှံတွေ လက်ဆောင်ထည့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အချိန်တိုင်းက မုံ့အတွက် ရင်ခုန်ကြည်နူးစရာ၊ စိတ်လှုပ်ရှားစရာ ပျော်စရာအချိန်တွေချည်း ဖြစ်နေသည်။ မုံ့ဘဝမှာ ဤမျှ တစ်ခါမှ မပျော်ခဲ့ဘူး။ အချိုမြိန်ဆုံး အိပ်မက်များက မုံ့ရင်ထဲက မဖြစ်နိုင်တာတွေ။ နာကြည်းစရာတွေကို မေ့ပစ်သည့်အထိ မုံ့ကို ဆွဲခေါ်သွားသည်။ လူလစ်သည်နှင့် နေကောင်းကင်က မုံ့ကို ချစ်အနမ်းတွေ တစ်သီကြီး ပေးတတ်သလို မုံ့ကို သူ့နားမှာ အချိန်ပြည့်ခေါ်ထားရန် အကြံနှင့် မုံ့ကို သူ့အတွင်းရေးမှူးမလေးအဖြစ် ပြောင်းလဲ အလုပ်ခန့်သည်။

"မုံ့ မလုပ်ချင်ဘူး အစ်ကိုရယ်၊ လူတွေ အမြင်မှာ အစ်ကိုနဲ့ တတွဲတွဲ ဖြစ်နေတာကို မုံ့ မကြိုက်ဘူး။ တစ်ချိန်ချိန် အစ်ကိုက မုံ့ကို ထားသွားခဲ့ရင်လည်း လူမသိသူမသိ တိတ်တိတ်လေး ကျိတ်ငိုပြီး တိတ်တိတ်လေးပဲ လူမမြင် သူမမြင် ကျန်ခဲ့ချင်တယ်"

"ဘယ်သူက မုံ့ကို ထားခဲ့မယ်ပြောလို့၊ မုံက ဒီစကားတွေ ပြောနေရတာလဲ မုံ့ကို လက်ထပ်ဖို့ ကိုယ်ဆုံးဖြတ်ပြီးပြီ"



ကြားသာ ကြားလိုက်ရသည် နေကောင်းကင်စကားကို မယုံကြည်။ သို့သော် မျက်နှာညှိုးသွားသည် ချစ်သူမျက်နှာကို မြင်တော့ မုံ့ရင်ထဲက ခံစားချက် အစစ်အမှန်ကိုသိမ်းပြီး ချစ်သူပျော်အောင်၊ ချစ်သူ စိတ်ချမ်းသာအောင် ကြိုးစားပြုံးသည်။

"ဟုတ်ပါပြီ၊ အစ်ကို ပြောတဲ့အတိုင်း မုံ့တို့ လက်ထပ်တဲ့အခါကြမှပဲ အစ်ကိုအနားမှာ မုံ့ အတူရှိနေပါရစေနော်။ အခုတော့ အစ်ကို ပေးတဲ့ အလုပ်ကို မုံ့ မလုပ်ပါရစေနဲ့"

သူပေးသည့်အလုပ်ကို တခြားမိန်းကလေးတစ်ယောက်ဆို ဝမ်းသာအားရ လက်ခံမှာဖြစ်ပေမဲ့ မုံ့ကြတော့ သူမရှေ့ရေးကို ကြိုတင်မျှော်တွေးပြီး လက်မခံမှန်း သူသိသည်။ မုံက အသက်အရွယ်နှင့်မလျှော် အတွေးအခေါ်စဉ်းစားဉာဏ် ရင့်သန်သလို ကိစ္စတိုင်းကို တည်ငြိမ်လေးနက်စွာ စဉ်းစားဆုံးဖြတ်တတ်တာကို နေကောင်းကင် သဘောကျသည်။ အထင်ကြီးသည်။

"ကောင်းပြီ၊ မုံ့ လက်မခံချင်တဲ့အလုပ်ကို ဖွတ်လုပ်ပါလို့ အစ်ကို မပြောဘူး။ မုံ့လည်း အစ်ကို မကြိုက်တာကို မလုပ်ပါဘူးလို့ ကတိပေး"

"အစ်ကိုကလဲ"

မုံ့အသံက မပွင့်တပွင့်။

ဖန်ဆောင်ခအိမ်ကြီးထဲမှာ မုံ့ကို အရင်လို ဘာတစ်ခုမှ ပင်ပင်ပန်းပန်း မလုပ်ရဟု နေကောင်းကင် အမိန့်ထုတ်ထားသည်။ ဒေါ်ကြီးအတွက် အကူမိန်းကလေးတစ်ယောက်ကို သူကိုယ်တိုင် ရှာပေးထားပြီး မုံ့တို့ ဘာအလုပ်မှ မလုပ်စေရဘဲ လခတွေ ဒီအတိုင်းပေးထားတာကို မုံ့က မကြိုက်။

"အစ်ကိုကလည်း လုပ်မနေနဲ့၊ မုံ့ဟာ ကိုယ့်ချစ်သူ၊ ကိုယ့်ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လုံး ပင်ပန်းတဲ့ အလုပ်တွေ စိတ်ထင်တိုင်း လျှောက်လုပ်နေတာကို ကိုယ်က ဘာမှမဖြစ်သလို ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား"

"မို့ ဘာမှမလုပ်ဘဲ အစ်ကိုပေးတဲ့လစာကို ဒီအတိုင်း မယူနိုင်ဘူး အစ်ကို"

မို့ကလည်း သူ့ဘက်က ခံစားချက်ကို ထုတ်ပြောသည်။

"ဘယ်သူက မို့ကို ဒီအတိုင်း လစာပေးမယ်ပြောလဲ၊ မို့မှာ အလုပ်ရှိတယ်"

"မို့က ဘာလုပ်ရမှာလဲ"

"အစ်ကို့ အခန်းကို ရှင်းရမယ်၊ အစ်ကို ထမင်းစားရင် မို့ ကိုယ်တိုင် ပြင်ပေးရမယ်၊ ကိုယ် ရုံးသွားရင် ကိုယ့်အတွက် လိုအပ်တဲ့ ပစ္စည်းစစ်ပြီး ထည့်ပေးရမယ်"

နေကောင်းကင် အကြံကိုသိ၍ မို့က ပြုံးလိုက်သည်။

"ဒါတွေအကုန်လုံး အစ်ကို့ အကြံအစည်တွေ မဟုတ်လား"

"သိရင်လည်း မေးမနေနဲ့၊ ဒီလိုမှ ကျုပ်က ခင်ဗျားကို တွေ့ရမှာ မဟုတ်လား။ ဒီလိုမှမလုပ်ရင် လူအလစ်ချောင်းနေရတာနဲ့ပဲ ဘာ တစ်ခုမှ အလုပ်ဖြောင့်အောင် မလုပ်နိုင်ဘူး"

သူပြောတာမှန်နေ၍ မို့ ခစ်ခနဲရယ်လိုက်တော့ သူက စိတ်မထိန်း နိုင်သလို မို့နှုတ်ခမ်းလေးကို ငုံ့နမ်းသည်။

"အစ်ကိုနော် ဟိုမှာ ဒေါ်ကြီး ကြည့်နေတယ်"

အားလုံးအိပ်ချိန်မှာ မိုးမခပင်ကြီးအောက် သူတို့ ရောက်ကြသ[ည်]။ တစ်ယောက်နှင့်တစ်ယောက် ချစ်မဝ၊ ကြည့်မဝ၊ ကြင်နာမဆုံး ဖြစ်[ခဲ့] ကြသည်။ နေကောင်းကင်က သူ့အကြောင်း သူ့မိသားစုအကြော[င်း] မို့ကိုပြောပြတတ်သလို မို့ကလည်း သူမအကြောင်း သူမ မိသား[စု]



အကြောင်း နေကောင်းကင်ကို ကြည်နူးစရာ ပျော်စရာအမှတ်တရတွေအကြောင်း ပြောသည်။ ရင်ခုန်စရာများဖြစ်သည်။

"သိပ်ချစ်တယ် မို့ရယ်"

"မို့ ရောပဲ"

မဆုံးနိုင်သော ချစ်ခရီးရှည်ကြီးကို မမောတမ်း လျှောက်မိကြပြန်သည်။

အနီးကပ်အတူနေတော့မှ နေကောင်းကင်ကို မို့ ဘယ်လောက် ချစ်နေမှန်း သူမကိုယ်သူမ သိသည်။ ယောက်ျားပီသစွာ တည်ကြည်ခန့်ညားသောမျက်နှာ။ စူးရှထက်မြက်သည့် ပညာဉာဏ်ကြီးမားသော မျက်လုံးများ။ မို့ကို သူတကယ်ချစ်မှန်း မို့ သိသည်။ မို့နှင့်ရှိနေသည့် အချိန်မှာ ကလေးတစ်ယောက်လို မိုးမမြင်လေမမြင်ပျော်နေတတ်သူက တစ်ခါတလေ မို့ကွယ်ရာမှာ ငေးငိုင်တွေဝေနေတာမြင်ရတော့ ချစ်သူကိုကြည့်ပြီး မို့ စိတ်မကောင်း။

"နေမကောင်းဘူးလား အစ်ကို"

"ကိုယ်နေကောင်းပါတယ် မို့ကို ပြောစရာရှိလို့"

"ဘာလဲဟင် မို့ကို ထားသွားတော့ မလို့လား"

မို့ မျက်နှာပျက်သွားကာ မျက်နှာပေါ်က အပြုံးတို့ကွယ်ပျောက်သွား၍ နေကောင်းကင် သက်ပြင်းချသည်။ တစ်နေ့မဟုတ်တစ်နေ့ တစ်ချိန်မဟုတ်တစ်ချိန် သူရင်ဆိုင်ရမည့်အချိန်ကို ရောက်လာပြီး ဖြစ်သည်။

"ဘာဖြစ်လို့ မျက်နှာကပျက်သွားရတာလဲကွာ၊ ကိုယ်ပြောတာ အရင်နားထောင်ပါဦး"

မို့ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူပြီး အိတွေးပျော့ပျောင်းသည့် မို့ဆံနွယ်လေးကို အသာရှိုက်နမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို သွားတော့မှာ မဟုတ်လား"

"အစ်ကိုက ဘယ်ကိုသွားရမှာလဲ၊ ကိုယ် ဘယ်တော့မှ မသွားပါဘူးကွာ၊ မုံထင်သလို မဟုတ်ပါဘူး"

"တကယ်လားအစ်ကို အစ်ကို ဘယ်ကိုမှမသွားဘူးလား"

မုံက သူမျက်နှာကို ရင်ခွင်ထဲက အားကိုတစ်ကြီး မော့ကြည့်သည်။ မုံ့အကြည့်လေးတွေမှာ သူ့ကိုချစ်သော ချစ်ခြင်း။ မြတ်နိုးခြင်းနှင့်အတူ သူနှင့်ခွဲရမှာ ကြောက်သည့် ဝမ်းနည်း ကြေကွဲမှုတွေ ရောထွေးနေသည်။

"သင်ဇာလိုက်လာမလို့တဲ့"

"အို..."

မုံ့မျက်လုံးအစုံက ချက်ချင်း ရီဝေမှိုင်းသွားကာ သူမကိုယ်လေးကို နေကောင်းကင်ရင်ခွင်ထဲ အသာရုန်းထွက်လိုက်သည်။ ပိုင်ရှင်အစစ် လိုက်လာပြီပဲ။

"မုံ"

"မုံနားလည်ပါတယ် အစ်ကို၊ မုံ ဘာလုပ်ပေးရမယ်ဆိုတာကိုသာ ပြောပါ"

မုံ့အသံက ဟိုးအဝေးကြီးက ပျံလွင့်လာသလို ထင်ရသည်။ ပျော်စရာရက်လေးတွေ အဆုံးသတ်ပြီဟု နားလည်လိုက်တော့ မုံ့နှလုံးသားတွေ အဆမတန် နာကျင်သွားသည်။

"မုံဘာမှ လုပ်ပေးစရာ မလိုပါဘူးအချစ်ရယ်။ သင်ဇာ လိုက်လာမယ်ဆိုတာ မုံသိအောင် ကိုယ်ပြောပြတာပါ။ ကိုယ် သူ့ဆီကို ဖုန်းမဆက်တာကြာပြီ မုံ။ ဖုန်းဆက်မိရင်လည်း သူ့နဲ့ပြောရတာ အဆင်မပြေဘူး။ သူနဲ့လည်း စကားပြောချင်စိတ် မရှိတာနဲ့ မဆက်ဖြစ်ဘူး"

"သူကြားချင့်တဲ့စကား အရင်က အစ်ကို ပြောနေကြစကားတွေ



အစ်ကိုပါးစပ်က တစ်ခု တစ်လုံးမှ ပြောလို့မရတော့ဘူးမို့ သူ့ကို အစ်ကို မညာချင်ဘူး။ သူ ဒီကိုလာတာ အစ်ကို့ကို စိတ်မချလို့ လိုက်တာတာဆိုတာ အစ်ကိုသိတယ်။ ဒီလိုဖြစ်မယ်မှန်းသိရင် အစ်ကို အစောကြီးက စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်းပြီး ကိုယ် ဘာလုပ်ရမှန်း မသိတော့ဘူး မုံ့ရယ်"

"အစ်ကို့ကို ခွင့်လွှတ်ပါ"

စိတ်ဆင်းရဲနေသည့် နေကောင်းကင်မျက်နှာကိုကြည့်ပြီး မုံရင်ထဲ အလွန့်အလွန့် စိတ်မချမ်းမြေ့ဘဲဖြစ်သွားဖြစ်သည်။ နေကောင်းကင် စကားတွေက မုံ့၏ နုနယ်ပျိုရွယ်သော နှလုံးသားကို ဓားဦးချွန်ဖြင့် တစ်ဆုံး ထိုးချစိုက်သွင်းလို့သကဲ့သို့ နာကျင်ခံစားနေရသည်။ သူ့လို ယောကျ်ားရင့်မာကြီးတစ်ယောက်ကိုယ်တိုင်က ဘာလုပ်ရမှန်း မသိတော့ပါဟု ဆိုလာမှတော့ မုံလို နုနုနယ်နယ် မိန်းမသားတစ်ယောက် ဆိုဖွယ်ရာ မရှိ။

မုံက သူမ မျက်စိရှေ့က မိုးမခပင်ကြီးကို ငေးကြည့်လျက် သူမ ရင်ဆိုင် ကြုံတွေ့ရမည့် လောကဓံကို ကျိတ်မှိတ်ခံနိုင်အောင် အားထုတ်နေသကဲ့သို့ ဖြစ်သည်။ ချစ်သူ၏ စိတ်ဆင်းရဲနေသော မျက်နှာက မုံ့ရင်ကို မီးနှင့်လောင်မြိုက်နာကျင်စေသည်။ နေကောင်းကင်ကို လုံးဝ အပြစ်မတင်။ သူမရင်ထဲက ဝမ်းနည်း ကြေကွဲမှုကိုသာ အပြင်သို့ ပွင့်ထွက်မလာအောင် ကြိုးစားနေ၏။

သင်ဇာက မုံလောက် မချော၊ မုံလိုလည်း မလှ။ သို့သော် သင်ဇာ၏ ချမ်းသာကြွယ်ဝမှုနှင့် သင်ဇာ ဖခင်၏ တန်ခိုးသြဇာ ထက်မြက်မှုကိုက ဘယ်သူမှ လိုက်မမီ။

"မုံကို အစ်ကို ချစ်တယ်"

"မုံလည်း အစ်ကို့ကို ချစ်ပါတယ်။ ဒါပေမယ့် မုံတို့ အချစ်က

www.burmeseclassic.com

www.burmeseclassic.com



တကယ်လက်တွေ့ဘဝမှာ ဘာမှအသုံးမဝင်ပါဘူး အစ်ကိုရယ်။ ဖြစ်လဲ မဖြစ်နိုင်ပါဘူး။ ဒါကို အစ်ကိုလည်း သိပါတယ်၊ အစ်ကိုဘဝ အစစ် အမှန်ထဲကို မုံ ဝင်လာလို့မရသလို မုံ့ဘဝထဲကိုလည်း အစ်ကို့ကို ဆွဲမခေါ်ရက်ပါဘူး”

“အစ်ကို သင်ဇာ့ကိုပဲ လက်ထပ်ပါ။ မုံ အစ်ကို့ကို အပြစ်မတင် ပါဘူး။ အခုလည်း အစ်ကို့မှာ အပြစ်မရှိဘူး။ နောင်ကိုလည်း အပြစ် ဖြစ်လာစရာမရှိပါဘူး အစ်ကို”

ပြောရင်း မုံ မျက်ရည်ဝဲလာသဖြင့် မျက်နှာကို တစ်ဖက် လှည့် လိုက်ရသည်။ မုံ့ကြောင့် ဆုံးဖြတ်ရခက်နေသည့် နေကောင်းကင် ကိုယ်စား မုံက နေကောင်းကင်ဘဝကို ဝင်ဆုံးဖြတ်ပေးနေတာကို နားထောင်ပြီး နေကောင်းကင် ကိုယ့်ကိုကိုယ် မုန်းလာသည်။ မိန်းမ သားဖြစ်သည့် မုံကိုယ်တိုင်က ပြတ်သားစွာ ဆုံးဖြတ်နိုင်ပေမဲ့ သူ ကိုယ်တိုင်ကတော့ မုံ့လို ရဲရင့်စွာ မဆုံးဖြတ်နိုင်။ တွေဝေမှုတွေနှင့် တုံ့ဆိုင်းနေ၏။ မုံ့ကို အသည်းပေါက်မတတ် ချစ်သော်လည်း တကယ် လက်ထပ်ဖို့ကြတော့ သူကိုယ်တိုင် သတ္တိမရှိသလို ဖြစ်နေသည်။

သင်ဇာက မုံ့လို မချောမလှသော်လည်း သင်ဇာ့မှာ ကြီးမား သော ဩဇာအာဏာနှင့် ချမ်းသာကြွယ်ဝမှုက ဘယ်သူနှင့်မှ နှိုင်းယှဉ် လို့မရ။ အချစ်ကို ထည့်တွက်စရာ အကြောင်းမရှိလျှင် သင်ဇာက သူ့အတွက် အကောင်းဆုံး ဇနီးမယားဖြစ်သည်မှာ သေချာသည်။ အခု သူ့မှာ မုံ ရှိသည်။

မုံ့ကို ချစ်သည့် အချစ်ကို သင်ဇာလို မိန်းကလေး နားလည်မည် မဟုတ်။ နေကောင်းကင်မာမီကိုယ်တိုင်လည်း သိချင်မှ သိမည်။ ဒယ်ဒီနှင့် မာမီ လက်ထပ်ခဲ့ကြတာလည်း တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင် မခွာရက်အောင် ချစ်ခဲ့ကြ၍ မဟုတ်။ လူကြီးတွေ သဘောကျ



ဂုဏ်ဂုဏ်ချင်း၊ ငွေငွေချင်း ပေါင်းစည်းကြသည့် ပွဲတစ်ခု ကျင်းပ ခြင်းသာဖြစ်သည်။

အခုချိန်ထိ ဒယ်ဒီ မာမီကို မချစ်သလို မာမီကလည်း ဒယ်ဒီကို မချစ်။ သားသုံးယောက်သာ မွေးလာသည်။ ဒယ်ဒီက သူ့ရုံးအလုပ် တာဝန်၊ ကုမ္ပဏီကိစ္စတွေနှင့် အမြဲအလုပ်ရှုပ်နေသလို မာမီကိုယ်တိုင် ကလည်း သူပိုင် ဟိုတယ်လုပ်ငန်း၊ ရတနာလုပ်ငန်းနှင့် အချိန်ကုန် နေသူ။ ငွေမရှိ၊ ဂုဏ်မရှိလျှင် ဘယ်သူ့ကိုမှ မာမီက ကြည့်မရ။ ဆင်းရဲသားဆိုလျှင် အဖက်မလုပ်။ အဆင့်အတန်းမတူလျှင် စကားပင် မပြော။ မာမီ အရောတဝင် ပေါင်းသင်းဆက်ဆံသူ၊ မာမီစကားပြော သည့် လူတွေက မာမီထက် ချမ်းသာကြွယ်ဝသူ၊ ဩဇာအာဏာ ရှိသူတွေသာ ဖြစ်သည်။

မာမီခေါင်းထဲမှာ ငွေပဲရှိသည်။

တခြားဘာမှမရှိ၊ နေကောင်းကင်က သူ့မာမီကို အချစ်အကြောင်း ပြောလျှင် သူ့ကို အထင်မြင်သေးသလို ကြည့်မည်။ အဓိပ္ပာယ်မရှိသည့် အရူးစကားတွေဟု ဆိုမည်။ ဒါ့အပြင်မရှိ၊ မုံ့ကို သူလက်ထပ်လိုက်လျှင် နောက်ဆက်တွဲဖြစ်လာမည့် ပြဿနာတွေက တစ်ပုံကြီး ဖြစ်သည်။

“ဘာမှ စဉ်းစားမနေပါနဲ့ အစ်ကိုရယ် မုံပြောတဲ့အတိုင်းသာ သင်ဇာ့ကို လက်ထပ်ပါ။ အဲဒါကမှ အစ်ကို့ဘဝအစစ်အမှန် အစ်ကို့ရဲ့ လက်တွေ့ဘဝပါ”

“ကိုယ်က ငြင်းရင်ရော”

“အစ်ကိုကိုယ်တိုင် သဘောတူလို့ နှစ်ဖက်လူကြီးတွေရှေ့မှာ စေ့စပ်ကြောင်းလမ်းခဲ့တာပဲ”

“စေ့စပ်တာက ဖျက်လို့ရပါတယ်”

သင်ဇာက ချမ်းသာသလောက် မောက်မာသည်။

www.burmeseclassic.com

www.burmeseclassic.com



မုံ့ကို သူလက်ထပ်လိုက်လျှင် သူ့ဘဝ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေသော သင်ဇာကို စွန့်လွှတ်ရမည်။ သင်ဇာကို စွန့်လွှတ်ခြင်းက သူ့ဘဝ၏ အနာဂတ်ခရီးကို စွန့်လွှတ်ခြင်းလည်း ဖြစ်သည်။ တွေးရင်း သူ့ကိုယ်သူ ပိုမုန်းလာသည်။

"ကိုယ်ပြတ်သားရမယ်မုံ၊ သူလာရင် အဖြစ်မှန်အတိုင်း သင်ဇာကို ကိုယ်ဖွင့်ပြောမယ်"

"သူနဲ့အစ်ကို လက်ထပ်လိုက်ရင် မုံ့အကြောင်း သူဘယ်တော့မှ မသိနိုင်တော့ပါဘူး အစ်ကိုရယ်။ မုံ့အကြောင်း သူ့ကို သွားမပြောပါနဲ့..."

"သူ ဘယ်နေ့ရောက်မှာလဲဟင်"

"မနက်ဖြန်"

"စောစောကတည်းက ပြောရောပေါ့ အစ်ကိုရယ်"

ဘုရား... ဘုရား။

မုံ ဒီထက်ပိုပြီး ရင်နာစရာမရှိတော့ဘူးထင်ပါရဲ့။

"မုံသွားရတော့မလား အစ်ကို"

"ကို့ကို မုံ မုန်းသွားပြီလားဟင်"

မတရားမုန်းသိသိနှင့် မေးလိုက်မိပြီးမှ သူ့ကိုယ်သူ နာကြည်းသွားသည်။

"ဟင့်အင်း... အစ်ကို့ကို မုံ မမုန်းပါဘူး"

မုံ့ကိုယ်မုံပဲ မုန်းတာပါဆိုတာကိုတော့ မုံ့စိတ်ထဲက ပြောနေ၏။

"ကိုယ်ဟာ သိပ်ကို အတ္တကြီးတဲ့သူပါ မုံ"

"ဒါမျိုးတွေက လူသားတိုင်း အမြဲရင်ဆိုင် ကြုံတွေ့နေရတဲ့ ကိစ္စပါ အစ်ကို၊ အတ္တကြီးတာ မဟုတ်ပါဘူး"

ဒီအဖြစ်မျိုး သူ့ဘဝမှာ တစ်ခါမှ မကြုံဖူးသလို တစ်ခါမှလည်း



ဒီလောက်ကြီး စိတ်ပင်ပန်းဆင်းရဲတာမျိုးလည်း နေကောင်းကင် မခံစားဘူး၍ စိတ်ဆင်းရဲကြီးစွာ မုံ့မျက်နှာလေးကို စိတ်မချမ်းသာစွာ ကြည့်လိုက်သည်။

"အစ်ကို သိပ်ပင်ပန်းနေပြီ"

မုံက သူ့ကိုကြည့်ပြီး အကြင်နာဆုံးပြုံး၍ အနူးညံ့အညင်သာဆုံး စကားကို ဆိုပါသည်။ နေကောင်းကင်က မုံ့လောက်ပင် မရင့်ကျက်နိုင်ဘာတွေးပြီး သူ့အသည်းတွေ တစ်စစီ ကြွေသွားသည်။ သူ့နှုတ်ဖျားက မုံ့ကိုချစ်ကြောင်း၊ မြတ်နိုးကြောင်းတွေ တဖွဖွသာ ပြောနေခဲ့သည်။ အကယ်၍လက်တွေ့ ရင်ဆိုင်လာရချိန်မှာ နေကောင်းကင်ကိုယ်တိုင် ချစ်သူရှေ့က မားမားရပ်ပြီး ကာကွယ်ပေးနိုင်စွမ်း မရှိ။ မုံက သူ့ကို ပြန်ပြီး ကာကွယ်ပေးနေသည်။ သူ ဘာမှမဖြစ်အောင် ပြန် စောင့်ရှောက်နေသည်။ မုံ သူ့ကို တယ်လောက်ချစ်ကြောင်း၊ မြတ်နိုးကြောင်း သက်တွေ့ သက်သေပြနေပြီ။

"မုံ"

"ရှူး... အခုချိန်ကစပြီး အစ်ကို မုံ့ကို ဘာမှမပြောပါနဲ့တော့နော်၊ အစ်ကို စိတ်အေးအေးထားပြီး အနားယူလိုက်ပါ"

မုံရယ်။

ချစ်သူနှစ်ယောက်ရဲ့ နောက်ဆုံးည ဖြစ်သည်။

မုံက ဘာဆိုဘာမှ မစဉ်းစားတော့။ ချစ်သူ့အလိုဆန္ဒကို အစွမ်းကုန် အလိုလိုက် ဖြည့်ဆည်းပေးရင်း နောက်တစ်နေ့မှာ ရင်ဆိုင်ရမည့် အရာအားလုံး ချစ်စကားသံအောက်မှာ မှုန်းနစ်မေ့ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

လက်ကနာရီကို သူ နောက်တစ်ကြိမ် ထပ်ကြည့်လိုက်သည်။ လေယာဉ်က ရောက်ရမည့်အချိန်ထက် တစ်နာရီနောက်ကျနေ၏။ မျက်လုံးတွေက ရီဝေအုံ့မှိုင်းနေသည်။ သင်ဇာ့အကြောင်းတွေးပြီး တစ်ညလုံး အိပ်မရ။ ဆောက်တည်ရာမရ ဖြစ်နေသည်။ သင်ဇာ့အဖေက သင်ဇာ ခရီးစဉ်ကို စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။

ဟော... လေယာဉ်လာပြီ။

တဖြည်းဖြည်းနဲ့ ဝဲ၍နိမ့်ဆင်းလာသည့် လေယာဉ်က ပြေးလမ်းဆီကို ဦးတည်လာကာ ငြိမ့်ငြိမ့်လေး ရပ်သွားသည်။ လေယာဉ်ပေါ်က ခရီးသည်တွေ တစ်ယောက်ပြီးတစ်ယောက် ဆင်းလာသည်။ သင်ဇာကို အဖြူရောင်ဝတ်စုံနှင့် တက်ကြွပြုံးပျော်နေတာ မြင်လိုက်ရတော့ သူ့ဒယ်ဒီမျက်နှာကို ပြေးမြင်လိုက်မိသည်။ သူ့သမီးကို လက်မထပ်နိုင်ပါဟု ငြင်းလိုက်လျှင် ဖြစ်လာမည့်ပြဿနာကို မတွေးရဲသလို ဖြစ်သွားကာ သင်ဇာရှိရာ လှမ်းကြည့်လိုက်၏။ သင်ဇာက သူ့ကိုမြင်တော့ ဝမ်းသာအားရပြုံးပြီး လက်ပြသည်။



သင်ဇာလည်း လှပါသည်။ အဖိုးတန် အသုံးအဆောင် အဝတ်အစားများ၊ ပစ္စည်းများက သင်ဇာ့အလှကို အားဖြည့်ထားသည့်အတွက် ပို၍လှသည်။ ပိုကြည့်ကောင်းသည်။ သို့သော် မုံ့လို အလှမျိုးတော့ သူ့မှာ မရှိ။ သင်ဇာက သူ့ဆီပြေးလာသည်။ နေကောင်းကင်ကိုယ်တိုင် သင်ဇာရှိရာ ပြေးသွားမည့်ဟန်ပြင်ပြီးမှ တစ်စုံတစ်ခုက သူ့ကို အားဆီး ထားသည့်နှယ် ခြေအစုံက တုံ့ရပ်သွား၏။ အတာတ်နိုင်ဆုံး ပြုံးပြီး ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

"ဟေး... မောင်"

"သင်ဇာ"

သူ့ရင်ခွင်ထဲ ပြေးဝင်လာသည့် သင်ဇာ့ကိုယ်လေးကို အသာအိမ်းဖက်ပြီး နဖူးလေးကို ငုံ့နမ်းလိုက်တော့ သူမက သဘောကျဟန်ပ်စွာ ခပ်မြုံးမြုံးလေးရယ်သည်။

"သင်ဇာ့ကို မလွမ်းဘူးလားမောင်၊ သင်ဇာတော့ မောင့်ကို လွမ်းလွန်းလို့ မောင့်ဆီကို လိုက်လာတာသာကြည့်"

"မောင်လည်း သင်ဇာကို သတိရပါတယ်"

"လွမ်းတော့ မလွမ်းဘူးပေါ့"

"လွမ်းပါတယ်"

"မောင်ကလေ... အရမ်းချစ်စရာကောင်းတာပဲ"

သင်ဇာက နေကောင်းကင်လက်မောင်းမှာ သူမကိုယ်လေးကို မှီပြီး ပါလာသည်။ သင်ဇာကို ညာမနေချင်တော့။ လေယာဉ်ကွင်းထဲ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ချင်သည်။ သင်ဇာကချည်း သူ့ကို စကားတွေပြောနေ၍ သူပြောသည့်စကားကို ပြောခွင့်မရဘဲ အိမ်နောက် ခန်းထဲ အတူရောက်သွားသည်။ နေရာက ကားထွက်သည်နှင့် သင်ဇာက သူ့ရဲ့ရင်ခွင်ထဲ တိုးဝင်လာပြီး သူ့ကို တအား

www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖက်ပြီး နမ်းသည်။

"သိပ်လွမ်းတာပဲ မောင်ရယ်"

"ဟေး… နေဦးလေ"

သူကတားတော့ သင်ဇာက ရယ်သည်။

"မိန်းကလေးရှက်ဖို့လည်း ထားစမ်းပါဦး မောင်ရဲ့"

"နှုတ်ခမ်းနီနေတွေ ပေကုန်ပြီကွ"

"သင်ဇာ သုတ်ပေးပါမယ့်တဲ့ရှင်"

သူဖြစ်နေပုံကို သင်ဇာက တခစ်ခစ်ရယ်မောရင်း သူမှာ အသင့်ပါလာသည့် လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းနီတွေ သုတ်ပေးနေ၍ သင်ဇာ့လက်ထဲက လက်ကိုင်ပဝါကိုဆွဲယူပြီး သူ့ဘာသာသူ သုတ်လိုက်သည်။

"လူတွေ မြင်ကုန်ပြီထင်တယ်"

"မြင်တော့ ဘာဖြစ်လဲ… သင်ဇာက မောင့်ကိုတွေ့ဖို့ အဝေးကြီးက လာခဲ့ရတာရှင့်"

"ဟုတ်ပါပြီ ကိုယ်က သင်ဇာအတွက် ပြောတာပါ"

"ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်းလောင်းကို ချစ်လို့နမ်းတာ မနမ်းဘူးလား… ပြော"

"နမ်းရပါတယ်"

"တော်ပါ… မောင့်ပုံစံကြည့်ရတာ သင်ဇာ နမ်းတာကို မကျေနပ်သလိုလို ဘာလိုလိုနဲ့…"

စိတ်ကောက်ဟန် နှုတ်ခမ်းစူသွားသည့် သင်ဇာကိုကြည့်ပြီး နေကောင်းကင်ရင်ထဲ မွှန်းကျပ်လာသည်။

"သင်ဇာထင်သလို မဟုတ်ဘူး"

"မောင့်ကို ကြည့်ရတာ တစ်မျိုးတော့တစ်မျိုးပဲ ဘာလဲ၊ သင်ဇာရောက်လာတာ မောင့်အတွက် အနှောင့်အယှက် ဖြစ်နေလား"



သင်ဇာ့မျက်လုံးတွေက အရောင်တလက်လက်။ သူ့ကို ကြည့်သည့် အကြည့်တွေက မသက်သာသည့် အကြည့်၊ စူးစမ်းအကဲခတ်သည့် အကြည့်ဖြစ်၍ မုံနှင့်သူ့အကြောင်း သင်ဇာများ သိနေပြီလားဟု စိတ်ထဲ သိပ်မလုံ။

"ကို့ကိုတွေ့တာနဲ့ စိတ်ဆိုးစိတ်ကောက်ဖို့ အသင့်ပြင်ထားတာလား သင်ဇာ"

"ဒါပေါ့"

ပြောပြီး သင်ဇာ ခစ်ခနဲ ရယ်သည်။

"ကဲပါ… မောင်နေတဲ့ ဟော်နန်းကြီးကို သင်ဇာကြည့်ချင်လှပြီ မာတ်ပုံမှာတော့ သိပ်ခမ်းနားတာပဲနော်"

ယန်ဆောင်ခ ဟော်နန်းစံအိမ်ကြီးအကြောင်း သင်ဇာက စိတ်ဝင်စားသလို ခပ်ပြုံးပြုံးပြောတော့ သူ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ သင်ဇာနှင့်မုံတွေ့ရင် ဘာတွေဖြစ်လာမည်ကို သူလည်း မသိ။

"အခု သင်ဇာ ဘယ်မှာတည်းမှာလဲ"

"ဒယ်ဒီ့သူငယ်ချင်း ဦးဘမင်း အိမ်မှာလေ"

သင်ဇာလေသံက အထက်စီးလေသံ။

နေကောင်းကင် လက်ရှိနေသည့် ဟော်နန်းစံအိမ်ကို အရေးမထားဟန်။ ဂရုမစိုက်ဟန်ဖြစ်၍ သူ့ရင်ထဲ နည်းနည်းတော့ အောင့်သွားသည်။ သင်ဇာ ဒယ်ဒီ့သူငယ်ချင်း ဦးဘမင်းက ဒီနယ်တစ်ဝိုက်မှာ ဩဇာအာဏာအကြီးဆုံး ပုဂ္ဂိုလ်အဖြစ် ထင်ရှားသူဖြစ်သလို အလွန်ချမ်းသာကြွယ်ဝသူဖြစ်သည်။ ဘယ်လိုအချိန်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် လူတွေကို အပေါ်စီးလေသံနှင့် မတူသလို မတန်သလို အကြည့်အပြောတွေနှင့် ဆက်ဆံသည့် နေရာမှာ နေကောင်းကင် မာမီနှင့် သင်ဇာက အတူတူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမူအယာ၊ ထိုဟန်ပန်များကို နေကောင်းကင် မုန်းသလို ဖြစ်လာသည်။ မုံနှင့်တခြားစီ။ ကွာခြားလွန်းလှပါလားဟု တွေးသည်။ အရင်က သူချစ်စရာကောင်းသည်ဟု ထင်ခဲ့သည့် မိန်းကလေးမှာ ဤမိန်းကလေးမှ ဟုတ်ပါရဲ့လား။ ဟိုတုန်းက တွေ့ရမြင်ရသည့် သင်ဇာ့ပေါ်ထားသည့် နေကောင်းကင်၏ စိတ်နေသဘောထားနှင့် မုံ့ကို တွေ့ပြီးမှ သင်ဇာကို မြင်တွေ့ရသော နေကောင်းကင်၏ စိတ်နေသဘောထားက လုံးဝမတူတော့သလို… သင်ဇာပုံစံကလည်း အရင်သူ သဘောကျခဲ့သော သင်ဇာ့ပုံစံ မဟုတ်တော့သလို ဖြစ်သွား၏။

"အခုလောလောဆယ် မောင့်အိမ်ကိုပဲ အရင်မောင်းပါ၊ ပြီးမှ ဦးဘမင်းအိမ်ကို သွားမယ်"

"ဘာဖြစ်လို့ မောင့်ကို အရင်ကြို အကြောင်းမကြားဘဲ မြန်မာပြည်ကြီး ရောက်လာရတာလဲ သင်ဇာ"

"မောင့်ကို လွမ်းလို့ပေါ့"

ပြောရင်း သင်ဇာက ရယ်မောရင်း ကျီစယ်သလို သူ့လည်ပင်းကို နမ်းလိုက်၍ နှုတ်ခမ်းရာ ထင်ကျန်ခဲ့ပြန်သည်။

"အား… နှုတ်ခမ်းနီတွေ ပေကုန်ပြီထင်တယ်"

"သင်ဇာက မောင့် မျက်နှာတစ်ခုလုံးကို နှုတ်ခမ်းနီရာတွေ ချည်းဖြစ်အောင် လုပ်ပစ်ချင်တာ"

"ကဲ… ပြော ဘာဖြစ်လို့ သင်ဇာ့ဆီကို ဖုန်းမဆက်တာလဲ"

"ဆက်ပါတယ် အလုပ်မအားလို့ပါ"

"ဒယ်ဒီပြောတယ် မောင်ပြန်လာချင်ရင် အချိန်မရွေး သူ လုပ်ပေးမယ်တဲ့၊ မောင် ပြန်မလာချင်တောင် သင်ဇာက မောင့်ကို ပြန်ခေါ်ဖို့ ဆုံးဖြတ်ပြီးပြီ"

သင်ဇာ့စကားကြောင့် နေကောင်းကင် လန့်သွားသည်။ ဒီ



အကြောင်းတွေ သူ ဘာမှမသိ။ သူသိတာက မုံနှင့် မခွဲနိုင်ခြင်း ဖြစ်သည်။ သူ မသိအောင် သင်ဇာ ဘာတွေလျှောက်လုပ်နေပါလိမ့်ဟု တွေးပြီး သင်ဇာ့မျက်နှာကို ကြည့်လိုက်သည်။

"ကိုယ့်ကို မတိုင်ပင်ဘဲ သင်ဇာသဘောတစ်ခုတည်းနဲ့ ဘာမှ လျှောက်မလုပ်ပါနဲ့ သင်ဇာ။ ကိုယ့်အလုပ်ကို ကိုယ်သဘောကျပဲ လုပ်ချင်တယ်။ ပြောင်းတဲ့ရွှေ့တဲ့ကိစ္စကိုလည်း ကိုယ်ဘာသာကိုယ်ပဲ လုပ်မယ် ကိုယ်ပြောတာ နားလည်လား သင်ဇာ"

"မောင်က သင်ဇာကို စိတ်ဆိုးတာလား"

"ကိုယ့်ဘဝကို ကိုယ့်ဘာသာ ဦးဆောင်ချင်တာပါ သင်ဇာ"

သင်ဇာက သူ့ကို စိုက်ကြည့်သည်။

"ဒါကြောင့် ဒယ်ဒီက ပြောတာ၊ မောင်က လူတစ်မျိုးတဲ့၊ ဒယ်ဒီပြောတာ သိပ်မှန်တာပဲ"

ဒယ်ဒီချင်း ထပ်နေအောင် သူမအဖေအကြောင်း ပြောနေသော သင်ဇာက သူမသည် သာမန်မိန်းကလေး မဟုတ်။ သူမအဖေဘက် သူဘယ်သူဘယ်ဝါဆိုတာ မမေ့နဲ့ဟု သွယ်ဝိုက်သည့်နည်းဖြင့် ခြိမ်းခြောက်နေ◌ာနှင့်တူသည်။ တစ်လမ်းလုံး သူ့ကိုပြောလာသည့် စကားတွေကလည်း သူမအဖေအလုပ်အကြောင်း၊ ဘယ်တုန်းကြီးက တော်တာ ဘယ်လို ဘယ်တုန်းကြီးကဖြင့် ဘယ်လို စသည်ဖြင့် သူမ ဒယ်ဒီ၏ တန်ခိုးသြဇာ ဘယ်လိုထက်မြက်ပုံ။ အာဏာပါဝါရှိပုံကို အားပါးတရ ရွှန်းရွှန်းဝေအောင်ပြောနေပုံက သူ့အဖေသမီး ပီသပါပေသည်။

မုံ့လို အသိဉာဏ်မျိုး သင်ဇာမှမရှိ။

နေကောင်းကင် သင်ဇာ ပြောဆိုလှုပ်ရှားနေသမျှ ဘာခံစားချက်မှ မပါဘဲ ငေးကြည့်နေသည်။ အရင်က သူ့အတွက် စွဲမက်စရာ၊

www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာ၊ ဂုဏ်ယူဝင့်ကြွားစရာဟု သူထင်ခဲ့သော မိန်းကလေးက အခု သူ့အတွက် ဘာဆိုဘာမှ မဟုတ်တော့။ တစ်ခြားမိန်းကလေးများနှင့်မတူ သွက်လက်ရဲတင်းသော လိုက်လျောခြင်းများကြောင့် ဇာတ်လမ်းစခဲ့ခြင်းဟု အခုမှ ပြန်တွေးမိသည်။

"သင်ဇာ့ကို ချစ်သေးရဲ့လားမောင်"

"ချစ်ပါတယ်..."

သူ့အသံက ဇနီးမယားတစ်ယောက်ကို စိတ်ကုန်သည့် လင်ယောကျ်ားတစ်ယောက် စိတ်ကုန်နေသံမျိုးဖြစ်ကြောင်း သူ သတိထားမိ၏။ သူ့ဘေးမှာ အတူရှိနေသည့် သင်ဇာ့ကို ချစ်သူဟု မမြင်တော့။ ကံကောင်းခြင်းတော့ ကားက ပန်ဆောင်ခစံအိမ်ဝန်းကြီးထဲ ချိုးကွေ့လိုက်၏။

"အိုး... ဟော်နန်းကြီးက လှလိုက်တာ မောင်က ဒီမှာနေတာပေါ့ ဟုတ်လား"

သင်ဇာက သူမထင်ထားတာထက် ပိုကြီးကျယ်ခမ်းနားကာ လှပနေသည့် ဟော်နန်းစံအိမ်ကြီးကိုကြည့်ကာ ရင်သပ်ရှုမော တအံ့တဩ ဖြစ်နေတာကြည့်ပြီး သူ ခေါင်းညိတ်လိုက်သည်။

"မြို့ကြီးကလည်း အကျယ်ကြီးပဲနော်... ပန်းတွေကလည်း လှလိုက်တာ"

"ဒီအိမ်ကြီးမှာ မောင်နေရတာ ကံကောင်းတာပဲ၊ မောင့်အခန်းကို ပြဦးလေ"

အပေါ်ထပ်ကို နှစ်ယောက်အတူ တက်ခဲ့ကြသည်။ အပေါ်ထပ်ဧည့်ခန်းရုံးခန်းတွေကို သင်ဇာက ဝတ်ကျေတန်းကျေသာကြည့်ပြီး နေကောင်းကင်၏ အိပ်ခန်းကိုသာ စိတ်ဝင်စားနေသည်။

"ဒါ မောင့်အိပ်ခန်းပဲ သင်ဇာ"



"ဒီအခန်းကြီးထဲမှာ မောင်တစ်ယောက်တည်းပေါ့ ဟုတ်လား"

"ဒါပေါ့"

အလွန်လှ၍ ခမ်းနားထည်ဝါသော အိပ်ခန်းအပြင်အဆင်များကို ကြည့်ပြီး သင်ဇာ အံ့ဩနေသည်။ ပြီးတော့ အိပ်ရာနံဘေး စားပွဲပေါ်က သူမ ဓာတ်ပုံကိုကြည့်ပြီး ကျေနပ်စွာ ပြုံးသည်။ မတ်တတ်ရပ် ပြတင်းပေါက်ကြီးတွေကို ဖွင့်ပြီး လေသာဆောင်ကို သူထွက်လိုက်တော့ သင်ဇာက သူနဲ့အတူ ပါလာသည်။ မြို့ထဲက သစ်ပင်တွေ ပန်းပင်တွေအကြောင်း ဝါးစပ်က ပြောနေပေမယ့် မျက်လုံးအစုံကတော့ ပန်းခြံ တစ်နေရာမှာ မုံများ ရှိနေမလားဟု ရှာနေခြင်း ဖြစ်သည်။

"မောင့်နေရာက ပျော်စရာပါလား၊ သင်ဇာတောင် ဒီမှာ နေချင်လာပြီ"

သင်ဇာ့မျက်လုံးတွေကို သူ စိုက်ကြည့်လိုက်သည်။ သင်ဇာကလည်း သူ့ကို ခပ်ရဲရဲ ပြန်ကြည့်သည်။ တစ်ယောက်မျက်လုံးထဲက အဓိပ္ပာယ်ကို တစ်ယောက်ရှာနေသည်နှင့် တူသည်။ သူ့ကို သင်ဇာ တကယ်ချစ်နေတာလား။ ဒါမှမဟုတ် သူလိုလူတစ်ယောက်ကို သူမ မိဘတွေ သဘောကျ လက်ထပ်ချင်ရုံ သက်သက်ပဲလားဆိုတာ အခုမှ သူ့ခေါင်းထဲ ဝင်လာသည်။ နေကောင်းကင်ကိုယ်တိုင် သင်ဇာကို တကယ်မချစ်ဘဲ မိဘတွေသဘောကျ ခေါင်းညိတ်လက်ခံနိုင်သေးလျှင် သင်ဇာလိုမိန်းကလေးမှာလည်း သူနည်းတူသာ ဖြစ်ပေမည်။

မုံ ထိုင်နေကြ မိုးမခပင်ကြီးဆီ အကြည့်ရောက်သွားတော့ နေကောင်းကင် အံ့ဩသွားသည်။ ဘေးတိုက်အနေအထားနှင့် မြင်တွေ့နေရသည့် မုံ့ပုံစံလေးက ဒီနေ့မှ ပိုလှနေသည်။ ပိုထူးခြားနေသည်။

"သင်ဇာတို့ ဘယ်တော့လက်ထပ်ကြမလဲဟင်"

"ဘာလဲ သင်ဇာ"

www.burmeseclassic.com

www.burmeseclassic.com



သူ မကြား။ သင်ဇာ့ကို ပြန်မေးတော့ သင်ဇာက ရယ်ပြီး သူ ကြည့်သည့်နေရာကို လိုက်ကြည့်သည်။ အပြုံးမှန်သမျှ လွင့်ပျောက် သွားကာ သင်ဇာ့မျက်နှာမှာ တင်းမာမှုတွေ ခက်ထန်သွားသည်။ မုံ့ကို သူမြင်သလို သင်ဇာမြင်တွေ့သွားပြီ ဖြစ်သည်။

"သူက ဘယ်သူလဲဟင်"

သင်ဇာ့မျက်နှာက စောစောကလို မလှတော့။ နူးညံ့သိမ်မွေ့မှုတွေ ပျောက်သွားကာ ဒေါသနှင့် တင်းမာခက်ထန်မှုသာ ရှိနေသည်။ ရိုင်းစိုင်းနေသော သူမရင်ထဲက ဒေါသက မီးတောင်တစ်ခုလို ပေါက်ကွဲရန် အချိန်အနည်းငယ်သာလိုတော့သည်ဟု ထင်သည်။

"ဆောရီး… သင်ဇာ"

"ရှင်က သင်ဇာ့ကို ဘာကိစ္စ တောင်းပန်နေတာလဲ၊ ဟို တစ်ယောက်က ဘယ်သူလဲလို့ သင်ဇာမေးနေတာ မကြားဘူးလား"

မြူတိမ်ကင်းစင်သည့် ကောင်းကင်ပြာကို ကြည်လင်စွာ တွေ့မြင်ရသလို လှပသော မုံ့ကို သင်ဇာကိုယ်တိုင် မြင်တွေ့သွားပြီးနောက်မှာ ဝန်တိုခြင်း၊ မနာလိုခြင်းတွေက သင်ဇာ့ကို ဘာဆိုဘာမှ မမြင်နိုင်တော့။

"ရှင်မဖြေနိုင်တော့ဘူးလား နေကောင်းကင်၊ ဘယ်က အပျက်မကို ရှင်ခေါ်ထားတာလဲ"

"မင်း မိုက်ရိုင်းလှချည်လားသင်ဇာ၊ ဘာကိစ္စ သူတစ်ပါးကိုယ်ရေးကိုယ်တာကို မသိဘဲ မောက်မာ စော်ကားနေရတာလဲ"

အလွန် အထက်တန်းကျလှပါသည်။ သူကိုယ်သူ အဆင့်အတန်းမြင့်လှပါသည်ဟု အမြဲကြွေးကြော်နေသည့် မိန်းမတစ်ယောက်နှုတ်ဖျားက ရင့်သီးမောက်မာ၍ အောက်တန်းကျလှသော စကားကိုကြားရ၍ နေကောင်းကင် ဒေါသကို ထိန်းမနိုင်ဖြစ်သွားသည်။



"ပြောတော့ ဘာဖြစ်လဲ၊ မှန်တာပြောလို့ ရှင်က နာနေတာလား"

"မင်းပါးစပ်ကို ပိတ်ထားသင်ဇာ၊ သူက ဒီအိမ်ကြီးက မင်းပြောတဲ့ အောက်တန်းစား အပေါစားမဟုတ်ဘူး။ မင်းထက် အဆင့်အတန်းရှိတယ်၊ မင်းလို အောက်တန်းမကျဘူး နားလည်လား"

သူ့စကားကြောင့် သင်ဇာ့မျက်လုံးထဲ မီးဝင်းဝင်း တောက်သွားသည်။

"ဘာပြောတယ်၊ ရှင့်ဟာထိလို့ သင်ဇာ့ကို အောက်တန်းကျတဲ့ မိန်းမလို့ ပြောတာလား"

"မင်းကို မမိုက်ရိုင်းနဲ့လို့ ပြောတယ်မဟုတ်လား"

"ရိုင်းတော့ ဘာဖြစ်လဲ"

"မင်း… ကွာ"

ဒေါသကြောင့် သင်ဇာ့မျက်နှာကို လက်ဖြင့် မြှောက်ကာ ရိုက်မည်ပြင်ပြီးမှ သူ့စိတ်ကိုထိန်းပြီး လက်ကို ပြန်ရုပ်လိုက်သည်။ သင်ဇာကတော့ သူ့အပြုအမူကြောင့် တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်ကာ ဒေါသတွေ အလိပ်လိုက်ထွက်နေသည့် မျက်လုံးဖြင့် နေကောင်းကင်မျက်နှာကို စားတော့ဝါးတော့မလို ကြည့်သည်။

"ရှင်က… သင်ဇာ့ကို ရိုက်မလို့ပေါ့လေ ဟုတ်လား၊ ရှင်နဲ့ တိတ်တိတ်ပုန်းရနေတဲ့ အိမ်ဖော်မအတွက် သင်ဇာ့လို မိန်းမကလေးကို ရှင်က ရိုက်ချင်တာလား"

ပြောရင်း သင်ဇာ့မျက်နှာမှာ မျက်ရည်တွေ စီးကျလာသော်လည်း နေကောင်းကင်ကို စိမ့်စိမ့်စူးစူးကြည့်နေရာက ကျားသစ်မတစ်ကောင်လို သူ့ဆီ ပြေးဝင်လာကာ နေကောင်းကင်တစ်ကိုယ်လုံးကို ထုသည်။ ရိုက်သည်။ အော်ဟစ်သည့်အသံက တိတ်ဆိတ်ခြင်းကို ရုတ်ခြည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြူခွင်းပစ်လိုက်သည်။

"သင်ဇာ့ကို မိဘတွေကတောင် လေသံမာမာနဲ့ ပြောဖူးတာ မဟုတ်ဘူး၊ ရှင့်လိုလူကများ သင်ဇာ့ကို ရိုက်ချင်ဦး"

"ရိုက်ချင်ဦး"

"ကဲ… ကဲ"

"သင်ဇာ… မင်း မလုပ်နဲ့နော်"

အခြေအနေက ရုပ်ပျက်ဆင်းပျက်ဖြစ်သည်။

အပေါ်ထပ် သူ့အိပ်ခန်းက ပစ္စည်းတွေ ကျကွဲသံ။ အော်ဟစ်ဆူညံ ငိုကြွေးသံများကြောင့် မုံအပါအဝင် အားလုံး နေကောင်းကင်နှင့် သင်ဇာတို့အခြေအနေကို နားလည်လိုက်ကြသလို သူမအပေါ် မိန်းမ သားချင်း မစာမနာ။ ရက်စက်နှင့်သီးစွာ မိုက်မိုက်ရိုင်းရိုင်း စွပ်စွဲ ပြောကြားနေသည့် သင်ဇာ့စကားသံများကို မုံကိုယ်တိုင် မကြားချင် မမြင်ချင်ဘဲ မြင်နေကြားနေရပါပြီ။ နေကောင်းကင်ကလည်း ဒါကို သိသည်။ အခုလိုအခြေအနေတွေ ဖြစ်နေမှတော့ သူ့ဘက်ကလည်း ဘာကိုမှ စောင့်စည်းထိန်းချုပ်နေစရာ မလိုတော့။ သူ့ကို ထုရိုက်သည့် သင်ဇာ့လက်များကို ဖမ်းချုပ်တွန်းဖယ်လိုက်ပြီး သူ့ရင်ထဲက စကားတွေကို သင်ဇာရှေ့မှာ ပြောချလိုက်သည်။

"အေး… အခုမှတော့ ကိုယ့်ဘက်က ပြောစရာရှိတာကို ပြောရမှာပဲ။ ခုနမိန်းကလေးက ကိုယ်နဲ့လက်ထပ်မဲ့ မိန်းကလေး၊ ကိုယ့် အချစ်ဆုံးမိန်းမ၊ သူကလွဲပြီး တခြား ဘယ်သူ့ကိုမှ ကိုယ်လက်ထပ်မှာ မဟုတ်ဘူး"

"ရှင်ရူးနေလား နေကောင်းကင်။ ရှင် ဒီလိုလုပ်ရင် ရှင့်ကိုယ်ရှင် ဘာတွေဖြစ်လာမယ်ထင်လဲ၊ ရှင့်အသိုင်းအဝိုင်း ရှင့်ပတ်ဝန်းကျင်မှာ ဘာမဟုတ်တဲ့ အိမ်ဖော်မကို လက်ထပ်ပြီး ရှင့်ဘဝ ရှင်အပျက်ခံ



တင်မကဘူး ရှင့်မိဘတွေကိုပါ မျက်နှာပျက် အရှက်ရအောင် လုပ်မလို့ လားဟင်"

"ဒီကိစ္စက ကိုယ့်ကိစ္စပါ မင်း ပူစရာမလိုဘူး"

သူ့အသံက ပိုတည်ငြိမ်လာသည်။

"ဘာမဟုတ်တဲ့ အိမ်ဖော်မတစ်ယောက်အတွက်နဲ့ ရှင်က…"

"တော်ပြီ သင်ဇာ၊ ဒီကိစ္စကို ကိုယ် မင်းနဲ့ ဆက်မဆွေးနွေးချင်တော့ဘူး။ ကိုယ်တို့ အရင်က ဖြစ်ပျက်ခဲ့သမျှအားလုံး အမှားတွေချည်းပဲ။ လူကြီးတွေသဘောကျ ခေါင်းညိတ်ခဲ့တာကလွဲပြီး ဘာအဓိပ္ပာယ်မှ လည်း မရှိဘူး"

"အခုတော့ ရှင်က ဒီစကားမျိုးတွေပြောပြီး ရှင့်အိမ်ဖော်မကို ရှင့်မိဘတွေဆီ ခေါ်သွားတော့မယ်ပေါ့လေ၊ သိပ်လွယ်လှချည်လား ဦးနေကောင်းကင်၊ အရင်က ရှင်ကိုယ်တိုင် သင်ဇာကို ချစ်တဲ့ အကြောင်းပြောခဲ့တာ ရှုန်းရှုန်းကို ဝေနေတာပါ"

"အဲဒီတုန်းက ကိုယ်က မင်းကိုချစ်တယ်လို့ ထင်ခဲ့တာကိုး"

"အခု မချစ်တော့ဘူးပေါ့ ဟုတ်လား"

မျက်ရည်တွေနှင့် သင်ဇာ ရယ်လိုက်တော့ သူ မျက်နှာပျက်ပျက် နှင့် စိတ်ဆင်းရဲစွာ ကြည့်နေပုံကို သင်ဇာ့စိတ်ထဲက ရွံရှာမုန်းတီးမိ သည်။ ရင်ထဲမှာ ဗလောင်ဆူနေသည်။ ဖြစ်နိုင်လျှင် သူမ မျက်စိရှေ့က သစ္စာမဲ့လှသော ထိုယောက်ျားကို သတ်ပြစ်ချင်နေသည်။

"ကိုယ် တကယ်ပြောနေတာ သင်ဇာ၊ ကိုယ်တို့ လက်ထပ် ဖြစ်ရင်လည်း နှစ်ယောက်စလုံး စိတ်ချမ်းသာမှာ မဟုတ်ဘူး"

"ဟုတ်လား"

"ရှင့်အမှားကို ပြင်နိုင်အောင် သင်ဇာကပဲ ရှင့်ကို အကူအညီ ပေးပါ့မယ်၊ ဒီမှာ ရှင့်လက်စွပ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို သင်ဇာက သူမလက်မှာဝတ်ထားသည့် စေ့စပ်လက်စွပ်ကိုချွတ် နံရံကို ပစ်ပေါက်လိုက်သည်။ ပြီးတော့ နေကောင်းကင် မျက်နှာကို စေ့စေ့စူးစိုက်ကြည့်ကာ အလွန်ပြင်းထန်ရင့်သီးသော စကားလုံးများဖြင့် ပစ်ပေါက်လိုက်သည်။

"ရှင့်ထက်သာတဲ့ ယောကျ်ားမျိုး သင်ဇာလို မိန်းမတစ်ယောက်က အချိန်မရွေး ခေါင်းခေါက်ယူနိုင်တယ် ဦးနေကောင်းကင်။ ရှင်ဟာ ဘာတန်ဖိုးမှရှိတဲ့လူ မဟုတ်ဘူး၊ ရှင် သင်ဇာ့ကို အရှက်ခွဲခဲ့သလို ရှင်လည်း တစ်နေ့ ဝဋ်လည်စေရမယ်"

"ရှင့်ကို သင်ဇာ ဘယ်တော့မှ ခွင့်မလွှတ်ဘူး မှတ်ထား"

"သင်ဇာ"

"ရှင် သင်ဇာ့နောက် လိုက်လာစရာမလိုဘူး ဦးနေကောင်းကင်။ ရှင့်ဒရိုင်ဘာနဲ့ပဲ သင်ဇာသွားချင်တဲ့နေရာကို သွားလို့ရတယ်။ ရှင့်မျက်နှာ ကို နောက် ဘယ်တော့မှ ထပ်မကြည့်ချင်ဘူး။ ရှင့်လို လူယုတ်မာနဲ့ လည်း ပြောစရာစကား မရှိဘူး"

စားပွဲပေါ်က သူမခေါက်ပုံကို ဆွဲယူပြီး နံရံကို ဒေါသနှင့် ပစ်ပေါက်လိုက်သည်။ အခန်းထဲတွင် မှန်ကွဲသံမှလွဲ၍ အချိန်အတော်ကြာသည့်အထိ တိတ်ဆိတ်ငြိမ်သက်သွား၏။

ကားထွက်သွားသံကို ကြားလိုက်ရသည်။ အရာအားလုံး ပြီးသွားပြီ။ လမ်းခွဲလိုက်ကြပြီဖြစ်၍ နေကောင်းကင် ရင်ထဲ ရှင်းသွားသည်။ မုံသည်သာ သူ့ဘဝအတွက် တစ်ဦးတည်းသော အချစ်ဆုံး။ အမြတ်နိုးဆုံး မိန်းကလေး။ သင်ဇာ့ စကားလုံးတွေကို ပြန်သတိရလိုက်သည်နှင့် မုံ့ဆီကို ချက်ချင်းပြေးသွားသည်။

သူ မုံနေသည့် အဆောင်ဘက်ရောက်သွားတော့ မုံ့ကို မတွေ့။ ဒေါ်ကျဲတစ်ယောက် ကျိတ်ငိုနေတာ မြင်ရ၍ ရင်ထိတ်သွားသည်။



"မုံရော ဒေါ်ကြီး"

သူမေးမှ ဒေါ်ကြီးက မျက်ရည်တွေနှင့် သူ့ကို မော့ကြည့်ပြီး ခေါင်းခါသည်။

"မုံလေး… မရှိတော့ဘူး မောင်နေကောင်းကင်"

"ပန်ဆောင်ခက ထွက်သွားပြီ"

"ဘယ်ကိုထွက်သွားတာလဲ၊ ဘယ်ကိုသွားတာလဲ ဒေါ်ကြီး"

"မသိဘူး… ဒေါ်ကြီးကိုလည်း ဘာမှ ပြောမသွားဘူး။ သူ့အဝတ်သေတ္တာယူပြီး ထွက်သွားတာ။ ဒေါ်ကြီး တားလို့တောင် မရတော့ပါဘူးကွယ်"

"မုံ"

မုံ့အမည်ကို ရင်နာသံကြီးနှင့် ခေါ်လိုက်ပေမယ့် မုံက မကြားတော့။ အခုလိုအခြေအနေတွေဖြစ်လာသည့် ကံတရားကိုပဲ ပြစ်တင်ရသည်လား။ သူကိုယ်တိုင် မဝေခွဲနိုင် မပြတ်သားနိုင် ဖြစ်ခဲ့ရသည့် သူ့စိတ်ကိုပဲ အပြစ်တင်ရမည်လား။ မဝေခွဲနိုင်စွာ မုံ့ကို ချစ်သည့်စိတ်၊ သနားသည့်စိတ်နှင့် မုံ့အတွက် သူ့ရင်တွေ မွမွကြေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

သူနဲ့ သင်ဇာ ရန်ဖြစ်ကြတာ အားလုံး သိသည်။

မုံကတော့ အဆိုးဆုံးဖြစ်သည်။ သူမကြောင့် နေကောင်းကင် အခုလိုဖြစ်ရတာကို ရင်ထဲမချိ။ မုံ့ကို ရက်စက်ရင့်သီးစွာ အပြောခံရခြင်း အပေါ်မှာလည်း ရင်နာမဆုံး။ မုံ့ဘဝ၏ အားကိုးရာက မျက်ရည် ဖြစ်သည်။ ပန်ဆောင်ခမှာ သူမ ဘယ်လိုမှ ဆက်နေလို့ မဖြစ်တော့မှန်း သိသည်နှင့် ဆုံးဖြတ်ချက်ချပြီး ပန်ဆောင်ခက ချက်ချင်း ထွက်ခဲ့သည်။ ဒေါ်ကျဲ ငိုယိုတားတာကိုပင် ဂရုမစိုက်တော့နိုင်တော့။ မုံ့ရင်ထဲက အလွန်ကြီးမားစွာ တောက်လောင်နေသော သောကမုန်တိုင်းဒဏ်ကို မုံကိုယ်တိုင် မခံနိုင်အောင် ပြင်းထန်ဆိုးရွားလွန်းသည့် အကြောင်း ဘယ်သူ့ကိုမှ မပြောချင်။

ပြော၍လည်း ထူးမည်မဟုတ်။

မုံ့ဒုက္ခ၊ မုံ့အခက်အခဲကို မုံကိုယ်တိုင်ကလွဲပြီး ဘယ်သူမှ ကူညီနိုင်သူ မရှိ။ မုံတစ်ယောက်တည်း သည်းအူပြတ်မတတ် ကြိတ်မှိတ်ငိုနေသည့် အချိန်မှာ နေကောင်းကင်ကိုယ်တိုင်လည်း အသည်းမီးလောင်မတတ်။ ပူဆွေးသောက ဖြစ်နေသည်။



ဒေါ်ကြီးကို သူ ဘာမှမပြောဘဲ သူ့သဘောနှင့်သူ ဒေါ်ကျဲ သူငယ်ချင်း ဒေါ်မြင့်လာအိမ်ကို ကားဖြင့် တအားမောင်းသွားသည်။ သို့သော် သူမြင်တွေ့လိုသူက မရှိ။ မုံ ဒီကိုမလာပါဆိုသည့် စကားက နေကောင်းကင်ရင်ကို ဆီးကန်လိုက်သလို ဖြစ်သွားကာ မုံ ဒီကို ရောက်လာရင် သူ့ကို အကြောင်းကြားပေးရန် အထပ်ထပ်ပြောပြီး ပန်ဆောင်ခကို ပြန်ခဲ့သည်။

မုံ ဘယ်ကိုသွားလဲ၊ ဘယ်မှာ ရှိနိုင်မလဲဆိုတာ ဒေါ်ကျဲနှင့်အတူ ခေါင်းပူအောင် စဉ်းစားသော်လည်း အဖြေမရ။ မုံ့မှာ သွားစရာနေရာ မရှိသလို သူမနှင့် သိကျွမ်းခင်မင်သူလည်း ဒီမြို့မှာ မရှိမှန်း သိထားကြသည်။ ရန်ကုန်ကို ပြန်သွားတာတော့ မဖြစ်နိုင်။ ကားဂိတ်၊ ရထားဘူတာရုံ၊ လေယာဉ်ရုံပါမကျန် အားလုံး သူစုံစမ်းပြီးပြီ။ မုံ ရောက်မလာ။ ဒါဆို သူမ ဘယ်ကိုသွားမည်နည်း။

သူ ဘာမှမလုပ်နိုင်။

အဘွားကြီးက မုံ့ကို တမ်းတမ်းတတ ငိုမဆုံး။

နေကောင်းကင်ကို မုံ့ကို ရအောင်ရှာပေးပါဟု မနားတမ်းပြောနေ၏။ အစ်ကို ဘယ်ကို လိုက်ရှာရမှာလဲ မုံလေးရယ်။ နောက်တော့ မုံပြောနေကြစကားတွေထဲက အကြောင်းအရာတစ်ခုကို သူ စဉ်းစားမိသည်နှင့် ကားကို ထိုနေရာသို့ မောင်းထွက်ခဲ့သည်။ ရေမြေဆုံးအောင် ရှာမည်။ ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်အချိန်ဖြစ်ဖြစ် မုံ့ကိုတွေ့အောင်ရှာရမည်က သူ့တာဝန် ဖြစ်သည်။ သူ့မျက်နှာကို အားကိုးတစ်ကြီးကြည့်နေသည့် ဒေါ်ကြီးဒေါ်ကျဲ မျက်လုံးများကို ပြန်မြင်ယောင်လာသည်။

ဒေါ်ကြီးရဲ့ ထိပ်ထားလေး စပ်မြတ်ရှုပါမုံ။

မုံပြောသည့် ရေနန်းရွာကိုရောက်တော့ ပတ်ဝန်းကျင်က အမှောင်လွှမ်းစပြုလာပြီဖြစ်သည်။ လမ်းကလူ ညွှန်လိုက်သည့်အတိုင်း လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် လမ်းကွေ့တွေကများ၍ သူလာသည့်လမ်းများ မှားနေလားဟု သေချာ ပြန်စစ်ရသေးသည်။ အိမ်ခြေက ခပ်ကျဲကျဲ။ ညကမှောင်လွန်းသည်။ လရောင် လုံးဝ မရှိ။ ကြယ်ရောင်တို့က မိုးတိမ်မိုးသားတို့ကို မဖောက်ထွင်းနိုင်။ မိုးကုတ်စက်ဝိုင်းဆီသို့ မှန်းမျှော်ကြည့်သည်။ အဝေးမှ မီးရောင်လက်လက်ကို လှမ်းမြင်လိုက်ခြင်းဖြစ်သည်။ သည်တော့မှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထိုနေရာက ရေနန်းရွာ ဖြစ်သည်။

အိမ်ကြီးရှေ့ ကားကိုရပ်လိုက်သည့်အထိ လူရိပ်လူရောင် မတွေ့ရသေး။ သူအိမ်ပေါက်ဝမှာရပ်ပြီး အသံပြုလိုက်တော့မှ အထဲက လူကြီး တစ်ယောက်ထွက်လာသည်။

"ဩော်... ဧည့်သည်ပဲ ဘယ်သူနဲ့တွေ့ချင်လို့လည်းမောင်ရင်"

အရပ်ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကားကားကြီးနှင့် ထိပ်ပြောင်နေသော အဘိုးကြီးက နေကောင်းကင် တစ်ကိုယ်လုံးကို သေချာစူးစိုက်ကြည့်ပြီး အကဲခတ်သည်။

"ကျွန်တော်... မုံနဲ့တွေ့ချင်လို့ပါ ဦးလေး"

"ဘယ်က မုံလဲ"

"ဗျာ..."

"မင်းပြောတဲ့လူကို ဦးမသိဘူးမောင်ရင် ဒီမှာလည်း မရှိဘူး"

သူ စကားပြောလာသွားတာကို ပြုံးလိုက်သည်။ သူတွေ့သည့် ဦးလေးကြီးက မုံဆိုတာ အထီးမှန်း မသိ၊ အမမှန်း မသိ ဖြစ်နေတာကို လည်း ရယ်ချင်သည်။

"မုံဆိုတာ.. ပန်းဆောင်ခဃော်နန်းစံအိမ်ကြီးက ထိပ်ထားလေး စပ်မြဝတ်ရှုပါမုံကို ပြောတာပါခင်ဗျာ၊ သူ ဒီကိုများ လာသလားလို့ပါ"

"ထိပ်ထားလေးကို ပြောတာလား"



"ဟုတ်ပါတယ်ခင်ဗျာ"

ထိပ်ထားလေးဆိုမှ အဘိုးကြီးမျက်နှာကြည်လင်ပြီး နေကောင်းကင် မျက်နှာကို ခင်မင်ရင်းနှီးစွာ ကြည့်သည်။

"မောင်ရင့်ကို ထိပ်ထားလေးက ဒီကိုလာမယ် ပြောလို့လား"

"ဗျာ..."

"ထိပ်ထားလေးက ဒီမှာမရှိဘူး၊ ဒါပေမယ့် ထိပ်ထားလေးရဲ့ ဧည့်သည်ဆိုတော့..."

"ရှင်ဘာတွေပြောနေတာလဲ ကိုဂျိုရွယ်"

"ပန်းဆောင်ခက ဓေါ်ဘွားကြီးသမီးတော် ထိပ်ထားလေး အကြောင်းပြောနေတာကွ၊ ဒီမှာ သူ့ဧည့်သည်... မင်းဘာသာပဲ ကြည့် ပြောလိုက်တော့"

အဘိုးကြီးက နောက်ကရောက်လာသည့် အဘွားကြီးလက်ထဲ အပ်ပြီး နေရာကထွက်သွား၍ ဧည့်ခန်းထဲမှာ နေကောင်းကင်နှင့် နောက် ရောက်လာသည့် အဘွားကြီးပဲ ကျန်ခဲ့သည်။

"ထိုင်ပါ... မောင်ရင်"

"ဟုတ်ကဲ့"

"နွားနို့ပူပူလေး သောက်လိုက်ပါဦး၊ ပြီးမှ ထိပ်ထားလေး အကြောင်း ပြောကြရအောင်"

အဘွားကြီးစကားကြောင့် မုံ ဒီမှာရှိကိုရှိရမည်ဟု ယုံကြည်စိတ်နှင့် အဘွားအို ဧည့်ဝတ်ပြုသည့် နွားနို့ကို ကျေနပ်အောင် သောက်လိုက်သည်။ အဘွားကြီးက နေကောင်းကင်မျက်နှာကို သေချာကြည့်သည်။

"ထိပ်ထားလေးမုံ တော်တော်လေး စိတ်ထိခိုက်နေတယ်ကွဲ့"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်။ အဲဒါကြောင့် မုံ့ကို ကျွန်တော် တွေ့ဖို့ ဒီကို လိုက်လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုကြည့်ရတာ လူကောင်းလေးတစ်ယောက်လို့ အဘွား ထင်တယ်။ မင်းက ထိပ်ထားလေးကို တွေ့ချင်ပေမယ့် ထိပ်ထားလေး ကတော့ မင်းကို မတွေ့ချင်ဘူးကွဲ့"

"ကျွန်တော့်ကို မုံ အထင်လွဲနေတာလေးတွေ ရှင်းပြလိုက်ရင် သူနားလည်သွားမှာပါ။ ကျွန်တော် မုံ့ကို တွေ့ပါရစေ"

"ထိပ်ထားကို မင်းက လက်ထပ်မှာလား"

"ဟုတ်ပါတယ်"

အဘွားကြီးက ခဏတော့ ငြိမ်နေသည်။ မုံနှင့်သူ့ကို တွေ့ခွင့် ပေးရန် သင့်မသင့် စဉ်းစားနေကြောင်း နေကောင်းကင် ရိပ်မိသည်။

"ကျွန်တော် မုံ့ကို သိပ်ချစ်ပါတယ် ကျွန်တော့်ကိုယုံပါ။ အခုချိန် ကစပြီး အဘွားတို့ ထိပ်ထားကို နောက်ထပ် ဘယ်တော့မှ စိတ် မဆင်းရဲစေရပါဘူးလို့ အဘွားရှေ့မှာ ကျွန်တော် ကတိပေးပါတယ်"

"ထိပ်ထားနဲ့ ကျွန်တော့်ကို တွေ့ခွင့်ပေးပါ အဘွားရယ်နော်"

အဘွားအိုက နေကောင်းကင်ကိုကြည့်ပြီး သက်ပြင်းချသည်။

"ကောင်းပြီလေ... မင်းကိုယ်တိုင် ဒီအထိ ရောက်အောင် လာပြီဆိုမှတော့ ထိပ်ထားကို မင်းတွေ့သင့်ပါတယ်"

"လာ... အဘွားနောက်က လိုက်ခဲ့"

နေကောင်းကင် အဘွားအိုနောက်က လိုက်ခဲ့သည်။

"ဟိုမှာ... ညာဘက်က အခန်းမှာ ထိပ်ထားရှိတယ်"

အဘွားအို အပေါ်က ပြန်ဆင်းသွားသည်နှင့် နေကောင်းကင် ရင်တွေ တဒိတ်ဒိတ် ခုန်သွားသည်။

"မုံ"

ချစ်သူ့အမည်ကို ခပ်တိုးတိုးခေါ်လိုက်သည်။

အဘွားအို ညွှန်ပြသွားသည့် အခန်းရှေ့မှာ ရပ်လိုက်ပြီး အိပ်ခန်း



တံခါးကို ဖွဖွလေး ခေါက်လိုက်သည်။

"ခေါက်... ခေါက်"

"အဘွားလား... ဝင်ခဲ့ပါ"

"မုံ"

"ဟင်... အစ်ကို"

အခန်းဝမှာ သူ့ကိုမြင်သည်နှင့် ခုတင်ပေါ် ဝုန်းခနဲ ထလိုက်သည်နှင့်-

"မုံ... မုံရယ်"

မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျုံးဆုံး ဆွဲယူပွေ့ဖက်ကာ မုံ့ပါးပြင် မုံ့လည်တိုင် မုံ့တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် နမ်းသည်။ ပျောက်ဆုံးသွားပြီဟု ထင်သောရတနာကို ပြန်ရှာတွေ့ခြင်းဖြစ်၍ နောက်တစ်ကြိမ် ပြန်ပျောက်သွားမှာစိုးသည့်အလား မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲက ပေးမလွှတ်တော့။ မုံကိုယ်တိုင်လည်း သူနည်းတူ ဖြစ်သည်။ မုံ့က သူ့ကိုဖက်ပြီး ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ငိုသည်။

"ဘာလို့ ဒီအထိ လိုက်လာတာလဲ အစ်ကိုရယ်၊ တော်ကြာ အစ်ကို ဒုက္ခရောက်နေပါ့မယ်"

"မင်းမရှိလို့ ခံစားရတဲ့ ဒုက္ခလောက် ဘယ်ဟာကမှ အရေး မကြီးပါဘူး မုံရယ်။ မုံ့ကို အစ်ကို လက်ထပ်မယ်"

"သင်ဇာကရောဟင်"

"သူနဲ့ကိုယ် ဘာမှမဆိုင်တော့ဘူး၊ ကိုယ်နဲ့ဆိုင်တာက မုံ တစ်ယောက်တည်း"

"အစ်ကိုရယ်"

သည်းသည်းထန်ထန် ချစ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းနှင့်သောကတွေ မေ့ပျောက်ကုန်သည့်အထိ ဘာဆို ဘာမှ သတိမရတော့သည်အထိ။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ်။ နေကောင်းကင်၏ ချစ်သူဇနီးမယားမှာ မုံသာ ဖြစ်စေရမည်။ တခြား ဘယ်သူမှ မဖြစ်စေရ။ ဝေးကွာခဲ့ရသည့် နာရီပေါင်းများစွာအတွက် အတိုးချချစ်ကြသည်။ နောက်တစ်နေ့ ပန်းဆောင်ခကို သူတို့ ပြန်ရောက်တော့ ဒေါ်ကြီးပင် မနိုးသေး။ အိမ်ကြီးထဲမှာ သင်ဇာတော်ငုံ မရှိတော့။ ချစ်သူနှင့် မိုး မမြင်လေမမြင် အပျော်ကြီးပျော်ပြီးမှ ဒေါ်ကြီး ဆူပူသမျှ ခပ်ပြုံးပြုံးနား ထောင်နေသူက မုံ။

"နော်က် ဘယ်မှမသွားတော့ပါဘူး ဒေါ်ကြီးရယ်၊ ပန်းဆောင်ခ မှာပဲ မုံ နေပါတော့မယ်"

"တစ်သက်လုံး နေလို့တော့ ဘယ်ဖြစ်မှာလဲကွယ်၊ ဒါကို ဒေါ်ကြီး နားလည်ပါတယ်"

ဒေါ်ကြီး ဘာကို ဆိုလိုမှန်း သိပါသည်။ သို့သော် မုံ ဘာမှ မပြောတော့။ အခုချိန်မှာ ဒေါ်ကြီးကို နောက်ထပ် စိတ်မချမ်းသာအောင် ထပ်မလုပ်ချင်၍ ဒေါ်ကြီးပြောသမျှကို အသာခေါင်းညိတ် နားထောင် နေလိုက်သည်။ နေကောင်းကင်က မုံနှင့် တရားရုံး အကျဉ်းချုံး လက်ထပ်ပြီး ပန်းဆောင်ခစံအိမ်ကြီးမှာ ညစာစားပွဲလေးတစ်ခု ကျင်းပလေ သည်။ သင်ဇာက သူနှင့်ပြဿနာဖြစ်ပြီး နောက်နေ့မှာ ပြန်သွားပြီဖြစ်၍ နောက်ထပ် စိတ်အနှောင့်အယှက် ဖြစ်စရာ မရှိတော့။

"အစ်ကို"

"ဗျာ"

"အစ်ကို့ မိဘတွေကို ပြောပြီးပြီဆိုတာ တကယ်လားဟင်"

"တကယ်ပေါ့"

သူဖြေပုံက အလောတကြီး နိုင်လှသည်။ မုံက နေကောင်းကင် မျက်နှာကို မသင်္ကာသလို မော့ကြည့်သည်။



"သူတို့က ဘာပြောလဲဟင်"

"ဝမ်းသာတဲ့အကြောင်းပြောတာပေါ့"

"မဟုတ်ဘူးထင်တယ် အစ်ကို မုံ့ကို အမှန်အတိုင်းပြောစမ်းပါ။ သူတို့ အစ်ကို့ကို စိတ်ဆိုးနေကြတာ မဟုတ်လားဟင်"

"နောက်တော့ သူတို့လည်း နားလည်လာမှာပါ"

"အခုလောလောဆယ် ကိုယ်တို့ ပျော်စရာအချိန်လေးမှာ ဒါတွေ တွေးပဲ နေကြရအောင်နော်"

"ကောင်းပါပြီ အစ်ကိုရယ်"

နေကောင်းကင်က နတ်သမီးလေးတစ်ပါးလို သိပ်လှနေတော့ မုံ့နှုတ်ခမ်းကို ငုံ့နမ်းသည်။

"အခုချိန်ကစပြီး စပ်မြတ်ရူပါမုံဆိုတဲ့ ထိပ်ထားလေးဟာ အစ်ကို့ ဇနီးဖြစ်သွားပြီ..."

မင်္ဂလာဦး အပြင်အဆင်တွေနှင့် လှချင်တိုင်းလှနေသော ခုတင် ကြီးပေါ် မုံ့ကိုယ်လေးကို ညင်သာစွာ ပွေ့တင်လိုက်တော့ မုံက သူနှင့် အတူ သိပ်မွေ့စွာ ရယ်သည်။

"အစ်ကို့ကို မုံ ပိုင်သွားပြီလား ဟင်"

"မုံ့ကိုလည်း အစ်ကိုပိုင်သွားပြီ..."

"မုံတို့ အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်"

"လက်တွေ့ဖြစ်ကြောင်း သက်သေပြမှထင်တယ်"

"အစ်ကိုနော်"

အိပ်ခန်းထဲက သဘာဝအလင်းရောင်က မှုန်ရေးရေးတည်းသာ ဖြစ်သော်လည်း မီးလင်းဖိုထဲမှ မီးလျှံတို့ကမူ တလူးလူး တလွန့် လွန့်နှင့် ထိန်ထိန်ညီး တောက်ပလျက်။

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကခွင့်ယူပြီး ချစ်သူနှစ်ယောက် ဘယ်သူ့ကိုမှ အတွေ့မခံ ပဲ နှစ်ယောက်တည်း အချိန်ကုန်ကြသည်။ ဈေးဝယ်ထွက်ဖြစ်သည့် အချိန်မှာ မုံ့အတွက် နေကောင်းကင် စိန်နှင့်မြရံထားသော လက်ဝတ် လက်စားတစ်စုံ မင်္ဂလာဦးအမှတ်တရ လက်ဆောင်အဖြစ် တတ်ဆေ သလို ဒေါ်ကြီးကလည်း သူ အမြတ်တနိုးသိမ်းထားသည့် ပတ္တမြား လက်စွပ်တစ်ကွင်း မုံ့အတွက် လက်ဖွဲ့ပေးသည်။

"အစ်ကို့မိသားစုသာ မုံ့ကိုတွေ့ရင် ဘာပြောမလဲ မသိဘူးနော်"

"သိပ်လည်း တွေးပူမနေပါနဲ့ အချစ်ရယ်၊ အရေးကြီးတာက အစ်ကိုက မုံ့ကို ချစ်နေဖို့ပဲ မဟုတ်လား"

မိသားစုအကြောင်းမေးတိုင်း နေကောင်းကင်က စကားလမ်း ကြောင်းလွှဲသွား၍ သူ မကြိုက်မှန်းသိကာ နောက်ထပ် မုံ့ မမေးတော့ ပါ။ နောက်မှပဲ ဖြစ်သမျှ ရင်စီးခံတော့မည်ဟု ဆုံးဖြတ်ပြီး ချစ်သူ ပျော်အောင် အစွမ်းကုန်ကြိုးစားသည်။ သင်္ဂဇာလို ချစ်သူဘဝရှေ့ရေး မြင့်မားတိုးတက်စေနိုင်သူ မဟုတ်၍ သူမ တတ်စွမ်းသည့် အကောင်း ဆုံး အစားအစာများကို စီမံချက်ပြုတ်ပေးသည်။ အိပ်ရာအခန်းများ အလှဆုံး ပြင်ဆင်ထားပေးသည်။ ချစ်သူမျက်နှာ ဝ ချက်မညှိုး အောင် ဂရုတစိုက် အလေးထားပြုစုသည့်အတွက် နေကောင်းကင် ကိုယ်တိုင် စိတ်ချမ်းသာ ပျော်ရွှင်နေသည်။

"မုံ့လက်ရာ ထမင်းဟင်းတွေ စားရတာ သိပ်အရသာရှိတာပဲ ကွ။ ကိုယ့်ညီ အစားအသောက်ကောင်းစားရတာ သိပ် သဘော ကျတာ... ကို့အချစ်ဆုံးညီပေါ့..."

"နေဦး... မုံ့ကို အစ်ကိုညီ မိုးနဲ့ မိတ်ဆက်ပေးမယ်။ သူက အစ်ကို့လိုပဲ ရုပ်ချောပြီး သဘောကောင်းတယ် မုံ့ကို မြင်ရင် အစ်ကို့ ချစ်သလို သူလည်း ချစ်သွားမှာ သေချာတယ်"



"အိုး... အစ်ကို့စကားကြီးက ဘာလဲ"

"အစ်ကိုပြောတာက မုံက သိပ်လှပြီး သိပ်ချစ်စရာကောင်းလို့ မိုးကလည်း သူ့မရီးကို ချစ်မှာ သဘောကျမှာကိုပြောတာ... ညီအစ်ကို သုံးယောက်ထဲမှာ အစ်ကိုနဲ့ ညီလေးက ရုပ်ချင်းတူသလို စိတ်ချင်း လည်း အတူဆုံးပဲ။ ဒါပေမယ့် သူက ကို့ထက် ပိုချောတယ်"

"သူ့နာမည်က မိုးကောင်းကင်၊ ကိုယ်တို့ကတော့ မိုးလို့ပဲခေါ် တယ်"

နေကောင်းကင်က သူ့ညီအငယ်ဆုံး မိုးကောင်းကင် အကြောင်း ပြောတိုင်း ချစ်စနိုး ပြုံးနေတတ်သည်။

"အလတ်ကောင်က လကောင်းကင်လေ သူက အစ်ကိုတို့နဲ့ မတူဘူး။ ဘယ်သူနဲ့မှလည်း ရောရောနှောနှော မနေဘူး ဒယ်ဒီနဲ့သူက ပိုတူတယ်"

"အစ်ကို့လိုလည်း မချောဘူးပေါ့"

"ဒါတော့ ဟုတ်တယ်"

ပြောပြီး အတူရယ်မိကြသည်။

"ခဏလေးနော်... ကိုယ် မိုးနဲ့ မုံ့ကို စကားပြောခိုင်းမလို့"

သူ့ညီဆီ ဖုန်းခေါ်ရင်း မုံ့ပါးတစ်ဖက်ကို ငုံ့နမ်းသည်။

ဖုန်းက ချက်ချင်းခေါ်မရ။ သူ့ကို ငေးကြည့်နေသော မုံ့ကို သူချစ်စနိုး လှမ်းကြည့်သည်။ ပြီးတော့ သူ့ရင်ထဲက အမှန်တရားကို အသိပေးဖို့ ဆုံးဖြတ်လိုက်သည်။

"မုံ့ကို အစ်ကိုလိမ်ထားတာ တစ်ခုရှိတယ်"

"ဘာလဲဟင်"

"ကိုယ်နဲ့ မုံ လက်ထပ်တဲ့အကြောင်း အိမ်ကို အခုထိ မပြောရ သေးဘူး။ လိုလည်း မလိုဘူး၊ အရေးကြီးတာက အစ်ကိုနဲ့ မုံ့ရဲ့

www.burmeseclassic.com



အဆုံးအဖြတ်ပဲ မဟုတ်လား။ ဒါကြောင့် လက်ထပ်ပြီးမှပဲ အကြောင်းကြားတော့မယ်လို့ ဆုံးဖြတ်ခဲ့တာ"

"ဪ... အစ်ကိုရယ်"

ချစ်သူအတွက် မုံစိတ်မကောင်း ဖြစ်သွားသည်။

မုံ့ကြောင့် သူ ဒုက္ခရောက်နေရတာပါလားဟု တွေးပြီး စိတ်ထိခိုက်သွားသည်။

"အိမ်ကိုကြိုမပြောတာ အကြောင်းရှိတယ်မုံ၊ မာမီက သိပ်ခေါင်းမာတာ အရာရာတိုင်းကို မာမီကပဲ ဆုံးဖြတ်ပေးချင်တာ။ ပြီးတော့ သူပြောတဲ့အတိုင်း လုပ်ရမှ ဖြစ်ရမှဆိုတာမျိုး။ တရားသေလက်ကိုင်ထားတတ်တဲ့လူမျိုး၊ အလတ်ကောင်ဆို မာမီ့ကို သိပ်ကြောက်တာ။ ဒါပေမယ့် အစ်ကိုကတော့ ဘယ်တုန်းကမှ မာမီ အလွှမ်းမိုးမခံရအောင် အမြဲကြိုးစားတယ်။ ဒါကြောင့် ဒီနေရာကို ရောက်ပြီး မုံနဲ့တွေ့တာပေါ့"

"မုံနဲ့သာမတွေ့ရင် အစ်ကိုလည်း အခုလို ဘယ်ဖြစ်မလဲနော် အခု မုံ့ကြောင့် အစ်ကို ဒုက္ခရောက်နေပြီ"

မုံက တွေးတွေးဆဆ ဝင်ပြောတော့ သူက ရယ်သည်။

"မုံ့ကြောင့် ဒုက္ခရောက်နေတာ မဟုတ်ဘူးဗျ၊ သုခရောက်နေတာ။ သင်ဇာနဲ့သာ လက်ထပ်ရင် အချစ်ဆိုတာ ဘာမှန်းတောင် ကိုယ်သိခွင့်ရလိုက်မှာ မဟုတ်ဘူး"

နေကောင်းကင်အသံက တည်ငြိမ်သလောက် မျက်နှာအသွင်အပြင်ကလည်း လေးနက်နေသည်။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည့် မျက်နှာ။

"အစ်ကို မာမီ့အကြောင်းပြောပါဦး"

မုံက သူတော်ရမည့် ယောက္ခမအကြောင်း ဆက်မေးနေသည်။



ဒါမှ သူစိတ်ကို ကြိုတင်ပြင်ဆင်ထားနိုင်မည်။

"ပြောစရာမရှိတော့ဘူး ကုန်ပြီလေ။ မုံ့ကို လက်ထပ်မယ့်အကြောင်း မာမီ့ကိုကြိုပြောရင် ချက်ချင်း ဒီကိုလိုက်လာပြီး ကလေးကို မုန့်ပေးကြိုက်တယ် ဘာညာနဲ့လုပ်မှာသေချာတယ်။ မုံ့ဘဝက အရွယ်နဲ့မမျှအောင် စိတ်ဒုက္ခရောက်ခဲ့ပြီးပြီ သောကပင်လယ်ဝေခဲ့ပြီးပြီ၊ နောက်ထပ် မုံ့ကို ဘာမှမခံစားစေချင်တော့ဘူး။ အခု မုံနဲ့ အစ်ကို လက်ထပ်ပြီးပြီ သူတို့ ဘာမှ မတတ်နိုင်လောက်တော့ဘူး။ ကိစ္စပြီးပြီလေ..."

အမှန်တော့ မုံ့ကို သူ့မာမီအကြောင်း ဒီထက်မက ပြောပြချင်သည်။ သို့သော် မပြောရက်။ ထို့ကြောင့် မုံ နားခံသာမည့်စကားကို ရွေးပြောခြင်း ဖြစ်သည်။ သူတို့ ပြောနေတုန်း နေကောင်းကင် ဖုန်းက အသံမြည်လာသည်။

"ဟေး... မိုး"

"နေကောင်းလား ကိုကို၊ ကိုကိုနေတဲ့ ဟော်နန်းကြီးက အရမ်းခမ်းနားတာပဲလို့ပြောလို့ ကျွန်တော် လာချင်လိုက်တာဗျာ"

"ဘယ်နေ့လာမှာလဲပြော ကိုကို လာကြိုမယ်"

နေကောင်းကင်မျက်နှာက ပြုံးနေသည်။

သူ့ညီကို ဘယ်လောက်ချစ်ကြောင်း သူ့ အမူအရာက ဖော်ပြနေသည်။ မုံလည်း ချစ်စရာကောင်းသည့် ချစ်သူ့မျက်နှာကို ပြုံးပြီးကြည့်နေလိုက်သည်။ မုံ့နားမှာသာ အစ်ကိုအမြဲရှိနေရင် မုံဆိုတာက ဘယ်လ၊ ဘယ်ကမ္ဘာကိုပဲသွားရသွားရ သွားနိုင်သည်။

"စိတ်ကသာ လာချင်တာပေါ့။ ဒီမှာ ကျောင်းကိစ္စတွေနဲ့ မအားလို့ မလာနိုင်သေးပါဘူးဗျာ။ နောက်ကျောင်းပိတ်ရက်ကြေမှပဲ လာတော့မယ်"

"မင်းလာချင်တဲ့အချိန်ပေါ့ ဒါနဲ့ မာမီရောရှိလား မိုး"

www.burmeseclassic.com

www.burmeseclassic.com



"မာမီရှိတယ် ကိုကို ခဏလေးနော်"

ထမင်းစားခန်းမှာ မာမီနှင့်လကောင်းကင်တို့ မနက်စာစားရင်း စကားပြောနေကြသဖြင့် မိုးကောင်းကင်က သူ့မာမီလက်ထဲကို ဖုန်းကို ထည့်ပေးလိုက်သည်။

"ကိုကို မာမီ"

ဖုန်းကိုယူပြီး ဒေါ်မမက ခပ်အေးအေးလေသံဖြင့် ပြောလိုက်၏။

"ဘာဖြစ်လို့လဲ သားကြီး"

"ဘာမှမဖြစ်ပါဘူး မာမီ၊ အိမ်မှာ ဘာအကြောင်းတွေ ထူးသေးလဲလို့ပါ"

သင်ဇာပြန်သွားပြီးနောက်မှာ သူ့မအကြောင်း ဘာမှ မကြားရ၍ မေးလိုက်ခြင်းဖြစ်သည်။ သင်ဇာကသာ သူ့နဲ့ မုံ့အကြောင်းကို မာမီ့ကို တိုင်လိုက်လျှင် အကျိုးအကြောင်းမှန်သမျှ သူပင် ဖွင့်ပြောစရာ မလိုတော့။ မာမီ အားလုံးသိသွားမည်။ သိတာနှင့် သူ့ဆီ ချက်ချင်း ရောက်လာမည်။ ဒါမှမဟုတ် ဖုန်းဆက်မည်ဟု မျှော်လင့်ထားသည်။ အခု ထိုအခြေအနေတွေ တစ်ခုမှဖြစ်မလာ။ မုံ့နှင့် သူ့ကိစ္စကို မာမီ့ကို သင်ဇာ ဘာလို့ အခုချိန်ထိ မပြောသေးတာလဲဟု သူ စဉ်းစားနေသည်။

"မနေ့ကပဲ ဒေါ်မာလာသက်ဖေ လာသွားတယ်သားရေ၊ သားနဲ့ သင်ဇာတို့ မင်္ဂလာကိစ္စအကြောင်းတောင် စကားပြောလိုက်သေးတယ်"

ဒေါ်မာလာသက်ဖေဆိုတာ သင်ဇာ့အမေဖြစ်မှန်း နေကောင်းကင် သိလိုက်သည်။ အခုချိန်ထိ သင်ဇာက မာမီ့ကို ဘာမှ မပြောသေးမှန်းသိလိုက်ရ၍ နေကောင်းကင် ကိုယ်တိုင် မာမီ့ကို ဖွင့်ပြောဖို့ ခဏ နေသည်။ ဒီလိုဖြစ်အောင် သင်ဇာ တမင်လုပ်မှန်း အခုမှ သဘော ပေါက်လာသည်။

"သား ဘယ်တော့ ဒီကိုပြန်လာမလဲ၊ ဒီမှာက သားတို့ မင်္ဂလာ



ကိစ္စကို မာမီတို့ချည်းပဲ စီစဉ်နေရတာ သားတို့ကိုယ်တိုင်လုပ်တော့ ပိုကောင်းတာပေါ့"

"အဲဒီကိစ္စ ကျွန်တော်ပြောမလို့ မာမီ"

မုံ့က သူ့ပြောမည့်စကားကို မျှော်လင့်တကြီး စောင့်နေသည်။

"ဘာပြောမလို့လဲသား ပြောလေ"

မာမီက ကြည်ဖြူလိုက်လျောစွာ ပြောနေ၍ နေကောင်းကင် ပိုအပြောရခက်နေသည်။ သင်ဇာက ဒီကိစ္စတွေကို မာမီ့ကို အရင်ဦးအောင်ပြောခဲ့ရင် သူ ဒီလိုဖြစ်နေမှာ မဟုတ်။ အလိုက်သင့် ဝင်ပြောရုံဖြစ်သည်။ အခုတော့ ချစ်သူအတွက် သူကိုယ်တိုင် သတ္တိရှိမှ ဖြစ်မည်။ သူ့အတွက် မဟုတ်။ သူချစ်သော ထိပ်ထားလေး စပ်မြတ်ရှုပါမုံ့ အတွက် သူ့ဘက်က ပြတ်သားမှဖြစ်မည်။

"ကျွန်တော် လက်ထပ်လိုက်ပြီ မာမီ"

"ဘာပြောတယ်သား၊ ခုနက မာမီ့ကို ဘာပြောလိုက်တယ်"

မာမီ့စကားသံကြောင့် နေကောင်းကင် အသက်မရှူနိုင်ဖြစ်သွားသည်။ မာမီ့ဘက်က အမြင်ကို တွေးကြည့်သည်။ မုံပြောသလို ကြိုတင်ပြောထားခဲ့မိရင် ဒီလောက်အခြေအနေမဆိုးဘူး ထင်ရတာပဲဟု တွေးသည်။ လက်ရှိမှာ မုံက သူ့ကိုစောင့်ကြည့်နေသည့်အတွက် သူကြိုးစားပြီး မုံ့ကို ပြုံးပြလိုက်သည်။ ဘာမှမပူနဲ့ အားလုံးအဆင်ပြေမှာပါဆိုသည့် အားပေးသော အပြုံးဖြစ်သည်။

"ကျွန်တော် မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်လိုက်ပြီလို့ ပြောတာပါမာမီ"

"မာမီ့ကို နောက်နေတာလား"

"ဘာ..."

နှစ်ယောက်စလုံး ငြိမ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မာမို့အသံကို နားထောင်ပြီး မာမီအမူအရာကိုပါ မြင်လိုက်မိသည်။ စိန်လက်စွပ်ကြီးဝတ်ထားသည့် ညာဘက်လက်က တယ်လီဖုန်းကို ကြေမွသွားလုမတတ် ဆုပ်ကိုင်ထားလိမ့်မည်။ ပြီးတော့ ရူးရှ ထက်မြက်သည့် မာမီ့မျက်လုံးတွေ ဒေါသကြောင့် မီးကဲ့သို့ ဝင်းဝင်းတောက်သွားမှာ သူသိသည်။

"သားစကားက ဘာအဓိပ္ပာယ်လဲ မာမီ နားမလည်ဘူး"

"ကျွန်တော် မိန်းမရနေပြီလို့ ပြောတာပါ မာမီ"

"မိန်းမဟုတ်လား"

"မင်းလက်ထပ်ရမှာက သင်ဇာပဲ နေကောင်းကင်၊ မင်း ဘာတွေလျှောက်လုပ်ပြီး မင်းဘဝ မင်းဖျက်ဆီးနေတာလဲဟင်"

ဒေါသကြောင့် တင်းမာခက်ထန်နေသည့် အသံက မချိုမြိန်နိုင်တော့သလို နေကောင်းကင်နာမည်ကိုခေါ်ပြီး မင်းဟု သုံးလိုက်သံက မာမီ့ဒေါသဒီဂရီကို သူ သိလိုက်သည်။ သူဘက်က တခြား ဘာမှ ပြောစရာမရှိ။

"နေစမ်းပါဦး... ဒီကိစ္စကို မင်းက အခုမှ ပြောရအောင် မင်းမှာ ဘာလျှို့ဝှက်ချက်ရှိနေလို့လဲ... မိန်းကလေးမှာ ကိုယ်လေး လက်ဝန် ရှိလာလို့လား"

"မဟုတ်ဘူး မာမီ၊ သူ့နာမည် စပ်မြတ်ရူပါမုံ ကျွန်တော် သူ့ကို ချစ်တယ်"

"ချစ်တယ်ဟုတ်လား အဲဒီအချစ်က မင်းဘဝကြီးကို ရစရာမရှိအောင် ဖျက်ဆီးပစ်လိုက်တာ မင်းသိရဲ့လား နေကောင်းကင်... မင်း ပိုင်ဆိုင်ရမယ့်အနာဂတ် မင်းဘဝအောင်မြင်မှုအားလုံး မင်းရဲ့အဓိပ္ပာယ်မရှိတဲ့ အရူးထမှုအောက်မှာ အဆုံးရှုံးခံတော့မလို့လားဟင်"

မာမီ့စကားလုံးတွေက သေနတ်ကျည်ဆန်တွေလို တစ်လုံးချင်း



ဖုန်းထဲက ရူးစူးဝါးဝါး ဝင်လာ၏။

"နေစမ်းပါဦး... မင်းလက်ထပ်လိုက်တယ်ဆိုတာ... သင်ဇာပြောတဲ့ မင်းရဲ့ အိမ်ဖော်မလေးဆိုတာလား နောက်တစ်ယောက်လား"

မာမို့အသံက ပြောရင်း အက်ကွဲလာသည်။

"ကျွန်တော် ဒီအကြောင်းတွေ အခု မာမီနဲ့ မဆွေးနွေးချင်သေးဘူး မာမီ။ သင်ဇာက ဘာမှမသိဘဲနဲ့ တစ်ဖက်သတ်အမြင်နဲ့ သူထင်တာတွေ လျှောက်ပြောနေတာ။ မုံက..."

"မင်းကို သင်ဇာက စပြီးဖြတ်လိုက်တာဆိုတော့ မင်းက သင်ဇာ့ကို ဘယ်အကောင်းပြောချင်ပါ့မလဲ"

"ဗျာ... ကျွန်တော့်ကို သင်ဇာက အရင်စပြီး ဖြတ်လိုက်တာဟုတ်လား"

"မင်း ဘာမဟုတ်ဘူးလို့ ငြင်းချင်သေးလို့လား"

"ဟုတ်မှမဟုတ်ဘဲ မာမီ"

"သူပြောတော့ မင်းနဲ့ကြမ်းတိုက်တဲ့ကောင်မလေး ဖြစ်နေတာကို သူကိုယ်တိုင် လက်ပူးလက်ကျပ်မိလို့ လက်စွပ်ချွတ်ပေးပြီး သူပြန်လာခဲ့တာတဲ့"

"သူနဲ့စေ့စပ်တာကို ဖျက်သိမ်းဖို့ပြောတာက ကျွန်တော်ပါ မာမီ"

နောက်လည်း သိရမယ့်အတူ မုံ့အကြောင်း မာမီသိအောင် တစ်ခါတည်း ပြောလိုက်တာကောင်းသည်ဟုတွေးပြီး မုံ့အကြောင်းကိုပါ သူဘက်က ပြောလိုက်သည်။

"မုံက သူပြောသလို အိမ်ဖော်လည်းမဟုတ်ဘူး ဟော်နန်းစံအိမ်တော်ကြီးကိုပိုင်တဲ့ စော်ဘွားကြီးနဲ့ စော်ဘွားကတော်ကြီးတို့ရဲ့ တစ်ဦးတည်းသော ထိပ်ထားလေး စပ်မြတ်ရူပါမုံပါ မာမီ။ အင်္ဂလန်ကဖွင့်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ဂုိယ်ပိုင်ကျောင်းမှာ ပညာသင်ပြီး သူအရင်ကနေခဲ့တဲ့ ပန်ဆောင်ခ ဟော်နန်းစံအိမ်ကြီးမှာ သူ့ဘဝသူ ခဏဇာတ်မြုပ်ပြီးလာနေတုန်း ကျွန်တော်နဲ့ တွေ့တာပါ''

''သနားစရာ ရွှေမင်းသမီးလေးပေါ့ ဟုတ်လား''

မာမီ့အသံက ခနဲ့တဲ့တဲ့ လှောင်ပြောင်လိုက်မှန်းသိသည်။

''ဒီမှာ နေကောင်းကင်၊ မင်းပြောတဲ့ မင်းညီမင်းသားတွေ မြို့စားတွေ၊ မဟာဆီမဟာသွေးစစ်စစ်ပါဆိုတာတွေ ဇလောကကြီးမှာ ဘယ်လောက်များတယ်ဆိုတာ သိရဲ့လား''

နေကောင်းကင်မျက်နှာ ရှက်ဒေါသဖြင့် ရဲခနဲဖြစ်သွားသည်။

''ကျွန်တော့်ကို အဲဒီလောက်အထိ ပက်ပက်စက်စက် မပြောသင့်ပါဘူးမာမီ၊ ကျွန်တော့်မှာ တာဝန်ရှိလို့ အကြောင်းကြားတာပါ။ မာမီ့စကားတွေ တော်လောက်ပါပြီ''

မံ့ကို သူကြည့်လိုက်တော့ မျက်ရည်တွေ ပြည့်နေသည့် မျက်ဝန်းတွေနှင့် မံ့က သူ့ကိုပြုံးပြီး ကြည့်နေသည့်အတွက် သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။

''ဝွတ်ဘိုင် မာမီ''

''နေဦး... နေကောင်းကင်၊ မင်းကို စိတ်ဝင်စားစရာ သတင်း လေးတစ်ခုပေးမလို့၊ မင်းညီ လကောင်းကင်ကို မိန်းမပေးစားတော့ မလို့''

''ဘယ်သူနဲ့လဲ မာမီ''

''သင်ဇာတွေးထိုက်ဆိုတဲ့ သင်ဇာနဲ့''

''ဗျာ...''

အံ့ဩလွန်း၍ သူ့နှုတ်မှ သူမယုံနိုင်အောင် ဖြစ်သွားသည်။

မာမီကတော့ သူဖြစ်ချင်တာ ဖြစ်ခွင့်ရလိုက်၍ ဂုဏ်ယူကျေနပ်



နေသံဖြင့် သင်ဇာ့အကြောင်း ဆက်ပြောသည်။

''စိတ်မကောင်းဖြစ်သွားလား သား၊ ခွန်လထဲမှာ မင်းညီ မင်္ဂလာဆောင်လိမ့်မယ် ဒီပွဲကို မင်းတက်မှ ဖြစ်မယ်၊ မင်းဟာမ လေးကိုတော့ ခေါ်မလာနဲ့''

''ကျွန်တော့်ကို လာစေချင်ရင် မံ့လည်း ကျွန်တော်နဲ့အတူပါမှ ဖြစ်မယ် မာမီ၊ မံ့မပါရင် ကျွန်တော်လည်း အဲဒီမင်္ဂလာပွဲကို တက်မှာ မဟုတ်ဘူး''

''မာမီလည်း အိမ်ဖော်တစ်ယောက်ကို ဘယ်တော့မှ အသိ အမှတ်ပြု လက်ခံမှာ မဟုတ်ဘူး သား''

''ကျွန်တော့်မိန်းမက သင်ဇာ့လို လူတကာနဲ့တွဲပြီး ဖြစ်ချင် တိုင်းဖြစ်နေတဲ့သူ မဟုတ်ဘူးမာမီ''

ရင်ထဲကဒေါသကို စိတ်ရှိသလောက် မပေါက်ကွဲနိုင်သော်လည်း မံ့ကိုထိတော့ ဆတ်ဆတ်ထိမခံ တုံ့ပြန်ဖြစ်သွား၏။

''မင်း မိုက်ရိုင်းလှချည်လား၊ မင်းနဲ့ မယူဖြစ်တော့တာနဲ့ပဲ သင်ဇာ့ကို ဒီလောက် မှိုချိုးမျှစ်ချိုး ပြောရလား''

''သင်ဇာ့ကို အဲဒီလို မပြောစေချင်ရင် မာမီလည်း ကျွန်တော့် မိန်းမကို မပြောနဲ့ပေါ့''

''အောက်တန်းစားမနဲ့ပေါင်းပြီး အမေကို တစ်ခွန်းမခံ ပြန် မိုက်ရိုင်းနေလိုက်တာ''

''မင်းမိန်းမက မင်းကို အဲဒီလိုပြောရမယ်လို့ သင်ထားလား သင်''

''ကျွန်တော် ဖုန်းချလိုက်ပြီ မာမီ''

ဒီထက်ပိုပြီး အခြေအနေဆိုးမလာခင် နေကောင်းကင်က အရင် ဖုန်းပိတ်လိုက်သည်။ အစကတည်းက ဒီလိုဖြစ်လာလိမ့်မည်ဟု ကြိုတင်

www.burmeseclassic.com

www.burmeseclassic.com



တွေးထားပြီးသားဖြစ်၍ သူ့အတွက်ထူးပြီး မခံစားရသော်လည်း သူ့နား မှာရှိနေသည့် မုံ့အတွက်ကြတော့ အရာရာ ထူးဆန်းနေသည်။ သူနှင့် မာမီ တစ်ယောက်တစ်ခွန်း စကားများကြကတည်းက မုံ့က မျက်နှာကို လက်ဖဝါးဖြင့်အုပ်ကာ တရှုံ့ရှုံ့ ငိုသည်။ တသိမ့်သိမ့် တုန်နေသည့် မုံ့ကိုယ်လေးက သူမရင်ထဲက ခံစားမှုကို ဖော်ပြနေ၍ နေကောင်းကင် မုံ့ကိုကြည့်ပြီး ရင်နာသွားတော့ မုံ့ကိုယ်လေးကို ရင်ခွင်ထဲဆွဲပြီး သူမကို အငိုတိတ်အောင် ကြိုးစားသည်။

## အခန်း (၁၂)

အိပ်ရာထက်တွင် နှစ်မြိုက်စွာအိပ်ပျော်နေသော ချစ်သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း မုံ့ကိုယ်မုံ့ မယုံကြည်နိုင်အောင် ဖြစ်နေသည်။ ဘယ်လိုလူမျိုးကို လက်ထပ်မိပါလိမ့်။ အိပ်မက်များလားကွယ်။ နေကောင်းကင်မျက်နှာကို ချစ်ခြင်း၊ မြတ်နိုးခြင်းများဖြင့် ငေးကြည့်နေမိသည်။ အခုဆို မုံ့မှာ နေကောင်းကင်ဝယ်ပေးသည့် အဖိုးတန်အဝတ်အထည်၊ အသုံးအဆောင် ပစ္စည်းတွေသာမက ရတနာပစ္စည်းတွေပါ ရှိနေပြီဖြစ်သည်။ မုံ့ကို ချစ်လိုက်သည်မှာလည်း ပြောစရာမရှိ။ ချစ်ခဲ့တာက နေကောင်းကင်ဆိုသည့် ချစ်သူပါ။ အစ်ကိုနဲ့သာဆို ပျော်သည်။ ဘယ်လိုပဲနေရနေရ နေနိုင်သည်။

မုံ့လိုချင်တာက နေကောင်းကင်ဆိုတဲ့ အစ်ကို့အချစ် တစ်ခုတည်း ဖြစ်ပေမယ့် နေကောင်းကင်မိသားစုကတော့ မုံ့ပြောတာကို ယုံကြည်ကြမည်မဟုတ်။ သင်ဇာပြောသည့် စကားတွေနှင့် မုံ့က ငွေမက်ပြီး သူတို့သားကို အရယူထားသည်။ အမိဖမ်းထားသည်လို့ပဲ ထင်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် နေကောင်းကင်မှာမီစိတ်က ကြောက်စရာကောင်းသည်။ အဆင့်အတန်း ခွဲခြားသည်။ လူကိုလူလို့ မြင်တတ်သူမဟုတ်။ မုံကတော့ နေကောင်းကင်မျက်နှာကိုပဲကြည့်မည်။ မုံ့ယောကျ်ားကို ဘယ်တော့မှ မုံ့ကြောင့် စိတ်မဆင်းရဲစေရဟု ဆုံးဖြတ်ထားသည်။

သူ ငေးကြည့်နေဆဲ နေကောင်းကင် အိပ်ရာက နိုးလာ၏။ မျက်လုံးကိုမဖွင့်ဘဲ အိပ်ရာဘေးကို လက်နှင့် လှမ်းဖက်လိုက်တော့ ဘယ်အချိန်က အိပ်ရာကထပြီး ရေချိုးအလှပြင်ထားမှန်းမသိသည့် မုံ့ကို နံနက်ခင်းနှင့်အပြိုင် လှပစွာ တွေ့လိုက်ရတော့ ပျော်ရွှင်သည့် မျက်လုံးတွေနှင့်ကြည့်ပြီး မုံ့ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူသည်။

"တစ်ယောက်တည်း ဘာတွေ တွေးနေတာလဲ"

"အစ်ကိုနဲ့ လက်ထပ်ဖြစ်တာ မုံ ဘယ်လောက် ကံကောင်းလဲ ဆိုတာ တွေးနေတာ"

"နောက်ဆို ဒီထက်ပိုကံကောင်းဦးမှာ သားသားမီးမီးတွေ မွေးပြီး ရင်လေ"

ပြောပြီး မုံ့ပါးပြင်ကို ဖွဖွနမ်းသည်။

မုံကလည်း နေကောင်းကင်မေးဖျားကို ဖွဖွနမ်းပြီး နေကောင်းကင် ရင်ခွင်ထဲက အသာရုန်းထွက်သည်။

"ဒီနေ့ အစ်ကို ရုံးကိုသွားမှာဆို အိပ်ရာထတော့လေ"

"မုံ့ဆွဲထူမှ"

"ဘယ်မှမသွားချင်ဘူး အချစ်ရယ် မုံနဲ့ပဲ နေချင်တယ်"

"မုံလည်း အစ်ကိုနဲ့ပဲနေချင်တာပေါ့။ ဒါပေမယ့် ရုံးကိစ္စ ရှိသေးတယ်လေ။ ထပါ... အစ်ကို့အတွက် မနက်စာ မုံကိုယ်တိုင်ပြင်ထားတယ်"

အိပ်ရာက မထချင်ထချင်နှင့်ထပြီး မုံ အတင်းတိုက်တွန်း၍ ရေချိုးခန်းထဲဝင်ပြီး ရေချိုးသည်။ မနက်စာ အတူစားပြီး ရုံးသွားဖို့ ပြင်ဆင်တော့ သူနှင့်အတူ မုံပါလာသည်။

"အစ်ကို့ကို မုံ ပေးစရာရှိလို့"

"ဘာလဲဟင်"

စက္ကူဘူးလေးတစ်ခု သူ့လက်ထဲရောက်လာ၍ နေကောင်းကင် စိတ်ဝင်စားသွားသည်။ ဘူးလေးသေးပေမယ့် မြင်တာနှင့် ရတနာ ပစ္စည်းထည့်သည့်ဗူးမှန်း သိလိုက်သည့်အတွက် မျက်ခုံး တွန့်သွားသည်။ မုံ သူ့အတွက် ဘာတွေ လုပ်နေတာလဲ။

"ဖွင့်ကြည့်ပါအစ်ကိုရဲ့"

ချစ်သူ၏ ပထမဆုံးလက်ဆောင်ကို နေကောင်းကင် အသာ ဖွင့်ကြည့်လိုက်သည်။ အရည်အသွေးအလွန်ကောင်းသော စိန်ပွင့်ကြီး တစ်ပွင့်ကို ရွှေထည်ထူထူဖြင့် လှပစွာ ပုံဖော်ထားသည့် ယောကျ်ားဝတ် လက်စွပ်တစ်ကွင်းကြောင့် သူ အံ့သြသွားသည်။

"မုံ"

ဤမျှအဖိုးတန်သော ပစ္စည်းကို ဘယ်အချိန်က သူ မသိအောင် သူမ လုပ်ခဲ့သည်မသိ။

"မုံ့လက်စွပ်ကိုဖျက်ပြီး အစ်ကို့အတွက် မုံကိုယ်တိုင် သီးသန့် အော်ဒါပေး လုပ်ထားတာပါအစ်ကို မုံ့ကိုယ်တိုင်ဝတ်ပေးမယ်နော်"

"မုံရယ်... ဘာဖြစ်လို့..."

"ဟင့်အင်း... မုံ့ကိုချစ်ရင် အစ်ကို ဘာမှမပြောရဘူး။ မုံပေးတဲ့ မင်္ဂလာဦးလက်ဆောင်ကို အစ်ကို အမြဲဝတ်ထားရမယ်"

ပြုံးပြုံးလေးပြောရင်း သူ့ လက်သူကြွယ်မှာ မုံကိုယ်တိုင် လက်စွပ်ကို ဝတ်ပေးလိုက်တော့ နေကောင်းကင်ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ မုံ့ မိဘအမွေ။ ရှေးတုန်းက ဆော်ဘွားဝတ်သည့် စိန်ထည်ပစ္စည်း၏



www.burmeseclassic.com

www.burmeseclassic.com



တန့်ပိုးက မည်မျှရှေးကြီးကြောင်း စိန်တိုက် ကိုယ်တိုင်ဖွင့်ထားသော မာမီကြောင့် သူ မသိချင်ဘဲ သိခဲ့ရသည်။ ဘာဖြစ်လို့များ ဒီလိုအဖိုးတန် လက်ဆောင်ကို သူ့ကို ပေးပါလိမ့်ကွယ်။ ဤသည်က သူမတို့လို အထက်တန်းလွှာအသိုင်းအဝိုင်းလွှာက ပေးလေ့ရှိသော လက်ဆောင် ဖြစ်မှန်း သူသိသည်။ မုံ့မိဘတွေ မဆုံးပါးဘဲ ထိပ်ထားလေး စပ်မြတ် ရှုပါမုံ ဘဝဖြင့်ဆိုလျှင် အခုထက်ပို၍ ထိုက်တန်သည့် လက်ဆောင် မျိုးကို ပေးမည်ထင်သည်။

"အချစ်ရယ်… မင်းရူးသွားပြီထင်တယ်"

"ဟုတ်တယ် အစ်ကို့ကြောင့် ရူးတာ"

မုံ့ကပြောရင်း သူ့မေးဖျားကို ခြေဖျားထောက်ပြီး နမ်းသည်။

"ကိုယ့်ဘဝမှာ ဒီလောက်ရင်ခုန်စရာကောင်းတဲ့ လက်ဆောင် မျိုး တစ်ခါမှ မရဖူးဘူး"

"လက်စွပ်အတွင်းဘက်မှာ အစ်ကို့နာမည် ရေးထားတယ်"

"မုံ့ ဒါတွေ ဘယ်တုန်းက လုပ်နေတာလဲ"

"အစ်ကို မုံ့အတွက် မြတစ်ဆင်စာ လုပ်ပေးတဲ့နေ့ကတည်းက"

သူပြုံးပြီး မုံ့နှုတ်ခမ်းကို အသာနမ်းသည်။

"မုံ့က အကြံနဲ့ပေါ့ဟုတ်လား၊ ကိုယ်လည်း မုံ့ကို ပေးစရာ ရှိသေးတယ်… ခဏနေဦး"

နေကောင်းကင် မုံ့ကိုထားပြီး သူ့ဗီရိုအံဆွဲကို ဖွင့်သည်။

"ကဲ… ဖွင့်ကြည့်"

ငွေရောင်စက္ကူဖြင့် လှပစွာ ထုပ်ပိုးထားသည့် အထုတ်လေးကို ကြည့်ပြီး မုံ့က မယူ။

"အစ်ကို့ဆီက မုံ့ နောက်ထပ် ဘာလက်ဆောင်မှ မလိုချင်တော့ ဘူး အစ်ကို"



"ဘာဖြစ်လို့လဲ"

"မလိုချင်တော့လို့ပေါ့… အစ်ကို့အချစ်ကလွဲပြီး အစ်ကို့ဆီက ဘာတစ်ခုမှ မုံ့ မလိုချင်ဘူး"

"မလိုချင်လို့မရဘူး၊ ကိုယ်က မုံ့ကို ကမ္ဘာပေါ်မှာ အကောင်း ဆုံး အလှဆုံးဆိုတာတွေကို ဒီထက်မက ဝယ်ပေးချင်နေတာ၊ အခု လောလောဆယ် ကိုယ်တတ်နိုင်တာပဲ အရင်ကြိုဝယ်ထားရတာကိုပဲ အရင်ကြည့်ဦး"

"ရှော့… ယူလေ"

"မုံ့ မယူချင်ပါဘူးဆို အစ်ကိုပဲ သိမ်းထား"

"ခက်နေပါလား၊ ယောက်ျားကချစ်လို့ ဝယ်ပေးတာ မယူချင်တဲ့ မိန်းမလည်း ဒီကမ္ဘာမှာ ရှိသေးတာပဲ"

"အစ်ကိုနော်"

"အပြောမခံချင်ရင် မြန်မြန်ယူ"

"ကဲ… ဒါဆိုလည်း… ပေး"

သူ့လက်ထဲက လက်ဆောင်ထုပ်ကို မယူချင်ဘဲ လှမ်းယူလိုက်ရ သည့် မုံ့ကိုကြည့်ပြီး နေကောင်းကင် ရယ်လိုက်သည်။

"ဖွင့်ကြည့်လေ"

သူတိုက်တွန်းမှ မုံ့က စက္ကူဘူးလေးကို ဖွင့်သည်။ ပတ်ထား သည့် စက္ကူနှင့် ဖဲကြိုးလေးပြေသွားတော့ အနက်ရောင် ကတ္တီပါ ဘူးလေး ပေါ်လာ၏။ ဖွင့်လိုက်တော့ မုံ့ မျက်လုံးဝိုင်းသွားသည်။ အနက်ရောင်ပေါ်မှာ နစ်မြုပ်နေသည့် စိန်လက်စွပ်ကြီးတစ်ကွင်း။

"မုံ့ မလိုချင်ဘူး အစ်ကို၊ မုံ့ လက်မခံပါရစေနဲ့"

မုံ့က သူ့ကို ပြန်ပေးရင်း ခေါင်းခါသည်။

"မင်းဟာ ဒီထက်ရထိုက်တဲ့သူပါ မုံ့၊ မုံ့ဆိုတာ အစ်ကို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းသမီးလေး အစ်ကိုချစ်မြတ်နိုးဆုံး ဖနီးမယားဆိုတာ မုံ မေ့သွားပြီလား"

"အစ်ကိုပိုင်ဆိုင်သမျှ မုံပိုင်ဆိုင်ရမယ်၊ အစ်ကိုချစ်သလို မုံချစ်ရမယ်... အစ်ကိုပြောတာ မုံ နားလည်လား"

"အစ်ကိုရယ်"

"မုံတို့ ဘယ်မှာအခြေချမယ် စိတ်ကူးထားလား"

အခုချိန်ထိ ထိုအကြောင်း သူတို့နှစ်ယောက် မပြောဖြစ်သေးပါ။ ချစ်၍မဆုံး။ ကြင်နာမဆုံးချိန်များဖြစ်၍ ကြားလေသွေးရင်တောင် ဆေးသည်ထင်နေကြချိန်ဖြစ်၍ တခြားဘာကိုမှ စိတ်မဝင်စားတာလည်း ဖြစ်သည်။

"မုံတို့ ဘာမှ မပြောရသေးပါဘူး ဒေါ်ကြီးရယ်။ မုံကတော့ အစ်ကို့ သဘောပါပဲ။ ဘယ်မှာနေရာနေရ အစ်ကိုနဲ့သာဆိုရင် မုံ့ဘဝက ပြည့်စုံနေပါပြီ"

"ဒေါ်ကြီးက စကားကြုံလို့မေးတာပါ။ မုံပြောတာလည်း မှန်ပါတယ်"

သူတို့ပြောနေတုန်း ဖုန်းသံမြည်လာ၍ ဒေါ်ကြီးနားက မုံ့နားမှ ထွက်ခဲ့သည်။

"ဟယ်လို"

"အစ်ကိုပါ မုံ့ကိုပြောစရာရှိလို့"

"ဟုတ်ကဲ့"

"အစ်ကိုတို့ တာဝန်နဲ့ တခြားတစ်နေရာကို ပြောင်းရတော့မယ်"

"ဘယ်ကိုလဲဟင်"

"ထားဝယ်ဘက်ပါ။ မုံ အသင့်ကြိုတင်ပြင်ဆင်ထားနိုင်အောင်



ပြောပြတာ... ဒါပဲနော် မုံ"

"ဟုတ်ကဲ့"

လက်ထဲကဖုန်းကို အသာပြန်ချလိုက်သူက နေကောင်းကင်။ သင်ဇာ့လက်ချက်မှန်း သူ သိသည်။ သူ့ကို ဒုက္ခရောက်စေချင်လို့ တခြားတစ်နေရာ ပြောင်းလိုက်မှန်း နားလည်သည်။ ညီဖြစ်သူ မိုးကောင်းကင်က သူ့ကို ကြိုဖုန်းဆက်ထားပြီးသား ဖြစ်သည်။

"အလကား မိန်းမပါ ကိုကိုရာ။ သိတယ်မဟုတ်လား၊ ကိုကိုနဲ့ မုံ ပန်ဆောင်ခမှာ ပျော်နေတာကို မနာလိုလို့ သူလုပ်တာ။ ဟိုတစ်နေ့က မာမီနဲ့ သူ ပြောနေတာ အလုပ်ကပြန်လာရင်း ကျွန်တော် ကြားလိုက်တာ"

သင်ဇာ့အကြောင်း သိထားပြီးသားဖြစ်၍ နေကောင်းကင်စိတ်ထဲ သိပ်ပြီးတော့ အကျိတ်အခဲမဖြစ်။ သူ့ကို ဒီမှာ ကြိမ်းဝါးသွားကတည်းက တစ်ခုခုလုပ်မှာကို နေကောင်းကင် ရိပ်မိခဲ့သည်။

"သူဘာလုပ်လုပ် အစ်ကို ဂရုမစိုက်ပါဘူး။ အစ်ကို့မှာ မုံရှိနေပြီပဲ။ မုံသာ အစ်ကို့နားရှိလို့ကတော့ ဘယ်ဖြစ်ဖြစ်သွားနိုင်တယ်"

"အချစ်ရဲ့သတ္တိတွေပေါ့ ဟုတ်လား"

ညီအစ်ကိုနှစ်ယောက် အတူရယ်မိကြသည်။

"အချစ်ဆိုတာ တကယ်ရှိတာနော် မိုး။ အရင်က အချစ်ဆိုတာကို အစ်ကိုကိုယ်တိုင် အယုံအကြည်မရှိဘူး၊ လက်လည်း မခံဘူး၊ အချစ်အကြောင်းပြောတဲ့လူကို အလကားလူလို့ အစ်ကိုက ထင်ခဲ့တာ၊ အခု ကိုယ်တိုင်ထိမှ သိတယ်ညီ"

"မုံ့ကို အစ်ကို တကယ်ချစ်တာကွ"

မုံ့ကိုချစ်ကြောင်း ပြောရသည့်အချိန်မှာတော့ နေကောင်းကင် မျက်နှာတစ်ခုလုံး ပြုံးနေသည်။ ကျေနပ်ကြည်နူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ဗျာ သိပ်လည်း ကြွားမနေပါနဲ့ ကိုလတ် မင်္ဂလာဆောင်ကိုတော့ အစ်ကို လာဖြစ်အောင် လာစေချင်တယ်"

မိုးကောင်းကင်က သူဖြစ်ချင်တာကို တင်ပြသည်။

"မာမီက မုံ့ကို ခေါ်မလာရဘူးလို့ပြောတာ မင်းလည်း သိသားပဲ"

"မာမီ့ကို ကျွန်တော် ကြည့်ပြောလိုက်ပါ့မယ်။ ကိုလတ် မင်္ဂလာပွဲကိုတော့ ကိုကို မတက်လို့မဖြစ်ဘူး။ တော်ကြာ လူတွေက ကိုကို့ကို သင်ဇာက စွန့်ပစ်တဲ့ အရှုံးသမားအဖြစ် မြင်နေမှာမျိုး အဖြစ် မခံနိုင်ဘူး"

"ညီပြောတာ ကိုကိုနားလည်ပါတယ်။ မုံ့ကိုခေါ်ပြီး ကိုကိုလာခဲ့မယ် မာမီကို မင်းပဲ ကြိုပြောထားလိုက်"

"အိုကေ"

စိတ်ထဲက အလတ်ကောင်ကို သနားမိသော်လည်း လကောင်းကင်ကဖြင့် သူ့ကို အဆက်အသွယ်မလုပ်။ မုံနှင့်သူ လက်ထပ်ပြီးတာ သိလျက်နှင့် အသိအမှတ်ပြုစကားပင် လှမ်းပြောဖော်မရ။ လကောင်းကင်စိတ်ထဲ ဘာတွေ ကျိတ်ကြံနေမှန်းမသိ။ အစကတည်းက ညီအစ်ကို သုံးယောက်ထဲမှာ သူက တစ်မျိုးတစ်ဘာသာဆိုတော့ ညီအစ်ကိုချင်း ပေမယ့်လည်း အငယ်ဆုံးညီငယ် မိုးလောက်ပင် မရင်းနှီး။ မိုးလင်းမိုးချုပ် တစ်နေကုန် အပြင်ထွက်နေတတ်သူဖြစ်၍ ညီအစ်ကိုချင်း သိပ်စကား မပြောမိကြတာများသည်။

သူသိသလောက်တော့ လကောင်းကင်မှာ ချစ်သူ ရှိသည်။ တစ်ယောက်တည်း မဟုတ်။ နှစ်ယောက်သုံးယောက် ဖြစ်သည်။ ထိုထဲက ကောင်မလေးတစ်ယောက်ကို မရွေးဘဲ သင်ဇာနှင့် လက်ထပ်ဖို့ သဘောတူသည်ဆိုတော့ နေကောင်းကင် စဉ်းစားမရ။ အစ်ကိုနှင့်



ကြိုက်ထားသည့် မိန်းမကို ညီဖြစ်သူက ဆက်ပြီး လက်ထပ်မည်ဆိုတာ ဘာအဓိပ္ပာယ်မှန်းမသိ။ သင်ဇာကိုယ်တိုင်လည်း တခြားယောကျ်ား တစ်ယောက်ကို ခေါင်းခေါက်ရွေးနိုင်လျက်နဲ့ နေကောင်းကင်ညီကိုမှ ရွေးပြီး လက်ထပ်တာကို နားမလည်။

ရန်ကုန်ကို ပြန်ရောက်လျှင် မာမီ့အိမ်မှာ မနေဟု စဉ်းစားသည်။ ရုံးအလုပ်ထဲ အာရုံ မရှိ။ ရုံးစောစောဆင်းတော့ မုံက သူ့ကို အလှဆုံး စောင့်ကြိုနေသည်။

"ကိုယ်တို့ညီလတ် မင်္ဂလာပွဲကို သွားရမယ် မုံ"

"ဘယ်တော့လဲဟင်"

"ဒီလကုန်ပေါ့… တစ်ခါတည်း ပစ္စည်းတွေသိမ်းပြီး ကိုယ်တာဝန်ကျတဲ့နေရာကို ဆက်သွားကြယုံပဲ"

နေကောင်းကင် သူ့အစီအစဉ်တွေကို ပြောပြသည်။ မုံကတော့ သူမအတွက် အတွေ့အကြုံသစ်၊ မိသားစုအသစ်နှင့် တွေ့ရမည့်အရေး တွေးပြီး ရင်လေးနေသည်။

"မုံကြောက်တယ်"

"ဘာကြောက်စရာရှိလဲ၊ မုံ့နားမှာ အစ်ကို အမြဲရှိနေမှာပဲ ဘာမှ ကြောက်စရာမလိုဘူး၊ ဘယ်လိုကိစ္စဖြစ်ဖြစ် အစ်ကို့ကိုသာပြော၊ မုံ့ကို ဘယ်သူမှ မထိစေရဘူး"

"ပစ္စည်းတွေသိမ်းတော့ မုံ"

တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကြုံရမည့် ပြဿနာဟု သိထားသည်။ သို့သော် သည်လောက်မြန်လိမ့်မည်ဟုတော့ ထင်မထား။

"တစ်ခုပဲ ဆိုးတယ်ကွ၊ ဟိုရောက်ရင် ဒီမှာလို စိတ်လွတ်ကိုယ်လွတ် ချစ်ချင်တိုင်း ချစ်လို့ရတော့မှာမဟုတ်ဘူး။ ဒီတော့ အခုကတည်းကပဲ ကို့အချစ်တွေကို အတိုးချ ချစ်ထားမှထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုနော်… မုံ့မှာ ကိုယ်ဝန်ရှိနေပြီ"

မုံ့ကိုယ်လေးကို အိပ်ရာပေါ် ခပ်ကြွမ်းကြွမ်း ဖက်လှဲရန် ပြင်နေသည့် နေကောင်းကင် လက်အစုံ ရပ်သွားပြီး မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ပွေ့ယူလိုက်ပြီး မုံ့မျက်လုံးတွေကို ရွှန်းတောက်စွာ စူးစိုက်ကြည့်သည်။

"မုံ့လေးရယ်"

နေကောင်းကင်အသံက တုန်ယင်နေသည်။ ဝမ်းသာစိတ်ကြောင့် သူ့စိတ်တွေ လှုပ်ရှားနေသည်။

"ဘယ်လောက်ရှိပြီလဲဟင်"

"နှစ်လ"

"မုံ့ကတော့ အစ်ကိုနဲ့တူတဲ့ သားလေးပဲ လိုချင်တယ်"

"ဟင့်အင်း… အစ်ကို့အတွက် မုံ့နဲ့တူတဲ့ သမီးလေးပဲလိုချင်တယ်"

"မရဘူး မုံ့ကတော့ သားလေးပဲမွေးမှာ"

"မုံ့က သမီးလေး မလိုချင်ဘူးလား"

"အစ်ကိုကရော… သားလေး မလိုချင်ဘူးလား"

"ကဲ… ဒါဆို သားရောသမီးရော တစ်ပြိုင်တည်းရအောင် မုံ့ပဲတစ်ခါတည်း အမွှာလေးမွေးပေးလိုက်တော့"

"သွားပါ… ဒါကတော့ အစ်ကိုက မုံ့ကို လှူလည်ကျတာပဲ"

"သိသွားပြီဆိုမှတော့ မထူးပါဘူး… တစ်ခါတည်း လှုလည်ပဲကျလိုက်တော့မယ်"

"အစ်ကိုနော်"

"အို"

## အခန်း (၁၃)

လေဆိပ်ကိုသွားမည့်အချိန်မှာ ဒေါ်ကြီးက မျက်ရည်တွေနှင့်ဖြစ်သည်။ မုံ့က ဒေါ်ကြီးကို သူနှင့်အတူ လိုက်နေဖို့ ခေါ်သည်။ ဒေါ်ကြီးက မလိုက်နိုင်။

"ပန်ဆောင်ခံမှာပဲ နေပါရစေကွယ်၊ တခြား ဘယ်ကိုမှ မသွားပါရစေနဲ့။ ဟိုရောက်ရင်သာ အကျိုးအကြောင်းသိရအောင် ဒေါ်ကြီးကို ဖုန်းဆက်ပါ"

"စိတ်ချပါ ဒေါ်ကြီးရယ်၊ မုံ့ ဒေါ်ကြီးဆီကို အမြဲဖုန်းဆက်မှာပါ"

ကားလာခေါ်တော့ ဒေါ်ကြီးကို ကန်တော့ပြီး ကားပေါ်တက်ကြသည်။ မုံ့ကိုယ်တိုင် မျက်ရည် မဆည်နိုင်တော့။

နေရစ်ခဲ့တော့ ပန်ဆောင်ခံရယ်။

မုံ့ မသွားခင်က နေကောင်းကင်နဲ့အတူ သူမ မိဘတွေ အုတ်ဂူကို သွားကန်တော့ပြီးပြီဖြစ်၍ မိခင်နှင့်ဖခင်ကို မုံ့စိတ်ထဲကပဲ ထပ်ကန်တော့ရင်း နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းဖြစ်နေလား မုံ"

"ဟုတ်ကဲ့"

"နောက်အားရင် ကိုယ်တို့မိသားစု ဒီကိုလာလည်လို့ရပါတယ်ကွာ··· မုံ့ကို ကိုယ်လိုက်ပို့မယ်ဟုတ်လား"

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"နေကောင်းရဲ့လားမုံ"

"ကောင်းပါတယ်အစ်ကို မုံ ဘာမှမဖြစ်ပါဘူး"

"နောက်ဆို ကိုယ်တို့··· ကိုယ့်အိုးကိုယ့်အိမ်နဲ့ အတည်တကျဖြစ်သွားမှာပါ။ အဲဒီအခါကြမှ ဒေါ်ကြီးကို အိမ်အလည် ခေါ်ကြမယ်"

ကားက လေဆိပ်ကို ရောက်လာသည်။ အချိန်ပင် သိပ်မစောင့်လိုက်ရ။ လေယာဉ်ရောက်လာ၍ ပန်ဆောင်ခကို နှုတ်ဆက်ပြီး လေယာဉ်ပေါ်တက်ခဲ့ကြသည်။ မိုးကို ကြိုဖုန်းဆက်ထား၍ ရန်ကုန်လေဆိပ်မှာ မိုးကိုယ်တိုင် နေကောင်းကင်တို့ကို လာကြိုလိမ့်မည်။ မုံ့ကို ညီလတ်မင်္ဂလာဆောင်ကို အတူခေါ်လာမည့်ကိစ္စကို မာမီက ဘာမှမပြောတော့ဟုဆို၍ နည်းနည်းတော့ အသက်ရှူချောင်သလိုဖြစ်သွားသည်။ သူတို့ပစ္စည်းတွေက ရန်ကုန်ကို ကြိုရောက်နေပြီဖြစ်၍ ဟိုရောက်မှ ရွေးယူရုံဖြစ်သည်။

ကိုယ့်စိတ်ကူး ကိုယ့်အတွေးနှင့်ကိုယ် လေယာဉ်ပေါ်မှာ တစ်ယောက်လက် တစ်ယောက် တင်းတင်းဆုပ်ပြီး ဘာစကားမှမပြောနိုင်ကြသော ချစ်သူနှစ်ဦးကဲ့သို့ နေကောင်းကင်၏ မိခင်ဖြစ်သူ ဒေါ်မမကိုယ်တိုင်လည်း သူ့အခန်းထဲက ဘယ်မှမထွက်။ သူ့အခန်းထဲမှာ တစ်ယောက်တည်း တွေးနေသည်။

သူ့အချစ်ဆုံးသားကြီး။

အမြဲလိမ္မာသောသားကလေး။ မိခင်ကြီးစိတ်တိုင်းကျဖြစ်အောင်



အမြဲကြိုးစားနေထိုင်လာခဲ့သည်မှာ နောက်ဆုံး သင်ဇာကို လက်ထပ်ပါမည်ဟု မိခင်ကြီး စိတ်ချမ်းသာအောင် အလိုလိုက်ခဲ့သောသား။ နေကောင်းကင်နှင့် မိခင်ကြီးကြားမှာ စိတ်ဝမ်းကွဲစရာဆိုလို့ ကုမ္ပဏီကိစ္စများ နေကောင်းကင်ကို ဒေါ်မမက ဝင်အလုပ် လုပ်နိုင်းပေမယ့် သားကြီးက မလုပ်ချင်။ သူဝါသနာပါသည့် သတ္တုတွင်း အင်ဂျင်နီယာအလုပ်ကိုပဲ လုပ်ချင်သည်။ ဆုံးဖြတ်ပြီးရင် မပြင်တတ်သည့် သားကြီးကြောင့် သားအလိုလိုက်ပြီး သတ္တုတွင်းအင်ဂျင်နီယာ အလုပ်ကို ဒေါ်မမ သဘောတူ ခွင့်ပြုခဲ့ရသည်။ အဓိပ္ပာယ်ရှိစကားမဆောင်ဘဲ သူ လုပ်ချင်တာလုပ်ခဲ့သည်မှာ ထိုတစ်ကြိမ်ပဲ ရှိသည်။ ကျန်တာအားလုံး ဘာဆိုဘာမှ အပြစ်ပြောစရာ မရှိ။

ဘာမဟုတ်သည့် မိန်းကလေးတစ်ယောက်အတွက် အလွန်အရေးကြီးသည့် ဘဝအဆုံးအဖြတ်တွေကို မေ့ပစ်ပြီး သင်ဇာလိုမိန်းကလေးကို စွန့်လွှတ်ခဲ့သည်။ အခြေအနေမဲ့ မိန်းကလေးကို ရူးမိုက်စွာ လက်ထပ်လိုက်ပြီး အခု သူနဲ့အတူ ဒေါ်မမအိမ်ကြီးကို ရောက်လာတော့မည်။ ဒါကို ဒေါ်မမက ဘာမှ မခံစားရသလို၊ ဘာမှမဖြစ်သလိုပုံစံနှင့် သူ့အိမ်ပေါ် အခန့်သားရောက်လာသည့် မိန်းကလေးကို ကြိုဆိုလက်ခံရမည်လား။

သားဖြစ်သူမျက်နှာကို ပြန်မြင်ယောင်လိုက်တော့ ဒေါ်မမ မျက်ဝန်းအစုံ မှိုင်းညို့သွားသည်။ သားကိုတော့ ချစ်သည်။ သနားသည်။ ထိုတစ်ခုတည်းနှင့်တော့ ဘာမဟုတ်သည့် မိန်းကလေး တစ်ယောက်ကို သူ့ချွေးမအဖြစ် အသိအမှတ်ပြု လက်ခံစရာမရှိ။ ဖြစ်နိုင်လျှင် သားကြီးကို သူ့ဘက်ပါလာအောင် စည်းရုံးနားချပြီး ထိုမိန်းကလေးနှင့် အမြန်ဆုံး ကွာရှင်းစေချင်သည်။ ဒါက ဒေါ်မမ စိတ်ဆန္ဒဖြစ်ပေမယ့် သားက အခုချိန် ဘာတစ်ခုမှ နားဝင်မည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူ့မိန်းမ မကွဲကွာစေချင်လျှင် ခိုင်လုံသည့်အကြောင်းပြချက်ကိုပဲ ရှာရမည်။

သား၏ရပိုင်ခွင့်အားလုံး ဘာမဟုတ်သည့် မိန်းကလေး တစ်ယောက်၏ လက်ဝါးကြီးအုပ်မခံရအောင် သေချာစီစဉ်ထားသည်။ မိသားစုလုပ်ငန်းကို ဘာတစ်ခုမှ စိတ်မဝင်စား။ သူထင်ရာ လုပ်နေသည့်သားက မိခင်လက်နှင့်ရေးတာကို ခြေနှင့်ဖျက်ရုံမက၊ ကိုယ့်ဘဝနှင့် မိုးနှင့်မြေလို အခြေအနေအဆင်အတန်းခြင်း မတူသည့် မိန်းမတစ်ယောက်ကိုပင် စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့စွာ လက်ထပ်လိုက်သေးသည်။

ကိုယ်ပေါ်လွှမ်းခြုံထားသည့် စောင်ကိုခွာချပြီး အိပ်ရာက ထလိုက်သည်။ ထို့နောက် ပိုင်နိုင်သော ဆုံးဖြတ်ချက်တစ်ခုဖြင့် ဦးခေါင်းကိုမော့ပြီး အိပ်ခန်းထဲက ထွက်ခဲ့သည်။

"ဒေါ်ကြည်"

"လာပါပြီ မမကြီး"

"သားငယ်ရော"

"လေယာဉ်ကွင်းကို သွားပါတယ်"

ဒေါ်မမ ဘာမှဆက်မပြောတော့။ အငယ်ဆုံးနှင့် အကြီးဆုံးက ရုပ်ချင်းတူသလို စိတ်ခြင်းကလည်း တူသည်။ အလတ်ကောင်လို မဟုတ်။ သူ့အစ်ကိုကိုစွမှာ မိုးကောင်းကင်က သူ့အစ်ကိုဘက်က ပြတ်သားစွာ ရပ်တည်ပေမယ့် အလတ်ကောင်က ဘာမှမပြော။ ဘာသိဘာသာပဲနေသည်။ ချီးသည်ခါးသည်လည်း မပြော။ သူနဲ့ ဘာမှမဆိုင်သလို တုံ့နိဘာဝေသည်။ မိုးကတော့ သူ့အစ်ကိုမှ သူ့အစ်ကိုဖြစ်သည်။

"အရေးကြီးတာက ကိုကိုပျော်တယ် စိတ်ချမ်းသာတယ်ဆိုရင်



ပြီးတာပဲ မဟုတ်လားမာမီ…"

"သူစိတ်ချမ်းသာတာ ပျော်တာကြည့်ပြီး မာမီက မာမီ့သားကြီးကို ဖြစ်ချင်ရာဖြစ်ဆိုပြီး သူ့ဘဝကို နစ်သထက်နစ်အောင် ဘာမှမမြင်မကြား သလို ပစ်ထားလိုက်ရမှာလား သားငယ်…"

"မင်းအစ်ကိုကြီး အခုလိုဖြစ်သွားရတာ နေရာတကာ ရိုးလွန်းအလွန်းလို့၊ သားကြီးကို ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်က အပိုင်ဖမ်းသွားတာသိလား…"

"ကိုကိုက မာမီပြောသလောက်လည်း မတုံးပါဘူး မာမီရာ၊ သူကောင်မလေးကို သူတကယ်ချစ်လို့ဆိုတာ ဟုတ်မှာပါ"

"ဘာအချစ်လဲ၊ အဓိပ္ပာယ်မရှိတဲ့ အရူးစကားတွေ မာမီ့ရှေ့မှာ နောက်ဘယ်တော့မှ မပြောနဲ့ မိုး၊ မင်းလည်း အခုကတည်းက သတိထားနေ။ ကိုယ်နဲ့ အဆင့်အတန်းတူ ဂုဏ်ဒြပ်ခြင်းတူတဲ့သူကလွဲပြီး တခြား အောက်တန်းစားတွေကို စိတ်ဝင်စားမယ်မကြံနဲ့ မာမီ့အကြောင်း သိသွားမယ် နားလည်လား"

ဒေါ်မမလေသံက ပြင်းထန်စွာ ပေါက်ကွဲထွက်လာသည့် မိုးခြိမ်းသံ ဖြစ်သည်။ မိုးမှာက ချစ်သူရည်းစားပင် မရှိ။ သူ့ကို ကလေးတစ်ယောက်လို ဟိုဟာမလုပ်နဲ့ ဒါလုပ်ဆိုပြီး အမိန့်ပေးစကားတွေဆိုနေသည့် မိခင်ဖြစ်သူကို စိတ်ပျက်စွာ ကြည့်သည်။ ဘာမှတော့ မပြော။ မာမီ့ကို နှုတ်ဆက်ပြီး အပြင်ထွက်ခဲ့သည်။

မိသားစုငါးယောက်တည်းရှိပေမယ့် တစ်ယောက်နှင့်တစ်ယောက်တွေ။ မာမီက မိသားစုတစ်ခုလုံးကို သူ့စိတ်သူ့သဘောအတိုင်း ဖြစ်စေ ဖြစ်ရမည်ဟု တထစ်ချစိတ်မျိုးနှင့် ယောကျာ်းနားအေးရင်ခြင်ရေ သဘော။ မာမီပြောသမျှ ဘာတစ်ခုမှ အတိုက်အခံမပြောပေမယ့် ဒာမီ ကွယ်ရာမှာ သူစိတ်ချမ်းသာသလိုနေသည်။ သူလုပ်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



လုပ် သည်။

မာမီသိလျှင် မိုးမီးလောင်ပြီဖြစ်သော်လည်း ဒယ်ဒီက မာမီ ဘာပြောပြော တစ်ခွန်းမှမပြော။ ကျောက်ရုပ်ချထားသလိုပုံစံနှင့် သူ စာဖတ်စရာရှိတာ ဖတ်သည်။ လုပ်စရာ အလုပ်ရှိတာ လုပ်သည်။ စားစရာရှိတာ စားသည်။ ဘာတစ်ခုမှ ပုံစံမပျက်။ ဒယ်ဒီက ထိုသို့ လုပ်လေ မာမီက ခံပြင်းဒေါသဖြစ်လေ။ နောက်ဆုံး မာမီ စိတ်ကြိုက် အော်ဟစ် ဆူပူပေါက်ကွဲပြီးမှ အားလုံးပုံမှန်အတိုင်း ဖြစ်သွားသည်။

ကိုလတ်ကြတော့ အစကတည်းက ဘယ်သူနှင့်မှ မရော။ သူ့ ဘာသာ သီးသန့်နေတာကို သဘောကျတတ်သူ။ ဒယ်ဒီကို မကြောက် ပေမယ့် မာမီ့ကိုကြတော့ ကြောက်သည်။ အားလျှင် အခန်းတံခါး ပိတ်ပြီး တစ်ယောက်တည်း ငြိမ်နေသည်။ သူ့အခန်းထဲ တခြားသူ ဝင်တာလည်း မကြိုက်။ တခြားသူ့အခန်းကိုလည်း ဝင်လေ့ မရှိ။ ညီအစ်ကိုဆိုပေမယ့် ပြောစရာစကားရှိမှသာ ပြောသည်။ စကားအပို ပြောတတ်သူမျိုး မဟုတ်။ ဒါပေမယ့် သူကလည်း ရုပ်ဖြောင့်တော့ ရည်းစားတွေ အများကြီးတော့ ထားသည်။ စကားမပြောသော ကိုလတ် နှင့် သူ့ရည်းစားတွေ ဘယ်လို စခန်းသွားကြသည်မသိ။ သင်တန်း လက်ထပ်ပါမည်ဟု မာမီ့ကို ကတိပေးပြီးကတည်းက ကိုလတ်နှင့် သူ့ရည်းစားတွေ ဘယ်လိုဖြစ်ကုန်ကြသည် မသိ။

မိုးကောင်းကင်ကလည်း မမေး။

ကိုလတ်ကလည်း မပြော။

သူ့ဘာသာ အခန်းတံခါးပိတ်နေသည့် အချိန်မှာလည်း ကိုလတ် ကို မနှောင့်ယှက်ချင်တာနှင့် မိုးကောင်းကင်ကလည်း လိုက် စကား မပြောဖြစ်။ စိတ်ထဲကတော့ ကိုလတ်ကို သနားမိလေ သင်တော့ ပိုမှန်းလေဖြစ်သည်။



လေယာဉ်ကွင်းကို အချိန်စောပြီး မိုး ရောက်နေသည်။

အိမ်မှာ ဒေါသတကြီးကျန်ရစ်ခဲ့သည့် မာမီ့မျက်နှာကို မြင်ယောင်မိတော့ ကိုကိုနှင့် သူ့မိန်းမကို လာကြိုရင်း သက်ပြင်းချလိုက် သည်။ ဒီပုံနှင့်ဆို သိပ်တော့မလွယ်။ သူတို့မိသားစုအတွက် မာမီ့ အပြုအမူတွေအပေါ်မှာ ဘာမှထူးပြီး မခံစားရတော့ပေမယ့် အခုမှ တွေ့ရမည့် သူစိမ်းတစ်ယောက်အနေနှင့် အခြေအနေက အတော်ဆိုး သည်။

မိုးကောင်းကင် တွေးနေတုန်း လေယာဉ်က ကွင်းကိုဝဲပြီး ဆင်း လာသည်။ လာမည့်သူတွေကတော့ ရောက်လာပြီ။ ကိုကို့စိတ်ထဲ ဘယ်လိုနေမှန်း မသိ။ မာမီ့အကြောင်းကို သူတို့ညီအစ်ကိုအားလုံး သိသည်။ ဘယ်သူမှ နေကောင်းကင်တို့ကို လာကြိုမည့်သူမရှိသော် လည်း မိသားစု ဝင်ထဲတစ်ယောက်အဖြစ် မိုးကောင်းကင်က အစ်ကို ဖြစ်သူကို မြင်လိုက်တာနှင့် ဝမ်းသာအားရပြေးကြိုသည်။

"အစ်ကို"

"ဟေး… ညီလေး"

သူ့ဆီပြေးလာနေသည့် ညီဖြစ်သူကို ဝမ်းသာအားရ ပြန်ဖက် လိုက် သူက နေကောင်းကင်။ သူမျှော်လင့်ထားသည့်အတိုင်း မာမီ့ အရိပ်အယောင်ပင် မမြင်ရ။ ဒယ်ဒီနှင့် အလတ်ကောင်က အစ ကတည်းက အလုပ်များကြသူများဖြစ်၍ လာမကြိုချင်လျှင် အလုပ်ကို အကြောင်းပြ လိုက်ရုံနှင့် ပြီးသည်။ မာမီမကြိုက်တာ ဘာမှ မလုပ်ကြ သူတွေဖြစ်၍ တစ်နည်းပြောရရင် မာမီနှင့် အတိုက်အခံဖြစ်ရမည့် ကိစ္စကို ရှောင်ကြတာလည်း ပါသည်။

"မုံ ဒါ… အစ်ကိုညီလေးလေ၊ အငယ်ဆုံးပေါ့၊ မိုးကောင်းကင် ဆိုတာ၊ ညီ… ဒါက အစ်ကို့ရဲ့ ဇနီးမြတ်ရှုပါမုံ"

www.burmeseclassic.com

www.burmeseclassic.com



"ရှမ်းမလေးပေါ့"

"ဟုတ်ကဲ့"

မိုးကောင်းကင်မျက်နှာ ပြုံးနေသည်။ ယောကျ်ားတန်မဲ့ ချိုင့်ဝင်သွားသည့် ပါးချိုင့်ရှည်ကြီးနှစ်ဖက်ကြောင့် သူ့ရုပ်က ပိုပြီး ချစ်စရာကောင်းအောင် ချောမောခန့်ညားသွားသည်။ မျက်လုံးနက်တွေက အစ်ကိုလိုပဲ စူးစူးရှရှ။ အရောင်တလက်လက်တောက်ပလျက် မှုံ့မျက်နှာလေးကို ခပ်ရဲရဲ စိုက်ကြည့်သည်။ မိုးကောင်းကင်ဆိုသည့်ယောကျ်ား သူ့အစ်ကို နေကောင်းကင်ထက် ပို၍ တည်ငြိမ်ခန့်ညားကာ ယောကျ်ားပီသစွာ ချောမောသူတစ်ယောက် ဖြစ်နေ၏။

"ကျွန်တော့်မရီးက တကယ်လှပါလားကိုကို"

ဟန်မဆောင်နိုင်ဘဲ ခပ်ပြုံးပြုံး ချီးကျူးစကား ပြောလိုက်မှုံ့ မျက်နှာလှလှလေး ရှက်သွေးဖြင့် ပန်းနုရောင် ဖြစ်သွားကာ ရယ်လိုက်သလို နေကောင်းကင်က မှုံ့အတွက် ကျေနပ်ဂုဏ်ယူသည့်အပြုံးနှင့် ချစ်ဇနီး၏မျက်နှာကို မြတ်နိုးစွာ လှမ်းကြည့်သည်။

"လှယုံတင်မဟုတ်ဘူးညီ၊ မှုံက မဟာဆီ မဟာသွေး တကာစော်ဘွားမင်းသမီးလေးကွ ညီရ"

"ကျွန်တော် ယုံပါတယ်ဗျာ၊ မှုံ့လိုအလှမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး"

ထိုစကားကို မိုးကောင်းကင် လေးနက်စွာ ပြောခြင်းဖြစ်သည်။ မှုံက အိမ်မက်တိုင်းပြည်တစ်ခုထဲက သူ့မျက်စိရှေ့ကို အလည်ရောက်လာသော ရွှေမင်းသမီးလေးတစ်ပါးနှင့် တူလှသည်။ မှုံကဲ့သို့ အပြစ်ဆိုစရာ မရှိအောင် ကျက်သရေရှိသော အလှမျိုး တစ်ကြိမ်တစ်ခါမှ သူ မမြင်ဖူးဘူး။ နို့နှစ်ရောင်ဝတ်စုံက မှုံ့ရွှေဝါရောင်အသားထဲမှာ ထိကိုက်ရက်ဆွေးမရှိအောင် ရောထွေးလှပနေ၏။ နက်မှောင်သော ဆံပင်တွေကို ရှိန်း



ယဉ်ယဉ်လေး ထုံးဖွဲ့ထားသော်လည်း မှုံ့အလှက ထူးခြားနေသည်။ ဆန်းသစ်နေသည်။ ပါးပြင်နှင့် လည်တိုင်မှာ ဆံစလေးတွေက ကပိုကယို ဝဲကျနေပုံကအစ အလွန်လှသည်။ ငေးကြည့်နေချင်စရာ အလှဖြစ်သည်။ ငယ်ရွယ်နုပျိုမှုကြောင့် မှုံ့အလှကို လိုက်မီသူ မရှိ။ ကြည်လင် တောက်ပသော မှုံ့မျက်ဝန်းအစုံက မိုးကောင်းကင်စိတ်ထဲမှာ စွဲသွားသလို မှုံ့အလှကို သတ်သတ်လွတ် ငေးကြည့်မိသည့်အထိ မှုံက သူ့စိတ်နှလုံးကို ဖွဲ့ညို့သွား၏။

"မှုံဟာ မင်းမရီးဆိုတာလည်း မမေ့နဲ့ဦးနော်မိုး၊ မင်းက မျက်လုံးကြီး ပြူးကြည့်နေတာ အရေးမကြီးဘူး၊ ဟိုမှာ ကိုကို့မိန်းမ ရှက်နေပြီ"

"အာ… ကိုကိုကလဲဗျာ"

ဒီတစ်ခါတော့ မိုးကောင်းကင် တကယ်ရှက်ပြီး မျက်နှာကြီးနီရဲသွားကာ အစ်ကိုဖြစ်သူလက်မောင်းကို လက်သီးနှင့် ခပ်ဖွဖွ လှမ်းထိုးပြီး ရှက်ကိုးရှက်ကန်းရယ်သဖြင့် မိုးကောင်းကင် ရှက်သွားတာကို သဘောကျပြီး နေကောင်းကင်နှင့် မှုံကလည်း ချစ်စနိုး ရယ်ကြသည်။

"မှုံက တကယ်လှတာဗျာ"

"ဟုတ်ပါပြီ၊ ကိုကိုကလည်း မှုံ့အလှကို ဈာန်လျှောလာခဲ့တာပါ။ အိမ်က အခြေအနေကို ပြောပါဦး"

အိမ်က အခြေအနေဆိုသည်ထက် မာမီ့အခြေအနေ ဘယ်လိုလဲဆိုတာ မေးခြင်းဖြစ်ကြောင်းသိ၍ မိုးကောင်းကင်မျက်နှာပေါ်က အပြုံးချိုချိုတွေ မှိုင်းအုံသွားသည်။

သူ့မျက်နှာကို အကဲခတ်နေသော နေကောင်းကင်နှင့် မှုံ့ကြောင့် ဘာမှမဖြစ်သလို ပေါ့ပေါ့ပါးပါး ဟန်ဆောင်ပြီး သူရယ်လိုက်သည်။

"မာမီက သူ့ထုံးစံအတိုင်းပဲပေါ့ ကိုကိုရာ၊ ကို[illegible]ကတော့

www.burmeseclassic.com

www.burmeseclassic.com



ညတိုင်း မှုံးနေတာ နှစ်ပတ်လောက်ရှိပြီ''

''မာမီ မသိဘူးလား''

''သိလည်း မသိဟန်ဆောင်နေမှာပေါ့ဗျာ၊ အခုချိန် ကိုလတ်ကို မာမီသွားပြောရင် သင်ဇာနဲ့လက်ထပ်ပွဲ ထပ်ပျက်သွားမှာပေါ့''

ကားပေါ်မှာ အတူထိုင်ကြသည်အထိ မိုးကောင်းကင်မှာ မုံ့အလှကို ကြည့်လို့မဝ။ အစ်ကိုဖြစ်သူ ထပ်အပြောခံရမည်စိုး၍ မုံ့ကို စိတ်မဝင်စားဟန်။ မုံ့အလှကို ထပ်မကြည့်ချင် ဟန်ဆောင်နေရသော်လည်း စိတ်ထဲကတော့ သိပ်လှသည့် မုံ့မျက်နှာကို တစိမ့်စိမ့် ကြည့်ချင်နေသည်။ မုံ့အသားလေးတွေကို လက်နှင့် အသာထိကြည့်ချင်နေသည်။ မိုးကောင်းကင်အတွက် သူ့အစ်ကို၏ဇနီး သူ့မရီးက အလွန်လှ၍ လိုချင်မက်မောစရာကောင်းသော ကော်ပတ်ရုပ်လှလှလေး ဖြစ်နေသည်မှာလည်း အံ့ဩမယုံနိုင်စရာ ဖြစ်သည်။

မုံ့အလှကိုမြင်ပြီး မာမီကိုယ်တိုင် စိတ်ပြောင်းပြီး မုံ့ကို သိပ်ချစ်သွားရင် မိသားစုအားလုံး ဘယ်သူမှ စိတ်ဆင်းရဲစရာ မရှိ။ သိပ်ပျော်စရာကောင်းမှာပဲဟု မိုးကောင်းကင်တွေးနေသလို နေကောင်းကင်ကိုယ်တိုင်လည်း မာမီနှင့်တွေ့လျှင် ပြောရမည့်စကားကို စဉ်းစားရင်း ငြိမ်နေသည်။ ထို့ကြောင့် မိုးကောင်းကင်ကပဲ သူ့အစ်ကိုကို စကားစပေးနေရသည်။ ဒါကလည်း မုံကြောက်လန့်ပြီး စိတ်အားငယ်နေမှာကို သိထား၍ သူမ စိတ်ကို တစ်နည်း အားပေးနေခြင်းဖြစ်သည်။

''အကြိုညစာစားပွဲကို ဒယ်ဒီကလပ်မှာပဲ လုပ်မှာကိုကို၊ မင်္ဂလာဆည့်ခံပွဲနဲ့ ပါတီတွေက သပ်သပ်လုပ်ဦးမှာ''

''ဒီညရော ဘာအစီအစဉ်ရှိသေးလဲ၊ တို့မိသားစု အေးအေးဆေးဆေးတွေ့ဖို့ အချိန်ရော ရသေးရဲ့လားမိုး''

''မာမီက မိသားစု ညစာအတွက် စီစဉ်နေတယ် ကိုကို၊ ပါတီ



လည်း ပါမယ်ထင်တယ်''

ကောင်းကင်ကမ္ဘာရှေ့သို့ ကားထိုးဆိုက်လိုက်၍ စကားစပြတ်သွားသည်။ တံခါးက သူ့အလိုလို ဖြည်းဖြည်းခြင်း ပွင့်သွားမှ ကားကို အလွန်လှပသော ဥယျာဉ်နှင့်ရေကန်ကို ဖြတ်ကျော်ပြီး နန်းတော်တမျှ ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးရှေ့မှာ ရပ်သည်။ သူတို့ကားကို မြင် သည်နှင့် အိမ်ဖော်တွေ ပြေးထွက်လာပြီး ပါလာသမျှ ပစ္စည်းတွေကို သယ်ယူသွားကြသည်။

''မာမီ အိမ်ပြန်ရောက်ပြီလား မိုး''

နေကောင်းကင်က လာမည့်ဘေး၊ ပြေးတွေ့လိုက်မည်ပုံစံနှင့် မေးခြင်း ဖြစ်သည်။ ပြီးတော့ မိုးကောင်းကင်ကို အကူအညီတောင်းသည့် မျက်လုံးများဖြင့် စိုက်ကြည့်သည်။ မုံ့ကို သူ့အပြင် တခြားကာကွယ်ပေးနိုင်သူက မိုးကောင်းကင်တစ်ယောက်သာ ရှိကြောင်း သူ ကောင်းစွာ သိသည်။ နားလည်သည်။

''မာမီ မရောက်သေးဘူးကိုကို၊ သုံးနာရီလောက်မှ ပြန်လာမယ်လို့ ပြောတယ်၊ လောလောဆယ် အိမ်မှာ ဘယ်သူမှ မရှိဘူး။ ကျွန်တော်တို့ချည်းပဲ မုံ့ကို အိမ်လိုက်ပြရင်း စောင့်ကြတာပေါ့''

တော်ပါသေးရဲ့... ဘယ်သူမှ မရှိဘူးတဲ့။

မုံကတော့ သူမ ရောက်ရောက်ခြင်း ဘယ်သူ့ကိုမှ မတွေ့ရ၍ စိတ်သက်သာရာရသွားကာ သက်ပြင်း ကျိတ်ချလိုက်သည်။

''လာ မုံ့''

နေကောင်းကင်က မုံ့လက်လေးကိုဆွဲပြီး ရှေ့က ဦးဆောင်ခေါ်၏။ နေကောင်းကင်နောက်က မုံ အသာလိုက်သွားသည်။ အိမ်ကြီးက ကြီးသလို ခန်းမဆောင်တွေကလည်း အကြီးကြီးတွေ ဖြစ်သည်။

အဖိုးတန် ပန်းချီကားတွေက တစ်ခုပြီးတစ်ခု လိုက်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



မုံရင်ထဲ တင်ကျပ်နေသမျှ ပြေလျော့စပြုလာ၏။ လှပသော မျက်နှာလေး ပြန်ကြည်လာတာကို မိုးကောင်းကင်သတိပြုမိလိုက်မှ အသာသက်ပြင်း ချလိုက်သည်။

“ဘယ်လိုလဲ မုံ၊ ကိုယ်တို့အိမ်ထဲ ကျားတွေ ဆင်တွေနဲ့ လက်ထဲမှာ ကြာပွတ်တစ်ချောင်းကိုင်ထားတဲ့ မိန်းမတစ်ယောက်ကို တွေ့ရမယ်လို့ မျှော်လင့်ထားတာလား”

သူ့စကားအဆုံးမှာ မုံက ခပ်တိုးတိုး ရယ်သည်။ သူ့အဖြစ်က မိုးကောင်းကင် ပြောသည့်အတိုင်း မမြင်ရသေးတဲ့ ယောက္ခမကို တွေးပြီး ကြောက်လန့်နေခဲ့တာ အမှန်ဖြစ်၍ သဘောကျစွာ ရယ်ခြင်းဖြစ် သည်။

“မဟုတ်ပါဘူး မိုးရယ်၊ အိမ်ကြီးက သိပ်ကို ခမ်းနားလှပလွန်းလို့ အံ့သြနေတာပါ”

မုံပြောမှ နေကောင်းကင်က သူ့အိမ်ကြီးကို ပတ်ပတ်လည်လည် မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ အရင်က ကိုယ်အမြဲနေထိုင်ကြီးပြင်းခဲ့သော အိမ်ကြီးအပေါ်မှာ ဘာကိုမှ အထူးတလည် မခံစားမိသလို မုံ ပြောသလို ဤမျှ ကြီးကျယ်ခမ်းနားသည်လို့လည်း မမြင်ခဲ့။ မမြင်ရတာကြာလို့လား မသိ။ အခုမှ ကောင်းကင်ကမှာ စံအိမ်ကြီးရဲ့ ကြီးကျယ် ခမ်းနားမှုကို သူကိုယ်တိုင် သတိထားမိသလို ဖြစ်လာသည်။

“မုံ ပင်ပန်းနေပြီလားဟင်”

“ခေါင်းရော မူးသေးလား”

မိုးက အလွန်လှပ၍ ချစ်စရာကောင်းနေတော့ မုံကို နားမလည်သလို တစ်ချက်လှမ်းကြည့်တော့ နေကောင်းကင်က ညီဖြစ်သူမျက်နှာကို ကြည့်ပြီး နူးညံ့သိမ်မွေ့စွာ ပြုံးသည်။ ထိုအပြုံးမျိုး သူ့စ်ကိုပြုံးတာ တစ်ခါမှ မိုးကောင်းကင် မမြင်ဘူး။ သူ့အစ်ကိုအပြုံးက ဂုဏ်ယူဝံ့ကြွားသောအပြုံး စိတ်လှုပ်ရှားတက်ကြွနေသော ချစ်ခြင်းမေတ္တာတို့ဖြင့်



ထုံမွှန်း ပြည့်လျှမ်းနေသည့်အပြုံး ဖြစ်သည်။

“ဟုတ်တယ် မုံ နေမကောင်းဘူးကွ”

“ဟုတ်လား ဘာရောဂါလဲ”

“တကယ်တော့ အားလုံးရှေ့မှာ ဒီစကားကို ကိုကို ပြောရမှာပါ။ အခုတော့ မင်းကို ကြိုပြီး သိစေချင်လို့ ပြောလိုက်မယ်”

“မုံမှာ ရင်သွေးလေး ရှိနေပြီကွ”

“ဟာ… ဒါဆို ကျွန်တော် တူလေးချီရတော့မှာပေါ့။ ကျွန်တော်တောင် ကိုကိုတို့နှစ်ယောက်ကို ကြည့်ပြီး မနာလို ဖြစ်လာပြီ”

သုံးယောက်သား ပြိုင်တူ ရယ်လိုက်သည်။ ထူးခြားစွာ တွယ်တာမိကြသူသုံးယောက်။ မုံ့မှာတော့ မိုးကောင်းကင်ကို ချက်ချင်း ချစ်ခင် ရင်းနှီးသွားသည်။ နေကောင်းကင်ပြီးလျှင် ဒုတိယ မုံ့ကို နားလည်သူ မုံ့အပေါ် ချစ်ခင်သူ ဖြစ်သည်။

“မင်းလည်း မိန်းမ မယူချင်သေးရင်တောင် ချစ်သူရည်းစားတော့ ရှိသင့်ပြီမိုး၊ တော်ကြာ သင်ဇာ့ကို ကိုလတ် မယူရင် မင်း ယူနေရဦးမယ်”

“ဟာဗျာ… မဦးမချွတ် ဖွဟဲ့၊ လွဲပါစေ ကိုလတ်လိုလူသာ သင်ဇာ့ကို ယူတာဗျ။ ကျွန်တော်ဘက် အဲဒါကြီးလှည့်လာလို့ကတော့ သူ့ဘာသာ ဘာကြီးဖြစ်နေဖြစ်နေ ကျွန်တော်ကတော့ နိုးပဲ”

ခဏနေတော့ သူတို့နှစ်ယောက်အတွက် သီးသန့် ပြင်ပေးထားသည့် နေကောင်းကင်အခန်းထဲမှာ ကလေးတစ်ယောက်လို မုံ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ဒီတော့မှ ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သက်ပြင်း ချလိုက်ကြသည်။ မာမီ ပြန်လာရင် မုံ့အတွက် အကြီးအကျယ် စိတ်ပန်းလူမောရဦးမည့် အဖြစ်ကို သူတို့ နှစ်ယောက်စလုံး သိထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးချစ်သူ။

အမြတ်နိုးဆုံး ချစ်ဇနီးအတွက် မိခင်ဖြစ်သူကို သတ္တိအပြည့်နှင့် အတူရင်ဆိုင်ဖို့ စဉ်းစားထားသော်လည်း လက်တွေ့မှာတော့ ထင်သလောက် မလွယ်။ ကောင်းကင်ကမ္ဘာထဲရောက်သွားသည်နှင့် မိခင်ဖြစ်သူ၏ ဩဇာအာဏာ အရှိန်အဝါကို ပြန်လည်သတိရပြီး အရင်က စဉ်းစားထားသော စကားတွေပင် သတိမရတော့ဘဲ ဖျားချင်သလိုလို ဖြစ်သွားကာ သက်ပြင်းချလိုက်သည်။

## အခန်း (၁၄)

ဒေါ်မမ အိမ်ပြန်လာသည့်အချိန်က လေးနာရီထိုးပြီးနေပြီ ဖြစ်သည်။ အနည်းငယ် ပင်ပန်းနွမ်းနယ်နေသည့်ပုံ ဖြစ်နေသည်မှအပ မနက်က ထွက်သွားသည့်ပုံစံအတိုင်း အလှမပျက်။ ကျက်သရေရှိရှိ ပြန်ရောက်လာခြင်း ဖြစ်သည်။ ဒေါ်မမ တစ်ကိုယ်လုံး ပုလဲရောင်ဝတ်စုံ ဆင်မြန်းထားသည်။ လက်ကိုင်အိတ်၊ ဖိနပ်ကအစ အားလုံး ပုလဲရောင် ဖြစ်သည်။ ခါတိုင်း အိမ်ပြန်လာသည့်အတိုင်း တွေ့သည့်အိမ်ဖော်တွေကို နှုတ်ဆက်သည်။ လက်ဆွဲအိတ်ကို စားပွဲပေါ်တင်ပြီး သူ့အတွက် ရောက်နေသည့် ဖိတ်စာတွေကို ကြည့်သည်။ အရေးကြီးတာနှင့် အရေးမကြီးတာတွေကို ခွဲသည်။

ပြီးမှ သူ တက်သင့်သည့်ပွဲဟုထင်သော ဖိတ်စာနှစ်စောင်ကို ယူပြီး စာကြည့်ခန်းဘက် ထွက်ခဲ့သည်။ စားပွဲပေါ်မှာ သူ့အတွက် ရေးမှတ် ထားသည့် ဖုန်းသတင်းတွေ တစ်ချက်ကြည့်သည်။ သုံးနာရီ ပြန်ရောက်မည်ဟု အိမ်ကို ပြောခဲ့သော်လည်း ကိစ္စကမပြီး။ လေးနာရီ ထိုးပြီးမှ အိမ်ပြန်ရောက်ပေမယ့် တခြား အရေးကြီးကိစ္စတွေ မလုပ်အား

www.burmeseclassic.com

www.burmeseclassic.com



သေး။ သားကြီး ပြန်ရောက်မည့်နေ့မှာ သူကိုယ်တိုင် သွားမကြိုနိုင်သလို အခုထိလည်း သား ရောက်မရောက် မသိသေး။ စိတ်ထဲကတော့ အမေပီပီ သားမျက်နှာကိုမြင်ပြီး စိတ်မကောင်းလှ။

စာကြည့်ခန်းထဲက နာရီကိုကြည့်ပြီး အခန်းထဲက ဘဲလ်ကို နှိပ်လိုက်သည်။ စက္ကန့်ပိုင်းအတွင်း ဒေါ်မမ လူယုံ ဒေါ်ကြိုင်ရောက်လာသည်။

"ဟုတ်ကဲ့ မမကြီး"

"သားကြီးရော ရောက်ပြီလား ဒေါ်ကြိုင်"

"ရောက်ပါပြီ မမကြီး၊ ကိုကိုလေး အငယ်နဲ့ အတူရှိနေပါတယ်။ ကျွန်မ သွားခေါ်ပေးရမလား"

ဒီအိမ်ကြီးမှာ ဒေါ်ကြိုင် အလုပ်လုပ်တာ နှစ်ပေါင်းသုံးဆယ်ရှိပြီဖြစ်၍ ဘာပြောလျှင် ဘာလုပ်ရမည်ဆိုတာ အားလုံး သိထားပြီးဖြစ်သည်။

"သူတို့ ဘယ်မှာလဲ"

"အပေါ်ထပ်မှာပါ..."

"မမ တက်သွားလိုက်မယ်၊ သူတို့ညီအစ်ကို နှစ်ယောက်တည်းလား"

သားကြီး စိတ်ပြောင်းသွားပြီး သူ့အိမ်ဖော်မကို ကွာရှင်းခဲ့နိုင်သည်ဆိုသော မျှော်လင့်ချက်ဖြင့် မေးခြင်းဖြစ်သည်။ သို့သော် အဖြေက ဒေါ်မမ ထင်သလို မဟုတ်။

"ကိုကိုလေးရဲ့ဇနီးလည်း သူတို့နဲ့အတူ ရှိနေပါတယ်"

ဒေါ်မမမျက်လုံးထဲ ဒေါသကြောင့် ဝင်းခနဲ လက်သွားသော်လည်း ဘာမှမပြောဘဲ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ခဏနေမှ မမ သွားလိုက်မယ်"

ဒေါ်ကြိုင် ပြန်ထွက်သွားသည်။



ကိစ္စက ဒေါ်မမ ထင်သလောက်မလွယ်မှန်း သိလိုက်ရ၍ လူက ပြန်ငြိမ်သွားသည်။ သားကြီးကိုလည်း ဘယ်လိုပုံစံနဲ့ တွေ့ရမလဲ။ ဘယ်ကစပြီး ဘာပြောရမလဲ စဉ်းစားရဦးမည်။ ဒီကိစ္စက သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်ရမည့်ကိစ္စ။ အမှားအယွင်းဖြစ်လျှင် သားကြီးကို စွန့်လွှတ်ရမည့်အဖြစ်ကို ဒေါ်မမ သိသည်။ နားလည်သည်။

ဒီကိစ္စထဲမှာ အငယ်ကောင် မိုးကို ဘေးဖယ်ထားမည်။ သူ့ကို ဘာတစ်ခုမှ အသိပေးတိုင်ပင်၍ မဖြစ်။ အငယ်ကောင်မိုးက သူ့အစ်ကိုနှင့် အတူတူဖြစ်သည်။ စိတ်ပျော့သည်။ လောကပေါ်အမြင်က လက်တွေ့မကျ။ အရာရာတိုင်း စိတ်ကူးယဉ်ထဲက အတွေးအခေါ်နှင့် စကားပြောတတ်တာကို ကြည့်မရ။ အမြင်လောကမှာ ကောက်ကျစ်စဉ်းလဲမှုတွေ ဒုနဲ့ဒေးရှိသည့် တကယ်ဒွာဝအကြောင်း ဘာဆိုဘာမှ သိကြတာ မဟုတ်။ အခုပဲကြည့်။ သားကြီးရဲ့ အမွေအနှစ်တွေ ရာထူးရာခံကိုမက်ပြီး သားကို အမိဖမ်းလိုက်သည့် အိမ်ဖော်မကို အဟုတ်ထင်နေသည်။

ကောင်းကင်ကမ္ဘာကိုပင် ခေါ်လာပြီ။

ဒေါ်မမမိဘတွေက လေယာဉ်ပျက် ကွယ်လွန်သွားသည်။ အသက်ဆယ့်နှစ်နှစ်အရွယ်မှာ မိဘမဲ့ဖြစ်သွားသော်လည်း မိဘအမွေ အနှစ်တွေ သုံးမကုန်အောင် ကျန်ခဲ့သည်။ မိဘကျန်ခဲ့သော စီးပွားရေး လုပ်ငန်း အလုပ်တွေ ဆက်လုပ်သည်။ ဖခင်လက်ထက်ကတည်းက အလုပ်လုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် ဦးတော်ကောင်းနှင့်တွေ့ပြီး တစ်နှစ်ကြာမှာ လက်ထပ်လိုက်သည်။ အိတ်စပို့လုပ်ငန်းတွေအပြင် တခြား အလုပ်တွေ အများကြီး အတူတွဲလုပ်ဖြစ်ကြရာက အမြတ်ငွေ နင့်နေအောင်ရသည်။ ဘဏ်လုပ်ငန်းရှယ်ယာတွေလည်း ရှိသေးသည်။ ပုံသေပိုင်ဖြစ်သည့် မြေယာတွေလည်း အများကြီးရှိသည်။ နောက်တော့

www.burmeseclassic.com



ဒေါ်မမ ရည်မှန်းချက်က စီးပွားရေးဘက်ကနေ နိုင်ငံရေးဘက် ရောက်လာချိန်မှာတော့ လင်မယားနှစ်ယောက် ဘယ်လိုမှ ညှိနှိုင်းလို့မရတော့။

ဒေါ်မမ အိပ်မက်တွေ ပျက်ပြယ်ခဲ့ရသည်။

သို့သော် ဒေါ်မမက သူဖြစ်ချင်တာကို ရအောင်လုပ်တတ်သူ။ ယောက်ျားကို ပြောမရတော့ သားတွေဘက် လှည့်သည်။ သားကြီးက ထက်မြက်သည်။ အမေ့စကားကို နားထောင်သည်။ ခေါင်းမာပြီဆိုရင်တော့ သူ့အဖေလို ဘာဆိုဘာမှ ပြော၍မရတော့။ သားကို အဖေတူလို့ ပြောပေမယ့် သားကြီးက သူလုပ်ချင်တာကို လုပ်ရမှဆိုသည့် နေရာမှာလည်း ဒေါ်မမစွဲမျိုး ဖြစ်သည်။ ဩဇာအာဏာရှိသော သင်ဇာ့ဒယ်ဒီကို သဘောကျ၍ သားကြီးနှင့် သင်ဇာကို လက်ထပ်ပေးဖို့ စီစဉ်သည်။ အားလုံးအဆင်ပြေပြီးမှ သားကြီးက အိမ်ဖော်မနှင့် လက်ထပ်လိုက်သည်။

အငယ်ကောင်မိုးကြတော့ ထင်ရာလုပ်တတ်သည်။ ထက်မြက်ပေမယ့် သူလုပ်ချင်တာ လုပ်သည်။ ဘယ်တော့မှ အမေနှင့်လည်း အမြင်ချင်း မတူ။ အတွေးအခေါ်ချင်း မတူ။ သူ့ဘာသာသူ ဆရာဝန်အလုပ်ကို ရွေးပြီး လုပ်သည်။ အဆိုးဆုံးက သူ့အစ်ကိုကိစ္စမှာ မိုးက မိသားစုနှင့် ဆန့်ကျင်ပြီး ထောက်ခံအားပေးသည်။ သင်ဇာကို လက်မလွှတ်နိုင်၍ အလတ်ကောင်နှင့် လက်ထပ်ရန် စီစဉ်သည်။ သင်ဇာက မငြင်း။ အားလုံး အဆင်ပြေသည်။ သင်ဇာ့စကားအတိုင်းဆို နေကောင်းကင်ကို ငွေမက်ပြီး အပိုင်ကြံသည်မှာ သေချာသည်။ ဘယ်သူမှ မသိအောင် တန်ရာတန်ကြေးပေးပြီး ဒီကိစ္စကို အပြတ်ရှင်းမှဖြစ်မည်။

မက်လောက်စရာငွေကို ပုံပေးပြီးနောက်မှာ စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ ပြန်ခွင့်ပေးပါဟု သားထံမှာ သင်းကိုယ်တိုင်တောင်းဆိုနိုင်းရမည်။ စာရွက်စာတမ်းတွေအားလုံး အသင့်စီစဉ်ပြီးသား



ဖြစ်၍ ဘာမှ ပူစရာ မရှိ။ ကလေးမကို ဤနည်းဖြင့် ဖယ်ရှားလိုက်ရင် အားလုံး အဆင်ပြေပြေ ပြီးသွားမည်။ အပေါ်ထပ်ကို ဒေါ်မမ တက်ခဲ့သည်။ ပိုင်နိုင်သည့် ဆုံးဖြတ်ချက်ရပြီးပြီဖြစ်၍ သားအခန်းရှေ့ရပ်လိုက်တော့ အထဲက ရယ်သံတွေ ကြားရသည်။

"ခေါက်… ခေါက်"

"ဘယ်သူပါလဲ"

ရယ်သံတစ်ဝက်ဖြင့် မေးလိုက်တော့ မိုး အသံဖြစ်သည်။

"မာမီပါသား"

"လာပြီ… မာမီ"

အခန်းတံခါးက ချက်ချင်းပွင့်သွားသည်။ ပြုံးနေသည့် မိုးမျက်နှာမှာ အပျော်ကြောင့် မျက်လုံးတွေပါ အရောင်တောက်နေတာ မြင်ရသည်။ ဒေါ်မမ မျက်နှာပေါ်မှာ တွေ့ရသည့် အေးစက်တင်းမာမှုကို မြင်လိုက်ရသည်နှင့် မိုးကောင်းကင်မျက်နှာပေါ်က အပြုံးတို့ ကွယ်ပျောက်သွားသလို စူးရှသည့် မာမီ့အကြည့်က မှံ့ထဲမှာသာ ရှိနေ၍ ညီအစ်ကိုနှစ်ယောက်စလုံး ချွေးမအသစ်စက်စက်နှင့် ယောက္ခမကြားက ပြဿနာအခြေအနေကို ချက်ချင်းနားလည်လိုက်ကြသည်။ ဤပုံအတိုင်း ဆို မာမီက မှံ့အပေါ် တစ်စက်ကလေးမှ အလျှော့ပေးညှာတာမည် မဟုတ်။ ဘာပဲဖြစ်ဖြစ် မှံ့ဘက်က ရပ်တည်မည်ဟု ညီအစ်ကို နှစ်ယောက်စလုံး စိတ်ထဲ ပိုခိုင်မာသွားသည်။

"လာလေမာမီ… ကိုကိုနဲ့ မှံ့တို့လည်း ရှိတယ်"

မှံ့နာမည်ကို မိုးကောင်းကင် တမင်ထည့်ပြောလိုက်ခြင်း ဖြစ်သည်။

"နေကောင်းတယ်နော် မာမီ"

"လူကတော့ နေကောင်းပါတယ် သားရယ်၊ စိတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



နေလို့မကောင်းဘူး”

ဒေါ်မမက စကားကို အဓိပ္ပာယ်ပါပါပြောရင်း သူ့သားကြီးကို သေသေချာချာ ကြည့်သည်။ ပြုံးနေသည့်သား ဖြစ်သူရဲ့ အကြည့်တွေ ဒေါ်မမကို သူ့ကို သနားကြင်နာပေးပါလို့များ တောင်းပန်နေသလားဟု တွေးကြည့်သည်။ ဒါမျိုးက သားကို ချစ်စိတ်တစ်ခုတည်းနှင့် ဖြစ်ချင်ရာဖြစ် အလိုလိုက်ရမည့်အရာ မဟုတ်။ မိသားစု ဂုဏ်သိက္ခာ သားရဲ့ အနာဂတ် သာယာလှပရေးအတွက် အပြတ်သားဆုံး စီရင်ရမည့်ကိစ္စဟု ဒေါ်မမတွေးရင်း သားကြီးကို တစိမ့်စိမ့် စူးစိုက်ကြည့်လျက် မိခင်မေတ္တာဖြင့် မျက်ရည်လည်လာသည်။

“မာမီ သားကြီးကို အခုလို ပြန်တွေ့ရတာ မာမီ ဝမ်းသာတယ်”

“ကျွန်တော်လည်း မာမီ့ကို အခုလို ကျန်းကျန်းမာမာတွေ့ရတာ ဝမ်းသာတယ်မာမီ။ ဒါ… ကျွန်တော့်ဇနီးလေ မာမီ၊ သူ့နာမည်က စပ်မြတ်ရှုပါမုံပါ။ ကျွန်တော်တို့က မုံလို့ပဲ ခေါ်တယ်”

နေကောင်းကင်က သူ့ဘေးမှာရပ်နေသည့် အရပ်မြင့်မြင့်၊ နက်မှောင်သောဆံပင် မျက်အိမ်ကျယ်ကျယ် နို့နှစ်ရောင်ထနေသည့် အသားအရေနှင့် အလွန်လှပနုနယ်သော မုံ့ကို သူ့မာမီနှင့် မိတ်ဆက်ပေးသည်။ ဆင်စွယ်ရောင်ဝတ်စုံဖြင့် အလှကြီးလှနေသော မုံ့ကို ဒေါ်မမက ခံစားချက်မဲ့သော မျက်လုံးများဖြင့် အေးစက်စက်ကြည့်သည်။ သူ့မျက်လုံးတွေက ကျက်သရေရှိလှသော မုံ့အလှအပကို ဘယ်လိုမှ အသိအမှတ်မပြုသည့် မျက်လုံးများဖြစ်၍ အမျိုးသမီးနှစ်ယောက် အကြည့်ချင်းအဆုံးမှာ တစ်ခန်းလုံး အေးစက်သွားသလို ထင်ရသည်။

“တွေ့ရတာ ဝမ်းသာပါတယ် ရှင်”

မုံ့ အစကတည်းက ဒီလိုအခြေအနေတွေကို ရင်ဆိုင်ရမှာသိပြီး



သားဖြစ်၍ ယောက္ခမဖြစ်သူမျက်နှာကိုကြည့်ကာ တည်ငြိမ်ခန့်ညားစွာဖြင့် ယဉ်ယဉ်ကျေးကျေးလေး နှုတ်ဆက်လိုက်သည်။ ဒေါ်မမက မျက်စိကိုမှေးပြီး မုံ့တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

“အေး… တွေ့ရတာ ဝမ်းသာပါတယ်ကွယ်”

အေးစက်စက် စကားသံ။ အေးစက်စက်အကြည့်တွေနှင့် မုံ့ကို တုံ့ပြန်ပြီး သားကြီးမျက်နှာကို ပြန်ကြည့်သည်။

“သားကို… မာမီ လာမကြိုနိုင်တာ စိတ်မကောင်းပါဘူး သားရယ်။ မာမီ့မှာလည်း အလုပ်တွေက ရှုပ်နေတာပဲ။ ဒါနဲ့ သားညီကို ကြိုခိုင်းလိုက်ရတယ်။ ဒီည မိသားစု အတူဆုံပြီး ထမင်းစားဖို့ မာမီ စီစဉ်ထားတယ်။ စနေနေ့ကြရင် မင်္ဂလာဆောင်လေ၊ မနက်ဖြန် အစမ်းလေ့ကျင့်ကြမယ်။ နောက်လုပ်စရာတွေလည်း အများကြီးပဲ သား ထမဆုံး လုပ်ရမှာက သားအတွက် ချုပ်ထားတဲ့ ဝတ်စုံကို အရင်ဆုံးဝတ်ကြည့်၊ မတော်တာရှိရင် ပြန်ပြင်လို့ရတယ်”

“ဟုတ်ကဲ့ မာမီ”

မာမီ့ရဲ့ အရေးမပါသည့် စကားတွေနားထောင်ရင်း သူ စကားပြောရမည့်အလှည့်ကို စောင့်နေခြင်းဖြစ်သည်။ အခုချိန်မှာ ဘယ်အရာမှ အရေးမကြီး။ အရေးအကြီးဆုံးက သူ့ဇနီးမုံ့အပေါ် မာမီ့ ဘယ်လို သဘောထားလဲဆိုတာ ဖြစ်သည်။

“ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက်နဲ့ တစ်နေရာမှာ မနက်ဖြန် နေ့လယ်စာ စားကြအောင်လား မာမီ”

“မာမီ မအားသေးပါဘူးသားရယ်၊ သားညီလေး မင်္ဂလာကိစ္စအတွက် လုပ်စရာတွေ အများကြီးပဲ”

“သတို့သမီးဘက်က ဘာမှမလုပ်ဘူးလား မာမီ”

“မနက်ဖြန် အစမ်းလေ့ကျင့်ရမှာလေသား၊ ညစာစားပွဲလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်''

''ဒါဖြင့် ကျွန်တော်တို့ မာမီနဲ့ ဘယ်အချိန် တွေ့ခွင့်ရမှာလဲ မာမီ''

တောင်းပန်တိုးလျှိုးနေတာ မဟုတ်တော့။ အဖြူအမည်း သဲကွဲစွာ သိလို၍ မေးလိုက်သော မေးခွန်းဖြစ်သည်။ ခဏလေး အချိန်ပေးပြီး တွေ့လို့ရသည်။ မာမီ ဘယ်လိုအချိုး ချိုးနေသည်ဆိုတာ သူ သိသည်။ လေယာဉ်ကွင်းကို တမင်မလာသလို၊ မုံနှင့် တွေ့ဆုံရမည့်ကိစ္စ တမင် ရှောင်နေသည်။ မုံ့လိုလူမျိုးနှင့် စကားပြောစရာ မလို။ အသိအမှတ်ပြု လက်ခံစရာ မဟုတ်ဟု မာမီ ခံယူထားပုံရသည်။

''အချိန်အတိအကျတော့ မပြောနိုင်သေးဘူးသား၊ မာမီ ကြိုးစား ကြည့်ပါဦးမယ်''

မာမီ့လေသံက ဝတ်ကျေတန်းကျေ ဖြစ်သည်။

''သား ဒယ်ဒီနဲ့ရော တွေ့ပြီးပြီလား''

''မတွေ့ရသေးဘူး မာမီ''

နေကောင်းကင်စိတ်ကို ထိန်းလိုက်သည်။

မာမီ ဘာဆက်လုပ်မလဲ သူ စောင့်ကြည့်ရုံ ရှိသည်။ တကယ် လည်း မင်္ဂလာကိစ္စအတွက် အလုပ်ရှုပ်နေတာဆိုတော့ ထိုထက် ပိုမပြော ဖြစ်။ စိတ်ထဲကတော့ မုံ အားငယ်နေမှာ တွေးပြီး စိုးရိမ်နေ

''ဒီည မိသားစုညစာဝိုင်းကို သားလာမှာ မဟုတ်လား''

မာမီ့လေသံက သားတစ်ယောက်တည်းပဲလာနော်ဆိုသည့်ပုံ ဖြစ်သည်။

''ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးလာမှာ မာမီ''

မုံ့အကြောင်းပါလာ၍ ဒေါ်မမ မျက်နှာညိုးသွားသည်။ သူမိန်း မပါရင် သားမလာဘူးဆိုသည့်စကားကို မနှစ်မြို့သော်လည်း အခိုင်



အမာနဲ့တော့ အလိုက်သင့်နေမှ ဖြစ်မည်ဟုတွေးကာ စိတ်ကို ထိန်းလိုက် သည်။

''ဒါနဲ့ သားတို့ ထားဝယ်ဘက်ကို ပြောင်းရမှာနော်''

''ဟုတ်တယ်မာမီ၊ ဒီမှာ နှစ်ပတ်လောက်နေပြီးရင် ထားဝယ် တစ်ခါတည်း ဆက်သွားမယ်''

''သားပြောတာလည်း မဆိုးပါဘူး၊ မာမီ လုပ်စရာလေးတွေ ရှိသေးတယ်၊ နောက်မှ သားနဲ့ ထပ်တွေ့တာပေါ့''

စကားပြောရင်း မုံ့ကို လှမ်းကြည့်သည်။ မျက်လုံးခြင်းအဆုံမှာ အေးစက်စက် အမူအယာနှင့် မုံ့ကို စကားဆိုသည်။

''တို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောကြရအောင် လား၊ ညစာ မစားခင် တစ်နာရီအလို ကိုယ့်အခန်းကိုလာခဲ့ ဟုတ်လား''

''ဟုတ်ကဲ့''

မုံက ခပ်သွက်သွက် ခေါင်းညိတ်လိုက်သည်။

အခန်းထဲက ဒေါ်မမ ပြန်ထွက်သွားတော့ နေကောင်းကင်က မိခင်စကားကို အံ့သြနေသည်။ ဒီလိုဆိုတော့လည်း မာမီက သူထင် သလို မဟုတ်ပါဘဲလား။ စိတ်ထဲက မိခင်ကြီးအပေါ်မှာ အံထင်လွဲ မိတာ နောင်တရသွားသည်။

''ဘယ်လိုလဲ မိုး၊ မာမီတော့ သူ့ချွေးမ ချောချောလေးကို တွေ့လိုက်ရလို့ ပျော်သွားပြီ ထင်တယ်''

အစ်ကိုဖြစ်သူက ရယ်ရယ်မောမောနှင့် မိုးကောင်းကင်ကို လှမ်း ကြည့်ပြီး ပျော်ရွှင်စွာ ပြောလိုက်ချိန်မှာ နေကောင်းကင်နှင့် ဆန့်ကျင် ဘက် မိုးကောင်းကင် မျက်နှာပျက်သွားတာကို ဘာမှမဖြစ်သလို ဟန်ဆောင်ဖုံးကွယ်ပြီး ပြုံးလိုက်သည်။ သို့သော် သူ့အပြုံးက အသက် မပါ။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ့အခန်းကို ကိုယ်ပဲ လိုက်ပို့မယ် မုံ"

"အစ်ကိုလိုက်ပို့တာက ဟုတ်ပါပြီ၊ ဘာဖြစ်လို့ အစ်ကို့မာမီက မုံတစ်ယောက်တည်းကိုမှ တွေ့ချင်ရတာလဲ ဟင်"

မုံ့မျက်နှာမှာ ကြောက်ရွံ့ထိတ်လန့်မှုနှင့် စိုးရိမ်မှုကို မြင်လိုက်ရ၍ မိုးကောင်းကင်က အစ်ကို့မျက်နှာကို လှမ်းကြည့်သည်။

"မုံလေးကို လေ့လာချင်လို့နေမှာပေါ့၊ ဘာမှ မကြောက်နဲ့နော် ဘာမှ ဖုံးကွယ်ထားစရာမလိုဘူး သိလား"

"ကလေးရှိတဲ့အကြောင်း ပြောလိုက်ရမှာလား အစ်ကို"

"ပြောလေ ဘာဖြစ်လဲ"

"ဟာ… အဲဒါကို မပြောနဲ့ဦးလေ"

လင်မယားနှစ်ယောက် မိုးကောင်းကို အံ့သြသလိုကြည့်ကြသည်။

"ဘာဖြစ်လို့လဲ မောင်မိုး"

"အကြောင်းထူး တစ်ခုခုရှိလို့လားညီ၊ ကိုကို နားလည်အောင် ပြောပါဦး"

"ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်နေလို့ပါ၊ မာမီ့အကြောင်း ကျွန်တော် သိတယ်၊ မုံ့ကို ကိုကိုနဲ့ နှစ်ယောက်အတူ ခေါ်မတွေ့ဘဲ မုံတစ်ယောက်တည်းကို သီးသန့်ခေါ်တွေ့ကတည်းကိုက သိပ်တော့ မရိုးဘူး။ ကျွန်တော့်အထင်ပြောရရင် မာမီက မုံ့ကို စိတ်ပျက်အောင် တစ်ခုခုပြော မယ်ထင်တယ်"

အခန်းထဲမှာ ငြိမ်သွားသည်။

ဘယ်သူမှ စကားမပြော။ မုံကတော့ ထိန်းမရအောင် မျက်နှာပျက်နေသော်လည်း သူမကိုယ်သူမ ကြိုးစားထိန်းနေပုံက သနားစရာ ဖြစ်သည်။ နေကောင်းကင်က မုံ့ကိုယ်လေးကို သူ့ဘက်ဆွဲလှည့်ပြီး မုံ့မျက်နှာလေးကို ခပ်စေ့စေ့ကြည့်သည်။ မုံက ကြိုးစားပြီး အားတင်း



ကာ ပြုံးသည်။

"ကိုယ် မုံ့ကိုချစ်တာ သိတယ်နော်"

"သိပါတယ် အစ်ကို"

"မုံ့ဘက်မှာ ကိုယ်ရှိတယ်၊ မာမီ ဘာပြောပြော ဂရုမစိုက်နဲ့ ဟုတ်ပြီလား။ မုံ့ဘဝဇာစ်မြစ်ကိုလည်း ဘယ်တော့မှမမေ့နဲ့။ လုံးဝ အောက်ကျမခံနဲ့ ကြားလား"

နေကောင်းကင်က အားပေးသည့်အနေဖြင့် မုံ့ကိုယ်လေးကို သူ့ ရင်ခွင်ထဲ ဆွဲပွေ့လိုက်တော့မှ တုန်ယင်နေသည့် မုံ့ကိုယ်လေးကို ဖက် ထားမိကာ စိတ်ထိခိုက်သွားသည်။

"မုံ့… သိပ်ကြောက်နေရင် ကိုယ်ပါ မုံနဲ့ လိုက်ခဲ့မယ်"

"ဟင့်အင်း၊ အစ်ကိုပါ မုံနဲ့အတူပါလာရင် အစ်ကို့မာမီက ပို မုန်းသွားမှာပေါ့။ အစ်ကိုနေခဲ့ပါ။ မုံဘာသာ တစ်ယောက်တည်းပဲ သွားပါ့မယ်"

မုံ့ ဆုံးဖြတ်ချက်မှန်သဖြင့် နေကောင်းကင် ဘာမှမပြော။

"ကျွန်တော်သွားတော့မယ် ကိုကို၊ မုံလည်း ကိုကိုချစ်ရင် ဘာပဲ ဖြစ်ဖြစ် သည်းခံပါလို့ ပြောချင်တယ်" ... 

"ကျွန်တော် သွားပြီ"

အခန်းထဲမှာ နေကောင်းကင်တို့နှစ်ယောက်တည်း ကျန်ခဲ့မှ မုံက ရင်ခွင်ထဲက သူ့ခင်ပွန်းမျက်နှာကို အားကိုးတကြီး မော့ကြည့်သည်။

"အစ်ကို့မာမီက သိပ်လှတာပဲနော်၊ သိပ်လည်း ထက်မြက်တဲ့ ပုံပဲ၊ သူ မုံ့ကို ကြည့်ပုံက တစ်မျိုးပဲ"

"သူ့အကြည့်ကို မုံ့စိတ်ထဲက အလိုလိုလန့်နေတယ်"

"ဘာမှမကြောက်နဲ့နော်အံချစ်၊ မုံ့နားမှာ အစ်ကိုတစ်ယောက်လုံး ရှိနေတယ်သိလား"

www.burmeseclassic.com

www.burmeseclassic.com



မုံ ခေါင်းညိတ်လိုက်သည်။

သို့သော် ယောက္ခမဖြစ်သူ၏ မျက်နှာကို ပြန်မြင်လိုက်သည်နှင့် ဘာစကားမှ မပြောချင်လောက်အောင် တိုတ်ဆိတ်ငြိမ်သက်သွားကာ ချစ်သူ့ရင်ခွင်ထဲ သူမကိုယ်လေးကို တစ်ခါတည်း တိုးဝင် ဖက်တွယ်ထားလိုက်သည်။

## အခန်း (၁၅)

နေကောင်းကင် ရေချိုးခန်းထဲရောက်နေတုန်း မုံ့ကို အိမ်ဖော်တစ်ယောက်က လာခေါ်သည်။ ဒေါ်မမ ချိန်းထားသည့်အတိုင်း ညစာစားခါနီး တစ်နာရီအလိုတွင် ဖြစ်သည်။ မုံတစ်ယောက်တည်း လိုက်သွားသည်။ အခန်းတစ်ခန်းရှေ့တွင် မုံ့ကိုထားပြီး အိမ်ဖော်မလေး ထွက်သွား၍ အခန်းတံခါးကို မုံ အသာလေး ခေါက်လိုက်သည်။

"ဝင်ခဲ့ပါ"

အခန်းထဲကို မုံ ဝင်လိုက်တော့ ဒေါ်မမက ခုံတစ်လုံးမှာ အသင့်ထိုင်လျက် မုံ့ကို အေးစက်စက်မျက်နှာနှင့် စိတ်မပါသလို လှမ်းကြည့်သည်။ ဒေါ်မမရှေ့က စားပွဲပေါ်မှာ ကော်ဖီခရားနှင့် ကော်ဖီခွက်နှစ်ခွက်။ ဒေါ်မမ နောက်နံရံမှာတော့ ဥပမိရုပ် အလွန်ခန့်ညားသော ကိုယ်တစ်ပိုင်း ပန်းချီကားချပ် အကြီးကြီး ချိတ်ထားသည်။ မျက်ခုံး၊ မျက်လုံးက ဒေါ်မမနှင့် တစ်ပုံစံတည်း ဖြစ်သည်။

"နေကောင်းကင်ရဲ့ အဘိုးလေ"

ပန်းချီကားကို စိတ်ဝင်စားနေမှန်းသိ၍ ဒေါ်မမက ပန်းချီကားနှင့် မိတ်ဆက်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မြေးတွေကို သူ့ခြေရာနင်းစေချင်တဲ့ အဘိုးပေါ့၊ ထိုင်လေ"

ဒေါ်မမ ညွှန်ပြသည့်ခုံမှာ မုံ ဝင်ထိုင်လိုက်သည်။

မိုးပြာဝတ်စုံ ရိုးရိုးရှင်းရှင်းလေးဝတ်ထားပြီး ပုလဲတစ်လုံးကို လည်တိုင်ကျော့ကျော့လေးမှာ ဣန္ဒြေရရ ဆွဲထားသည်။ ပုလဲ နားကပ်နှင့် မုံ့မျက်နှာက လှချင်တိုင်းလှနေသလို နေထိုင်သွားလာလှုပ်ရှားပုံကလည်း ကျက်သရေ ရှိသည်။ ရှင်းသန့်ကြည်လင်နေသည့်အလှဖြစ်၍ မြင်ရသူရင်ကို ငြိမ်းချမ်းအေးမြမှုပေးနိုင်သော အလှလည်း ဖြစ်သည်။ မုံ့အလှကို ဒေါ်မမ သေချာကြည့်သည်။ အပြစ်ရှာသည်။

ဘယ်နေရာမှ အပြစ်ရှာမတွေ့။

တမင်လုပ်ယူထားသော အလှမဟုတ်။ ပင်ကိုသဘာဝအတိုင်း ကျက်သရေမင်္ဂလာရှိသော အလှပိုင်ရှင် ဖြစ်သည်။

တော်တော်လှတဲ့ မိန်းကလေးပါလား။

အသိအမှတ်မပြုဘဲ နေလို့မရသဖြင့် ဒေါ်မမစိတ်ထဲက အသိအမှတ်မပြုချင်ဘဲ ပြုလိုက်သည်။ သို့သော် ဒေါ်မမအတွက် ရုပ်ဆင်းရူပကာလှခြင်း၊ မလှခြင်းက အဓိက မဟုတ်။ သူ့အတွက် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံး ဤကလေးမ သူမ နေထိုင်ရာ အရပ်ဒေသသို့ အမြန်ဆုံး ပြန်သွားရေး ဖြစ်သည်။ ဒီကလေးမ မပြန်လျှင် သူ့သားကြီးဘဝက ရစရာမရှိအောင် ပျက်စီးနစ်မွန်း ဆုံးရှုံးရတော့မည်ဟု တွေးသည်။ သူ့သားကြီးကို ထိုသို့ အဖြစ်မခံနိုင်။

"ကော်ဖီသောက်မလား"

"ကျေးဇူးတင်ပါတယ်ရှင်၊ မုံ မသောက်တော့ပါဘူး"

ဒေါ်မမက ခေါင်းတစ်ချက်ညိတ်ပြီး စကားစရန် ပြင်သည်။ ပြီးတော့ မုံ့မျက်နှာကို စေ့စေ့ကြည့်ပြီး သူပြောရမည့်စကားကို အေးစက်စွာ ပြောသည်။



"ကိုယ်မင်းကို ပွင့်ပွင့်လင်းလင်းပဲပြောမယ် မုံ၊ တို့နှစ်ယောက်ကြားမှာ စကားလုံး လှလှရွေးပြောနေဖို့ မလိုဘူးထင်တယ်။ ကိုယ်သိရသလောက်တော့… မင်းက သားကြီး နေကောင်းကင်ဆီမှာ အလုပ်လုပ်ရင်း တွေ့ကြတယ် ဟုတ်သလား"

"ဟုတ်ပါတယ်ရှင်"

"မင်းအတွက် သိပ်ကံကောင်းသွားတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"မင်းမှာ မိဘတွေ မရှိဘူး၊ ခိုကိုးရာမဲ့နေချိန် သားက မင်းအတွက် ကယ်တင်ရှင် နတ်သိကြားတွေ ဖန်ဆင်းပေးလိုက်တဲ့ သူပေါ့လေ၊ စိတ်ကူးယဉ်ဆန်ပေမယ့် ဇာတ်လမ်းက ဒီနေ့ထိတော့ နားထောင်လို့ကောင်းသေးတယ်။ အဲ… လက်ထပ်တဲ့အထိဆိုတာကတော့ သိပ်ကိုလွန်သွားပြီ တစ်ဖက်စွန်း ရောက်သွားပြီလို့ မင်း မထင်ဘူးလား မုံ"

"ရှင်"

ရုတ်တရက်ဆိုတော့ မုံ ဘာပြန်ပြောရမှန်း မသိ။ ဒေါ်မမကလည်း မုံ့ကို ပြန်ပြောခွင့်ပေးမည့်သူမဟုတ်၍ သူကပဲ စကားကို ဆက်သည်။

"တို့အားလုံး သဘောပေါက်တယ်၊ နားလည်ပါတယ်ကွယ်။ ယောကျ်ားနဲ့ မိန်းမ ဒီလိုပဲ တွေ့ကြဆုံကြ ချစ်ကြိုက်ကြပေါ့"

ပြောရင်းက ဒေါ်မမမျက်လုံးတွေက မီးဝင်းဝင်းတောက်လာသည်။ ပြီးတော့ မုံ့တစ်ကိုယ်လုံးကို ရှူးရှူးဝါးဝါး စိုက်ကြည့်နေပုံက သူ့ရင်ထဲက ဒေါသတွေကို ချုပ်တည်းအောင့်အီးထားရသော အကြင်နာမတန်သော ရွံ့ရှာစက်ဆုပ်သောအကြည့် ဖြစ်သည်။

"ဒီမှာ… မင်း ငါ့ကို အရူးလုပ်လို့ရမယ်ထင်နေလား ကလေးမ၊ မင်းကိုယ်မင်း စော်ကားရဲ့သမီး၊ မင်းမျိုးမင်းနွယ်ဆိုပြီး တခြားသူကိုသာ

www.burmeseclassic.com



လိမ်ချင် လိမ်လို့ရမယ်၊ ငါ့ကိုတော့ လာလိမ်လို့ရမယ်မထင်နဲ့။ မင်းကို ငါ အတွင့်လင်းဆုံး ပြောမယ်။ မင်းကို ငါ့သားကြီးနားမှာ ဆက်မမြင်ချင်ဘူး။ အမြန်ဆုံး ထွက်သွားပေးပါ။ အဲဒီအတွက် မင်းကို လုံးဝ မနစ်နာစေရအောင် ငါ စီစဉ်ထားပြီးပြီ။ မင်းဘဝ မင်းဘာသာ တည်ထောင်ပြီး လုပ်ကိုင်စားလို့ရအောင် ငွေပေးလိုက်မယ်။ ဒီအိမ်က နေ မင်းထွက်သွားပါ''

''ငါ့သားကြီး ဘယ်လိုမှ ရှာမတွေ့နိုင်တဲ့နေရာအထိ အဝေးဆုံးကို ထွက်သွားလိုက်ပါကလေးမ။ ဒီမှာ မင်းအတွက် ငွေထုပ်ရမယ့် စာအိတ်''

မုံ့ မျက်စိရှေ့ကို စာအိတ်တစ်လုံး ရောက်လာသည်။ မုံ့က ပြုန်းစားကြီး သူမပါးကို ဖြတ်အရိုက်ခံလိုက်သကဲ့သို့ ဖြစ်သွားကာ သူမ မျက်စိရှေ့က ဒေါ်မမကိုကြည့်ကာ တစ်ခဏအတွင်း ရှုံ့မှန်းစက်ဆုပ်သွား၏။ စိတ်ထဲရှိသည့်အတိုင်း ဘာတစ်ခုမှ ခွန်းတုံ့မပြန်မိအောင် ကြိုးစားရင်း သူမ ကုလားထိုင်လက်ရန်းကို တင်းတင်းဆုပ်ကိုင်လျက် သူ့စိတ် သူထိန်းနေသည်။ ဒေါ်မမက မုံ့ရင်ထဲက ဖြစ်ပေါ်နေသော ခံစားချက်ကို လုံးဝ ဂရုမစိုက်။ အရေးမကြီးသော ကိစ္စတစ်ခုကို ပြောနေသကဲ့သို့ မျက်နှာအမူအယာ လုံးဝ မပြောင်း။ မုံ့ဖြစ်နေပုံကို အေးစက်စက် မျက်လုံးတွေ ခပ်စိမ်းစိမ်းကြည့်နေပုံကြောင့် မုံ စိတ်ကို ထိန်းပြီး သူ့အကြည့်ကို ရဲရင့်စွာ တုံ့ပြန်လိုက်သည်။ မုံ့မျက်ဝန်းအစုံက ဒေါ်မမ အကြည့်ထက်မပျော့၊ မီးတောက်မီးလျှံများ ထွက်နေသကဲ့သို့ ရှိသည်။

''အန်တီ ဆိုလိုချင်တာက ဦးနေကောင်းကင်ကို မုံ့လက်ထဲက နုတ်ယူမယ်ပေါ့ ဟုတ်လား၊ ဈေးက ဘယ်လောက်လဲ ပြောပါဦး''

ရှစ်စပ်က ဂျင်ခြေလည်သည့် ဒေါ်မမကိုယ်တိုင် မုံ့စကားကြောင့်



အောင့်သက်သက် ဖြစ်သွားကာ မျက်ခုံး တွန့်သွားသည်။

''မင်းပြောပုံဆိုပုံကို ငါ မကြိုက်ဘူး ကလေးမ''

''အန်တီ အခုလုပ်နေတာတွေ ပြောနေတာတွေက မုံ့ကို ဒီအတိုင်းဖြစ်အောင်ပြောခိုင်း တုံ့ပြန်ခိုင်းနေတာပဲ မဟုတ်လား အန်တီ၊ မုံ့ကို ငွေမက်တဲ့ မိန်းမ၊ အန်တီ့သားကို အပိုင်ဖမ်းတဲ့ မိန်းမလို့ အန်တီ မြင်နေတာ မဟုတ်လား''

''ငါဘယ်လိုမြင်တယ်ဆိုတာ ညည်းအလုပ် မဟုတ်ဘူး''

''ညည်းက ငါ့သားကို အပိုင်ဖမ်းလိုက်တဲ့အတွက် သူ့ဘဝ ဘယ်လောက်အထိ နစ်နာဆုံးရှုံးသွားပြီလဲဆိုတာ မင်းနားလည်ရဲ့လား ကလေးမ။ သူ လက်ထပ်ရမယ့်သူဟာ မင်းလို အခြေမဲ့အနေမဲ့ မိန်းကလေး မဟုတ်ဘူး၊ သူ့ဘဝ သူ့အခြေအနေကို တိုးမြှင့်ပေးနိုင်မယ် သူနဲ့ ဂုဏ်ရည်တူ အဆင့်အတန်းတူ မိန်းကလေးပဲဖြစ်ရမယ် နားလည်လား''

''ကဲ... ပြောစမ်း၊ မင်း ငါ့သားဘဝကို ဘယ်လို တိုးတက်မှုတွေ ရအောင်လုပ်ပေးနိုင်မလဲ၊ ဘယ်လို အဆက်အသွယ်တွေ ရှာပေးနိုင်မလဲ၊ ဘယ်လို လမ်းညွှန်မှုတွေ ပေးနိုင်မလဲ၊ ဘယ်လို လူတွေက ငါ့သားဘဝကို လျှမ်းလျှမ်းတောက်ဖြစ်အောင် လုပ်ပေးနိုင်တယ်ဆိုတာ မင်း သိရဲ့လားဟင်''

မုံ မျက်ရည်တွေ ကျလာသည်။ အသည်းနှလုံးတွေ မွမွကြေလာသည်။ ဒေါ်သစိတ်ကို ကြိုးစားပြီး ထိန်းသည်။ သားသမီးခြင်း စာမနာ ဆိုရက်လေခြင်းဟု နာနာကြည်းကြည်း တွေးသည်။ ဒေါ်မမ ပြောသလို မုံ့မှာ ဘာဆို ဘာမှ မရှိတာကို တွေးမိတော့ မုံ့ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာ၏။

''ဟုတ်ပါတယ်၊ မုံ့ဟာ အစ်ကို့ကို ဘာမှ လုပ်မပေးနိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မုံပေးနိုင်တာ အချစ်တစ်ခုတည်းပါ''

သည်တစ်ခွန်းပဲ ပြောလိုက်သည်။

မုံက ငိုနေရပြီ ဖြစ်သည်။ သို့သော် မုံ့မျက်ရည်ကို သနားမည့်သူ မရှိ။

''တိုတိုပြောရရင် ဒီကမ္ဘာဟာ မင်းရဲ့ကမ္ဘာ မဟုတ်ဘူး ကလေးမရဲ့။ မင်းပြောတဲ့ အချစ်ဆိုတာလည်း လက်တွေ့ဘဝမှာ ဘာမှ အသုံးမဝင်ဘူး။ မင်းလိုချင်တာ ငါပေးနိုင်တယ်။ ငွေ သိန်းနှစ်ထောင် ဆိုတာ မနည်းပါဘူးလေ။ မင်းအတွက် ပေးထားတဲ့ ချက်လက်မှတ်ကို ကြည့်လိုက်ပါဦး''

စာအိတ်ကိုဖွင့်ပြီး မုံ့ရှေ့ကို ချက်လက်မှတ် ချပြသည်။ စာရွက် ပေါ်မှာ ရေးထားသည့် သိန်းဂဏန်းတွေကို မုံ မယုံနိုင်သလို ငေး ကြည့်ရင်း အသည်းနှလုံးတွေ နာကျင်နေသည်။

''ဒီအချိန်မှာ မင်းလက်မှတ်ထိုးလိုက်တာနဲ့ ဒီငွေတွေအားလုံး မင်းအပိုင်ဖြစ်သွားပြီ''

စာချုပ်စာရွက်တစ်ရွက် မုံ့ရှေ့ ရောက်လာသည်။ မုံ လက်မှတ် ထိုးရမည့်စာချုပ်က မိုးကောင်းကင်နှင့်မုံက ကွာရှင်းပေးဖို့ သဘောတူ ပါသည်ဟု ရေးထားသည့် စာချုပ်။ ဒီအကြောင်း မည်သူ့ကိုမှ ဖွင့် မပြောဖို့ သဘောတူပါသည်။ နေကောင်းကင် ဘဝထဲက တိတ်တိတ် လေး ပျောက်ကွယ်သွားပါမည်တဲ့။ ထို့အတွက် ငွေသိန်းနှစ်ထောင် တိတိကို လက်ခံပါသည်တဲ့။

နောက်ဆုံးအကြောင်းကို မျက်စိ ရောက်သွားသည်။

ဤစာချုပ်တွင် လက်မှတ်ရေးထိုးချိန်နှင့် ငွေလက်ခံချိန်တွင် ကိုယ်လေးလက်ဝန်မရှိကြောင်း သစ္စာဆိုပါသည်တဲ့။

မျက်ရည်တွေကြားက မုံ ပြုံးလိုက်သည်။ တစ်ဆက်တည်း



သူမအဖြစ်ကိုသူမ နာကြည်းရက်စက်စွာ လှောင်ပြောင်သရော်ချင် စိတ်ဖြင့် ရယ်ချင်လာ၍ စာချုပ်ကိုဖတ်ပြီး မုံ ရယ်ပစ်လိုက်သည်။ ကောင်းကြပါပေသည်။ တော်လည်း တော်ကြပါပေသည်။ လူ့ အထက်တန်းစား လူ့မလိုင်အလွှာ။ ငွေကြေးချမ်းသာကြွယ်ဝသူတွေ ဆီမှာ ငွေကလွဲပြီး တခြားဘာဆိုဘာမှ မရှိပါလားဟုလည်း နားလည် လိုက်သည်။

''မင်းက ဘာကိုရယ်တာလဲ''

''ရယ်စရာကောင်းလို့ ရယ်တာပါ အန်တီ''

သိမ်ငယ်ခြင်းတွေ မုံ့မှာ မရှိတော့။ မေတ္တာတရား မရှိသူရှေ့မှာ ချစ်ခြင်းမေတ္တာတရားအကြောင်းပြောရခြင်းက ဘာမှ အသုံးမဝင်။

''ဒီမယ် အန်တီ၊ မုံ့မှာ အစ်ကို့ရင်သွေးလေး ရှိနေပြီရှင့်''

''ဘာပြောတယ်''

''မုံ့မှာ ကိုယ်ဝန်ရှိနေပြီလို့ပြောတာပါ၊ ဒီဇင်ဘာဆို မုံ့သားလေး ကို မွေးပြီပေါ့''

မုံ့စကားကြောင့် ဒေါ်မမရင်ထဲ မီးတောက်တစ်ခု ပြင်းထန်စွာ ပေါက်ကွဲသွားသည်။ သို့သော် မပေါက်ကွဲရသေး။ ဒေါ်သမျက်လုံးများ ဖြင့် မုံ့ကို စိုက်ကြည့်ရင်း လူသတ်ချင်စိတ်ဖြစ်နေတာကို မုံ သိသည်။

''ညည်းက ငါထင်ထားတာထက် ပိုပြီး အကြံကြီးနေတဲ့ မိန်း ကလေးကိုး''

''အန်တီကြိုက်သလိုထင်ပါ။ အစ်ကိုနဲ့ပတ်သက်ပြီး မုံ့မှာ အရင် ကတည်းက ဘာအကြံအစည်မှမရှိဘူး။ အခုလည်း မရှိဘူး၊ အန်တီ ပြောသလို မုံ့ဟာ လက်ရှိမှာ အခြေအနေမဲ့လို့ ခေါ်ရင်ခေါ်လို့ရပါ တယ်၊ ဒါပေမယ့် မုံ့မှာ ငွေမရှိတာကလွဲပြီး အန်တီ သိထားတွေ တစ်ခုမှ မဟုတ်ဘူး၊ မုံ့မိဘတွေဟာ ရှင်တို့လိုပဲ တစ်ချိန်က သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်ခမ်းနားတဲ့ သူတွေပဲ"

"မှုံ့အတိုးဟာ ဟောဒီပန်းချီကားထဲက လူကြီးထက် မြင့်မြတ်တဲ့ လူလို့ မှုံ ယုံတယ်၊ မှုံငယ်ငယ်တုန်းက ဒီထက်ကြီးကျယ်ခမ်းနားတဲ့ အဆောင်အယောင်နဲ့နေဖူးတယ်။ အရေးအကြီးဆုံးကို မှုံပြောမယ်။ အစ်ကိုဆီက မှုံလိုချင်တာ ဘာလဲဆိုတာ အန်တီ သိလား"

"မှုံ့ ယောက်ျားရဲ့အချစ်၊ အဲဒါကလွဲပြီး အန်တီတို့ အသိုင်းအဝိုင်းကငွေကို လက်ဖျားနဲ့တောင် မတို့ဘူးမှတ်"

ပြောပြောဆိုဆို ဒေါ်မမအခန်းထဲက မှုံ ထွက်ခဲ့သည်။ ဒေါ်မမက ဒေါသအမျက် ချောင်းချောင်းထွက်နေသည့် မျက်လုံးကြီးများဖြင့် မှုံ ပိတ်သွားသည့် တံခါးရွက်တွေကို ရှုံ့ရှာမုန်းတီးစွာ စူးစိုက်ကြည့်ရင်း အံကျိတ်လျက် ကျန်ခဲ့သည်။

မိသားစုစုံညီသော ညစာဝိုင်းက စိုပြည်ခြင်း မရှိလှ။ ရင်းနှီးပွင့်လင်းမှုလည်း မရှိကြ။ ပတ္တမြားရောင်တောက်နေသည့် ဒေါ်မမက စားပွဲတစ်ဖက် ထိပ်မှာ၊ လုပခန့်ညားလျက် ဘာမှ ဖြစ်မထားသလို ဟန်ပန်အပြည့်နှင့် နေရာယူထားသလို တခြားတစ်ဖက်ထိပ်တွင် ဒေါ်မမ၏ခင်ပွန်း ဦးတော်ကောင်းကင်က အိမ်သားတွေကို စုံညီစွာ တွေ့ရ၍ ကျေနပ်သည့်ဟန်ဖြင့် ခပ်ပြုံးပြုံး။ ချွေးမနှစ်ယောက် ထပ်တိုးလာသည့်အတွက် သဘောကျနေသည်။

ထူးထူးခြားခြား ထိုထမင်းပွဲမှာ စကားသွက်နေသူက ကိုလတ်နှင့် သူ့ဇနီးဖြစ်သွားသည့် သင်ဇာတို့ ဖြစ်သည်။ သင်ဇာက မိသားစုအားလုံးကို ရွှန်းရွှန်းဝေအောင် စကားဆိုနေသော်လည်း မှုံ့ကိုတော့ တစ်ချက်ပင် အရေးမလုပ်။ ထမင်းပွဲမှာ မှုံ မပါသကဲ့သို့ ပြောဆိုပြုမူဆက်ဆံပုံက အားလုံး သတိမထားမိဘဲ မနေနိုင်အောင် လုပ်ပြနေသကဲ့သို့ ဖြစ်သည်။ ဒေါ်မမကိုတော့ အထူးဂရုစိုက်သည်။ အဘွားကြီးကို



အတတ်နိုင်ဆုံး မြှောက်ပင့်ပြောဆိုပြီး သူ့ဒယ်ဒီအကြောင်း။ သူ့အပေါင်း အသင်းအကြောင်း။ ဘယ်သူဘယ်ဝါ သားသမီးက သူမကို ဘယ်လို အရေးပေးဆက်ဆံရကြောင်း ကိုယ်ရည်သွေးစကားများပြောခြင်း ဖြစ်သည်။ လကောင်းကင်ကတော့ အစ်ကိုနှင့် လက်ထပ်မည့် မိန်းမကို သူက လက်ထပ်ရသည့်အတွက်ကြောင့်ပဲ အနေရခက်နေသလား။ မိန်းမရတော့မှာမို့ ပျော်နေသလားမသိ။

အရက်နှစ်ခွက်လောက်သောက်ပြီးကတည်းက စကားတွေသွက်နေသည်။ မှုံ့ကို ဣန္ဒြေမပျက် ဤထမင်းစားပွဲထဲက ထွက်မသွားရအောင် ဂရုစိုက်မည့်သူက မိုးကောင်းကင်တစ်ယောက်ပဲ မှုံ့နားမှာ အနီးကပ် အတူတူရှိနေသည်။ နေကောင်းကင်က စားပွဲတစ်ဖက်စွန်းကို ရောက်နေပြီး ဖခင်ကြီးနှင့် စကားအပြန်အလှန် ပြောနေရ၍ မှုံ့ကို မျက်လုံးနှင့်သာ လှမ်းကြည့်နိုင်သည်။ အနီးကပ် ဘာတစ်ခုမှ လုပ်မပေးနိုင်ချေ။

မှုံ့မျက်နှာလေးက ဟန်လုပ်ပြုံးထားရသော်လည်း ညှိုးနေသည်။ နေ့ခင်းပိုင်းကလို မလန်းတော့သော်လည်း မှုံ့အလှကတော့ ထိုထမင်းပွဲတစ်ခုလုံး အထင်ရှား အတောက်ပဆုံး ဖြစ်နေသည့်အတွက် နေကောင်းကင် စိတ်ထဲ ကျေနပ်နှစ်သိမ့်နေသည်။ မိုးကောင်းကင်ကတော့ မှုံ မျက်နှာပျက်နေတာ၊ စိတ်မရွှင်မလန်းဖြစ်နေတာကို သတိထားပြီး မှုံ့အတွက် စိတ်မကောင်း။ မှုံ့ကိုကြည့်ပြီး သနားနေသည်။ မာမီနှင့် တွေ့ပြီးကတည်းက မှုံ့ပုံစံ ပြောင်းသွားတာကို နေကောင်းကင်လည်း သတိထားမိသည်။ မာမီနဲ့ စကားပြောရတာ အဆင်ပြေရဲ့လားလို့ သူမေးတုန်းက မှုံက ရယ်ရယ်မောမောနှင့် အဆင်ပြေပါတယ်ဟု ဆိုသဖြင့် သူလည်း ထပ်မမေးတော့။

ထမင်းပွဲပြီးတာနဲ့ မှုံ့နားကို နေကောင်းကင် ရောက်သွားကာ

www.burmeseclassic.com

www.burmeseclassic.com



မှံ့မျက်နှာလေးကို ချစ်မြတ်နိုးစွာ ငုံ့ကြည့်ပြီး သူ သိချင်တာ မေးသည်။

"မုံနဲ့ မာမီ စကားပြောအဆင်ပြေခဲ့တယ်ဆိုတာ မုံညာနေတာ မဟုတ်လားဟင် ကိုယ်သိပါတယ်၊ မာမီက မုံ့ကို တစ်ခုခု ပြောလိုက်တယ်မဟုတ်လား၊ မာမီ ဘာပြောလဲဆိုတာ ကိုယ့်ကို ပြောစမ်း"

"ဘာမှမပြောပါဘူးဆို အစ်ကိုကလဲ"

နေကောင်းကင် သိပ်တော့မယုံ။ မုံက ဇွတ်ငြင်းနေတာနှင့် သူ ဆက်မမေးတော့။ မုံကတော့ ဒေါ်မမနှင့် သူမကိစ္စကို သူမ မပြောပြဟု ဆုံးဖြတ်ထားသည်။ မုံ့ကြောင့် နောက်ထပ် ပြဿနာ ဖြစ်မှာမျိုး လုံးဝ လက်မခံ။

"မုံ့ကိုကြည့်ရတာ တစ်မျိုးပဲကွာ နေမကောင်းရဲ့လား"

"နည်းနည်းပင်ပန်းသွားလို့ပါ အစ်ကိုရယ်၊ ဘာမှမဖြစ်ပါဘူး"

"အပေါ်ထပ်တက်တော့မလားဟင်၊ အစ်ကိုလိုက်ပို့မယ်"

"ဟုတ်ကဲ့"

မုံက ဟန်ဆောင်၍ပင် မငြင်းတော့။ နေကောင်းကင်နှင့်အတူ သူမအခန်းကို အမြန်ဆုံး သွားချင်နေသည်။ ဒီနေ့ကြုံတွေ့လိုက်ရသည့် အတွေ့အကြုံတွေက မုံ့အတွက် အလွန်စိတ်ပျက်စရာ ကောင်းသည်။ ယောက္ခထီးကြီးကတော့ နေကောင်းကင် ပြောသလို စိတ်သဘောထား နူးညံ့သည်ဖြစ်၍ မုံနှင့်လည်း အဆင်ပြေသည်။ ဒေါ်မမကိုတော့ တစ်ချက်ပင် လှမ်းမကြည့်တော့။ နောက်တစ်ခါဒီလို စကားတွေ ထပ်ပြောလာရင် ဘယ်လိုလုပ်ရမလဲဆိုတာပဲ စဉ်းစားနေသည်။ အစ်ကို လတ်ဆိုသူက အရက် အတော်မူးနေသည်။ မုံ့ကို ဝတ်ကျေတမ်းကျေ စကား မပြော။ မကောင်းတတ်၍ နှုတ်ဆက်သည့်သဘောလောက်သာ ပြောသည်။

မုံ့နားမှာ မိုးကောင်းကင် ရှိနေလို့သာ မုံ့အတွက် နေသာဖြေသာ



ရသည်။ သင်ဇာဆိုသည့် မိန်းမလုပ်ပုံတွေက ဖြောင်ကျလွန်းသည်။ မျက်နှာပြောင်တိုက်လွန်းသည်ဟု ထင်သည်။ သင်ဇာ့နေရာမှာဆိုလျှင် ဒီမိသားစုကြားမှာ နေတတ်မှာ မဟုတ်။ သင်ဇာကတော့ ဘာမှမဖြစ် သလို ဘာမှ မခံစားရသလိုပုံစံနှင့် အားလုံးရှေ့မှာ လှပစွာ သရုပ်ဆောင် ပြသွားသည်။ အိပ်ခန်းထဲရောက်တာနှင့် အိပ်ရာပေါ် အရုပ်ကြိုးပြတ် လှဲချလိုက်သည်။ ဟန်ဆောင်ထားခဲ့ရသမျှ စိတ်ကို လျှော့ချလိုက်ပြီ ဖြစ်၍ မုံ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

"ဟင်… ငိုနေတယ်၊ ဘာဖြစ်လို့လဲ အချစ်ရယ်"

မုံငိုနေတာမြင်ရတော့ နေကောင်းကင် မုံ့အတွက် စိုးရိမ်သွားကာ ကိုယ်လေးကို သူ့ရင်ခွင်ထဲ အသာတွေးပွေ့ပြီး မုံ့မျက်ရည်တွေကို သုတ်ပေးသည်။ မုံက ခင်ပွန်းသည်ကို ချစ်မြတ်နိုးသည့် မျက်လုံးတွေနှင့် မော့ကြည့်သည်။

"ကိုကိုပြောစမ်းပါ မုံ ဘာတွေဖြစ်နေတာလဲ"

မုံ့အတွက် သူ စိုးရိမ်လှပြီ။

စိတ်ပူလှပြီ။ မုံက သူမေးတာ ဘာမှမပြော။ ငို၍သာ နေသည်။ အားရအောင်ငိုပြီးမှ သူ့ကို စိုးရိမ်နေသော နေကောင်းကင် မျက်နှာကို ကြည့်သည်။

"မုံ့မှာ ကိုယ်ဝန်ရှိလို့လား မသိပါဘူးအစ်ကိုရယ်၊ ဒီလိုပဲ စိတ်ထဲ ပင်ပန်းလို့ ငိုမိတာထင်တယ်"

"ကောင်းပြီ၊ မနက်ဖြန် အခန်းထဲက ဘယ်မှမထွက်ဘဲ ဒီမှာပဲ အနားယူရမယ်"

နေကောင်းကင်က မုံ့ပါးလေးကို တစ်ချက်ငုံ့နမ်းပြီး ချစ်ခြင်း အတွက် တစ်ချက်လွတ်အမိန့် ချသည်။ ဒါတော့ မဖြစ်။ သူတို့ အိမ်ကြီးထဲမှာနေပြီး အခန်းထဲက အပြင်မထွက်လျှင် တခြားသူ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ထင်မည်မသိသော်လည်း ဒေါ်မမက မုံ့ကို အထင်လွဲပြီး ဝိုမုန်းမှာကို သိသည်။

"ဒီည အိပ်ရေးဝသွားရင် မနက်ဖြန် ကောင်းသွားမှာပါ အစ်ကို ရယ်"

"မရဘူးကွာ၊ နားဆိုနားရမယ်။ လိုအပ်ရင် ဆရာဝန်တောင် ခေါ်ပြရဦးမှာ"

"အိုး... ဘာဆရာဝန်မှ မလိုပါဘူး မုံ့ နေကောင်းပါတယ်"

"သေချာတယ်နော်"

"သေချာပါတယ်ဆို အစ်ကိုကလဲ"

ထိုညတစ်ညလုံး နေကောင်းကင်ရင်ခွင်ထဲတိုးဝင်ပြီး မျက်ရည် တွေနှင့် မုံ့ အိပ်ပျော်သွားသည်။ မနက်လင်းတော့ မုံ့ ကိုယ်ပူပြီး ဖျားတော့ နေကောင်းကင် ပျာယာခတ်သွားသည်။

"ခဏလေးနော် မုံ့၊ ကိုယ် မိုးကို လှမ်းခေါ်လိုက်မယ်"

မုံ့ နေမကောင်းကြောင်း သူညီကို ဖုန်းနှင့်လှမ်းခေါ်တော့ မိုးကောင်းကင် မုံ့တို့ရှိရာ ချက်ချင်း ရောက်လာသည်။

"ဘာမှမဖြစ်ပါဘူး၊ ရိုးရိုးဖျားတာပါ၊ ကျွန်တော်ပေးတဲ့ဆေးသော သောက် အဖျားပျောက်သွားလိမ့်မယ်"

"မထူးပါဘူးကွာ၊ မုံ့ ကိုယ်ဝန်အခြေအနေကို မင်းပဲ စစ်ကြည့် ပါလား"

"အာ... ကျွန်တော်က ဘာစစ်ရမှာဗျ၊ မုံ့ကိုယ်ဝန်ကို အပ်ချင် ရင် ကျွန်တော် အထူးကုဆီမှာ အပ်ပေးမယ်။ ကိုကိုတို့ အပ်ချင်တဲ့အချိန် ပြော"

"ဆေးသောက်ပါတယ် အစ်ကိုရယ်။ မုံ့တို့ ဟိုရောက်မှ တခြား အိုဂျီတစ်ယောက်ယောက်နဲ့ ပြကြတာပေါ့နော်"



မုံ့က ထိုကိစ္စကို ခပ်မြန်မြန် ကန့်ကွက်လိုက်သည်။ ဒေါ်မမ အမြင်မှာ ကိုယ်ဝန်ကို အကြောင်းပြပြီး သူ့သား ပျာယာခတ်နေတာ မြင်လျှင် မုံ့ကို ပိုကြည့်မရအောင် ဖြစ်ယုံမက မုံ့က သူ့ကို အရွဲ့တိုက်ပြီး သူ့သားကို ကလေးပြပြီး မလှုပ်နိုင်အောင် တုပ်နှောင်ထားသူအဖြစ် မြင်ပုံစွဲမှာ သေချာသည်။

"လောလောဆယ် မုံ့ ကောင်းကောင်းအနားယူလိုက်ပါ။ အပြင် ကို မထွက်နဲ့ အစားအသောက်ကို အခန်းထဲ ပို့ခိုင်းလိုက်မယ်။ ကိုကို လည်း မုံ့နားမှာပဲ နေလိုက်ပေါ့၊ ကျွန်တော် ဆေးရုံသွားစရာရှိလို့ သွားလိုက်ဦးမယ်"

"ကျေးဇူးပဲနော် မိုး"

မုံ့တို့ ကျေးဇူးတင်စကားကို မိုးကောင်းကင် အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်ပြီး မုံ့တို့အခန်းထဲက ထွက်သွားသည်။ မုံ့က မျက်ခင်းနှင့်အပြိုင် ပွင့်လန်းလာသော ပန်းတစ်ပွင့်ပမာ လိမ္မော်နုရောင် စာတ်စုံထဲမှာ ပန်းတစ်ပွင့်ချထားသလို အိစွေးနုဖတ်လျက် အလှကြီး နေတာကို နေကောင်းကင်က ကျေနပ်စွာ ကြည့်ပြီး ပြုံးသည်။

နေကောင်းကင်က မုံ့နှင့်အတူ အခန်းထဲမှာပဲ မနက်စာ အတူ စားပြီးမှ သူ့မာမီ ဖုန်းဆက်၍ ဝတ်စုံ အစမ်းဝတ်ကြည့်ရဦးမည်ဆိုကာ မုံ့ကို တစ်ယောက်တည်းထားပြီး အပြင်ထွက်သွားသည်။

"သိပ်မကြာပါဘူး၊ ကိုယ် ချက်ချင်းပြန်လာမှာပါ။ ကိုယ် ထွက်သွားနေတုန်း အချစ်အားရှိအောင် အိပ်လိုက်ဦးနော်"

နေကောင်းကင် မုံ့ နဖူးလေးကို ငုံ့နမ်းပြီး ထွက်သွားသည်။ တစ်ယောက်တည်းကျန်ခဲ့တော့ ဆေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်သည်။

မှေးခနဲ အိပ်ပျော်သွားသဖြင့် အခန်းတံခါးခေါက်သံကို ရုတ်

www.burmeseclassic.com

www.burmeseclassic.com



တရက် မကြား။ နောက်မှ သတိထားမိပြီး နေကောင်းကင် ပြန်လာတာများလားဟုတွေးပြီး ဝင်ခဲ့ပါဟု ပြောလိုက်သည်။ မုံ့က သူမအတွက် အားကိုးရာ တစ်ဦးတည်းသော အဖော်အဖြစ် တံခါးဖွင့်အလာကို အပြုံးဖြင့် စောင့်ကြိုနေမိသည်။ အခန်းတံခါးဖွင့်ပြီး ဝင်လာသူက မုံ့ ထင်နေသလို နေကောင်းကင် မဟုတ်။ မုံ့ကို အလွန်ကြည့်မရအောင် မုန်းနေသော မုံ့ ယောက္ခမ ဒေါ်မမကိုယ်တိုင်ဖြစ်နေ၍ မုံ့မျက်နှာပေါ်က အပြုံးလေး ကွယ်ပျောက်သွားကာ ဒေါ်မမမျက်နှာကို ထိတ်လန့် အံ့ဩစွာ ကြည့်လိုက်သည်။

"ဝင်ခဲ့မယ်နော်"

"ဟုတ်ကဲ့"

ဒေါ်မမက ကျောက်စိမ်းရောင်ဝတ်စုံ ဝတ်ထားသည် စိမ်းကားရက်စက်မည့် နိမိတ်ဆိုးကို ဆောင်ယူလာသော နတ်ဆိုးတစ်ယောက်နှင့် ပိုတူသည်ဟု ထင်မိသည်။ အိပ်ရာပေါ်က မုံ့ ခပ်သွက်သွက်ဆင်းလိုက်တော့ လိမ္မော်ရောင် အပေါ်ဝတ် အနွေးအင်္ကျီတစ်ထည်ကို ဝတ်နေသည့်အထိ ဒေါ်မမက မုံ့ကို ဘာမှမပြောဘဲ ကြည့်နေသည်။ မုံ့ စိတ်လှုပ်ရှားနေကြောင်း အဘွားကြီးက ကောင်းစွာ ရိပ်မိသည်။

"နေမကောင်းဘူးဆို"

"ဟုတ်ကဲ့ အခုတော့ အများကျသွားပါပြီ"

"ထိုင်ပါ အန်တီ"

မုံ့ ရင်တွေ ခုန်နေသည်။ ကုလားထိုင်နှစ်လုံးကို ညွှန်ပြပြီး ညှိဝတ်ပြုတော့ ဒေါ်မမ ခုံတစ်လုံးမှာ ဝင်ထိုင်သည်။ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်တော့ ဒေါ်မမက မုံ့မျက်နှာကို အကဲခတ်သလို ကြည့်သည်။

"မနေ့က တို့ပြောတဲ့ အကြောင်းတွေ သားကို မင်း ပြောပြ



လိုက်လား"

"မပြောပါဘူး"

မုံ့ ခေါင်းခါလိုက်တော့ အဘွားကြီးက ခေါင်းညိတ်ပြီး

"အေး… ကောင်းတယ်၊ ဒီမနက် တို့ရှေ့နေနဲ့ နှစ်နာရီလုံး မင်းကိစ္စ ဆွေးနွေးနေတာ။ ဒီမှာ စာချုပ်အသစ်၊ မင်းလက်ခံနိုင်တဲ့ အချက်တွေ ထည့်ရေးထားတယ်။ ကလေးကိစ္စလည်း ပါတယ်။ ဖတ်ကြည့်ပါဦး"

သူ့လေသံက မုံ့ကို သနားလွန်းလို့ ကူညီစောင့်ရှောက်နေသည့် ပုံစံမျိုး။ မုံ့စိတ်ထဲ ဒေါ်မမဆိုသည့် အဘွားကြီးဟာ လူစင်စစ်မှ ဟုတ်ပါလေစဟု တွေးထင်မိသည်အထိ နှလုံးသားကင်းမဲ့၍ မုံ့က အံ့ဩမဆုံး ဖြစ်နေသည်။ ဒေါ်မမကို မုန်းတဲ့စိတ်တွေ မုံ့ရင်မှာ လှိုင်းထန်လာသည်။ ရင်ထဲက ရှိသည့်အတိုင်း နာနာကြည်းကြည်း စကားတွေနှင့် စိတ်ရှိလက်ရှိ ဒေါ်မမကို ပစ်ပေါက်ပစ်ချင်သည်။ သို့သော် မုံ့ကိုယ်မုံ့ ဘာမှ မပြောမိအောင် ကြိုးစားသည်။

သူရိုင်းပေမယ့် မုံ့ မရိုင်းပါ။

"ဟင့်အင်း မုံ့ ဘာမှမဖတ်ဘူး"

"မုံ့ စိတ်ဝင်စားမှာပါ"

"မုံ့ စိတ်မဝင်စားဘူး။ အန်တီ အခုလိုလုပ်နေတာတွေဟာ သိပ်ကို လွန်နေပြီလို့ ထင်ပါတယ်"

ပြောရင်း မုံ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။ ဒေါ်မမက မုံ့လက်ထဲကို စာရွက်တွေ အတင်းထိုးပေးသည်။ မုံ့ ဘာဖြစ်ဖြစ် ဘာပြောပြော ဂရုမစိုက်သည့်ပုံစံ ဖြစ်သည်။

"မင်းအတွက် မလွယ်ဘူးဆိုတာ တို့သိပါတယ်။ မင်းနဲ့ သားကြားက ငြိတွယ်မှုကိုလည်း တို့နားလည်တယ်။ ဒါပေမယ့် မင်း

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တကယ်ချစ်ရင် သူ့အတွက် မင်းက အနစ်နာခံနိုင်ရမှာပေါ့"

"ရော့ ဖတ်ကြည့်"

မုံ့လက်ထဲ စာရွက်တွေ ရောက်လာသည်။ မဖတ်ချင်ပါ မကြည့်ချင်ပါဟု ပြောသော်လည်း မရ။ မုံ့ကို ဖွတ်အတင်းပေးနေ၍ မုံ့လက်ထဲ ရောက်လာသည့် စာရွက်တွေကို မဖတ်ချင်ဘဲ ဖတ်လိုက်ရသည်။

ဒီတစ်ခါတော့ ဒေါ်မမက သူ့သား နေကောင်းကင်ကို အပြီးအပိုင် ကွာရှင်းပေးလျှင် မွေးလာမည့်ကလေးနှင့် မုံ့အတွက် သိန်းသုံးထောင် ရမည်။ နေကောင်းကင်နှင့် လုံးဝ ဆက်ဆံခွင့် မရှိ။ ထိုအချက်ကို လက်ခံလျှင် ကလေးအသက်နှစ်ဆယ် အရွယ်ရောက်သည်အထိ တစ်လ သုံးသိန်းပေးမည်။ အကယ်၍ ကိုယ်ဝန်ကို ဖျက်ချမည်ဆိုလျှင် ငွေ သိန်းလေးထောင် အပြတ်ပေးမည်။ နှစ်ဦးနှစ်ဖက်အတွက် အကောင်းဆုံး စီမံခြင်းဖြစ်ကြောင်း ဒေါ်မမက လေးနက်အောင်မြင် သောအသံ လွှမ်းမိုးစေနိုင်သောအကြည့်ဖြင့် မုံ့ကို နားချသည်။ နှလုံးသားကင်းမဲ့လှသော ဒေါ်မမကို မုံ နားမလည်နိုင်သလို ငေးကြည့်ရင်း သက်ပြင်းချသည်။

လူတွေ ဘာကြောင့်များ ဒီလောက် ရက်စက်ချင်ကြပါလိမ့်။ တကယ်တော့ မုံ့ရင်မှာ လွယ်ပိုးထားရသော သွေးမှာ သူ့သား၏ သွေး၊ ဒေါ်မမ၏ မြေးဖြစ်ပါလျက် အကြင်နာကင်းမဲ့သော အသွားကြီး မှာ ငွေကြေးချမ်းသာကြွယ်ဝမှု၊ ဩဇာအာဏာကြီးမြင့်မှုမှတစ်ပါး တခြား ဘာဆိုဘာမှ မသိသော မိန်းမကြီး ဖြစ်သည်။

"ဝမ်းနည်းပါတယ် အန်တီ၊ အန်တီဖြစ်စေချင်သလို ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူး။ မုံ့ယောကျ်ားကို ဘယ်တော့မှ ငွေနဲ့ မလဲ ဘူး။ မုံ သူ့ကို စွန့်ပစ်ရင်လည်း ငွေအတွက် မဖြစ်စေရဘူး။ သူ့



အတွက် ကြည့်ပြီး စွန့်ပေးတာပဲ ဖြစ်ရမယ်။ နောက်ဆုံး တစ်ခုက တော့..."

ပြောရင်း မုံ ရင်တွေ ဆို့လာ၏။

"မုံ့ရင်သွေးလေးကို ဘယ်တော့မှ မဖျက်ဆီးဘူး"

မျက်ရည်တွေက ပါးပြင်ပေါ် တလိမ့်လိမ့်။ ဒေါ်မမ မျက်နှာကို မော့ကြည့်သည်။ ထိုအကြည့်က ထိခိုက်နာကြင်သော အကြည့်။ လှပသော မုံ့မျက်နှာက တည်ငြိမ်လေးနက်လွန်း၍ ထိုခဏမှာ ဒေါ်မမ ပင် အနေရ ကျပ်သွားသည်။

"မုံ တစ်ခုမေးပါရစေ၊ မုံ့ကို ဘာဖြစ်လို့ ဒီလောက်မုန်းနေတာ လဲ"

"မင်းနဲ့ဆိုရင် တို့သားဘဝက ဘယ်လိုမှ အပြင်လောကမှာ တိုးဝင်နိုင်တော့မှာ မဟုတ်ဘူးဆိုတာ မင်းလည်း သိပါတယ်။ သင်ဇာ့ ကို လက်ထပ်ခဲ့ရင် သူ့ဘဝ ဘယ်အထိအောင် မြင့်မားသွားမယ် ထင်လဲ"

"သင်ဇာ့ကို သူ့ဘာသာ ငြင်းတာပါ အန်တီ"

"အဲဒါ မင်းကြောင့်ပဲ မဟုတ်လား၊ မင်းကြောင့် သူပျော်ရတယ် ဆိုတာ သူ့ခန္ဓာကိုယ်ပဲ နေမှာပေါ့။ ဘဝမှာ မင်းပြောပြောနေတဲ့ အချစ်ဆိုတဲ့အရာထက် အရေးကြီးတာတွေ အများကြီး ရှိသေးတယ် ကလေးမရဲ့။ မင်းက ငယ်ငယ်လေးပဲရှိသေးတာ။ ဘဝအကြောင်း မင်း ဘာမှနားမလည်ပါဘူး။ ကဲ... တို့အလုပ်ကိစ္စ ပြန်စလိုက် ရအောင်"

"ဘာအလုပ်လဲ၊ အန်တီပြောတာ ဘယ်တော့မှ မုံ လက်ခံမှာ မဟုတ်ဘူးဆိုတာ မှတ်ထားလိုက်ပါ"

"ကောင်းပြီ၊ ဒါဆို မင်း သူ့ဆီက ဘယ်တော့မှ မမက်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သက်သေပြနိုင်မလား"

"ဘယ်လို သက်သေပြရမလဲ ဆိုတာပဲ ပြောပါ"

"လွယ်ပါတယ်၊ ဒီစာရွက်မှာ လက်မှတ်ထိုးပေးရုံပါပဲ"

လက်ပွေ့အိတ်ထဲက နောက်ထပ်စာရွက်ဆွဲထုတ်ပြီး မုံ့ကို ပေးသည်။ မုံ လှမ်းယူလိုက်တော့ မဖတ်ဘဲ ခါးသီးမုန်းတီးစွာဖြင့် ဒေါ်မမမျက်နှာကို စိုက်ကြည့်နေလိုက်သည်။ စာချုပ်ပါ အချက်အလက်တွေကို ဒေါ်မမက ဘာမှမဖြစ်သည့်လေသံနှင့် မုံအကြည့်ကို ဂရုမစိုက်ဘဲ ဆက်ပြောသည်။

"ဒီအထဲမှာပါတဲ့ အချက်တွေက အကယ်၍ နေကောင်းကင် သေဆုံးသွားခဲ့ရင်ဖြစ်ဖြစ်၊ ဒါမှမဟုတ် မင်းကို ထားခဲ့ရင်ဖြစ်ဖြစ် သားရဲ့ ငွေ သို့မဟုတ် ပစ္စည်း၊ အိမ်ခြံမြေအားလုံး ဘာမှ မတောင်းဆိုပါဘူးဆိုတဲ့ ကတိဝန်ခံချက်ပဲ။ မင်းအတွက်တင်မဟုတ်ဘူးနော် မင်းရဲ့ကလေးအတွက်ပါ မတောင်းဆိုပါဘူးဆိုတာပါတယ်။ အဓိပ္ပာယ်က မင်းလက်ထဲမှာ သူ မရှိတော့တာနဲ့ သူပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးလည်း မင်းနဲ့ ဘာမှ မဆိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ"

"ကဲ... လက်မှတ်ထိုးနိုင်မလား"

ယောက္ခမလုပ်သူကို မုန်းတီးရွံရှာစွာ ကြည့်လိုက်သည်။ ဒီမိန်းမကြီးက အလွန်ကြောက်စရာ၊ ရွံစရာ မိန်းမကြီးမှန်း သိလိုက်သည်။

"ဘာလို့ လက်မှတ်မထိုးနိုင်ရမှာလဲ၊ မုံချစ်တာ သူ့ကို၊ သူ့ငွေကို မဟုတ်ဘူး"

"ဒါဖြင့် ထိုးလေ"

ဒေါ်မမလိုချင်သည်မှာ ဒါပဲဖြစ်သည်။ ဖြစ်နိုင်လျှင် ဤကလေးကို မောင်းထုတ်မည်။ မရလျှင် နေကောင်းကင်အတွက် ကြိုတင်ကာကွယ်ထားရမည်။ နောက်မှ ရေရှည်စီမံကိန်းဖြင့် ကိုယ်သား ကိုယ်



ပြန်ရအောင်ယူမည်။ မုံက တုန်တုန်ယင်ယင်နှင့် လက်မှတ်ထိုးလိုက်ပြီး စာရွက်ကို ယောက္ခမလက်ထဲ ပြန်ထည့်လိုက်သည်။

"စာရွက်စာတမ်းတွေဟာ အားလုံး တရားဝင်တွေနော် ကလေးမ၊ မင်းဘယ်လိုမှ ပြန်ပြင်လို့ မရတော့ဘူး"

"မုံ ဘာမှ မလိုချင်ဘူလို့ ရှင့်ကို ပြောပြီးပြီပဲ"

"မင်းကို ငါမယုံဘူး"

မုံက အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သည်။ နေကောင်းကင် ပြန်ရောက်လာတော့ မျက်နှာတစ်ခုလုံး သွေးတစ်စက်မှ မရှိတော့သလို ဖြစ်နေသည်။ မုံ့ကိုကြည့်ပြီး အထိတ်တလန့် ဖြစ်သွားသည်။ မျက်ခွံတွေက အလွန်အမင်း ငိုထားသည့်အကြောင်း သက်သေခံနေပြီ လုံးဝ လူမမာရုပ်ဖြစ်သည်။

"ဘာဖြစ်တာလဲ မုံ၊ ကို့ကိုပြောစမ်း၊ မင်း တစ်ခုခုဖြစ်နေတယ် မဟုတ်လား ပြောလေ"

နေကောင်းကင်က မုံကို ကြည့်ပြီး လန့်နေသည်။ တစ်ခုခုဖြစ်နေပြီဟု ပြောရင်း သူသိချင်တာကို မေးပေမယ့် မုံက လုံးဝမပြောရန် ဆုံးဖြတ်ထားသည်။ ဒီကိစ္စက သူမ ယောက်ျားနှင့် မဆိုင်။ ဒေါ်မမနှင့် မုံကြားကကိစ္စ မုံ့ပြဿနာဟု ခံယူထားသည်။ မုံ့ကိစ္စထဲ နေကောင်းကင်ကို ဆွဲမသွင်းလို၍ နှုတ်ဆိတ်နေသည်။

"မုံ ဘာမှ မဖြစ်ပါဘူး၊ နေမကောင်းလို့ ငိုတာပါ"

မုံက အပူရုပ်ကို ဟန်လုပ်ပြီး အတတ်နိုင်ဆုံး အချိုသာဆုံးဖြစ်အောင် ပြုံးပြီးပြောလေ နေကောင်းကင်ရင်ထဲက သံသယ အခိုင်အခဲက ပိုကြီးလာလေ ဖြစ်သည်။ မုံ သူ့ကို တစ်ခုခု ဖုံးကွယ်နေပြီဟု သိလိုက်သည်။ သို့သော် မေး၍ ဖြေမည်မဟုတ် သူမကသာ တစ်ယောက်တည်း ကြိတ်ခံရန် ဆုံးဖြတ်ထားသည့်ပုံမျိုးဖြစ်နေ၍ သူ သိချင်

www.burmeseclassic.com

www.burmeseclassic.com



သည့်အဖြေကိုသိအောင် မည်သို့ လုပ်ရမလဲ အပြေးအလွှား စဉ်းစားသည်။

"ကိုယ် မိုးကို ခေါ်လိုက်မယ်"

"မခေါ်ပါနဲ့ အစ်ကို၊ မုံနေကောင်းပါတယ်"

စိတ်ထဲက ချက်ချင်း မိုးကောင်းကင်ကို အကူအညီတောင်းပြီး မုံ ဖြစ်နေသည့်ကိစ္စကို သိအောင်လုပ်မည် စဉ်းစားကာ မိုးကောင်းကင် ဖုန်းကို လှမ်းခေါ်လိုက်သည်။

"ပြော ကိုကို၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ကိစ္စက အရေးကြီးတယ်ကွ၊ မင်းဆီကို ငါလာခဲ့မယ်၊ မင်း အခု ဘယ်မှာလဲ"

"ကျွန်တော့်အခန်းမှာ ကိုကို"

"အိုခေ"

မုံ မသိအောင် ဖုန်းဆက်ပြီး မုံ့အတွက် ကော်ဖီသွားယူမည်ဟု အကြောင်းပြပြီး မိုးကောင်းကင်အခန်းကို သူ ရောက်သွားသည်။

"ဘာဖြစ်တာလဲ ကိုကို၊ မုံ တစ်ခုခုဖြစ်လို့လား"

သူ ခေါင်းညိတ်လိုက်သည်။ ပြီးတော့ မုံ ဖြစ်နေပုံ အစအဆုံး မိုးကို ပြောပြလိုက်သည်။

"ကလေးပျက်တာတို့ ဘာတို့များ ဖြစ်နေမလားညီ၊ သူ ဒီနေ့ လောက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေတာကို အစ်ကို တစ်ခါမှ မမြင်ဖူးဘူး"

"ဗိုက်ထဲက နာတယ်လို့ ပြောလား"

"နာတယ်တော့ မပြောဘူး"

"ကလေးတစ်ခုခု ဖြစ်လို့ အစ်ကို့ကို ဖုံးထားတာများလား သူသာ တစ်ခုခုဖြစ်ရင် ငါတော့ ဒုက္ခပါပဲ မိုးရာ"



ပြောရင် မုံ့အတွက် စိုးရိမ်ပြီး အထိတ်တလန့် ဖြစ်လာသည်။ မုံ့ကို သူချစ်သည်။ မခွဲနိုင် မုံသာ တစ်ခုခုဖြစ်ရင် သူ ဘာဆို ဘာမှ မလုပ်နိုင်ဘဲ ရူးရလိမ့်မည်။

"မုံ ဘာမှမဖြစ်ပါဘူးဗျာ၊ သွားပါ မုံနားမှာ ကိုကိုနေလိုက်၊ ကျွန်တော် ကော်ဖီနှင့်မုန့် ယူပြီး လာခဲ့မယ်"

"မုံ့ကို ငါသိပ်ချစ်တယ် မိုး"

"ကျွန်တော် သိပါတယ်၊ မုံ့နားကိုသာ သွားပါ"

ကျေးဇူးတင်သည့် အကြည့်ဖြင့်ကြည့်ပြီး နေကောင်းကင် သူ့ အခန်းထဲ ပြန်ထွက်သွားမှ သူ သက်ပြင်းချလိုက်သည်။ မုံ့ပါးစပ်က ဖွင့်မပြောသော်လည်း မုံဖြစ်နေသည့်ကိစ္စမှာ မာမီနှင့် ပတ်သက်နေ မည်ဟု မိုးကောင်းကင်စိတ်ထဲ အလိုလို သိနေသည်။ မုံက ရုပ်ရည် အလွန် ချောမောလှပသလို စိတ်ဓာတ်ရေးရာမှာလည်း ဖြူစင်မြင့်မြတ်သူ ဖြစ်ကြောင်း မုံနှင့် အနီးကပ်နေခွင့်ရသည့် ခဏတာလေးမှပဲ သူသိခွင့် ရခဲ့သည်။ မုံက အလွန်ဖြူစင်လှပသော ကလေးမလေးတစ်ယောက် မျှသာ ဖြစ်သည်။

ကိုကိုနှင့် မုံ အသက်ခြင်း အတော်ကွာသလို မုံက မိုး ကောင်းကင်ထက်လည်း အသက်အများကြီးငယ်သူဖြစ်သည်။ အလွန် လှ၍ ချစ်စရာကောင်းသော မုံ့ကို မာမီက ဘာကြောင့် ကြည့်မရသည် ကို မိုးကောင်းကင် သိသည်။ မုံ့မှာ မာမီ အလွန်မက်မောသော ဩဇာအာဏာ မရှိသလို၊ ငွေကြေးချမ်းသာကြွယ်ဝမှုလည်း မရှိ။ မာမီက ဂုဏ်မရှိ ငွေမရှိသူ မှန်သမျှကို ရုပ်ချောသည်ဖြစ်စေ၊ ရုပ် ဆိုးသည်ဖြစ်စေ မည်သူ့ကိုမှ လူဟုထင်တတ်တဲ့သူမျိုး မဟုတ်လေချေ။

မာမီနှင့်မုံ နှစ်ယောက်ချင်းတွေ့ပြီးနောက်မှာ မုံ့အသွင်က ထူးခြားစွာ ပြောင်းသွားသည်။ မိုးကောင်းကင် ထိုကသည်းက မာမီ

www.burmeseclassic.com

www.burmeseclassic.com



မုံ့ကို တစ်ခုခု ပြောလိုက်ပြီးဟု ချက်ချင်းသိသည်။ နေကောင်းကင်ကတော့ အခု မုံဖြစ်နေသည်က မနေ့ကထက် ပိုဆိုးသည်ဟု ပြောသွားသည်။ သူတို့ညီအစ်ကိုနှစ်ယောက်စလုံး အပြင်ရောက်နေ သည့်အချိန်မှာ အိမ်မှာ မုံတစ်ယောက်တည်း ကျန်ခဲ့သည်။ ဖြစ်နိုင်စရာ ရှိသည်မှာ မုံနှင့် မာမီ သူတို့ မရှိတုန်း နောက်တစ်ကြိမ် တွေ့ဖြစ်ကြသည်ဟု ထင်သည်။

သူ့အထင်ကို ပို၍ သေချာသွားစေရန် မိုးကောင်းကင်၏ အချစ်တော် ဒေါ်ကြိုင်နှား တိုးတိုးကပ်ပြီး သူ သိချင်တာကို မေးရသည်။ ဒေါ်ကြိုင်က မာမီ့လူယုံဖြစ်၍ မိုးကောင်းကင်မေးတာကို မဖြေချင်။ သူ ဖွတ်အတင်းမေးမှ နေ့ခင်းက မာမီတစ်ယောက်တည်း မုံ့အခန်းကို တက်သွားသည်ဟု လျှို့ဝှက် သတင်းပေးသည်။ သူလိုချင်သည့် အဖြေကိုရပြီးနောက်မှ ဒေါ်ကြိုင် ပြင်ပေးသည့် ကော်ဖီပွဲကို ဆွဲယူပြီး အပေါ်ထပ်ကို အတက်လမ်းမှာ မာမီနှင့် မိုးကောင်းကင် ဆုံမိကြသည်။

"အလို... ဒါက ဘယ်လိုဖြစ်တာလဲ ထူးထူးခြားခြား ကော်ဖီခွက်တွေ ဘာတွေ ကိုယ်တိုင် ယူလို့ပါလား သားရဲ့"

"ဒါက ကိုကို့အတွက် မာမီ၊ မုံ နေမကောင်းလို့ ကိုကို့ကျွန်တော့်ကို လာကြည့်ပေးဖို့ ခေါ်ထားလို့ သွားကြည့်ရဦးမယ်"

"သားက ဒီလောက်တောင် အားကိုးနေရပြီဆိုတော့ ကောင်းတာပေါ့"

ဒေါ်မမက ဒါပဲပြောသည်။ မုံ့အကြောင်း တစ်ခွန်းမမေး။ အစ်ကိုဖြစ်သူ အခန်းတံခါးကို ခေါက်လိုက်တော့ နေကောင်းကင်ကိုယ်တိုင် တံခါးကို အပြေးလာဖွင့်သည်။

"မုံ့ကိုကြည့်ပါဦး ညီလေးရာ၊ မျက်လုံးတွေလည်း တအားငိုထားလို့ ဖူးယောင်နေပြီ"



စိတ်ဆင်းရဲနေသည့်အသံ။ စိတ်မချမ်းမြေ့သည့်မျက်နှာနှင့် အစ်ကိုဖြစ်သူမျက်နှာကို တစ်ချက်လှမ်းကြည့်သည်။ နေကောင်းကင်က သူ့ကို မကြည့် သူ့မိန်းမမျက်နှာကိုကြည့်ပြီး မျက်စိမျက်နှာ ပျက်နေသည်။ မိုးကောင်းကင်လက်ထဲက ကော်ဖီဗန်းကို အသာချပြီး မုံ့ကို ကြည့်လိုက် တော့ အစ်ကိုဖြစ်သူလိုပင် သူကိုယ်တိုင် အကြီးအကျယ် စိတ်ထိခိုက် သွားသည်။

အိပ်ရာထဲတွင် ပျော့ခွေ ငြိမ်သက်နေသည့် မုံက စိတ်၏ ဖိစီးနှိပ်စက်မှု၊ စိတ်မချမ်းသာစရာ အဖြစ်အပျက်ဆိုးကြီးတစ်ခုကြောင့် လူမမာ လုံးလုံးကြီးဖြစ်သွားကာ မျက်နှာတစ်ခုလုံး သွေးမရှိတော့သလို ဖြူဖျော့လျက် ငိုထား၍ ဖူးယောင်နေသော မျက်လုံးတို့က မြင်ရက်စရာပင် မရှိချေ။ သူ့ကိုမြင်တော့ မုံက ချစ်စရာအပြုံးဖြင့် နှုတ်ဆက်သည့်အတွက် မိုးကောင်းကင်ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။

အသက်ငယ်ရွယ်နုနယ်သော်လည်း မုံ စောင့်စည်းထိန်းချုပ်နိုင်တာကို သူ ချီးကျူးမိသည်။ မုံ့နေရာမှာ သင်္ဇာဆိုလျှင်တော့ မုံ့လို တစ်ယောက်တည်း ကျိတ်ခံနေမှာမဟုတ်၊ ချက်ချင်းလက်ငင်း တုံ့ပြန်မှာ အသေအချာ ဖြစ်သည်။

"နေကောင်းတယ်နော်မုံ"

"ကောင်းပါတယ်မိုး၊ အစ်ကိုက မုံ့အတွက် စိုးရိမ်ပြီး မိုးကို ခေါ်လိုက်တာ မဟုတ်လား၊ မုံ ဘာမှမဖြစ်ဖူးဆိုတာကို သူက မယုံဘူးလေ"

မုံက အတတ်နိုင်ဆုံး သူမကိုယ်သူမ လန်းဆန်းပျော်ရွှင်သည့်ဟန်ဖြစ်နေအောင် ကြိုးစားအားထုတ်ပြီး မိုးကောင်းကင်ကို ရယ်ရယ်မောမော စကားပြောသည်။ မျက်နှာကို သစ်ထားသည်။ ဆံပင်ကို ဖြီးထား၍ မျက်လုံးတွေက ကြည်နေ၏။

" အချိန်တိုတိုလေးမှာ မုံကြုံတွေ့ရတာတွေက အများကြီး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ ပတ်ဝန်းကျင်အသစ်၊ လူသစ်တွေနဲ့ ဆက်ဆံရတာဆိုတော့ မုံ့မှာ ကိုယ်ဝန် မရှိတောင် စိတ်အားငယ်တာတို့၊ စိတ်ဓာတ်ကျတာတို့ ဖြစ်မှာပဲ ကိုကို"

"အေးကွာ ကိုကိုလည်း ဒီလိုပဲ တွေးမိပါတယ်"

"မုံ့ကိုက ပျော့ညံ့လို့ဖြစ်ရတာပါ။ အဲဒီအတွက် စိတ်လည်း မကောင်းဘူး"

ပြောရင်း မုံ့ အသံတွေတုန်ကာ ငိုချင်လာ၍ စိတ်ကို တင်းပြီး အလှဆုံး ပြုံးလိုက်သည်။ သူတို့ စကားပြောနေတုန်း နေကောင်းကင် ဖုန်းက အသံမြည်လာ၍ နေကောင်းကင်က သူ့ဖုန်းကို ယူပြီး အခန်း အပြင်ဘက် ထွက်သွားမှ မုံ့ကို မိုးကောင်းကင်က သူ့ သိထားတာကို ပြောလိုက်သည်။

"မုံနဲ့ မာမီ အဆင်မပြေတာ တို့သိတယ်၊ မုံ့ အခုလို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေရတာ မာမီကြောင့် မဟုတ်လား"

"မိုး ဘယ်လိုသိလဲဟင်"

"မာမီက တို့အမေဆိုတာ မမေ့နဲ့လေ၊ ကိုယ့်အမေစိတ် ဘယ်လို ဆိုတာ သိတာပေါ့။ မုံ့ကို မာမီ ဘာပြောလိုက်လဲဆိုတာ ကိုယ့်ကို အမှန်အတိုင်းပြော၊ ကိုကို့ကို လုံးဝ မသိစေရဘူးလို့ ကတိပေးတယ်"

"ဟင့်အင်း မိုး သိလို့မဖြစ်ဘူး"

မုံ့စကားကြောင့် မိုးကောင်းကင် မျက်ခုံးတူတွေ တွန့်ကုတ်သွား သည်။

"ကိုကို့ကို ပြန်မပြောပါဘူးလို့ ကတိပေးပြီးပြီးလေ"

"အို မုံ့ပြောလို့မဖြစ်ဘူး၊ ပြောလို့လည်း မိုး ဘာမှ မလုပ်နိုင် ပါဘူး။ သူက မိုးမာမီပါပဲ။ သူ့သားအတွက် သူ လုပ်သင့် လုပ်ထိုက် တယ်ထင်လို့ လုပ်တာ လုပ်ပါစေ မုံ့ ဘာမှမမက်မောဘူး"



ပြောရင်း မုံ့ မျက်ရည်ကျလာသည်။

"မုံ့ ဘာကို ဆိုလိုတာလဲ၊ ကိုယ့်ကို ပြောစမ်း မုံ့၊ မုံ့ ဒီလိုဖြစ်နေတာ ကိုယ်လုံးဝ မကြည့်ရက်တော့ဘူး၊ ပြောစမ်း မုံ့၊ မင်းကို မာမီ ဘာတွေပြောလဲ၊ ဘာတွေ လုပ်ခိုင်းလဲ"

"မိုး မာမီက မုံ့ကို အရမ်းမုန်းနေတာ၊ သတ်ပစ်ချင်လောက် အောင် မုန်းနေတာပါ မိုးရယ်။ ဘာဖြစ်လို့လဲဆိုတော့ မုံ့က သူ့အချစ်ဆုံး သားကြီးရဲ့ ဘဝကို ဖျက်စီးပစ်လိုက်လို့တဲ့"

"အဓိပ္ပာယ်မရှိတာကွာ၊ ကိုကိုကိုယ်တိုင်က မုံ့ကို ချစ်လို့ မုံ့ကို လက်ထပ်ခဲ့တာပဲ"

မိုးကောင်းကင်က သူ့မာမီစကားကို လက်မခံ။ မုံ့ကို မာမီ ဘာတွေများ လျှောက်ပြောပါလိမ့်ဟု စဉ်းစားမရ ဖြစ်နေ၏။

"မိုးကသာ အဓိပ္ပာယ်မရှိဘူးပြောနေတာ၊ မိုး မာမီကတော့ အဓိပ္ပာယ်မရှိဆုံး အလုပ်တွေ အားလုံးလုပ်ပြီးသွားပြီ"

"ဘာပြောတယ်"

မုံ့က သူ့အခန်းကို ဒေါ်မမ ရောက်လာသည့်အကြောင်း၊ စာချုပ် ကိစ္စအကြောင်း အားလုံး မိုးကို ဖွင့်ပြောပြလိုက်သည်။

"ဘာ မုံ့က အဲဒီစာရွက်ကို လက်မှတ်ထိုးပေးလိုက်တယ် ဟုတ် လား"

"ဟုတ်တယ် မုံ့လိုချင်တာ ငွေမဟုတ်ဘူး၊ မုံ့လိုချင်တာ အစ်ကို့ အချစ် အစ်ကို့မရှိလည်း မုံ့ကလေးကို မုံ့ဘာသာ ရှာဖွေကျွေးမွေးနိုင် တယ်"

"ဒုက္ခပါပဲကွာ၊ မာမီတော့ ဘာတွေလျှောက်လုပ်နေမှန်းမသိဘူး တကယ်လို့ ကိုကိုသာ မရှိတော့ရင်..."

"အစ်ကိုဟာ မုံ့နဲ့ အမြဲအတူရှိနေမှာပါ မိုး"

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင် မုံ ဘာကိုဆိုလိုမှန်း သိလိုက်သဖြင့် စကားကို ချက်ချင်း ပြောင်းပစ်သည်။

"ဟုတ်ပါတယ် ကိုကိုက မုံ့ကို ဘယ်တော့မှ ခွဲသွားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် မာမီလုပ်ပုံတွေက မတရားဘူး။ ကိုယ် စိတ်မကောင်း လိုက်တာ မုံရယ်"

မုံ့ကို သနားလွန်း၍ မိုးကောင်းကင်ကိုယ်တိုင် မုံ့ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူပြီး ထွေးပွေ့ နှစ်သိပ်လိုက်ချင်ပေမယ့် မသင့်တော်၍ သူ့စိတ်ကို ထိန်းလိုက်သည်။

"တကယ်လို့ပေါ့လေ မပြောကောင်း မဆိုကောင်း ကိုကို တစ်ခုခုဖြစ်ခဲ့မယ်ဆိုရင် မာမီ့စာချုပ်ကြောင့် မုံ ဘာမှ မရလည်း လုံးဝ စိတ်မပူနဲ့သိလား၊ ကိုယ်ရမယ့် အမွေတွေအားလုံး မုံတို့ သားအမိကို ကိုယ်ပေးမယ်"

"အို… မပြောကောင်းတာတွေ ဘာတွေ လျှောက်ပြောနေတာ လဲ မိုးရယ်၊ အစ်ကို ဘာမှမဖြစ်ပါဘူး။ ဘယ်တော့မှ ဘာမှ မဖြစ်ဘူး သိလား"

"ဟုတ်ပါပြီ၊ ကိုယ်ကလည်း ကိုကို့ကို ဘာမှမဖြစ်စေချင်ပါ ဘူး။ အကောင်းဆုံးက ဒီကိစ္စကို ကိုကို့ကို ဖွင့်ပြောသင့်တယ်လို့ ကိုယ်ထင်တယ်"

"ဟင့်အင်း၊ ဒီကိစ္စကို အစ်ကိုသိလို့မဖြစ်ဘူး။ အစ်ကိုကိုယ်တိုင် သူ့မာမီ ဒီလောက်ရက်စက်တာသိရင် အခုလို ငြိမ်ခံနေမှာ မဟုတ်ဘူး။ သူတို့သားအမိချင်း ပြဿနာအကြီးအကျယ်တက်ကြရင် မုံ့ကိုမုံ ခွင့်လွှတ်လို့ရမှာ မဟုတ်ဘူး။ မုံ့ဘဝနဲ့မုံ ရှိပါစေတော့ မိုးရယ်"

"မိုးလည်း အစ်ကို့ကို ဘာမှ ပြန်မပြောရဘူးနော်"

"ဘာတွေ မပြောရမှာလဲ မုံရဲ့"



ဖုန်းပြောပြီး အခန်းထဲပြန်ဝင်လာသည့် နေကောင်းကင်ထံမှ အမေးစကားကြောင့် မုံက မိုးကောင်းကင်မျက်နှာကို အားကိုတကြီး လှမ်းကြည့်သည်။

"အစ်ကို၊ ဗိုက်ထဲက ကလေးက အမျှာလေး ဖြစ်မယ်ထင်တယ်လို့ ကျွန်တော်က ပြောလို့ သူက အစ်ကို့ကို ပြန်မပြောနဲ့လို့ ပြောနေတာပါဗျာ"

"ဟာ… မုံ့ဗိုက်ထဲက ကလေးက တကယ် အမျှာလေးလား ညီ၊ မင်း ဘယ်လိုလုပ်သိလဲ"

နေကောင်းကင်က တအံ့တဩ အမူအယာနှင့်မေးတော့ မိုးက သဘောကျစွာ ရယ်သည်။

"ကျွန်တော်က သိပ်တော်တဲ့ ဆရာဝန်ဆိုတာ ကိုကို မေ့သွားပြီလား၊ မုံ့လက်ကောက်ဝတ်ကို သွေးခုန်နှုန်းစမ်းလိုက်တာနဲ့ မုံ့ ဗိုက်ထဲက ကလေးဟာ အမျှာလေးဖြစ်မယ်ဆိုတာ ချက်ချင်းသိတယ်"

"ကလေးက နှစ်မွှာတောင် မဟုတ်ဘူး၊ သုံးမွှာ လေးမွှာဖြစ်ချင် ဖြစ်နေမှာ"

အခုမှ ပြုံးနေသည့် မိုးကောင်းကင်မျက်နှာကြည့်ပြီး သူ့ကို ညီဖြစ်သူနောက်နေတာမှန်းသိကာ မိုးကို ကြည့်ပြီး နေကောင်းကင် သဘောကျစွာ ရယ်လိုက်သံက အေးစက်နေသော အခန်းလေးကို ခဏအတွင်းမှာ အားမာန်အပြည့်နှင့် နွေးထွေးစွာ လှုပ်ခပ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နေကောင်းကင်နှင့်အတူ လှေကားမှဆင်းလာသည့် မုံ့အလှကို ခပ်ပြုံးပြုံးမျက်နှာ အမူအရာနှင့် ငေးစိုက်ကြည့်နေသူက မိုးကောင်းကင် ဖြစ်သည်။ မောမြေ၊ မောအလှနှင့် စော်ဘွားမင်းသမီးလေး၏ အလှက ကြည်လင်ရှင်းသန့်စွာ ဝင်းမွတ်တောက်ပလျက် နုနယ်ငယ်ရွယ်သော မျက်နှာအလှက မြင်သူတိုင်း ငေးကြည့်ချင်စရာ ဆွဲဆောင်မှု အပြည့် ရှိသူ ဖြစ်သည်။ ဒေါ်မမကိုယ်တိုင် မုံ့အလှကို ဘယ်လိုမှ အသိအမှတ် မပြုဘဲ နေလို့မရအောင် လူအလစ်မှာ အသာငေးကြည့်နေသည်။

အနွယ်တော် မင်းသမီးလေးတစ်ပါး၊ အထက်တန်းကျကျ ကျက်သရေမင်္ဂလာရှိသော အလှမျိုးက မြင်တွေ့ခဲ့ရသော အလှတရားဖြစ်၍ သင်ဇာပြောသည့် အိမ်ဖော်လူတန်းစားမျိုးထဲက မဟုတ်ကြောင်း မြင်ရုံနှင့် သိသာထင်ရှားစေသည့် ကိုယ်နေဟန်ထား။ မျက်လုံးအကြည့် တင့်တယ်လှပပုံ။ အထက်တန်းကျနပုံကို သတိထား ကြည့်နေစရာ မလိုဘဲ တွေ့မြင်နေရသည်။ မုံက အဖြူထဲတွင် ရွှေရောင်ဖောက်ထားသည့် အလွန်နူးညံ့လှပသော ဝတ်စုံကို ရိုးရိုးယဉ်ယဉ်လေး ဝတ်ဆင်ထားသည်။ တင်အလှ၊ ရင်အလှကို ထင်ရှားစွာ တွေ့မြင်နေရသော ဝတ်စုံ ဖြစ်သည်။ အပျိုဖိုက်ဖြစ်၍ ကိုယ်ဝန်က မပေါ်သေး။



အလွန်လှပလိုက်ဖက်သော ချစ်သူစုံတွဲလေးကိုမှ ဘာကြောင့် မာမီက ဤမျှ ရက်စက်ရသည်ကို သူ စဉ်းစားမရ။ အောက်ထပ်ခန်းမဆောင်မှာ မိုးကောင်းကင်က သူ့အစ်ကိုစုံတွဲကို စောင့်နေခြင်း ဖြစ်သည်။ ကောင်းကင်ကမ္ဘာမိသားစုမှာ သားအလတ်၏ မင်္ဂလာညနေခံ ညစာစားပွဲ ဖြစ်သည်။ သတို့သားဘက်က ဧည့်သည်၊ သတို့သမီးဘက်က ဧည့်သည်များက နာမည်ကြီး ထိပ်သီး လူချမ်းသာများ၊ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးလူကောင်း လူ့အထက်တန်းစားဆိုတာတွေ ချည်းဖြစ်၍ အဆင့်အတန်းနိမ့်သူ တစ်ယောက်မှ မပါချေ။

အစ်ကိုဖြစ်သူက မာမီနှင့် မုံ့တို့ စာချုပ်ကိစ္စကိုလည်း မသိ။ မုံ့ကိုရော မုံ့ဗိုက်ထဲက ရင်သွေးလေးအပေါ်မှာပါ ရက်ရက်စက်စက် ပြုမူနေသည့် မာမီ့လုပ်ရပ်တွေကိုလည်း မသိ၍ ဒီလိုအချိန်မှာ လူအများနှင့်ရောပြီး ပြုံးရယ်နေနိုင်ပေမယ့် မာမီ့ရက်စက်မှုအားလုံးကို သိထားသည့် မိုးကောင်းကင်ကတော့ သူချစ်သောအစ်ကိုနှင့် မုံ့တို့ မိသားစုလေးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေသည်။ သနားကရုဏာ ဖြစ်နေသည်။

စကားပြောရင်း မုံ့ကိုသတိတရ လှမ်းကြည့်တော့ စောစောက နေရာမှာ မုံ့ကို မတွေ့ရတော့။ နေကောင်းကင်ကို မာမီ့မိတ်ဆွေ အပေါင်းအသင်းတွေနှင့် စကားပြောနေတာတွေ့ရပြီး မုံ့ကို မတွေ့သဖြင့် ရင်ပူသွားသည်။ မာမီနဲ့ထပ်တွေ့ပြီး ပြဿနာဖြစ်မှာ စိုးရိမ်သည်။ လူရှင်းသည့်နေရာမှာ မုံ တစ်ယောက်တည်း။ သူမကို စကားပြောမည့်သူ မရှိ။ အားလုံးက ကိုယ့်အချင်းချင်း ရယ်မောနှုတ်ဆက်စကားပြော လုပ်နေ၍ သူစိမ်းတွေ အလယ်မှာ မုံက အထီးကျန် ဖြစ်နေသည်။

နေကောင်းကင်ကတော့ မုံ့ကို သူ့အနားက ခေါ်ထုတ်သွားသည့် မာမီ့ကြောင့် ဘာစကားမှမပြောနိုင်ဘဲ တခြားသူတွေကြားမှာ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောလျက် ကျန်ခဲ့သည်။ စိတ်က မုံနှင့်အတူ ပါသွားသည်။ အကြည့်တွေက မုံ့ထံမှာသာ ရှိသည်။ သူ့ကို လာနှုတ်ဆက်သည့် အပေါင်းအသင်း မိတ်ဆွေများကြောင့် မုံ့ကို သူ မျက်ခြေပြတ်သွားချိန်မှာ မိုးကောင်းကင်ကို ရိပ်ခနဲ တွေ့လိုက်ရ၍ သူဝမ်းသာသွားသည်။

"မိုး... ခဏ"

သူ့ညီကို လှမ်းခေါ်လိုက်တော့ နေကောင်းကင်နားကို မိုးရောက်လာသည်။

"မုံ့ကို မင်းပဲ ဂရုစိုက်ထားလိုက်ဦး ညီ"

မိုးကောင်းကင် အသာခေါင်းညိတ်ပြလိုက်သည်။ မုံ့နားမှာ သူရှိနေမှ ဖြစ်မည်။ မိုး ထွက်သွားသည်နှင့် နေကောင်းကင်နားကို သင်ဇာ ရောက်လာသည့်အတွက် စိတ်ရှုပ်သွားသည်။ သင်ဇာ့ကို သူ တမင်ရှောင်နေသည့်ကြားက နေကောင်းကင်ကို တည့်တည့်လာတွေ့သည်။ သင်ဇာ့အကြည့်တွေက အရင်ကအတိုင်း မပြောင်းလဲ။ သူ့ဆီက တစ်ခုခုကို မျှော်လင့်နေသည့်ပုံစံဖြစ်၍ နေကောင်းကင် သတို့သားအသစ်စက်စက် လကောင်းကင်ကို ခပ်မြန်မြန် လိုက်ရှာသည်။ မတွေ့။

လကောင်းကင်က အရက်အတော်မူးနေပြီဖြစ်သည်။ သင်ဇာ့ကို မခေါ်ဘဲ သင်ဇာ့နားက ထွက်သွားသည်။ ထိုယောကျ်ားက သင်ဇာနှင့်အတူ တစ်မိုးအောက်တည်းမှာ အမြဲအတူနေရတော့မည့် သင်ဇာ၏ တရားဝင်ခင်ပွန်း လင်ယောကျ်ားဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာ အကြိမ်ကြိမ် ညည့်ခံပွဲအမျိုးမျိုးပြုလုပ်၍ အကောင်းဆုံး အပြင်အဆင်။ အဖိုးတန်ဆုံး စိန်ထည်ပစ္စည်းတွေ တစ်ကိုယ်လုံးဆင်။ အဖိုးတန်ဆုံး မင်္ဂလာခန်းဝင်ပစ္စည်း အသုံးအဆောင်တွေသုံးပြီး ကျင်းပသော်လည်း သတို့သားနှင့် သတို့သမီးရင်ထဲမှာ အပျော်ဆိုတာ မရှိ။ ချစ်ခြင်းမေတ္တာဆိုသည့်အရာက သူတို့နှင့် မည်သို့မျှ မသက်ဆိုင်



အလွန် သူစိမ်းဆန်ကြသည့် လက်ထပ်မင်္ဂလာပွဲမှာ သူတို့နှစ်ယောက်က မင်္ဂလာသတို့သား သတို့သမီးအဖြစ် သရုပ်ဆောင်နေကြခြင်း ဖြစ်သည်။

မင်္ဂလာလက်ဖွဲ့အဖြစ် ရသည့်ကားတွေ၊ တိုက်တွေ၊ ခြံတွေ၊ စိန်ထည်ရွှေထည် အဖိုးတန်အသုံးအဆောင်တွေက သင်ဇာနှင့် လကောင်းကင်ကို အကောင်းဆုံး ဖြေသိမ့်မှုပေးနိုင်သော တစ်ခုတည်းသော အရာဖြစ်သည်။ ယောက္ခမဖြစ်သူ ဒေါ်မမက တစ်ချိန်လုံး ပြုံးနေသူဖြစ်သည်။ ထိုအပြုံးက သူဖြစ်ချင်တာ ဖြစ်ခွင့်ရလိုက်၍ ကျေနပ်အားရသောအပြုံး ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သင်ဇာသည် သူဌေးမ ဖြစ်သည်။ ဂုဏ်ရှိ ငွေရှိသည်။ ဩဇာအာဏာရှိသည်။

မုံ့လို အလှတစ်ခုတည်းရှိပြီး ဘာတစ်ခုမှ အသုံးမကျသည့် မိန်းကလေး မဟုတ်။ မင်္ဂလာညှေ့ခံပွဲလာကြသူတိုင်းက မင်္ဂလာသတို့သမီးထက် သိပ်လှသည့် မုံ့ကို စိတ်ဝင်စားကြသည်။ မေးမြန်းစပ်စုကြ၍ ဒါကို အလုပ်တစ်ခုလုပ်ပြီး ပြန်ဖြေနေရတာကို ဒေါ်မမစိတ်ထဲ သဘောမကျ။ ဖြစ်နိုင်လျှင် မုံ့အကြောင်း ဘာမှမပြောချင်။ ဘယ်သူနဲ့မှလည်း မုံ့အလှအကြောင်း မဆွေးနွေးချင်။ မုံ့ကို သားကြီးနေကောင်းကင်နားက တမင်ခွာထုတ်ပြီး တခြားလူတွေထဲမှာ အသာရောထားလိုက်သည်။ သားကြီးနားမှာ ဤကလေးမ ရှိနေတာကို ကြည့်မရ။ မုံက နေကောင်းကင်နား ပြန်မသွားနိုင်အောင် ဒေါ်မမက သူ့သားနားမှာ အရေးကြီးပုဂ္ဂိုလ် တစ်ယောက်ပြီးတစ်ယောက် ခေါ်သွားပေးသည်။

မုံ သူ့ယောကျ်ားနား လာချင်တိုင်း လာလို့မရ။

ယောက္ခမဖြစ်သူ ဒေါ်မမက မျက်လုံးစိမ်းကြီးတွေနှင့် မနှစ်မြို့သလို တစ်ချက်တစ်ချက် လှမ်းလှမ်းကြည့်တာကို မခံနိုင်သဖြင့် နေကောင်းကင်ကိုယ်တိုင် နေရာက ထမထွက်နိုင်အောင် စကားဝိုင်းစီစဉ်ပေးထားသည့် ယောက္ခမကြီး၏ အပြုအမူကို နားလည်သဘောပေါက်

www.burmeseclassic.com



ပြီးသည့်နောက်မှာ မုံလည်း နေကောင်းကင်နားကို သွားဖို့ မကြိုးစားတော့။ လူရှင်းသည့်နေရာမှာ သူမတစ်ယောက်တည်း နေလိုက်သည်။

"မုံ"

"ဪ... မိုး"

မုံ့နားကို မိုးကောင်းကင်ရောက်လာ၍ မုံ့မျက်နှာလေး ပြုံးသွားသည်။ မုံ အလိုအပ်ဆုံးအချိန်မှာ ရောက်လာသူကို မုံ့စိတ်ထဲ ကျေးဇူးတင်မိသည်။ ကောင်းကင်ကမ္ဘာမှာ မုံ့အတွက် တစ်ဦးတည်းသော ကြင်နာတနာသူက မုံ့နားကို ခန့်ညားချောမောစွာ ရောက်လာသည်။

"စိတ်ညစ်နေပြီလား မုံ"

"အမှန်အတိုင်းပြောရရင် ဒီနေရာက မုံနဲ့ မဆိုင်တဲ့နေရာလို့ ထင်တယ်"

"ဘာလို့ မဆိုင်ရမှာလဲ၊ မုံ့က ကိုကို နေကောင်းကင်ရဲ့ဇနီးပဲ ဒီထက် ပိုသက်ဆိုင်ရဦးမလား"

"ဒါက မိုးပဲ ပြောတာလေ၊ တခြားသူတွေက မုံ့ကို အသိအမှတ် တောင်ပြုတာ မဟုတ်ဘူး"

ပြောပြီးမှ မိုးကောင်းကင်မျက်နှာကို အားနာသလိုကြည့်လိုက်သည်။ ဒီလိုအချိန်မှာ မုံ့ရင်ထဲက ခံစားချက်တွေထက် တခြားစိတ်ပျော်ရွှင်စရာအကြောင်းကိုပဲ ပြောသင့်သည်ဟုတွေးပြီး မုံ့ကြောင့် စိတ်လှုပ်ရှားနေသည့် မိုးကောင်းကင်ကို အချိုသာဆုံး ပြုံးပြုံးလေးကြည့်သည်။

သူတို့ရှိရာ လျှောက်လာသည့် နေကောင်းကင်ကို တွေ့လိုက်၍ မုံ့မျက်နှာလေး ဝင်းလက်တောက်သွားကာ ကလေးတစ်ယောက်လို ပျော်သွားသည်။

"တော်ပါသေးရဲ့ကွာ၊ မုံ့နားမှာ မိုးရှိနေလို့"

"သားကြီးရေ"



"ဟော... မာမီခေါ်နေပြီ၊ မုံ စောစောအနားယူလို့ရအောင် ခင်းပဲ မုံ့ကို ကိုကို့အခန်းကို ပြန်ပို့ပေးလိုက်ပါတော့ညီ၊ မုံလည်း ညီလေးနဲ့ လိုက်သွားနော်"

"ကိုကို သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကိုကို"

မုံတို့ကိုထားပြီး နေကောင်းကင် မိခင်ကြီးရှိရာသို့ ပြန်ရောက်သွား၍ မုံ့မျက်နှာလေး ညှိုးသွားသည်။

"လာ... မုံ၊ သွားရအောင်"

မိုးကောင်းကင်က မုံ ဝမ်းနည်းသွားတာကြည့်ပြီး စိတ်မကောင်းဖြစ်သွားကာ မုံ့ကို ဒီနေရာက အမြန်ဆုံး ခေါ်ထုတ်သွားရန် စီစဉ်သည်။ တခြားသူတွေ မရိပ်မိပေမယ့် မုံနှင့်မာမီကြားက ပြဿနာကို မိုးကောင်းကင် အားလုံး ရိပ်မိနေသည်။ မာမီက မုံ့ကို သူ့သားနား လုံးဝ အကပ်မခံဘဲ တမင်ခေါ်ထုတ်သွားပုံက ပညာပါသဖြင့် ကာယကံရှင်ဖြစ်သည့် ကိုကိုကိုယ်တိုင်ပင် မရိပ်မိ။ မုံ့မျက်နှာပေါ်မှာ အပြုံးမရှိတော့သလို တစ်ဖက်ကိုလှည့်ပြီး မိုးကောင်းကင်မမြင်အောင် မျက်ရည်ကြိတ်သုတ်လိုက်ပုံလေးကြောင့် သူ့ရင်မှာ ကျင်ခနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဒီအိမ်ကြီးပဲ အစ်ကို"

နေကောင်းကင်က မုံ့အမွေအိမ်ကြီးကိုကြည့်ပြီး မုံ့မျက်နှာလေးကို ပြန်ကြည့်သည်။ အိမ်က နှစ်ထပ်အိမ်ဖြစ်သည်။ ခေတ်မမီတော့သော်လည်း ခိုင်ခန့်သည်။ ဒီနေ့ခေတ်စျေးနှင့်ဆို သိန်းသောင်းနှင့်ချီတန်သည့် မြေနေရာဖြစ်သည်။ ခြံက တော်တော်ကျယ်သည်။ ဒီအတိုင်းပစ်ထား၍ ဘာမှပြုပြင်ထိန်းသိမ်းခြင်းမရှိသော်လည်း သေချာပြုပြင်လိုက်လျှင် အလွန်လှပ၍ အဖိုးတန်ခြံနှင့်အိမ် ဖြစ်လာမည်။

"ဘယ်လိုလဲအစ်ကို၊ မုံတို့ ဒီအိမ်မှာ ခဏဖြစ်ဖြစ် ပြောင်းနေကြမလားဟင်"

မုံက သူမဆန္ဒကို မဝံ့မရဲလေးမေးရင်း နေကောင်းကင်မျက်နှာကို အကဲခတ်နေသည်။ မုံ့မှာတော့ နေကောင်းကင် ဘာပြောလိုက်မလဲလို့ ရင်ထိတ်နေသည်။ မင်္ဂလာဧည့်ခံပွဲအပြီးမှာ နေကောင်းကင်နှင့် သတို့သား အသစ်စက်စက် လကောင်းကင်တို့ စကားများကြသည်။ သင်ဇာကို မယူချင်ဘဲ ယူလိုက်ရ၍ အစ်ကိုဖြစ်သူကို လကောင်းကင်က မကျေနပ်။ အရက်မူးမူး ညီအစ်ကိုနှစ်ယောက် ထိုးကျိတ်ကြတော့မထို



ဖြစ်ပြီး အနားကလူတွေ ဝင်ဆွဲ၍ ရန်ပွဲက ပြီးသွားပေမယ့် နေကောင်းကင်က ကောင်းကင်ကမ္ဘာမှာ ဆက်မနေတော့ဟုဆိုကာ ဟိုတယ်တစ်ခုကို ချက်ချင်း ပြောင်းသည်။

ညီဖြစ်သူပြောပြ၍ မုံနှင့်မာမီ ပြဿနာဖြစ်ကြတာ မပြေမလည်ဖြစ်ကြတာ သူ သိခဲ့ရသည်။ မာမီက မုံ့ကို ချွေးမအဖြစ် လုံးဝ အသိအမှတ် မပြု။ ဒီကြားထဲက နေကောင်းကင် ပိုင်ဆိုင်ရမည့် အမွေစု ကို မုံမရအောင် စာချုပ်စာတမ်းနှင့် ရက်ရက်စက်စက် လက်မှတ်ထိုးချုပ် ကိုင်ပြီး အပိုင်သိမ်းလိုက်သေးသည်။ ထိုကိစ္စကို မိုးကောင်းကင် ကလည်း မပြော။ မုံကလည်း ရှောင်ရှားတ်ဆိတ်နေသည်။ မာမီ့လူယုံ ရွှေနေကြီးနှင့် မာမီတို့ပြောနေသည့်စကားကို အမှတ်မထင် ကြားမိရာက မိုးပြောသည့် စကားတွေနှင့်ဆက်စပ်ကာ နားလည် သဘောပေါက်ခဲ့ရခြင်း ဖြစ်သည်။

မာမီ့ကို ဤမျှရက်စက်လိမ့်မည်ဟု မထင်ခဲ့။ ငွေနှင့်ဂုဏ်၊ ဩဇာအာဏာမက်လှသော မာမီက မလုပ်သင့်တာတွေကို တစ်ခုပြီး တစ်ခု လုပ်နေတာကိုလည်း အံ့ဩ စိတ်ပျက်မိသည်။ မာမီ့ကြောင့် လကောင်းကင် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေသလို နေကောင်းကင် ကိုယ်တိုင်လည်း စိတ်မချမ်းသာ။ မိသားစုတစ်ခုလုံးမာမီ့အတ္တနှင့် သင်ဇာ၏ အတ္တကြီးမှုအောက်မှာ အားလုံး ကမောက်ကမဖြစ်နေတာကို ဘယ်သူမှလည်း တားဆီးနိုင်သူ မရှိ။ အခုတော့ အားလုံးပြီးသွားပါပြီ။ ဘာတစ်ခုမှ ပြန်ပြင်ဆင်လို့လည်းမရတော့ ကောင်းကင်ကမ္ဘာမှာ ဆက်နေလျှင် မည်သူမျှ စိတ်ချမ်းသာစရာ မရှိ။ အားလုံးစိတ်ဆင်းရဲ နေကြမည့်အတူ မုံ့ကိုခေါ်ပြီး ဟိုတယ်ကို ပြောင်းရွှေ့လာခဲ့သည်။ ဟိုတယ်ကိုရောက်မှ မုံက သူမမှာ အမွေအိမ်တစ်အိမ်ရှိကြောင်းပြောကာ နေကောင်းကင်ကို သူမပိုင်သည့်အိမ်ကို ခေါ်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိ မာမီ့အကြောင်း ဘာတစ်ခုမှမပြောသော မုံ့ကို သူ ပိုချစ်ရသလို မုံ၏ စိတ်သဘောထားကြီးမြတ်မှုကို ပိုမြတ်နိုးမိသည်။ မုံ့နေရာမှာသာ တခြားမိန်းကလေးဆိုလျှင် မိသားစုအားလုံး စိတ်ဆင်းရဲကြမည်။ မုံက လိမ္မာသော ဇနီးကောင်း ဇနီးမြတ်ဖြစ်သည်။

"မုံ့နေချင်ရင်နေကြမယ်လေ၊ ဒါပေမယ့် အိမ်ကြီးကိုရော ခြံကြီးကိုရော သေချာပြန်ပြင်ဆင်ပြီးမှ နေလို့ရမယ်"

"အိမ်နှင့်ခြံကို အစ်ကို့စိတ်တိုင်းကျပြင်ဆင်ပါ၊ မုံကတော့ အစ်ကိုနဲ့ဆို ဘယ်လိုပဲဖြစ်နေ၊ ဘယ်လိုပဲ နေရနေရ ပျော်ပါတယ်"

"တကယ်ဆို မာမီသာ ကိုယ်တို့အပေါ်မှာ နားလည်ခွင့်လွှတ်နိုင်ရင် ကိုယ်တို့နှစ်ယောက်လည်း အခုထက်ပိုပြီး ပျော်ကြရမှာနော်"

"အဲဒီကိစ္စတွေ မုံ့ခေါင်းထဲမှာ ဘာမှမရှိတော့ပါဘူး အစ်ကိုရယ် အစ်ကိုလည်း မေ့လိုက်ပါတော့နော်"

မုံက မေ့လိုက်ပါဟုပြောပေမယ့် တကယ်တော့ဘယ်သူမှ အလွယ်နှင့် မေ့လို့မရတာကို နှစ်ယောက်စလုံး သိသည်။ စိတ်ဆင်းရဲစကားကို ဆက်မပြောချင်ကြသည်နှင့် နောက်ထပ်စကားလမ်းကြောင်း အသစ်ပြောင်းပြီး အိမ်ကိစ္စကို ဘယ်လိုပြုပြင်ကြမည်။ ဘယ်လိုအလှဆင်ကြမည်ဆိုတာ တိုင်ပင်ကြသည်။ နေကောင်းကင် အလုပ်မဝင်ရသေးခင်တတ်နိုင်သလောက် ပြင်ဆင်ကြမည်ဟု စိတ်ကူးသည်။ စိတ်မြန်သူဖြစ်၍ ချက်ချင်း ထိုကိစ္စကို အကောင်အထည်ဖော်ကြသည်။ တစ်ရက်တည်းနှင့် ခြံရှင်းတာ၊ အိမ်ကို အကြမ်းရှင်းလင်းတာလောက်တော့ ပြီးသွားသည်။

နေကောင်းကင်နာမည်နှင့် ဆောက်ထားသည့်အိမ်ရှိသည်။ ခြံဝန်းက ကျယ်သလို ရေကန်ကလည်း သူ့စိတ်ကြိုက်ပြင်ဆင်ထားသည်။ သင်ဇာနှင့် လက်ထပ်ပြီး အသင့်နေရုံဖြစ်သော်လည်း မုံ့ကို လက်ထပ်



လိုက်၍ မာမီက ထိုအကြောင်း စကားပင်မစ။ နေကောင်းကင်ကလည်း မပြော။ သူမှာနေနှင့်သူ နေသည်။ စိတ်ထဲကတော့ မုံ့ကို သူ့ငွေနှင့်သူ အကောင်းဆုံး အိမ်တစ်အိမ် ဝယ်ပေးမည်ဟု စဉ်းစားထားသည်။ အခုတော့ အိမ်ဝယ်စရာမလိုတော့။ အဆင်သင့်ရှိနေပြီဖြစ်၍ သူ့စိတ်ကြိုက်ကို မုံနှင့်တိုင်ပင်ပြီး အလုပ်သမားအဖွဲ့နှင့် နေ့ဆိုင်းညဆိုင်းခွဲပြီး ပြင်ဆင်သည်။

မိုးကောင်းကင်က သူ့အစ်ကိုကိုကူညီပြီး လိုအပ်တာတွေ လုပ်ပေးသည်။ မုံ့ကျန်းမာရေးကို ဂရုစိုက်ပေးသည်။ ထိုသတင်းကို ဒေါ်မမ သိသွားတော့ မုံ့ကို ပိုကြည့်မရ။ သူ့သားကို မုံ့နားက ဘယ်လိုမှ ခွာထုတ်၍ မရနိုင်မှန်း သဘောပေါက်လိုက်သည်။ ခြူးတစ်ပြားမရှိဟု သူထင်ထားသည့်မုံက သိန်းပေါင်းသောင်းချီတန်သော အိမ်ပေါ် သူ့သားကို ခေါ်သွားသည်။ ဒေါ်မမပေးသည့် သိန်းလေးထောင်ကို ဘာလို့ ဂရုမစိုက်လဲ အခုမှ သိသည်။ နောက်ထပ် ဒီကလေးမမှာ ဘာတွေ လျှို့ဝှက်ထားတာရှိသေးလဲဟု စဉ်းစားကြည့်သည်။ စော်ဘွား တစ်ယောက်ရဲ့သမီးဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့ဟု အရင်က လက်မခံချင်သည့်ကိစ္စကိုပါ လက်ခံလိုက်ရသည်။

မုံကတော့ ခြံနှင့်အိမ်ကို စိတ်တိုင်းကျပြင်ဆင်နေသည့် ကောင်းကင် ညီအစ်ကိုနှစ်ယောက်ကိုကြည့်ပြီး တစ်ချိန်လုံး ပြုံးနေသည်။ ကျေနပ်ပျော်ရွှင်နေသည်။ သူ့ကိုမုန်းသော ယောက္ခမကြီး ဒေါ်မမ အမုန်းတွေကို မေ့သွားသည်။ မုံ့အတွေးထဲမှာ မုံတို့မိသားစုလေးနှင့် မိုးကောင်းကင်ပဲ ရှိသည်။ မုံပျော်နေတာမြင်ရတော့ ညီအစ်ကို နှစ်ယောက်စလုံး စိတ်ချမ်းသာနေသည်။ အခြေအနေမဲ့မလေးဟု မာမီ ထင်ထားသည့်မုံက သူ့ပိုင်ဆိုင်မှုကို ထုတ်ပြတော့ ညီအစ်ကိုနှစ်ယောက် အံ့သြဝမ်းသာရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်တိတိ အိမ်ကို အချိန်ယူပြင်ဆင်ပြီးချိန်မှာ အလုပ်ကိစ္စအတွက် နေကောင်းကင် တစ်ယောက်တည်း ကားမောင်းထွက်သွားရာက အိမ်ကိုပြန်ရောက် မလာတော့။ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံမှာ ဆုံးသွားသည်ဆိုသည့် သတင်းသာ ရောက်လာသည်။ မုံက မိုးကောင်းကင် ရင်ခွင်ထဲမှာ ပျော့ခွေပြီး သတိလစ်သွားသည်။ ဒေါ်မမ၏ အမုန်းက မုံ့အပေါ် ဘယ်လိုမှ ခွင့်မလွှတ်နိုင်သည့် အမုန်းအဖြစ် ကူးပြောင်းသွားကာ သူ့သား အခုလိုဖြစ်တာ မုံ့ကြောင့်ဟု တစ်ဖက်သတ် စွပ်စွဲချက်ဖြင့် မုံ့မျက်နှာကိုပင် မကြည့်တော့။

အားကိုးရာမဲ့သွားသည့် မုံ့နားမှာ တစ်ချိန်လုံး မားမားမတ်မတ် ရပ်တည်ပေးရသူက မိုးကောင်းကင်တစ်ယောက်တည်း ဖြစ်သည်။ စိတ်ထောင်းကိုယ်ကျေဖြစ်သွားသည့်မုံက အိပ်ရာထဲက မထနိုင်အောင် ဖြစ်သွားသည်။ မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်ဖြစ်နေ၍ မုံ့ကိုပါ လက်လွှတ်ဆုံးရှုံးရတော့မလိုဖြစ်သွားကာ အိမ်မှာ ဆရာဝန်ခေါ်ပြီး ဆေးကုသရသည့်အထိ အခြေအနေက ဆိုးသည်။

အစ်ကို…

မုံ့ရဲ့ အစ်ကိုရယ်…

မုံ အချိန်ပြည့် တမ်းတနေသူက မုံချစ်တဲ့ အစ်ကို။

မုံ့ကို ဘယ်တော့မှ ခွဲမသွားပါဘူးလို့ ကတိသစ္စာပြုခဲ့သည့် အစ်ကို။ ပန်ဆောင်ခမှာနေသည့် မုံ့အဒေါ်ကြီး ဒေါ်ကျဲကို မိုးကောင်းကင် ကိုယ်တိုင် လှမ်းအကြောင်းကြားတော့ ချက်ချင်းလိုက်လာသည်။ ဒေါ်ကြီးရောက်လာတော့ မုံက အိပ်ရာပေါ်ကပင် မထနိုင်တော့။

မုံက အိပ်ရာပေါ်မှာ သတိလစ်မေ့မျောသွားပြီးဖြစ်၍ မိုးကောင်းကင် မုံကိုယ်လေးကို သူရင်ခွင်ထဲ သတိလက်လွှတ် ဆွဲယူလှုပ်ခါရင်း မုံ့အမည်ကို သွေးရူးသွေးတန်း အော်ဟစ်နေမိပြီးမှ သူ



ဆရာ့ထံ ချက်ချင်း ဖုန်းဆက်အကြောင်းကြားသည်။ အထူးကု ဆရာဝန်ကြီး၏ အစီအစဉ်ဖြင့် မုံကို ဆေးရုံတင်လိုက်ရတော့ မိုးကောင်းကင်ကိုယ်တိုင် ယောက်ျားတန်မဲ့ မျက်ရည် လည်လာသည်။

ကံဆိုးမလေး မုံရယ်။

ယောက္ခမလုပ်သူက မုံ့ကို တစ်ချက် မသနား။ ဒီကြားထဲ မုံ့နားမှာ အချိန်ကုန်နေသည့်သားဖြစ်သူကို ကြည့်မရ။ မုံ့ထံ မသွားရ မုံ့ကို ဘာတစ်ခုမှ မကူညီရဆိုတာတွေ တစ်ခုပြီးတစ်ခု ပြင်းပြင်း ထန်ထန် အမိန့်ထုတ်သည်။ မိုးကောင်းကင်က တစ်ခုမှ မလိုက်နာ၍ သားအမိချင်းလည်း အဆင်မပြေ။

"မင်းကို အဲဒီမိန်းမနဲ့မပတ်သတ်ရဘူးလို့ ပြောနေတာ မင်းနား မလည်ဘူးလား မိုးကောင်းကင်"

သူ့သားကြီးကို သတ်သည့်မိန်းမ သူ့အသည်းနှလုံးကို ရက်စက်စွာ ဆွဲထုတ်ယူသွားသည့် မိန်းမအဖြစ် ဒေါ်မမက မုံ့ကို တူးခါးနေအောင် မုန်းသည့်အမုန်းက ကြောက်စရာအကောင်းဆုံး လက်နက်ဖြစ်သည်

"သူဟာ ကိုကို့ဇနီး မာမီ့ချွေးမပါ မာမီ၊ ပြီးတော့ မုံ့ရင်မှာ လွယ်ထားရတာက ကိုကို့ရင်သွေး၊ ကိုကို့ရဲ့ကလေး၊ မာမီ့မြေးဆိုတာ မာမီသိရက်နဲ့ ဘာဖြစ်လို့ မုံ့အပေါ်မှာ ဒီလောက်ရက်ရက်စက်စက် မုန်းနေရတာလဲ"

ဘာဖြစ်လို့ ကိုယ်ချင်းမစာနာနိုင်ရတာလဲမာမီ၊ အချစ်ဆုံး လင်ယောက်ျားတစ်ယောက်လုံး ဆုံးရှုံးထားရသည့် မိန်းမသား တစ်ယောက် အပေါ်မှာ မာမီ တစ်ဖက်သတ်အမြင်တွေက စိတ်ပျက်စရာဖြစ်သည်။

"ကိုယ်ချင်းစာရမယ်ဟုတ်လား၊ မင်းအစ်ကိုကြီး အခုလိုဖြစ်သွားအောင်လုပ်တဲ့ မိန်းမကို မာမီက ဘာကိစ္စ ကိုယ်ချင်းစာရမှာလဲ

www.burmeseclassic.com

www.burmeseclassic.com



မိုးကောင်းကင်၊ ဖြစ်နိုင်ရင် အဲဒီမိန်းမကို မာမီကိုယ်တိုင် သတ်ပစ်ချင်နေတာ မင်းသိလား''

''မာမီ''

''ဘာလဲ ပြော''

''မာမီ့ စကားတွေက သိပ်တစ်ဖက်စွန်းရောက်နေပြီ၊ မုံ့ကို မာမီ သတ်ပစ်ချင်လောက်အောင် မုန်းနေလည်း မုံ့ဗိုက်ထဲက ကိုကို့ ရင်သွေးလေးကိုတော့ မာမီ ဂရုစိုက်ရမှာပဲ''

''ဒီမြေးတစ်ယောက်တည်း မာမီ့မှာ ရှိတာမဟုတ်ဘူး၊ သင်ဇာ မွေးလာရင် မာမီ့မှာ နောက်ထပ်မြေးတွေ အများကြီး ထက်ရဦးမှာ''

အလွန် သွေးအေးရက်စက်သည့် မိခင်မျက်နှာကိုကြည့်ပြီး မိုးကောင်းကင် သူသိထားတာကို ဖွင့်ချလိုက်တော့မည်ဟု ဆုံးဖြတ်ပြီး မာမီ့မျက်နှာကို ကြည့်လိုက်သည်။

''ဒီတစ်သက်တော့ သင်ဇာမွေးလာမယ့် မာမီ့မြေးတွေကို မျှော်မနေနဲ့ မာမီ၊ မာမီ့သား ကိုလတ်ကိုယ်တိုင်က မိန်းမကိစ္စ ပွေလွန်း ရှုပ်လွန်းလို့ သူ့ရောဂါကြောင့် သားသမီး မရနိုင်တဲ့သူတစ်ယောက် ဖြစ်နေတာ မာမီသိလား''

''ဘာပြောတယ်၊ သားလတ်ကိုယ်တိုင်က သားသမီးမရနိုင်တော့တာ ဟုတ်လား''

''ဟုတ်တယ်မာမီ၊ မာမီ့သားက မာမီလိုချင်တဲ့ မြေးတစ်ယောက်မှ မွေးပေးနိုင်မှာ မဟုတ်ဘူးလို့ ပြောတာ''

ဒေါ်မမ ဘာစကားမှမပြောနိုင်ဘဲ ငိုင်ကျသွားသည်။ မိုးကောင်းကင် စိတ်ထဲ ပြောစရာရှိတာ ပြောချလိုက်ရ၍ ပေါ့သွားသည်။ ဒယ်ဒီက ထုံးစံအတိုင်း သူတို့သားအမိကြား ဝင်မပါ။ မိုးကောင်းကင်ကတော့ သူ့မြေးလေးကို ဂရုစိုက်လိုက်ပါဆိုတာလောက်ပဲ ပြောသည်။



မုံ့ဆီ မသွားရ၊ မုံ့နှင့်မပတ်သက်ရဆိုတာမျိုး တစ်ခုမှ မပြော။ သင်ဇာတို့ လင်မယားက မုံ့ကိစ္စကို ဘာတစ်ခုမှ မမေး။ သူတို့နှင့် မဆိုင်သလို နေကြပုံက မာမီနှင့်တစ်ထပ်တည်းဖြစ်သည်။ မုံ့နားမှာ အနီးကပ် ပြုစုစောင့်ရှောက်သူက မိုးကောင်းကင်နှင့် ဒေါ်ကြီးပဲ ရှိသည်။ အသက်ကြီးလှပြီးဖြစ်သော ဒေါ်ကြီးကျဲက နေရာတကာ စိတ်သွားတိုင်း ကိုယ် မပါနိုင်သဖြင့် အစစအရာရာ ဦးဆောင်နေရသူက မိုးကောင်းကင် ဖြစ်သည်။ သူသာ မုံ့နားမှာ မရှိရင် မုံ့အဖြစ်က တွေးဝံ့စရာပင်မရှိ။

''မုံလေးကိုကြည့်ရတာ ဒေါ်ကြီးဖြင့် အားမရလိုက်တာကွယ် သူ တစ်ခုခုဖြစ်သွားရင်...''

''မုံ ဘာမှမဖြစ်ပါဘူး ဒေါ်ကြီးရယ်၊ မုံ့ရော ကလေးလေးရော နှစ်ယောက်စလုံး ဘာမှဖြစ်မှာမဟုတ်ပါဘူးဗျာ၊ မုံ့နားမှာ ကျွန်တော်နဲ့ ဒေါ်ကြီး ရှိနေတာပဲ''

''ဟုတ်ပါတယ်ကွယ်၊ မုံလေး ဘာမှဖြစ်မှာ မဟုတ်ပါဘူး''

မျက်ရည်တွေ ဖွဖွသုတ်ရင်း ဒေါ်ကြီးက မုံ့မျက်နှာလေးကို ငေးစိုက်ကြည့်ကာ တိုးဖွဖွလေး ပြောသည်။ ဒေါ်ကြီးရင်ထဲမှာက မုံ့အတွက် မချိ။

အစ်ကိုဖြစ်သူထက် အရပ်ပိုမြင့်ပြီး ပို၍တည်ငြိမ်ခန့်ညားချောမောသော မိုးကောင်းကင်က ရုတ်တရက်ကြည့်လျှင် နေကောင်းကင်နှင့် အလွန်တူသူ ဖြစ်သည်။ သူ့အစ်ကိုဇနီး သူ့မရီးဖြစ်သော မုံ့ကိုကြည့်သည့် မျက်ဝန်းအစုံက မုံ့အပေါ်မှာ ချစ်ခြင်း၊ သနားငဲ့ညှာခြင်း။ ယူကျုံးမရဖြစ်ခြင်း၊ စိတ်ထိခိုက်ခြင်းတို့ အစဉ်ပြည့်လျှမ်းလျက်။ သူ့အကြည့် သူ့အပြော၊ သူ့အကြင်နာများက သူ့အစ်ကိုနှင့် တစ်ထပ်တည်းဖြစ်သည်။ ပိုလျှင်သာပိုမည် လျော့တော့မလျော့ မုံ့ကို ပီဘိကလေးငယ်လေးတစ်ယောက်ကို စောင့်ရှောက်နေသည့်အလား မိုးကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အသွင်က တကာယ်ကို မထိရက်။ စကားပင် လေသံမာမာ မပြောရက်သူ ဖြစ်သည်။

ကာယကံရှင်ဖြစ်သည့် မုံက ဘာကိုမှ မမြင်သိသော်လည်း မုံနှင့်အတူ ရှိနေသော ဒေါ်ကြီးကတော့ မိုးကောင်းကင် ရင်ထဲ အသည်းထဲက မုံ့အပေါ် ထားရှိသည့် လှိုက်လှဲသော ချစ်ခြင်းမေတ္တာ၊ နက်ရှိုင်းသော နှလုံးသားခံစားချက်များကို အစအဆုံး မြင်တွေ့ကြားသိနေရသူ ဖြစ်သည်။ မုံနှားမှာ ရောက်က တခြားသူ မဟုတ်။ နေကောင်းကင်ကို ကိုယ်တိုင် မိုးကောင်းကင်အဖြစ် မုံနှားမှာ ရောက်နေသလိုဖြစ်နေသည်။ အကြောင်းမသိလျှင် သူ့ဇနီးကို အလွန်ချစ်သော မြတ်နိုးသော ခင်ပွန်းသည်တစ်ယောက်ဟု ထင်ကြပေသည်။ သူအလွန်ချစ်မြတ်နိုးသော ဇနီးသည်အတွက် သောကပွေနေရသော ခင်ပွန်းသည်တစ်ယောက်၏ ပုံစံဖြင့် လွန်ကဲစွာ ချစ်မြတ်နိုးနေသည့်အဖြစ်ကို သူ့ကိုယ်သူပင် သိဟန်မတူအောင် ဘာပဲလုပ်လုပ်။ ဘာပဲတွေးတွေး မုံနှင့်သူ့ ရင်သွေးလေးအတွက် ချည်းဖြစ်နေသည့်သူက မိုးကောင်းကင်ကိုယ်တိုင် ဖြစ်သည်။

အိပ်ပျော်ရာက မုံ နိုးလာသည်။ မှိတ်ထားသည့်မျက်ဝန်း အစုံကို အသာဖွင့် အကြည့်မှာ သူမမျက်နှာကို ကြင်နာစွာ ငေးကြည့်နေသည့် နူးညံ့သည့် မျက်ဝန်းများနှင့် ဆုံသည်။

"မုံ"

"နေကောင်းတယ်နော်"

မုံက ရီဝေမှုံသီသည့် မျက်ဝန်းအစုံဖြင့် မိုးကောင်းကင်မျက်နှာကို ခပ်ဝါးဝါးကြည့်သည်။ သူမမျက်ဝန်းအစုံမှာ ဘာကိုမှ မသည်းကွဲ။ သို့သော် သူ့စိတ်မှ ဝမြင်တွေ့ရသည်က မုံ အင်မတန်ချစ်သော မုံ့ခင်ပွန်း နေကောင်းကင်၏ မျက်နှာ။ မုံမျက်နှာကို ချစ်မြတ်နိုးစွာငုံမိုး ရှုစိုက်ကြည့်နေသည်။ အစ်ကို့ရဲ့အကြည့် နူးညံ့ကြင်နာစွာ



ပြုံးနေသည့် အစ်ကိုအပြုံး မုံနှားမှာရောက်နေသူက အစ်ကိုမှအစ်ကို အစစ် မုံချစ်တဲ့ အစ်ကိုမှ အစ်ကိုပါပဲ။

"အစ်ကို"

"မုံ"

"မုံ ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ အစ်ကို မသေဘူးနော်။ မုံ့ဆီ အစ်ကိုပြန်လာ ပြန်လာပြီ၊ မုံ့ကို ဘယ်တော့မှ ခွဲမသွားပါနဲ့တော့ အစ်ကိုရယ်"

"မုံ သတိထားလေ၊ ကိုကို မဟုတ်ဘူး၊ ကိုယ်ပါ မိုးလေ"

မျက်ရည်တွေ ပြည့်နေသည့် မုံ့မျက်လုံးတွေက ဘာမှမသဲကွဲ။ သူမလက်လေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် မိုးကောင်းကင်လက်ကို မုံက သူမ့လက်လေးနှင့် ပြန်ဆုပ်ကိုင်ထားရင်း ဝမ်းသာဝမ်းနည်းမျက်ရည်တွေ စီးကျနေသည့် မုံအသွင်က မြင်ရက်စရာမရှိ။ သူနှင့် ကိုကို့ကို လူမှားအမြင်မှားနေသည့် သနားစရာ မိန်းမလှလေး။

"မုံ့ကို မညာပါနဲ့ အစ်ကိုရယ်၊ မုံ့ယောကျ်ားမျက်နှာကို မုံမှတ်မိပါတယ်။ အစ်ကိုဟာ မုံ့ရဲ့ချစ်သူ မုံ့ အသည်းနှလုံးထဲမှာ ဘယ်တော့မှ မပျောက်လို့မရတဲ့ မုံ့ဘဝရဲ့ တစ်ဦးတည်းသော အချစ်ဦး အချစ်ဆုံးသူပါ"

"မုံရယ်"

"မုံ့ကို မချစ်တော့လို့လားဟင် အစ်ကို့ သားလေးကိုရော အစ်ကို မချစ်တော့ဘူးလား"

"မုံ စိတ်ကိုထိန်းပါဦး မုံရယ်၊ ကိုကို နေကောင်းကင်က လူ့လောကထဲမှာ မရှိတော့ဘူး။ မုံ့တို့သားအမိဆီကို ဘယ်တော့မှ ပြန်လာနိုင်တော့ဘူး"

"ကိုယ်က မိုးကောင်းကင်၊ မုံချစ်တဲ့ မုံ့အစ်ကို နေကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး။ မုံရယ် ကိုယ့်မျက်နှာကို သေချာကြည့်ပါဦး"

"အစ်ကို မုံ့အစ်ကို မဟုတ်ဘူးလားဟင်"

"မဟုတ်ဘူး မုံ၊ မုံ့အစ်ကို မဟုတ်ဘူး၊ ကိုယ်က ကိုကိုရဲ့ မိုးကောင်းကင်ပါ မုံမှတ်မိတယ် မဟုတ်လားဟင်"

မုံက သူမေးတာကို မဖြေ။

သူမ လက်လေးတွေနှင့် မိုးကောင်းကင် မျက်နှာကို အသာအယာ ကိုင်ပြီး မိုးကောင်းကင်မျက်နှာအနှံ့ သူမ လက်လေးတွေနှင့် စမ်းကြည့်သည်။ မုံ့မျက်ဝန်းအစုံက ဘာဆိုဘာမှ မမြင်မတွေ့သော အကြည့်မျိုးဖြစ်ကာ မိုးကောင်းကင်ကို ပြောနေသည့် စကားတွေအလည်း အိပ်မက်မက်ရင်း ပြောနေသည့်နှယ်ဖြစ်သည်။ ဒေါ်ကြီးက မုံ့အဖြစ်ကို မကြည့်ရက်သလို အသံမထွက်အောင် ကျိတ်ငိုသည်။ မိုးကောင်းကင်ကတော့ မုံ စိတ်အထိအခိုက်လွန်ပြီး စိတ်တွေ ပုံမှန် မဟုတ်တော့ဟု သိလိုက်ရ၍ မုံ့အတွက် ပိုပြီး စိတ်ထိခိုက်သွားသည်။

"မိုးကောင်းကင်လေ မုံ၊ မုံနဲ့ ကိုကို့ကိုချစ်တဲ့ မိုးကောင်းကင်ပါ"

"မိုးကောင်းကင်"

"ဟုတ်တယ်မုံ၊ ကိုယ့်နာမည် မိုးကောင်းကင်"

သူက မုံ့စိတ်တွေ ပုံမှန်ဖြစ်လာအောင် ဖွတ် ကြိုးစားသည်။ မုံက သူ့ပြောတာကို မကြားသလို သူ့အမည်ကို ရေရွတ်သည်။

"မဟုတ်ဘူး၊ အစ်ကိုက နေကောင်းကင်ပါ မိုး မဟုတ်ဘူး"

"သမီး... ထိပ်ထားလေး မုံ"

"ဒေါ်ကြီး"

အဘွားကြီးက မုံ့လက်ကလေးကို ဆုပ်ကိုင်ပြီး မျက်ရည်တွေ ကျနေပြီ မုံက ဒေါ်ကြီးကို မှတ်မိသည်။

"အစ်ကို မသေတော့ဘူး ဒေါ်ကြီး၊ ဒီမှာလေ မုံတို့သားအစ်



ဆီ အစ်ကို ပြန်လာပြီ"

မုံက မိုးကောင်းကင်လက်ကိုဆွဲပြီး သူမအဒေါ်ကြီးကို နေကောင်းကင်အဖြစ် ပြောသည်။ ဒေါ်ကြီးက မုံ့အဖြစ်ကို မျက်ရည်လည်ရွဲကြည့်ပြီး ရင်ထုမနာ ဖြစ်နေသည်။

မုံက သူ့လက်တစ်ဖက်ကို မိခင်ပျောက်သွားမှာစိုးသည့် သားငယ်လို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားမှ မိုးကောင်းကင် သူ့ဆရာထံသွား၍ မုံဖြစ်ပုံ အလုံးစုံကို အသေးစိတ် ပြောကြသည်။

"မင်းလည်း ဆရာဝန်တစ်ယောက်ပဲ မိုးကောင်းကင်၊ အခု လူမမာ အခြေအနေက သိပ်စိတ်ထိခိုက်သွားလို့ သူ့စိတ်တွေ ပုံမှန် မဟုတ်တော့ဘူး။ သိပ်ပြင်းထန်တဲ့ စိတ်ခံစားချက်ကို မခံစားနိုင်တဲ့ အဆုံး သူ့စိတ်သူ တခြားနည်းနဲ့ ထွက်ပေါက်ပေးလိုက်ခြင်းတစ်မျိုးလို့ ပြောရမှာပေါ့"

အတူးကုဆရာဝန်ကြီးနှင့် မုံ့အကြောင်း သူ အချိန်အတော်ကြာ ဆွေးနွေးသည်။ စိတ်ကစဉ့်ကလျားဖြစ်နေသည့် မုံ့ကို ဘယ်လိုနည်းနှင့်မှ သူမတစ်ယောက်တည်း ထားလို့မဖြစ်ပါဆိုသည့် အဖြေပဲ ထွက်လာသည်။

မုံက လူသာမန်တစ်ယောက်မဟုတ်တော့ သူမှတ်မိချင်သည့် အကြောင်းအရာတွေ အားလုံး မှတ်မိချင်မှတ်မိမည်။ မမှတ်မိချင်သည့် အရာတွေကိုလည်း မမှတ်မိဘဲ နေချင်နေလိမ့်မည်။ မုံ့ကို အရင်လို လူကောင်းတစ်ယောက်ပြန်ဖြစ်အောင် အချိန်ယူရမည်။ အချိန် ဘယ်လောက်ကြာမည်ကို မည်သူမှ မသိ။ အတိအကျလည်း မပြောနိုင် မြန်ချင်လည်း မြန်မည်။ တစ်သက်လုံး သတိရချင်မှလည်း ရမည်။ အရေးကြီးတာက မုံ့ကို လူရောစိတ်ရော အချိန်ပေးပြီး ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



အနားယူရမည်။

စိတ်ချမ်းသာအောင် ထားရမည်။ တိတ်ဆိတ်အေးချမ်းသည့် နေရာမျိုး၊ မုံချစ်သော အရာတွေ၊ မုံ့စိတ်ကို ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်သည့် နေရာမျိုးကို ရွေးချယ်ရမည်ဟု ဆိုသည်။ လောလောဆယ် မုံက ဘာမှမစား၍ မုံအရင် ကျန်းမာဝဖြိုးပြီး ထွားထွားထောင်ထောင် ဖြစ်လာအောင် အရင်လုပ်ပြီးမှ တခြားကိစ္စကို ဆက်စဉ်းစားရန် ဆုံးဖြတ် လိုက်သည်။ မုံမှာ သူမတစ်ယောက်တည်းမဟုတ် သူမဗိုက်ထဲမှာ ကိုကို့မျိုးဆက် ကိုကို့ရင်သွေးလေး ရှိနေသည့်အတွက် ပိုဂရုစိုက်ရမည်။

"ဟော အစ်ကို ပြန်လာပြီ"

သူ အခန်းထဲဝင်လိုက်သည်နှင့် မုံ့အသံ သာသာလေးကို ကြားလိုက်ရ၍ မုံ့မျက်နှာလေးကို လှမ်းကြည့်လိုက်တော့ မုံက သူကို အစ်ကိုဖြစ်သူ နေကောင်းကင်နှင့် မှားပြီး ချစ်စနိုး လှမ်းကြည့်နေတာနှင့် ဆုံသည်။

"မုံလေးက… မင်းပျောက်သွားလို့ဆိုပြီး ငိုလိုက် ရယ်လိုက် ဖြစ်နေတာနဲ့ ဒေါ်ကြီးလည်း မနည်းချော့နေရတယ်ကွယ်"

ဒေါ်ကြီးက သူနှင့် မုံ့အဖြစ်ကို ပြောပြီး စိတ်မချမ်းသာသည့် အကြည့်နှင့်ကြည့်ပြီး အခန်းထဲက ထွက်သွားသည်။

"မုံ"

"အစ်ကိုက မုံကို မချစ်တော့ဘူးနော်"

ပြောရင်း မုံက ငိုတော့ သူ သက်ပြင်းချသည်။

"မဟုတ်ပါဘူး မုံရယ်၊ ကိုယ် မုံ့ကျန်းမာရေးအတွက် ဆရာဝန်ကြီးနဲ့ သွားဆွေးနွေးနေတာပါ။ ဘာလို့ မျက်ရည်က ကျနေရတာလဲ"

"မုံ့ကို အစ်ကို ထားသွားမှာကြောက်လို့ပါ။ အစ်ကို မုံနားမှာ ရှိရင် မုံ နေကောင်းပါတယ် အစ်ကိုရယ်…"



"မုံ့နားက ကိုယ် ဘယ်မှမသွားတော့ပါဘူး။ မုံလည်း မငိုနဲ့တော့နော်"

မုံ့ပါးပြင်ပေါ်က မျက်ရည်တွေကို သူကိုယ်တိုင် တစ်ရှူးလေးနှင့် အသာတို့သုတ်ပြီးတော့ မုံက သူလက်ကိုဆွဲပြီး သူမပါးမှာ ကပ်သည့် ပုံလေးက သူ့ရင်ကို ဆို့နစ်နာကျင်သွားစေသည်။

သူ ကောင်းကင်ကမ္ဘာကိုရောက်တော့ မိုးချုပ်နေပြီ ကိုကို့ဓာတ်ပုံကြီးရှေ့မှာရပ်ပြီး ကိုကို့မျက်နှာကို ငေးကြည့်နေတုန်း သူ့နားကို မာမီ ရောက်လာသည်။

"သားကို မာမီ ပြောစရာရှိတယ်"

"ပြောပါမာမီ"

"ဒီမှာ ထိုင်ပါဦး…"

"ဟုတ်ကဲ့"

မာမီနှင့်အတူ ဧည့်ခန်းကခုံမှာ ဝင်ထိုင်လိုက်တော့ ဒေါ်မမက သူ့သားမျက်နှာကို စေ့စေ့ကြည့်သည်။ သားကြီးနှင့်တူသောသား အစ်ကိုထက် ပိုချောပြီး ပိုအရပ်မြင့်သည့်သားငယ်။

အစ်ကိုဖြစ်သူ ဆုံးသွားပြီးကတည်းက မရီးဖြစ်သူ မုံ့ကို ဒေါ်မမ တားမြစ်နေသည့်ကြား ကြည့်ရှုစောင့်ရှောက်နေသည့်သားကို ဒေါ်မမမှာ စိတ်မချ။ မုံ သိပ်လှတာ လူတိုင်း သိသည်။ အသက်ကလည်း သူတို့ ညီအစ်ကိုထက် အများကြီး ငယ်ရွယ်နုနယ်သည့်မုံက မုဆိုးမ အသစ်စက်စက်လေးဖြစ်၍ နတ်သမီးတစ်ပါးလို ချောမောလှပနေသည့် မိန်းကလေး။ သားက မုံ့ကို သနားနေသည်။

ဒီလိုဖြစ်အောင်လည်း မုံ့အဖြစ်က သနားစရာကောင်းနေတာကို ဒေါ်ခံသည်။ မိဘမဲ့တစ်ကောင်ကြွက် ကောင်မလေးမှာ ကူညီစောင့်ရှောက်မည့် ဆွေမျိုးရင်းချာက မရှိ။ ယောက္ခမဖြစ်သည့် ဒေါ်မမ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကလည်း မုံကို သူ့သားကို သတ်သည့် တရားခံအဖြစ် မှန်းနေသူ။ မုံ အခု ဆေးရုံတက်နေသည့်အချိန်မှာလည်း သတင်းတစ်ချက်မမေး။ အချစ်ဆုံးသားတစ်ယောက်လုံး ဆုံးရှုံးထားပြီးမှတော့ တခြားဘာကိုမှ ဂရုစိုက်စရာဟုလဲမထင်။ သားတစ်ယောက် ဆုံးရှုံးခဲ့ပြီးပြီ။ နောက်ထပ် သားငယ်ကို ထပ်အဆုံးရှုံး မခံနိုင်တော့။

အိုးချင်းထားလျှင် အိုးချင်း ထိသည်။ ကြိုးချင်းထားလျှင် ကြိုးချင်း ငြိတတ်သည့် သဘောကို ဒေါ်မမ သိသည်။ တားလို့မရ မုံ့ကို သွားကြည့်သည်။ လူမမာတစ်ယောက်လိုအပ်တာ လုပ်ပေးတာထိ ဘာမှမပြော။ ဒေါ်မမပြောချင်တာက မုံ့လို အလွန်လှပြီး၊ အလွန် သနားစရာကောင်းသည့် မိန်းမလှလေးနားမှာ သူ့သား လှုပ်ဖို့ကို ဖြစ်ချင်ရာဖြစ် ပစ်မထားနိုင်ခြင်း ဖြစ်သည်။

"သားလည်း မငယ်တော့ဘူး၊ လုပ်ငန်းခွင်ဝင်နေတဲ့ ဆရာဝန်တစ်ယောက်လည်း ဖြစ်နေပြီဆိုတော့ မာမီ သားကို လိုရင်းပဲပြောမယ်။ သားကြီးတစ်ယောက် ဆုံးရှုံးလိုက်ရပြီး သားငယ်ကိုတော့ နောက်ထပ် မာမီအဆုံးရှုံး မခံနိုင်ဘူး။ ဒီတော့ သားတစ်ယောက်ယောက်ကို လက်ထပ်ပါ"

"ဗျာ..."

"ဘယ်သူဘယ်ဝါကို ယူပါလို့ မာမီ မပြောတော့ဘူးသား ဘယ်သူဖြစ်ဖြစ် သားစိတ်တိုင်းကျ လက်ထပ်လို့ရတယ်။ ဒါပေမဲ့ မာမီသဘောတူနိုင်လောက်တဲ့ အသိုင်းအဝိုင်းထဲကတော့ ဖြစ်ရမယ်"

"ဘာဖြစ်လို့ ဒီစကားတွေပြောနေလဲဆိုတာ ကျွန်တော် နားမလည်ဘူး မာမီ"

"မင်းကို မိန်းမယူစေချင်လို့ပေါ့"

ဒေါ်မမ စကားအဆုံးမှာ မိုးကောင်းကင် မိခင်မျက်နှာကို မိခင်



ဖျက်သလို လှမ်းကြည့်သည်။ မာမီ့မှာ ဘာအကြံအစည်တွေ ရှိနေသည်ကို သူ မသိ။ အစ်ကိုကြီး နေကောင်းကင် ကွယ်လွန်အနိစ္စရောက်သည်မှာ ဘာမှ မကြာသေး။ အစ်ကိုလတ်သင်ဇာနှင့် လက်ထပ်သည်မှာလည်း လပိုင်းပဲ ရှိသေးသည်။ အခုသူ့ကို သူ့ကို လက်ထပ်ခိုင်းနေတာ ဘာသဘောလဲဟု သူ နားမလည်။

"မာမီ့သားကြီး ဆုံးသွားတာ မကြာသေးဘူး၊ ကိုလတ် လက်ထပ်တာလည်း လပိုင်းပဲ ရှိသေးတယ်။ အခု မာမီက ကျွန်တော့်ကို မိန်းမထပ်ယူခိုင်းနေတာ ဘာအဓိပ္ပာယ်လဲ မာမီ"

"အဓိပ္ပာယ်ကတော့ ရှင်းပါတယ်၊ မင်းကို မုံ့နား မသွားစေချင်လို့ တားမရလို့ သွားချင်ရင်လည်း မင်းမှာ လက်ထပ်ပြီးသား မိန်းမရှိမှ ရမယ်"

မာမီ့လေသံက ထုံးစံအတိုင်း အေးစက်စက်။

သူ့မာမီက စိတ်ကုန်သလို ကြည့်သည်။ သူ့အကြည့်တွေကို မိခင်ဖြစ်သူက ဂရုမစိုက်။

"လောကကြီးတစ်ခုလုံး မာမီဖြစ်ချင်တာတွေချည်း ဖြစ်နေမယ်လို့ ထင်နေလား မာမီ"

"လောကကြီးတစ်ခုလုံး မာမီ ဂရုမစိုက်ဘူး မိုးကောင်းကင်။ မာမီ ဂရုမစိုက်တာ မာမီ့ရင်နဲ့ လွယ်မွေးလိုက်ရတဲ့ သားသမီးတွေပဲ။ အခုချိန်ကစပြီး ဟိုကလေးမနား သွားလာနေတာကို ရပ်တန်းက ရပ်ပါ။ မင်းကို ပြောလို့မရရင် မာမီကိုယ်တိုင် အဲဒီမိန်းကလေးကို မာမီ့သားနဲ့ နောက်ထပ် ဘာတစ်ခုမှ မပတ်သက်နဲ့လို့ သွားပြောမယ်"

"ဝမ်းနည်းပါတယ် မာမီ၊ မာမီပြောသလို ကျွန်တော် လိုက်လုပ်ပေးနိုင်တာ ခွင့်လွှတ်ပါ"

"ဪ... မင်းက ဘာမှမဟုတ်တဲ့ မိန်းမအတွက်နဲ့ အမေ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သူ စကားကိုတောင် ဂရုမစိုက်ဘူးဆိုတဲ့ သူရဲကောင်းကြီးပေါ့ ဟုတ်လား"

"ကျွန်တော် သူရဲကောင်းလုပ်နေတာ မဟုတ်ဘူး မာမီ။ လုပ်သင့်လုပ်ထိုက်တယ် ထင်တာကို လုပ်ပေးနေတာ၊ မာမီပြောသလို အဲဒီမိန်းကလေးဟာ မုံဖြစ်နေလို့ လုပ်ပေးနေတာလည်း မဟုတ်ဘူး မုံနေရာမှာ တခြားတစ်ယောက် ဖြစ်နေရင်လည်း သူ လက်ရှိဖြစ်နေတဲ့ အနေအထားမှာ ကျွန်တော်တတ်နိုင်တဲ့ဘက်က ဝင်ကူညီရမှာပဲ မာမီ တခြားသူစိမ်းတွေအပေါ်မှာတောင် ပရဟိတလုပ်ငန်းတွေ လုပ်ပေးနိုင်ရင် ကိုကိုချစ်တဲ့ ကိုကို့အနီးနဲ့ ကိုကို့ရင်သွေးလေးအတွက် ညီတစ်ယောက်က ဘာလို့ မလုပ်ပေးနိုင်ရမှာလဲ မာမီ"

"မင်းပဲ ဒီစကားတွေ ပြောတတ်တယ်ထင်နေလား မိုးကောင်းကင်၊ မင်းအမြင်မှာ မာမီက မိန်းမဆိုးကြီးပေါ့လေ။ မိခင်တစ်ယောက် အမေတစ်ယောက်နေရာမှာ မင်းဝင်ခံစားကြည့်ရင် မင်း မာမီ့ကို ဒီလို ပြောနိုင်မှာ မဟုတ်ဘူး။ ဘယ်အမေ ဘယ်မိဘမဆို ကိုယ့်သားသမီး ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်နေမယ်လို့ မင်းထင်နေလား"

"အဲဒီ မုံဆိုတဲ့ မိန်းကလေးဟာ မာမီ့အချစ်ဆုံးသားကြီးကို မာမီ့ အသည်းနှလုံးကရော၊ မာမီ့ဘဝထဲကပါ ထုတ်ယူသွားခဲ့ပြီးပြီး ဒီလိုမိန်းကလေးကို မာမီက သနားနေရဦးမှာလား၊ ငဲ့ညှာနေရော လိုလို့လားဟင်"

ပြောရင်း ဒေါ်မမ နှလုံးသားတွေ နာကျင်လာသည်။ အသည်းနှလုံးတွေ မွမွကြေနေသည်။ အရက်စက်ဆုံးနည်းနဲ့ မိသားစုထဲ သားကြီး အခုလို ခွဲခွာသွားရတာဟာ ဒီမိန်းကလေးကြောင့်ဆိုသည့်အတွေး ရောက်လာတိုင်း မုံ့ကို သူသားသေသလို သေစေချင်သည်က ဒေါ်မမ အတွှ်ဖြစ်သည်။



"လိုတယ်မာမီ၊ မုံ့အခြေအနေက ပုံမှန်မဟုတ်ဘူး"

"ဒီ... ဒီ... ဒီ"

ဖုန်းသံမြည်လာသဖြင့် စကားမဆက်နိုင်ဘဲ နားထောင်လိုက်သည်။"

"ဟယ်လို"

"မောင်မိုးလား... ဒီကိုမြန်မြန်လာပါကွယ် ဒီမှာ မင်းကို ရှာမတွေ့လို့ဆိုပြီး မုံ တစ်ချိန်လုံးငိုနေတာ ဘယ်လိုမှ ချော့လို့ မရဘူး၊ ဒေါ်ကြီးလည်း ဘာဆက်လုပ်ရမှန်းမသိလို့ မင်းဆီကို ဖုန်းဆက်လိုက်ရတာ ဒေါ်ကြီးကို ခွင့်လွှတ်ပါကွယ်"

"ကျွန်တော် အခုလာခဲ့ပါမယ် ဒေါ်ကြီး"

သူပြောပြီး ဖုန်းကို ပိတ်လိုက်သည်။

"မင်း ဘယ်မှမသွားရဘူး မိုးကောင်းကင်"

မာမီ့အသံက တစ်တိုက်လုံး ဟိန်းသွားသည်။ သူ့ကို ကလေးတစ်ယောက်လို ချုပ်ချယ်ဖို့ ကြိုးစားနေသည့် မိခင်မျက်နှာကိုကြည့်ပြီး သူ သက်ပြင်းချလိုက်သည်။ သူ ဘယ်လိုပြောမှ ဒီကိစ္စကို နားလည်ခွင့်လွှတ်မှာပါလိမ့်မှာ စဉ်းစားပေမယ့် အဖြေမရ။

"ကျွန်တော် မသွားလို့မရဘူး မာမီ၊ ဟိုမှာ မုံ့အခြေအနေ တော်တော်ဆိုးနေပြီ"

"သူဘာသာ သေသွားတော့ ဘာဖြစ်လဲ၊ မင်းအလုပ်လား"

သူ မာမီ့ကို ဘာစကားမှ မပြောချင်တော့။ ပြောနေလို့လည်း ရမှာမဟုတ်သည့်အတူ မာမီ့ကိုနှုတ်ဆက်ပြီး မုံရှိသည့်ဆေးရုံကြီး ကားဖြင့် ထွက်ခဲ့သည်။

သူ မုံ့အခန်းထဲ ဝင်လိုက်သည်နှင့် မုံက မျက်ရည်အရွှဲသားနှင့် သူ့ဆီ တအားပြေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို”

မုံ့အသံက တမ်းတမ်းတတ။ အစ်ကိုဟု သူမ ခေါ်လိုက်သူက ကိုကိုမှန်း သိသည်။ ကိုကို့ကြောင့် မုံ့အသည်းနှလုံးတွေ ကွဲကြေကုန်၍ သူမကိုယ်သူမ ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ။ ဘာလုပ်လို့ လုပ်နေမှန်းမသိ ဖြစ်နေရှာသည့် ချစ်သူ။ သူ့ရင်ခွင်ထဲ ပြေးဝင်လာပြီး သူ့ကိုယ်ကြီးကို လွတ်ထွက်သွားမှာစိုးသည့်အလား ရှိသမျှအားလေးနှင့် သူချစ်သော အစ်ကိုကို မျက်ရည်တွေနှင့် ဖက်ထားသည့် မုံ့ကိုယ်လေးကို မိုးကောင်းကင် အလိုက်သင့် ပြန်ဖက်ထားရင်း မုံ့အဖြစ်ကို မကြည့်ရက်အောင် ဖြစ်နေသည်။

“ဘာဖြစ်လို့ ငိုနေရတာလဲ မုံ့ရယ်။ အခု မုံ့အနားမှာ ကိုယ်ရှိနေပြီလေ… မငိုနဲ့တော့နော်”

မုံ့ကို ချော့သည်။ အချိုသာ အနူးညံ့ဆုံး စကားတွေဆိုပြီး မုံ့ကို အကြင်နာအယုယဆုံး ထွေးပွေ့ကာ မုံ့ပါးပြင်ပေါ်က မျက်ရည်တွေကို အညင်သာဆုံး ဖယ်ရှားပေးသည်။ ဒေါ်ကြီးက သူဝင်လာကတည်းက အခန်းက ထွက်သွား၍ အခန်းထဲမှာ သူနှင့်မုံ့ နှစ်ယောက်တည်း ကျန်ခဲ့သည်။

“မုံ့”

“ဟင့်အင်း… ဟင့်အင်း”

မုံ့က သူဘာမှ မပြောသေးဘဲ ခေါင်းကို တွင်တွင်ခါသည်။ သူ့ကိုယ်ကြီးကို ပိုတိုးဖက်သည်။ မုံ့မျက်လုံးတွေ တစ်မျိုးဖြစ်နေသည်။ မျက်ဝန်းကြီးတွေက လည်နေသည်။ မိုးကောင်းကင်စိတ်ထဲ မုံ့ အခု ထက်ပိုပြီး အခြေအနေ ဆိုးလာမှာကို ကြောက်လာသည်။ မုံ့ကို ထိုသို့ အဖြစ်မခံနိုင်။ မုံ့ကိုယ်လေးကိုသာ ထိန်းပွေ့ပြီး အိပ်ရာမှာ အသာ ချသိပ်သည့်အထိ မုံ့က သူ့ကို မလွှတ်။



“မုံ့ကြောက်တယ်အစ်ကို၊ မုံ့ ကြောက်တယ်”

မုံ့ကိုယ်လေးက သူ့ရင်ခွင်ထဲမှာ တဆတ်ဆတ်တုန်နေသည်။ မုံ့ကိုယ်လေးကို အတင်းကျပ်ဆုံး ပွေ့ဖက်ထားရင်း မုံ့စိတ်တွေကို ပုံမှန် အတိုင်းပြန်ဖြစ်အောင် ကြိုးစားသည်။

“မုံ့အနားမှာ ကိုယ်ရှိတယ် မုံ့၊ သတိထားလေ…အစ်ကို့ကို မုံ့ချစ်တယ်ဆို သတိထားမှပေါ့၊ ဒီမှာ ကိုယ့်မျက်နှာကို သေချာကြည့်စမ်း အစ်ကို့ကို မုံ့ချစ်တယ် မဟုတ်လား”

“ချစ်တယ်… အစ်ကို့ကို မုံ့ချစ်တယ်”

သူမေးတာကို မုံ့ဖြေပေမယ့် မုံ့အကြည့်တွေက မှိန်ဖျော့ဝေသီနေသည်။ ဘာကိုမှ ကောင်းစွာ မမြင်တွေ့ရသည့် အကြည့်မျိုးဖြစ်သည်။

“အစ်ကို့ကိုချစ်ရင် မုံ့ ဒီဆေးလေးတော့ သောက်လိုက်နော် မုံ့က လိမ္မာပါတယ်… သောက်နော်”

“ဆေး”

“ဟုတ်တယ်… ဒီဆေးလေးသောက်လိုက်… ဟုတ်ပြီ… ဒီရေကို ကုန်အောင်သောက်”

မုံ့ကို သူကိုယ်တိုင် ဆေးတိုက်သည်။ မုံ့က သူပြောသည့်အတိုင်း သူတိုက်သည့်ဆေးကို သောက်ပေမယ့် သူ့လက်ကိုတော့ မလွှတ်။ မိုးကောင်းကင် လက်တစ်ဖက်ကို သူမလက်လေးတွေနှင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

“မျက်လုံးလေးမှိတ်ပြီး အိပ်ပျော်အောင် အိပ်လိုက်နော်”

“မုံ့အိပ်သွားရင် အစ်ကိုက ပျောက်သွားဦးမှာလား”

မျက်ရည်ပြည့်နေသည့် မျက်လုံးတွေနှင့် သူ့ကို မေးလိုက်သည့် မုံ့စကားက သူ့ရင်ကို ချွန်မြစွာ ထိုးဝင်သွားသည်။

“မပျောက်ပါဘူး မုံ့ရယ်၊ မုံ့အနားက ကိုယ်ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတော့မှာ မဟုတ်ဘူးလို့ ကိုယ်ကတိပေးပါတယ်… အိပ်နော်"

"မုံ့ကို အစ်ကို မညာရဘူးနော်"

"မညာပါဘူး မုံ့ရယ်၊ အိပ်နော်"

ဖြည်းဖြည်းခြင်း စေပိတ်သွားသည့် မုံ့မျက်ဝန်းအစုံကို ငေးကြည့်ရင်း မိုးကောင်းကင် နှလုံးသားတွေ နာကျင်နေသည်။ သိပ်မကြာလိုက်။ အသက်ရှူသံမှန်မှန်နှင့် မုံ့ နှစ်ခြိုက်စွာ အိပ်ပျော်သွားမှ မုံ့ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် သူ့လက်တစ်ဖက်ကို မုံ့လက်တွေကြားက အသာဆွဲယူလိုက်သည်။

သူ ဒီဘက်ကိုလှည့်လိုက်တော့ ဒေါ်ကြီးက သူနှင့်မုံ့ကို ငေးငေးကြီး ကြည့်နေသည်။ သူ့အကြည့်က အလွန်စိတ်မချမ်းသာဖြစ်နေသော ကြေကွဲဝမ်းနည်းသည့်အကြည့် ဖြစ်သည်။ မိုးကောင်းကင်ကို ဘာစကားမှ မပြောသော်လည်း စကားများစွာ ပြောနေဘိသကဲ့သို့ ထိုအကြည့်တစ်ချက်က အဓိပ္ပာယ်များစွာပါနေသည်။

"အခုဒေါ်ကြီးတို့ ဘာဆက်လုပ်ကြမလဲ မောင်မိုး"

ထိုအဖြေကို သူကိုယ်တိုင် သိချင်နေသည်။

မုံ့နှင့်ပတ်သက်ပြီး သူကိုယ်တိုင် ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိ။ ဒီကြားထဲက မာမီက တစ်မျိုး။ သူ့ကို မုံ့ထံ မသွားရ။ မုံ့နှင့် မပတ်သက်ရ ဆိုတာတွေပဲ မပြတ်ပြောနေသည်။

"မုံ့ ကျန်းမာတဲ့အထိ ကျွန်တော်တို့ စောင့်ကြတာပေါ့"

"မောင်မိုး ဒီကိုလာတာ မင်းမိဘတွေ သိရဲ့လားဟင်"

အဘွားကြီးက စိုးရိမ်စွာ မေးသည်။

မုံ့ကို ချွေးမအဖြစ် အသိအမှတ်မပြုသည့် မိသားစုထဲက မိုးကောင်းကင်တစ်ယောက်တည်း ဘယ်လိုအင်အားနှင့် ရောက်လာသည်ကို ဒေါ်ကြီးမသိ။ ဒေါ်ကြီးသိတာတော့ မုံ့ကို ဒီထက်ပိုပြီး မနာကျင်အောင် အထိခိုက်မခံရအောင် မုံ့ရှေ့ကရပ်ပြီး အသက်သေသေ ကာကွယ်စောင့်ရှောက်ရမည်ဆိုသော အသိတစ်ခုပဲရှိသည်။



"သိပါတယ်"

"မင်းလည်း ဆရာဝန်တစ်ယောက်ပဲ။ မုံ့လေးကို ဒေါ်ကြီးအနေနဲ့က ဒါ့ထက်ပိုပြီး မခံစား မနာကျင်စေချင်တော့ဘူး"

"ကျွန်တော်နားလည်ပါတယ်။ မုံ့ကို ဘယ်သူမှ လာမထိစေရဘူး။ မုံ့ရှေ့မှာ ကျွန်တော် အမြဲရှိနေမယ်ဆိုတာ ဒေါ်ကြီးယုံပါ"

တိကျခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ပြတ်သားစွာ သူဆိုလိုက်သည်။ မုံ့ဆိုတာ သူ့ဘဝ။ သူ့အသည်းနှလုံး။ သူအချစ်မြတ်နိုးဆုံး ချစ်သူ။ မုံ့ကို မာမီ တစ်ခုခုလုပ်တာနှင့် သူချစ်သော မုံ့လက်ကိုဆွဲပြီး မာမီနှင့် ဘယ်တော့မှ ပြန်မတွေ့နိုင်သည့် အဝေးဆုံးအရပ်ကို ထွက်သွားမည်ဟု ဆုံးဖြတ်ထားသည်။

"အစ်ကို"

အိပ်ပျော်နေရင်း ကိုကို့ကို တမ်းတနေသည့် အသံကို သူကြားလိုက်သည်။ အိပ်မက်ထဲမှာ မုံ့ချစ်သောအစ်ကိုနှင့် မုံ့တွေ့နေသည်လားမပြောတတ်။ မုံ့ထံမှ ရှိုက်ငိုသံသဲ့သဲ့နှင့်အတူ ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်များတွေကို မြင်လိုက်ရတော့ သူ မုံ့မျက်နှာကို စိုက်ကြည့် ရင်း နှုတ်ခမ်းအစုံကို တင်းတင်းဖိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မင်းကိုမင်းတော့ ဟုတ်လှပြီပေါ့ဟုတ်လား မိုးကောင်းကင်၊ မုံဆိုတဲ့မိန်းမနဲ့ မင်း ဖြစ်ချင်တိုင်းဖြစ်နေတဲ့ကိစ္စ အခု မင်းဘာပြောမလဲ… ပြောစမ်း"

ဒေါ်မမအသံက တစ်တိုက်လုံး ဟိန်းနေသည်။

သားဖြစ်သူကို ဤမျှ မိုက်မဲလိမ့်မည်ဟု မထင်ခဲ့။ ကိုယ့်အဆင့်အတန်းနှင့်ကိုယ် မိန်းမတစ်ယောက်ကို အချိန်မရွေး ခေါ်ငင်ခေါ်ယူလို့ ရနေသူဖြစ်ပါလျက်။ ဒေါ်မမ အလွန်ကြည့်မရအောင် မုန်းသည့် သူ့သားကိုသတ်သည့် မိန်းမနှင့်မှ ဖြစ်ရလေခြင်းဟု ယူကြုံးမရစိတ်နာကြည်းခံပြင်းစိတ်နှင့် မိုးကောင်းကင်မျက်နှာကို မီးပွင့်လုမတတ် မျက်လုံးများဖြင့် ဝင်းဝင်းတောက် ကြည့်လိုက်သည်။

"ဟုတ်ပါရဲ့ မိုးရယ်၊ မိုးအဆင့်အတန်း မိုးရုပ်နဲ့ ဒီလို အောက်တန်းစား မိန်းမကိုမှ…"

"မင်းပါးစပ်ကိုပိတ်ထား သင်ဇာ၊ မုံနဲ့ပတ်သက်ပြီး မင်း ဘာမှ ဝင်မပြောနဲ့ ဒီကိစ္စက မင်းကိစ္စ မဟုတ်ဘူး"



"အမယ်လေး… သင်ဇာက မိုးကို စေတနာနဲ့ ပြောတာပါနော်…"

"ဘာစေတနာလဲ၊ မင်းစေတနာကို ငါ မသိဘူး ထင်နေလို့လား"

မိုးကောင်းကင်စကားကြောင့် သင်ဇာ ပါးစပ်ပိတ်ပြီး နေရာကခြေဆောင့် ထွက်သွားသည်။ မုံ့ကို သတ်ပစ်ချင်လောက်အောင် မုန်းနေသည့် မိန်းမပါးစပ်က စေတနာစကားကို သူ့အတွက် ရွံမုန်းစရာဖြစ်သည်။

"မင်း သင်ဇာကို ရန်လုပ်နေစရာမလိုဘူး မိုးကောင်းကင်၊ ဒီနေ့ကစပြီး မင်း မုံ့အိမ်ကို လုံးဝ မသွားရဘူး… ဒါပဲ"

"မသွားလို့မရဘူး မာမီ၊ မုံက နေကောင်းတာ မဟုတ်ဘူး"

"သူ့ဘာသာ သေသွားလဲ အေးတာပဲ"

"မာမီ"

"မင်းဘာမှ မပြောနဲ့ မိုးကောင်းကင်၊ မတတ်သာလို့ သားတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရပေမယ့် နောက်ထပ် သားတစ်ယောက်ကို ဘာအတွက်နဲ့မှ မဆုံးရှုံးစေရဘူး နားလည်လား"

"မင်းဆေးရုံသွားရင် မာမီကိုယ်တိုင်လိုက်ပို့မယ် မာမီကိုယ်တိုင် ကြိုမယ်"

မိုးကောင်းကင် မာမီ့ကို စိတ်ပျက်စွာ ကြည့်သည်။ ဘယ်အချိန်ဖြစ်ဖြစ် မာမီက သူ့ပုံစံအတိုင်း ဘာတစ်ခုမှ မပြောင်းလဲ။ ဘယ်တော့မှလည်း ပြောင်းလဲမည့်သူ မဟုတ်သဖြင့် သူနှင့် မာမီ့ကိစ္စ ဒီအတိုင်းငြိမ်ခံနေလို့ မဖြစ်မှန်း သူသိသည်။

"ကျွန်တော် ကလေးတစ်ယောက် မဟုတ်တော့ပါဘူး မာမီ၊ လူကြီးတစ်ယောက်၊ ဆရာဝန်တစ်ယောက် ဖြစ်နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာသာ သမ္မတကြီးဖြစ်တော့ရော ဘာဖြစ်သလဲ မိုးကောင်းကင်၊ မင်းဟာ မာမီမွေးထားတဲ့ မာမီ့အတွက်တော့ မင်းဟာ ဘယ်တော့မှ အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ထက် ဘာမှ မပိုဘူး နားလည်လား"

သူ နားလည်ပါသည်။ မာမီ ပြောတာကိုလည်း သူ မငြင်းပါ။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဘယ်လို အသက်အရွယ်ပဲ ရောက်ရောက် မိုးကောင်းကင်ဆိုတာ မာမီ့သား။ မာမီ့ရင်က လွယ်မွေးလိုက်သော ကလေးလေးပါ။ ဒါပေမယ့် မာမီ့ရဲ့ကလေး မာမီမွေးထုတ်လိုက်သည့် သားမှာ အသည်းနှလုံးရှိသည်။ ခံစားချက်ရှိသည်။ ကိုယ်ပိုင် ဆုံးဖြတ်ချက် ရှိသည်။ ပြီးတော့ သူ့အသက်အရွယ် သူ့အနေအထားက သူ ဘာလုပ်သင့်သည်၊ ဘာလုပ်ရမည်ဆိုတာကို ကိုယ်တိုင်ဆုံးဖြတ်နိုင်သည့် အရွယ်ဆိုတာ မာမီ မေ့နေပုံရသည်။

"မာမီက ကျွန်တော့်ကို ဘာဖြစ်စေချင်လို့လဲ၊ မာမီ့စကား နားမထောင်တဲ့ သားဆိုးသားမိုက်တစ်ယောက် ဖြစ်စေချင်လို့လား"

"အဲဒါတွေက မာမီက မင်းကိုဖြစ်စေချင်နေတာ မဟုတ်ဘူး မိုးကောင်းကင်၊ မင်းဘာသာမင်းဖြစ်နေတာ၊ မင်းဖြစ်ချင်တဲ့ဘ၀ကို မင်းဘာသာမင်း ရွေးချယ်နေတာ မာမီနဲ့ ဘာမှမဆိုင်ဘူး"

"ဆိုင်တယ် မာမီ၊ မာမီ ဖြစ်စေချင်သလို ကျွန်တော့်ဘက်က လိုက်မဖြစ်ပေးနိုင်တာ မာမီသိရက်နဲ့ ကျွန်တော် မလုပ်နိုင်တဲ့အလုပ်ကို မာမီလုပ်ခိုင်းနေတာ ကျွန်တော့်ကို မိဘစကားနားမထောင်တဲ့ သားဆိုး သားမိုက် ဖြစ်စေချင်လို့ပဲ မဟုတ်ဘူးလား"

"မင်းပြောတာမှန်တယ် ညီလေး၊ မင်းလုပ်နိုင်တဲ့အလုပ်ကိုပဲ လုပ်၊ မင်းမလုပ်နိုင်တဲ့အလုပ်ကို ဘာတစ်ခုမှမလုပ်နဲ့ နားလည်လား"

"ကိုလတ်"



မာမီနှင့် မိုးကောင်းကင် စကားဝိုင်းထဲကို မူးမူးရူးရူးနှင့် ဝင်လာသူက လကောင်းကင် ဖြစ်သည်။ ဘယ်အချိန်က သောက်နေမှန်း မသိ။ သူတို့နားရောက်တော့ တော်တော်မူးနေပြီဖြစ်သည်။ လကောင်းကင်ကို မြင်လိုက်ရတော့ ဒေါ်မမ မျက်နှာပျက်သွားသည်။ ဘယ်အချိန်တည်းက အရက်သမား ဖြစ်နေမှန်းမသိသည့် သားလတ်က သင်ဇာနှင့်သာ လက်ထပ်လိုက်သည်။ ဒေါ်မမဖြစ်စေချင်သလို ဘာတစ်ခုမှ မဖြစ်။ သင်ဇာကလည်း သားသမီးမရနိုင်သည့် ယောကျ်ားမှန်းသိပြီးကတည်းက လကောင်းကင်ကို အရေးပင် မစိုက်။ သူဘာသာ ပျော်သလိုနေသည်။ သွားချင်သည့်အချိန်သွား၊ ပြန်ချင်သည့်အချိန်မှ ပြန်သည်။ လကောင်းကင်ကို ဘာတစ်ခုမှ လုပ်မပေး။ အားလုံးကို အိမ်ဖော်တွေနှင့် လွှတ်ထားသည်။

လကောင်းကင်ကလည်း ဂရုမစိုက်။ အစကတည်းက သင်ဇာ့ အပေါ်မှာ မေတ္တာရှိသူ မဟုတ်။ မာမီ့ကို မလွန်ဆန်နိုင်တာနှင့် အစ်ကိုနှင့် လက်မထပ်ဖြစ်သည့် မရီးလောင်းကို သူက ဘုမသိဘမသိ လက်ထပ် လိုက်သည့် သူ့ဘ၀ သူနာကြည်းနေသူဖြစ်သည်။ မာမီ ဖြစ်စေချင်သည့်အတိုင်း သင်ဇာက ကောင်းကင်ကမ္ဘာကချွေးမ ဖြစ်လာသည်။ နှစ်ဦးနှစ်ဘက် ပိုချမ်းသာလာသည်။ ပိုပြီး ဩဇာအာဏာ ရှိလာသည်။ ဂုဏ်သတင်း ပိုကြီးသွားသည်။ ဆွေမျိုးအင်အား တောင့် တင်းလာသည်။ တစ်နေ့တစ်မျိုး မရိုးရအောင် ညစ်ခံပွဲ အမျိုးမျိုး တက်ရသည့် ဂုဏ်သရေရှိ လူကြီးလူကောင်း။ လူ့အထက်လူ။ အသိုင်း အဝိုင်း အကောင်းဆုံး ဆွေမျိုးစုကြီး ဖြစ်လာပေမယ့် ကာယကံရှင် တွေကတော့ ဘယ်သူမှ မပျော်။ ဘယ်သူမှလည်း စိတ်မချမ်းသာ။ ဒါပေမယ့် ဘယ်သူမှ ကွာရှင်းစကား မပြော။ လူအများရှေ့မှာ တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်သော အလွန်ဂရုစိုက်သော

www.burmeseclassic.com

www.burmeseclassic.com



လင်မယားအဖြစ် အပြုံးအရယ် မပျက်။ အသွားအလာ မပျက်။ အမူအယာ မပျက်။

ပြီးမှ သူလည်း သူလုပ်ချင်တာလုပ်။ ကိုယ်လည်း ကိုယ်လုပ်ချင်တာလုပ်ပြီး ပျော်သလိုနေကြသည်။ တစ်ယောက်ကိုတစ်ယောက် မထိခိုက်၊ မနစ်နာလျှင်ပြီးရော။ ကိုယ့်လွတ်လပ်ခွင့်နှင့်ကိုယ်။ ဆိုသည်က လကောင်းကင်၏ဘဝ။ လကောင်းကင်၏ လက်ရှိအနေအထား ဖြစ်သည်။

"မင်း အရက်မူးနေရင်လည်း ကိုယ့်အခန်း ကိုယ်ပြန်အိပ်တော့ လကောင်းကင်"

ဒေါ်မမအသံက သဘောမကျသည့်အသံ ဖြစ်သည်။ မိုးကောင်းကင်ကို သူ ဆုံးမနေချိန်မှာ မူးမူးရူးရူးနှင့် ရောက်လာသည့် သားလတ်ကိုလည်း ကြည့်မရ။ မိုးကောင်းကင်က မူးရူးနေသည့် အစ်ကိုဖြစ်သူကို ကြည့်ပြီး စိတ်မချမ်းသာ ဖြစ်သွားသည့်မျက်နှာနှင့် မာမီမျက်နှာကို လှမ်းကြည့်သည်။

"ကျွန်တော် သွားတော့မယ် မာမီ"

"မင်းက မာမီပြောတဲ့အတိုင်းမလုပ်ပေမယ့် မာမီကတော့ [illegible] ပြောပြီးရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်နော် မိုးကောင်းကင်"

မာမီပြောရင် ပြောသည့်အတိုင်းလုပ်တတ်တာကို သူသိသည်။ မာမီ မသိသေးတာက မာမီ့သွေးက မွေးလာတဲ့ မာမီ့သားဆိုတဲ့ မိုးကောင်းကင်ကိုယ်တိုင်က အမေလို ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သည်ဆိုတာကို ဖြစ်သည်။

"ကျွန်တော်ဟာ မာမီ့သားပါ၊ မာမီ့လိုပဲ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တဲ့သူပါ"

"မင်းက အမေကို ဒီစကားနဲ့ ခြိမ်းခြောက်တာလား မိုးကောင်း



ကင်"

သူ့စကားနှင့်သူ ပြန်ပြောခံလိုက်ရ၍ ဒေါ်မမ ဒေါသတွေ ပေါက်ကွဲသွားသည်။

"မာမီကြိုက်သလိုထင်ပါ၊ ဒါပေမယ့် ကျွန်တော့် ခန္ဓာကိုယ်ထဲ မာမီ့သွေးတွေ စီးဆင်းနေတယ်ဆိုတာ မာမီသိအောင် ပြောပြတာပါ။ ကျွန်တော် သွားတော့မယ်"

"မိုးကောင်းကင်... မင်းကို ဟိုမိန်းမဆီ မသွားရဘူးလို့ မာမီ ပြောနေတယ်နော်"

နောက်ပါးဆီက ထွက်ပေါ်လာသည့် မာမီ့အသံက မိုးထစ်ချုန်းသံကဲ့သို့ မိုးကောင်းကင်နောက်က ပါလာပေမယ့် သူ ဂရုမစိုက်တော့။ ကားကို မုံရှိရာသို့ ဦးတည်လိုက်သည်။ ဒီနေ့ မုံ့ကိုယ်ဝန်ကို အိုဂျီဆရာမနှင့် ပြရမည့်နေ့ဖြစ်သည်။ သူထင်သည့်အတိုင်း မုံက ပန်းနုရောင် ဗိုက်ဖုံးအင်္ကျီလှလှလေးဝတ်ပြီး မိုးကောင်းကင်အလာကို ခြံထဲဆင်းကြိုနေသည်။ သူ့ကားကိုမြင်တာနှင့် ခလုတ်တိုက်မတတ် လျှောက်လာ၍ သူ မျက်လုံးပြူးသွားကာ ကားကို နေရာမှာ အမြန်ထိုးရပ်ပြီး မုံရှိရာ ဆင်းပြေးသွားသည်။

"ဟိတ်... ဗိုက်ထဲမှာ ကလေးလေး ရှိတယ်ကွ၊ ဘာဖြစ်လို့ ခဆင်မခြင် ပြေးချင်လွှားချင်နေရတာတုန်း"

"အစ်ကို နောက်ကျပြီးမှ ရောက်လာတာကို စိတ်ဆိုးလို့ ဒေါသဖြစ်လို့ပေါ့"

သူ့ထံ လှပစွာ ရောက်လာသည့် မျက်စောင်းတစ်ခုနှင့်အတူ သူမ ခါးတုတ်တုတ်လေးပေါ် လက်နှစ်ဖက်ထောက်ပြီး မိုးကောင်းကင်ကို ခပ်စွာစွာလေး ရန်တွေ့လိုက်ပုံက သူ့အသည်းထဲ စွဲသွားသည်။

"လမ်းမှာ ကားကျပ်နေလို့ခင်ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဟုတ်လို့လား… မံုမသိဘဲ တခြားတစ်ယောက်ဆီ သွားနေတာဆိုရင်တော့ မံုက ကိုယ့်အသက်ကိုယ်နှမြောနေမှာ မဟုတ်ဘူးနော်၊ တစ်ခါတည်း ကိုယ့်ကိုကိုယ် အဆုံးစီရင်ပစ်လိုက်မှာ"

"အမယ်လေးဗျာ… ဖွဟဲ့လွဲပါစေဖယ်ပါစေ… နိမိတ်မရှိတဲ့ စကားတွေ မပြောစမ်းပါနဲ့မံုရယ်၊ ကြားရတာနဲ့တင် ရင်တုန်လိုက်တာ ကိုယ့်မှာ တခြားတစ်ယောက်လည်း မရှိဘူး၊ တခြားဘယ်မှလည်း သွားစရာ မရှိပါဘူးဗျာ၊ ဒီတစ်ယောက်နဲ့တင် လူက ရူးချင်နေတာပါ"

"ဒါဖြင့် မံု့ကို ချစ်သလားပြော"

"ချစ်တယ်"

"သိပ်ချစ်တယ်၊ မံု့ကိုတင်ချစ်တာ မဟုတ်ဘူး၊ ဟောဒီက မံု့ဗိုက်ထဲက သားသားလေးကိုပါ သိပ်သိပ်ချစ်တယ်၊ ကဲ… ကျေနပ်ပြီလား"

"အင်း"

"ဘယ်သွားမလို့လဲ အစ်ကို"

"မံု့ဗိုက်ထဲက သားသားလေးကို ဆေးခန်းပြမလို့"

"အရင်က အစ်ကိုလိုချင်တာ သမီးလေးနော်၊ အခု အစ်ကို သမီးလေး မလိုချင်တော့ဘူးလားဟင်"

မံုက သူ့မျက်နှာကိုကြည့်ပြီး အကဲခတ်သလို မေးသည်။ ကိုကို နေကောင်းကင်က သူ့ရင်သွေးလေးကို သမီးလေးဖြစ်စေချင်တာ သိလိုက်ရ၍ အစ်ကိုဖြစ်သူကို သတိရစိတ်နှင့် လှိုက်ခနဲ ဝမ်းနည်းသွားသည်။ သူ့နေရာမှာ ကိုကိုသာဆိုရင် သူချစ်တဲ့မိန်း၊ သူချစ်တဲ့ သမီးလေးနဲ့ ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ပျော်ရွှင်စရာ မိသားစုလေးကို ပိုင်ဆိုင်ခွင့် မရလိုက်ရှာသည့် အဖြစ်ကိုတော့ တွေးမိတိုင်း သူ ရင်နာသည်။



"သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် သူဟာ အစ်ကိုတို့ ရင်သွေးပါ မံုရယ် ဘာဖြစ်ဖြစ် အစ်ကိုက ချစ်မှာပါ"

မိုးကောင်းကင်အစ်ကိုဟု ရည်ညွှန်းပြောနေသူက သူ့ကိုယ်သူ မဟုတ်ပါ။ သူ့အစ်ကို ကိုကိုနေကောင်းကင်ကို မံုခေါ်သည့်အတိုင်း အစ်ကိုဟုခေါ်ပြီး ကိုကိုနေကောင်းကင်ကို ရည်ညွှန်း၍ ပြောနေခြင်းဖြစ်ကြောင်း သူသာ သိသည်။ မံုကတော့ အစ်ကိုဟု မိုးကောင်းကင် ပြောတိုင်း သူမအစ်ကိုဟုသာ ထင်သည်။ သူမအစ်ကို ပြောနေခြင်းဟု သာ နားလည်သည်။ မံု့ဘဝထဲမှာ မံုချစ်သည့်အစ်ကိုကလည်း ဘယ်တော့မသေ။ အမြဲရှင်သန်နေသည့် သက်ရှိလူသားတစ်ယောက် ဖြစ်နေသည်။ ဒါပေမယ့် သူမအစ်ကိုဟု သိထားသူက သူမရဲ့ အစ်ကိုအစစ် မဟုတ်။ သူမ အစ်ကိုဟု ထင်နေသူက တခြားတစ်ယောက်ဖြစ်နေ၍ သူမအစ်ကို နေကောင်းကင်နှင့် အရာရာတိုင်းမှာ တစ်ထပ်တည်း မတူတာတွေလည်း ရှိသည်။ ဒါကို တခြားသူတွေ သတိထားမိခြင်းမှ ထားမိမှ ဖြစ်ပေမယ့် မံုကတော့ သူမချစ်သော အစ်ကိုတစ်ယောက် အရင်ကနှင့် မတူတော့တာကို သတိထားမိနေရှာပါသည်။

အရင်အစ်ကိုက ကော်ဖီခါးခါးမှ သောက်တတ်ပေမယ့် အခု အစ်ကိုက ကော်ဖီကို ချိုစိမ့်စိမ့်လေး သောက်တတ်သည့် အစ်ကို ဖြစ်နေသည်။ အရင်အစ်ကိုက မံု့လက်ရာ ကြက်သားရိုစ့်ကို ကြိုက်ပေမယ့် ဒီအစ်ကိုက ကြက်သားကြော်ကိုမှ ကြိုက်သည့်အစ်ကို။ အရင်က မံု့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ချစ်မဝ။ နမ်းမဝ။ အမြဲရင်ခွင်ထဲမှာ ထားသည့်အစ်ကိုက အခုတော့ မံု့မျက်နှာကို စူးစူးစိုက်စိုက် ခဏသာ ကြည့်သည်။ မံု့ကိုလည်း အရင်လို မနမ်းတော့။ အရင်လိုလည်း မချစ်တော့။ ရင်ခွင်ထဲမှာ အမြဲ ထွေးပွေ့ထားသော အစ်ကို မဟုတ်တော့သည့် တခြားအစ်ကိုတစ်ယောက် ဖြစ်နေသည့်အတွက် မံု့ နှလုံး

www.burmeseclassic.com

www.burmeseclassic.com



သားတွေ နာကျင်နေသည်။ မုံတစ်ယောက်တည်း ကျိတ်ပြီး ဝမ်းနည်းကြေကွဲနေရသည်။

ဘာဖြစ်လို့ အစ်ကို ဒီလိုဖြစ်သွားသည်ကို မုံ မသိ။ မုံ သိတာက မုံ့ကို အရင်လို မချစ်တော့ဘူးဆိုတာဘဲ ဖြစ်သည်။ မုံ့ကို ဂရုစိုက်ပါသည်။ ကြင်နာပါသည်။ ယုယပါသည်။ သို့သော် အစ်ကို့အကြင်နာ အယုအယတွေထဲမှာ လှိုက်လှဲတာ မရှိ။ မဖြစ်မနေ ဝတ်ကျေတန်းကျေ သဘောမျိုးဖြစ်ကာ မုံ့အပေါ် အစ်ကိုဆက်ဆံပုံက သူစိမ်းဆန်နေတာ တွေးမိတိုင်း မုံတစ်ယောက်တည်း ကျိတ်မျက်ရည်ကျရသည်။ နောက်ဆုံး မုံတွေးမိတာက အစ်ကို့မှာ မုံ့အပြင် နောက်တစ်ယောက် ရှိနေပြီ ဆိုသည့်အတွေး။ ဒါကြောင့်သာ မုံ့ကို အစ်ကို မချစ်တော့တာ။ မုံ့အပေါ် မကြင်နာတော့တာဟု မုံ တွေးသည်။

စဉ်းစားသည်။

မုံ့ကို အစ်ကို အရင်လိုမချစ်တော့ဟု တွေးမိတိုင်း မုံ ရင်နာသည်။ အသည်းနှလုံးတွေ ကွဲကြေမတတ် ခံစားရသည်။ သူကိုသူ ဘာဖြစ်လို့ဖြစ်မှန်း မသိရသည့် မုံက သူမ အစ်ကိုဟုထင်ထားသော မိုးကောင်းကင်နှင့် သူမချစ်သော အစ်ကိုတို့၏ ကွဲပြားခြားနားသွားပုံကို တွေးရင်း တိတ်တိတ်လေး ဝမ်းနည်းနေသည်။ တစ်ယောက်တည်း ကျိတ်မျက်ရည်ကျသည်။

ညညဆို မုံ့နားမှာ အစ်ကို မရှိ။ အိပ်ရာပေါ်က ပျောက်သွားသည့် အစ်ကို့ကို ထိတ်လန့်ချောက်ချားစိတ်တွေနှင့် တစ်ယောက်တည်း မျက်ရည် ဖြိုင်ဖြိုင်ကျရင်း အိမ်အနှံ့ လိုက်ရှာသည်။ ဘယ်မှာမှ မတွေ့။ တစ်ခါလည်း မဟုတ်။ နှစ်ခါလည်း မဟုတ်။ နောက်တော့မှ မုံ အိပ်ပြီဆိုတာနှင့် အပြင်ထွက်သွားသည့် အစ်ကို့ကို မုံ တွေ့ရလေမှ မုံ့အသည်းနှလုံးတွေ မီးနယ်လောင်မြိုက်ခြင်းဝေဒနာကို ပြင်းစွာ



ခံစားခဲ့ရ သည်။

ညကြီးအချိန်မတော် အစ်ကိုအလွန်ချစ်သော ဖနီးနှင့် အစ်ကို့ရင်သွေးလေးကိုထားကာ အစ်ကို ဘယ်သွားသနည်း။ မုံ မသိ။ သိလည်း မသိချင်၍ မေးလည်း မမေးရဲ။ အစ်ကို့နှုတ်ဖျားက မုံ မကြားချင်သည့် စကားတစ်ခုခုကို ပြောလိုက်မှာ မုံ အသက်သေရမှာထက် ပိုကြောက်သည်။ မနက်လင်းမှ အစ်ကို့ကို မုံ့အိပ်ရာမှာ တွေ့ရပေမယ့် မုံ အစ်ကို့ကို ဘာမှ မပြောမိအောင် ကြိုးစားပြီးနေသည်။ အစ်ကို စိတ်ချမ်းသာလျှင် မုံလည်း စိတ်ချမ်းသာရမည်။ မုံ့တို့သားအမိကို အစ်ကို ရက်ရက်စက်စက် ထားမသွားလျှင်တော်ပြီဟု မုံ့ကိုမုံ ဖြေသိမ့်သည်။ အစ်ကို မသိစေချင်သည့်ကိစ္စကို မုံက မသိသလို နေပေးခြင်းကသာ မုံ့နားက အစ်ကို ထွက်မသွားနိုင်မှာဟု မုံ သိထားသည့်ဉာဏ်လေးနှင့် မမီမကမ်းတွေးရင်း ကျိတ်ငိုနေရသည့်မုံ။

အစ်ကိုကတော့ သူလုပ်နေတာတွေ မုံ မသိဘူးဟုထင်ပြီး မုံ့ကို သိမ်ညာလှည့်စားနေသည်။ မုံ့ရှေ့မှာ ပြုံးရွှင်ရယ်မောနေသည်။ အစ်ကို့နှလုံးသား အစစ်အမှန်ထဲမှာ မုံနှင့်သားလေး မရှိတော့။ အရင်အစ်ကိုဆိုရင် မုံ့သားလေးဟုပြောလျှင် အစ်ကိုက မုံနှင့်တူသည့်သမီးလေးဟု ပြောနိုင်လုရမှ ကျေနပ်သည့် အစ်ကို။ အခု အစ်ကိုကတော့ မုံ ဘာလေးမွေးမွေး စိတ်မဝင်စား။ ဂရုမစိုက်သည့်အစ်ကို ဖြစ်ပြီကော။

"ဘာတွေစဉ်းစားနေတာလဲမုံ"

"အစ်ကို့အကြောင်း"

"ဟုတ်လား၊ အစ်ကို့အကြောင်း ဘာတွေစဉ်းစားနေတာလဲ ပြောပါဦး"

"အစ်ကိုက အရင်က မုံ့ကို သိပ်ချစ်၊ သိပ်မြတ်နိုးခဲ့တဲ့ အစ်ကိုနဲ့ တူတော့ဘဲ အများကြီး ပြောင်းလဲသွားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မုံ့အသံက ကြေကွဲဝမ်းနည်းမှုတွေ၊ နာကျင်ခံစားရတာတွေနှင့် တုန်ယင်ကာ ငိုသံထွက်နေသော အသံတိုးတိုးလေးဖြစ်ပေမယ့် မိုးကောင်းကင် နားထဲမှာ ကိုကို နေကောင်းကင်နှင့် မိုးကောင်းကင် ဆိုသည့် သူ့ကို စတင် ခွဲခြားမှတ်မိစပြုလာသည့် မုံ့အသိစိတ်၊ မုံ့အာရုံ တိုးတက်လာမှုအတွက် ဆရာဝန်အသိဖြင့် ဝမ်းသာသွားသည်။

"ဆက်ပြောပါဦး မုံ၊ အစ်ကိုနဲ့ပတ်သက်ပြီး မုံ့စိတ်ထဲမှာ ဘာတွေ မတူတာရှိသေးလဲဆိုတာ ကိုယ့်ကို ပြောပြပါဦး"

ဆရာဝန်တစ်ယောက်က လူမမာတစ်ယောက်၏ ရောဂါ အခြေအနေကို စိတ်ဝင်စားစွာမေးသော မေးခွန်းမျိုးဖြစ်သော်လည်း မုံ အသည်းနှစ်အောင်ချစ်သော အစ်ကိုကိုယ်တိုင်က သူ့အပြောင်းလဲ သူ မသိသလို။ သူ့မှာ ဘာအပြစ်မှမရှိသလို မေးနေသည့် မေးခွန်းအဖြစ် မုံ့က အစ်ကိုဟုထင်နေသော မိုးကောင်းကင်မျက်နှာကို အသည်းနာစွာ ကြည့်သည်။

"အစ်ကို ဘာတွေပြောင်းလဲနေတယ်၊ ဘယ်လိုဖြစ်နေတယ် ဆိုတာ အစ်ကို့ကိုယ်အစ်ကို မသိဘူးပေါ့ ဟုတ်လား"

"မုံ ပြောပြတာနားထောင်တာ ပိုသိမယ်ထင်လို့ပါ၊ ကိုယ့်ကို ကိုယ်တော့ ဘာမှ မပြောင်းလဲဘူးလို့ ထင်တာပဲ"

"မပြောင်းလဲဘူးဟုတ်လား…"

မုံ့ပါးပြင်ပေါ်က မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာတာ မြင်တော့ မိုးကောင်းကင် မုံ့အတွက် စိုးရိမ်သွားကာ လူရှင်းသည့် လမ်းဘေးတစ်နေရာမှာ သူ့ကားကို ထိုးရပ်လိုက်သည်။

"မငိုနဲ့လေ မုံ၊ ဘာဖြစ်လို့ ဒီလောက်ကြီးငိုနေတာလဲကွ၊ တော်ကြာ ခေါင်းတွေ ကိုက်ကုန်တော့မှာပဲ"

"မုံ သေသွားတာ အစ်ကို့အတွက် ပိုလွတ်လပ်သွားတာပေါ့"



"ဟာ… ကိုယ့်ကို ဘယ်လိုစကားတွေပြောလိုက်တာလဲ မုံရယ်၊ မုံ မကြိုက်တာ ကိုယ်ဘာတွေ လုပ်မိလို့လဲ"

"မုံ့ကိုညာဖို့ ကြိုးစားမနေပါနဲ့ အစ်ကိုရယ်၊ အစ်ကို ညည မုံ့အနားမှာမနေဘဲ ကားနဲ့ ထွက်သွားတာ မုံ မသိဘူးထင်လို့လား… ပြီးတော့ မိုးလင်းမှ မုံ့နားကို အစ်ကို ဝင်အိပ်တာကိုရော မုံက မသိဘဲ နေပါ့မလား…"

"မဟုတ်ဘူး မုံ၊ မုံ နားလည်အောင် ကိုယ်ရှင်းပြမယ်"

"အိုး… ဘာမှ ရှင်းပြနေစရာမလိုဘူး၊ အစ်ကို့မှာ မုံ့အပြင် တခြားတစ်ယောက်ရှိတာ မုံသိတယ်၊ ဒါကြောင့် မုံ့အစ်ကိုဟာ မုံ့ကို အရင်လို မချစ်တော့တာ မုံ့အပေါ်မှာ ရက်စက်စိမ်းကားနေတာ"

မုံက ငိုသည်။ သည်းသည်းထန်ထန် ငိုခြင်း ဖြစ်သည်။ မုံ ပြောတာတွေအားလုံး မှန်သလို၊ အားလုံးလည်း မှားနေတာကို မုံ နားလည်အောင် သူ ဘယ်လိုရှင်းပြရမှန်း မသိ။

"မငိုပါနဲ့ မုံရယ်၊ မုံ့ကို ကိုယ် သိပ်ချစ်တယ် မုံပြောသလို ကိုယ့်မှာ နောက်တစ်ယောက်လည်း မရှိဘူး၊ မုံ့ကို မချစ်တော့လို့ မုံ့အပေါ်မှာ ရက်စက်စိမ်းကားနေတာလည်း မဟုတ်ဘူး…"

"မပြောနဲ့၊ မုံ ဘာမှ မကြားချင်ဘူး၊ မုံသိတာက အစ်ကို အရင်လို မုံ့ကို မချစ်တော့ဘူးဆိုတာပဲ"

ပြောရင်း ငိုသည်။

မင်းလေး ဘာမှမသိပါလား မုံရယ်။

မင်းကိုယ်မင်း ဘာဖြစ်လို့ ဖြစ်နေမှန်းမသိတဲ့ မုံ့ကို ကိုယ်ကိုယ်တိုင် မင်းကို ဘယ်လောက်ချစ်ကြောင်း၊ ဘယ်လောက်မြတ်နိုးကြောင်း ပြောပြလို့ရော နားလည်နိုင်မှာလား အချစ်ရယ်။

မင်းချစ်နေတာ ကို့ကိုမဟုတ်ဘူး မုံ။

www.burmeseclassic.com

www.burmeseclassic.com



မင်းချစ်နေတာ ကိုကို့ကို။

အခု မင်းပြောနေတဲ့စကားတွေကလည်း ကိုကို့ကို ပြောနေတဲ့ စကားတွေ။

မင်းကိုယ်တိုင် ကိုကိုနေကောင်းကင်လို့ ထင်နေတဲ့လူက မင်းကို ကိုကိုချစ်သလို သိပ်ချစ်နေတဲ့ ကိုကို့ညီ မိုးကောင်းကင်ဆိုတာ မင်း ဘယ်လိုသိနိုင်မှာလဲ။

မင်း ဘယ်လိုနားလည်နိုင်မှလဲ မုံ့ရယ်။

"မုံ့ကို ကိုယ်ချစ်တယ်"

"သိပ်ချစ်ပါတယ် မုံ့ရယ်"

လှိုက်လှဲစွာသော နှလုံးသားက ထွက်ပေါ်လာသော ချစ်ခြင်း အနက်ရှိုင်းဆုံးသော မေတ္တာတရားတို့ဖြင့် မုံ့ကို သူ့အသက်မျှ ချစ်ကြောင်း မြတ်နိုးကြောင်း ပြောနေပေမယ့် မုံ့က လက်မခံ။

"အစ်ကို ညာတာ... အစ်ကို လိမ်နေတာ"

"ကို မုံ့ကို မလိမ်ပါဘူးအချစ်ရယ်"

"ကိုယ့်လောက် ကိုယ့်ရဲ့အသက်လောက် မုံ့ကို ချစ်နိုင်တဲ့သူ မရှိပါဘူး၊ မုံ့ကို ကိုယ်ချစ်တယ်ဆိုတာ ယုံပါကွယ်"

"မုံ့ကို ကိုယ်ချစ်တယ်"

"ဒါဖြင့် ဘာလို့ အစ်ကို မုံ့နားက ညတိုင်း ထွက်သွားရတာလဲ၊ ဘာဖြစ်လို့ မုံ့ကို အရင်လို မနမ်းတော့တာလဲ၊ ဘာဖြစ်လို့ မုံ့ကို အရင်လို မချစ်တော့တာလဲ အစ်ကိုရယ်"

"အစ်ကိုစိတ်ဆိုးအောင် မုံ့ ဘာတွေလုပ်ခဲ့မိလို့လဲ၊ ဘာဖြစ်လို့ မုံ့အပေါ် ဒီလောက် သူစိမ်းဆန်ချင်ရတာလဲ၊ မုံ့အပေါ်မှာ ဘာလို့ အစ်ကို ရက်စက်ရတာလဲ"

မုံ့ဆီက စွဲချက်တွေက တစ်ခုပြီးတစ်ခု။



သူ တစ်ခုမှ မဖြေရှင်းနိုင်။ မုံ့နားလည်လက်ခံလာအောင် သူ ဘာမှမပြောနိုင်။ မျက်ရည်တွေနှင့် မုံ့မျက်နှာလှလှလေးကိုသာ ဘယ်လို စကားမှမဆိုနိုင်အောင် သူ့နှုတ်ခမ်းအစုံဖြင့် မညှာမတာ ဖိကပ်နမ်းပစ် လိုက်သည်သာ သူ့ထံ နောက်ဆုံးအဖြေအဖြစ် ပြောင်းလဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

သူ့လက်ထဲက ပြောင်းရွှေ့စာလေးကို ဘယ်နှကြိမ်မြောက်မှန်း မသိသော ကြည့်ခြင်းဖြင့် မိုးကောင်းကင် ကြည့်လိုက်သည်။ အလုပ်တာဝန်ဖြင့် ကလောခေးရုံကို သူ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဆိုလျှင် သူ မုံ့တို့သားအမိကို ဘယ်လိုထားခဲ့ရမည်နည်း။ လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာကိုထည့်ပြီး သူ အကြာကြီး ငြိမ်နေသည်။ သူမရှိလျှင် မုံ ဘာတွေဖြစ်မည်ကို သူ သိသည်။ မုံက သူပျောက်သွားလျှင် နေမည့်သူ မဟုတ်သလို မိုးကောင်းကင် ကိုယ်တိုင်ကလည်း အခုလိုပုံစံ၊ အခုလို အနေအထားနှင့် မုံ့ကို သူသွားသည့်နေရာကို ခေါ်သွားလို့မဖြစ်။ မုံ့ကို အလုပ်တာဝန်ပြောင်းရမည်။ မုံခေါ်ကြိမ်းနေခဲ့ပါဟုဆိုရင်လည်း သူ့ စကားကို နားထောင်ပြီး ငြိမ်နေမှာ မဟုတ်။

ကို ဘာလုပ်ရမလဲ မုံရယ်။

မုံ့ကို သူနှင့်အတူခေါ်သွားလျှင် မာမီနှင့် ရင်ဆိုင်ရမည့် ပြဿနာက ရှိသေးသည်။ ထားပစ်ခဲ့လို့လည်း မဖြစ်။ ခေါ်သွားလို့လည်း မရနှင့် ခေါင်းပူအောင် စဉ်းစားနေတုန်း သူ့နားကို မုံ ရောက်လာသည်။



"အစ်ကို"

"ဘာလဲမုံ"

"ဒီမှာကြည့်"

မုံက သူ့လက်တစ်ဖက်ကို ဆွဲယူပြီး သူ့ဗိုက်မှာ ကပ်လိုက်တော့ အထဲက ကလေးလှုပ်နေတာ သိလိုက်ရ၍ သူ့မျက်နှာ ပြုံးသွားသည်။

"ကလေးလေး လှုပ်နေပါလား မုံ"

"အဲဒါ အစ်ကို့သမီးလေး ကစားနေတာသိလား"

မီဘမေတ္တာဖြင့် ဝင်းလက်နေသည့်မုံက တစ်နေ့တခြား ပိုလှလာသလို မီးပုံးပျံနှင့်တူသည့် မုံ့ဗိုက်ကလည်း တဖြည်းဖြည်း ပိုရှူထွက်လာသည်။ ကိုကို နေကောင်းကင်လို့ချင်ခဲ့သည့်အတိုင်း မုံ့ဗိုက်ထဲက ကလေးလေးက သမီးလေးဖြစ်သည့်အတွက် ကိုကို ဖြစ်ချင်သည့်ဆန္ဒ ပြည့်ဝသွားသည်ဟု ဆိုရမည်။

အခုဆိုလျှင် မိုးကောင်းကင် ညဘက် အိမ်ပြန်မအိပ်သည်မှာ တစ်ပတ်တိတိ ရှိပါပြီ။ မာမီ့ကိုတော့ အလုပ်ကိစ္စနှင့် ခရီးထွက်ရမည်ဟု တစ်ခါမှ မလိမ်ဖူး၊ လိမ်လိုက်ရသည့်အတွက် စိတ်မကောင်း။ နောက်ထပ် မာမီ့ကို စိတ်မချမ်းသာစရာတွေ။ မာမီမကြိုက်တာတွေ ထပ်လုပ်ရဦးမှာပါလားဟု တွေးမိတိုင်း ကိုကို့မျက်နှာကို ပြန်မြင်ယောင်မိသည်။ မုံ့သာ ကိုကို့ဘဝထဲ ရောက်မလာရင်၊ ဒါမှမဟုတ် မာမီသာ မုံ့ကို ဤမျှ ရက်စက်စိမ်းကားစွာ မပြောဆိုမဆက်ဆံခဲ့ရင် မုံ့ဘက်က ဤမျှ အသည်းအသန် ကာကွယ်စောင့်ရှောက်နေစရာ မရှိ။ မုံ့ကို ချစ်သည်။ ခြတ်နိုးသည် မှန်သော်လည်း မာမီ စိတ်မချမ်းသာသည့်အလုပ်၊ မာမီ မကြိုက်တာကို မလုပ်တော့ဟု စိတ်ကို ပိုင်းဖြတ်ပြီး မုံ့ကို ချစ်လျှင်နှင့် ဆေးအောင် နေချင်နေပစ်မည်။

မုံနှင့်ပတ်သက်ချင်မှ ပတ်သက်တော့မည်။ လက်ရှိအခြေအနေကြ

www.burmeseclassic.com

www.burmeseclassic.com



တော့ ထိုသို့ဖြစ်မလာတော့။ မုံ့နားမှာ ကိုကို မရှိတော့သလို ကိုကို့ ရပိုင်ခွင့်အားလုံး မုံ့နှင့်သမီးလေး ဘာတစ်ခုမှ ခံစားခွင့်မရအောင် မာမီက စာချုပ်စာတမ်းနှင့် အပိုင်သိမ်းသွားသည်။ မုံ့အပေါ်မှာထားသည့် မာမီ့သဘောထားက သူ့သားကြီး သတ်သူအဖြစ် ကြည့်မရအောင် မုန်းသည်။ သူ့သားကြီးသေသလို မုံ့ကို သေစေချင်နေသည်။ မုံ့ဘက်က ညှာတာစွာ ရပ်တည်ပေးမည့်သူ ဘယ်သူမှ မရှိ။

ကိုလတ်နှင့် ဇယ်ဒီက မုံ့ကိစ္စအကြောင်း ဘယ်သူမှ မမေး။ တခြားကိစ္စတွေလောက် ချွေးမနှင့်မြေးအကြောင်း စိတ်မဝင်စား။ မာမီနှင့် ပြဿနာမဖြစ်ချင်လို့ သွေးအေးနေတာဆိုရင်လည်း ကောင်းကင်ကမ္ဘာကို လက်ခံမည့် မျိုးဆက်သစ်လေးအတွက် တစ်ခုခုတော့ လုပ်သင့်သည်ဟု ထင်သည်။ မုံ့နှင့် ကိုကို့သမီးလေး၏ ကံကြမ္မာက မိုးကောင်းကင် လက်ထဲမှာ တည်နေသည်။ သူသာ မုံ့တို့သားအမိကို ဖြစ်ချင်ရာဖြစ် လွှတ်ချလိုက်ရင်…

"မုံ့"

"ရှင်… အစ်ကို"

အတွေးကို ထိုနေရာမှာရပ်ပြီး မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အသာဆွဲယူ ပွေ့ဖက်လိုက်တော့ မုံ့က သူ့ရင်ခွင်ထဲ အလိုက်သင့် တိုးဝင်လာသည်။

"ကိုယ်တို့ လက်ထပ်ကြရအောင်"

"အို… အစ်ကိုကလဲ"

မုံ့က သူ့စကားကို သဘောကျစွာ ရယ်သည်။ သူပြောသည့်စကားကလည်း မုံ့အတွက် ရယ်စရာဖြစ်နေသည်ကိုး။ သည်တော့ မုံ့ကရယ်ပြီး မိုးကောင်းကင်မျက်နှာကို ချစ်မြတ်နိုးစွာ ကြည့်သည်။

"ပြောပါဦး မုံ့က ကိုကို ဘာလို့ ရယ်တာလဲ"



မုံ့မျက်နှာလေးက ပြုံးနေသည်။

အပျော်ဖြင့် ရွှန်းလက်နေသည့် မုံ့မျက်ဝန်းအစုံထဲမှာ ရယ်မြူးရိပ်တွေသန်းနေတာ မြင်ရတော့ မိုးကောင်းကင်ကိုယ်တိုင် ပျော်ရွှင်လာကာ မျက်နှာချောချောမှာ အပြုံးတွေ ထင်နေလာ၏။

"အစ်ကိုက မုံ့ကို ရယ်စရာစကားတွေ ပြောနေတာကိုးလို့"

"ကိုယ်က မုံ့ကို လက်ထပ်ချင်တာ ရယ်စရာလား မုံ့ရယ်"

"ရယ်စရာပေါ့၊ အစ်ကိုနဲ့မုံ့နဲ့ လက်ထပ်ပြီးလို့ သမီးတောင် ရနေပြီ၊ အစ်ကိုက မုံ့ကို နောက်တစ်ခါ လက်ထပ်ဦးမယ်ဆိုတာ ရယ်စရာ မကောင်းဘူးလားဟင်"

"အစ်ကို့အတွက်တော့ ရယ်စရာမကောင်းဘူး မုံ၊ မုံ့သာ ကိုယ့်ကို လက်ထပ်မယ်ဆိုရင် ကိုယ်သိပ်ပျော်မိမှာ"

"အစ်ကိုတော့ ရူးပြီသိလား"

"ဟုတ်တယ် မုံ့ကိုသိပ်ချစ်လို့ သိပ်ရူးချင်နေပြီ"

စိတ်မမှန်သည့်မုံ့က စိတ်ပုံမှန်ဖြစ်နေသည့် မိုးကောင်းကင်ကိုကြည့်ပြီး တခစ်ခစ် ရယ်နေသည်။ မိုးကောင်းကင်ကတော့ အခုချိန်ထိ စိတ်ပုံမှန် မဖြစ်သေးသည့် မုံ့ကိုကြည့်ပြီး သူပါ တကယ်ရူးချင်နေခြင်း ဖြစ်သည်။ မုံ့ကို လက်မထပ်ဘဲနဲ့ မုံ့အိမ်မှာ ညအိပ်ညနေ နေရသည်မှာ သူ့လို ယောကျ်ားတစ်ယောက်အတွက် နစ်နာစရာ မရှိသော်လည်း မုံ့အတွက် နစ်နာသည်။ ပတ်ဝန်းကျင်အမြင်မှာ မုံ့က သူ့ဇနီးဖြစ်ပြီး မုံ့ခင်ပွန်းက သူပဲ ဖြစ်သည်။ မုံ့တို့ကိုယ်တိုင် ဒီကိုရောက်တာ ဘာမှ မကြာသေး၍ မုံ့အိမ်မှာ အသိမိတ်ဆွေ မရှိ။ မုံ့ကိုလည်း ဘယ်သူမှ မသိ။

အနီးပတ်ဝန်းကျင်က မုံ့ကို သိသည့်အချိန်။ သူ့ကိုကို အသိအမှတ်ပြု နှုတ်ဆက်ချိန်မှာ မုံ့က ဒေါက်တာမိုးကောင်းကင်၏

www.burmeseclassic.com

www.burmeseclassic.com



ဇနီးအဖြစ် ပြောဆိုနှုတ်ဆက်ကြခြင်း ဖြစ်သည်။ တစ်အိမ်ရာတည်း အတူအိပ်၊ အတူတူစား၊ အတူတူသွားလာပြီး မုံနှင့်အတူ တစ်မိုးအောက်တည်း အတူနေပြီးမှ မုံ့ကို လက်မထပ်လျှင် မဖြစ်တော့သလို သူ့ကိုယ်တိုင်လည်း မုံ့ကို သိပ်ချစ်ပြီး ဘယ်လိုမှ မနေနိုင်အောင် ဖြစ်နေတာကိုလည်း သူပဲ သိသည်။ မုံနှင့် လက်ထပ်ပြီးလျှင် မုံ့ကို သူတာဝန်ကျသည့် ကလောမြို့လေးကို ခေါ်သွားမည်။

မာမီ ဘာပြောပြော သူ ဂရုမစိုက်တော့။

"ကိုယ့်ကို လက်ထပ်မှာလား မုံ"

"နောက်တစ်ခါ လက်ထပ်ရမှာလား ကို"

"ဒါပေါ့"

မုံက သူ့ကို အံ့ဩသလိုကြည့်ပြီး ပြုံးသည်။

"အစ်ကို တကယ်ပြောနေတာလားဟင်"

"တကယ်ပေါ့"

သူ ခေါင်းညိတ်တော့ မုံက ခစ်ခနဲ ရယ်သည်။ ကိုယ်ဝန်ကြီး တကားကားနှင့် သူ့ကို သူချစ်သည့်အစ်ကိုက တမင်စနောက်နေသည် ဟု ထင်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်သည်။

"ကောင်းပြီ၊ အစ်ကိုက မုံ့ကို တကယ်လက်ထပ်ချင်ရင်လည်း အစ်ကို့ကို တကယ်လက်ထပ်မှာပေါ့"

"ကဲ... ပြော၊ အစ်ကိုနဲ့မုံ ဘယ်နေ့လက်ထပ်ရမှလဲ"

"မနက်ဖြန်"

"တကယ်နော်..."

"တကယ်ပါဆို... မနက်ဖြန် မုံ အလှဆုံးပြင်ထား၊ ပြီးရင် မုံနဲ့အစ်ကို တရားရုံးသွားပြီး လက်ထပ်ကြမယ်"

"လူတွေက မုံ့ကို ရယ်ကြမှာပေါ့"



မုံက သူ့ဗိုက်ကြီး ငုံ့ကြည့်ပြီး ရှက်စနိုးရယ်တော့ သူက မုံ့ပါးလေးကို အသာငုံ့နမ်းသည်။

မုံနှင့်သူ လက်ထပ်တော့မည်ဆိုတော့ အံ့ဩဝမ်းသာစိတ်ဖြင့် မျက်ရည်ကျသူက ဒေါ်ကြီး ဖြစ်သည်။

"မငိုနဲ့လေ ဒေါ်ကြီးကလဲ၊ အစ်ကိုက မုံ့ကို ချစ်လွန်းလို့ နှစ်ခါတောင် လက်ထပ်တာ သိလား"

"ဟုတ်တယ်နော် အစ်ကို"

"ဟုတ်ပါတယ်ဗျာ၊ မုံပြောတဲ့အတိုင်း မုံ့ကို သိပ်ချစ်လွန်းလို့ နှစ်ခါ လက်ထပ်တာပါ"

မုံနှင့်သူ လက်ထပ် သည့်သတင်းကို သတင်းစာမှာ ထည့်သည်။ မုံဆိုတာ သူ့ဇနီးဖြစ်ကြောင်း အားလုံးသိအောင် တရားဝင်သက်သေအဖြစ် ကြေညာခြင်း ဖြစ်သည်။ သတင်း ကြားကြားခြင်း မာမီက မိုးကောင်းကင်ကို အမြွေပြတ် ကြေညာသည်။ သူ ဂရုမစိုက်။ ဒီလိုဖြစ်လာမှာကို အစကတည်းက ကြိုသိထားပြီးသား ဖြစ်သည်။ မာမီက သူ့ကို မပေးချင်သည့် အမွေပစ္စည်းကို သူ မမက်။ မုံ့လက်ကိုဆွဲပြီး ကလောကို ပြောင်းရွှေ့ကာ ဒေါ်ကြီးပါ သူတို့နှင့်အတူ ပါလာသည်။ တရားဝင် ဇနီးမောင်နှံအဖြစ် လက်ထပ်ပြီးသားဖြစ်၍ မသင့်တော်တာတွေ။ မဖြစ်သင့်တာတွေဆိုတာ မရှိတော့။ မုံ့ကို သူ့ဇနီးမယားအဖြစ် ရဲရဲဝံ့ဝံ့ပိုင်နိုင်စွာ ဆက်ဆံခွင့်ရ၍ ပိုပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားသည်။

လွတ်လပ်ခွင့် ပိုရသွားသည်။

မုံကတော့ အပျော်ဆုံးဖြစ်သည်။ အစ်ကိုချင်းထပ်အောင် ခေါ်ပြီး မိုးကောင်းကင်သွားရာနောက် အကုန်လျှောက်လိုက်သည်။ မလိုက်ရဘူး ဟု ပြောလည်း မရ။ ဆေးရုံသွားသည့်အချိန်လေးပဲ ဒေါ်ကြီးနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



မုံနေခဲ့တာလည်း ရှိသည်။ ကျန်သည့်အချိန်တွေအားလုံး မိုးကောင်းကင်နားပဲ မုံက အရိပ်လေးတစ်ရိပ် ဖြစ်နေသည်။

"အစ်ကို့ကို မုံ မုန်းတယ်သိလား"

"အရင်တုန်းကတော့ မုံပဲ ကို့ကိုချစ်တယ်ဆို"

သူ့ကို စိတ်ဆိုးစိတ်ကောက်နေသည့် မုံ့ကို သူက ချစ်စနိုးစတော့ မုံက မျက်ရည်တွေနှင့် သူ့မျက်နှာကို ဖျတ်ခနဲ မော့ကြည့်သည်။

"မုံချစ်တယ်ဆိုတာ အရင်က အစ်ကို့ကိုချစ်တာ၊ အခု မုံ့အနားမှာနေပြီး မချစ်တဲ့အစ်ကို့ကို မဟုတ်ဘူး"

နာနာကြည်းကြည်း အသံလေးနှင့် မုံပြောတော့ သူက မျက်နှာလှလှလေးကို သေချာစူးစိုက်ကြည့်သည်။ စိတ်ထဲကလည်း မုံ အခုလိုခွဲခြားသတ်မှတ်တတ်လာတာကို ဝမ်းသာနေသည်။

"ပြောပါဦး… အခု အစ်ကိုက ဘာဖြစ်နေလို့လဲ"

"အစ်ကို့ကိုယ်အစ်ကို မသိဘူးလား"

"ဟင့်အင်း"

သူခေါင်းခါတော့ မုံက သူ့မျက်ရည်တွေကို လက်ဖဝါးနှစ်ဖက်နှင့် ပွတ်သုတ်ပြီး သူ့ရင်ခွင်ထဲက ရုန်းထွက်သည်။ မိုးကောင်းကင်မုံ့ကိုယ်လေးကို အသာဖြေလွှတ်ပေးလိုက်ပြီး မုံပြောမည့်စကားကိုစိတ်ဝင်စားစွာ နားထောင်သည်။

"အစ်ကိုဟာ အရင်က မုံသိပ်ချစ်ခဲ့တဲ့ အစ်ကိုမဟုတ်တော့ဘူးသိပ်ကို ပြောင်းလဲနေပြီ"

"ကိုယ် ဘာပြောင်းလဲလို့လဲ မုံ"

"မုံ့ကိုထားပြီး ဘာလို့ နေ့တိုင်း ဆေးရုံကိုသွားနေရတာလဲအစ်ကို့မှာ မုံ မသိစေချင်တဲ့ ရောဂါတစ်ခုခု ဖြစ်နေလို့မဟုတ်လား"

"အား… အဲဒါတော့ လုံးဝမဟုတ်ဘူး၊ ကိုယ်ဆေးရုံကို



နေ့တိုင်းသွားနေတာ မုံ့နဲ့ မုံ့ဗိုက်ထဲက မီးမီးလေးအတွက် သွားတာပါဗျာ၊ မုံ့ သမီးလေးကိုမွေးရင် မုံ့နားမှာ ကိုယ်ရှိနေချင်လို့ ဆေးရုံကဆရာဝန်တွေနဲ့ ရင်းနှီးခင်မင်အောင် အခုကတည်းက နေ့တိုင်းသွားနေတာ မုံရဲ့"

သူ့စကားအဆုံးမှာ မုံက သူ့ဗိုက်ကလေးကိုငုံ့ကြည့်ပြီး မိုးကောင်းကင်မျက်နှာကို ပြန်ကြည့်သည်။ သူမ အကြည့်ကြောင့် မိုးကောင်းကင်ပြောတာ ယုံသွားမှန်း သိလိုက်သည်။

"မုံသမီးလေးမွေးရင် မုံ့နားမှာ အစ်ကို တကယ်နေပေးရမှာနော်…"

"နေပေးမှာပေါ့အချစ်ရဲ့၊ မုံ့နားမှာ နေပေးယုံတင်မကဘူး ကိုယ်ကိုယ်တိုင် မုံ့သမီးလေးကို မွေးပေးဦးမှာ"

"အစ်ကိုက ဆရာဝန်မှ မဟုတ်ဘဲ၊ ဘယ်လိုလုပ်ပြီး သမီးလေးကို မွေးပေးလို့ရမှာလဲ"

"ရအောင် မွေးပေးမှာပေါ့၊ မုံ မသိအောင် ဆေးရုံကို သွားပြီး ပညာတွေသင်နေတာ မုံမှ မသိဘဲ"

"မုံသိပါတယ်… ဆရာဝန်ပညာက အစ်ကိုနဲ့ မဖြစ်ပါဘူး၊ အစ်ကို့ညီ မိုးရှိတယ်မဟုတ်လား သူ့ကိုသာ ခေါ်လိုက်ပါ"

"မိုးဟုတ်လား"

သူ့အမည်ကို ပထမဆုံး မုံ့နှုတ်ဖျားက ခေါ်သံကြားလိုက်ရ၍ မိုးကောင်းကင် ရင်တွေ ခုန်လာသည်။ မိုးဆိုတဲ့ လူတစ်ယောက်ကို မုံ ပြန်မှတ်မိလာပြီပဲ။

"ဟုတ်တယ်လေ၊ မိုးကောင်းကင်ဆိုတာ အစ်ကို့ညီ" ဟုတ်ပြီ။

မုံမှတ်မိလာပြီ။ မုံ့အသိတရားတွေ နဂိုအတိုင်း ပြန်ဖြစ်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မိုးကိုမြင်ရင် မုံမှတ်မိလားဟင်"

"ဘာလို့မမှတ်မိရမှာလဲ အစ်ကိုရဲ့၊ မုံက ရူးနေတာမှ မဟုတ်တာ၊ မိုးကိုမြင်ရင် မှတ်မိတာပေါ့"

"မုံ့ရယ်"

မင်းရှေ့မှာ အခုရှိနေတာ မုံချစ်တဲ့အစ်ကို မဟုတ်ဘူး။ မုံ မှတ်မိပါတယ်လို့ ပြောနေတဲ့ မိုးဆိုတဲ့ မိုးကောင်းကင်ဆိုတဲ့ ကိုယ်ကို တိုင်ဆိုတာ မုံ မသိဘူးနော်။

"တစ်ခါတလေကြရင် အစ်ကို့ကို ကြည့်ရတာ မုံ့စိတ်ထဲမှာ အစ်ကိုနဲ့မတူဘဲ မိုးနဲ့ တူနေသလိုပဲ"

"ဟုတ်လား"

မုံက မိုးကောင်းကင်မျက်နှာကို ရီဝေဝေလေးကြည့်ပြီး ပြုံးသည်။ ပြီးတော့ သူမ စိတ်ထဲရှိသည့်အတိုင်း သူမရင်ထဲက ခံစားချက်တွေကို ဆက်ပြောသည်။

"ဒါပေမယ့် အစ်ကိုဟာ အစ်ကိုပါပဲ… မိုးမှမဟုတ်တာ"

မုံ့ထံမှကြားရသည့် အဆုံးသတ်စကားကြောင့် သူ မုံ့ပခုံးလေးကို အသာဆုတ်ညှစ်လိုက်သည်။ မုံကတော့ မိုးကောင်းကင်မျက်နှာကို သူ့ အစ်ကိုအဖြစ် ချစ်ရည်ရွှန်းလက်နေသော မျက်ဝန်းအစုံဖြင့် လှပစွာ ငေးနေသည်။

"ကိုယ်ဟာ မုံပြောတဲ့ အစ်ကိုမဟုတ်ဘဲ မိုးဖြစ်နေမယ်ဆိုရော မုံ ကိုယ့်ကို ချစ်နေဦးမှာလားဟင်"

"အစ်ကို ဘာပြောလိုက်တာလဲဟင်"

သူ မုံ့မျက်လုံးထဲကို စူးစိုက်ကြည့်လိုက်သည်။ သူ့ကိုလည်း ပြန်ကြည့်နေသည့် မုံ့ အကြည့်တွေက ဘာကိုမှ နားမလည်သည့် အကြည့် ဖြစ်သည်။



"တကယ်တော့ ကိုယ်ဟာ မုံ့ရဲ့အစ်ကို ကိုကိုနေကောင်းကင် မဟုတ်ပါဘူးကွယ်၊ ကိုကိုရဲ့ညီ မိုးကောင်းကင်ပါ"

"အစ်ကို"

မုံ့နှုတ်ဖျားက ထိတ်လန့်စွာ ရေရွတ်သံလေး ထွက်လာသလို သူမ မျက်စိရှေ့က သူ့ကိုယ်သူ အစ်ကို့ညီ မိုးကောင်းကင်ဟုဆိုနေသည့် အစ်ကို့မျက်နှာကို မုံ ချောက်ချားစွာ သေချာကြည့်သည်။

"ကိုယ်ဟာ မုံ့ရဲ့ အစ်ကိုမဟုတ်ဘူး မုံ၊ မိုးလို့ မုံ အမြဲ ခေါ်တတ်တဲ့ ကိုကို့ညီ မိုးကောင်းကင်ပါ"

"မိုးကောင်းကင်"

သူ့အမည်ကို မုံ့နှုတ်ဖျားက ခပ်ဖွဖွရွတ်နေသည်။

"ဟုတ်တယ် ကိုယ့်နာမည် မိုးကောင်းကင်ပါ မုံ"

"အို… မဟုတ်ဘူး"

"အစ်ကိုဟာ အစ်ကိုပါပဲ၊ အစ်ကို့ညီလေး မဟုတ်ဘူး…"

"မုံ့ကိုချစ်တဲ့အစ်ကို မုံ့ရဲ့အစ်ကို…"

"မုံ… မုံ"

မုံက သူ့ရှေ့မှာ ပျော့ခွေသွား၍ မုံ့ကိုယ်လေးကို သူအချိန်မီ ဖမ်းထိန်းလိုက်ပေမယ့် သူ့ရင်ခွင်ထဲမှာ မုံက သတိမေ့နေပြီဖြစ်သည်။

"မုံ…မုံ… သတိထားလေ၊ မုံ့နားမှာ ကိုယ်ရှိတယ်"

အစ်ကို့အသံ။ မုံချစ်တဲ့အစ်ကို မသေဘူး။ မုံ့နားမှာ အစ်ကို ရှိနေသည်ဆိုသောအသိဖြင့် မုံ့နားမှာ ရှိနေသည့် မုံချစ်သည့် အစ်ကို့ မျက်နှာကို အားကိုးတကြီး မော့ကြည့်လိုက်တော့ မုံ့ကို ချစ်မြတ်နိုးစွာ ကြည့်နေသည့် အစ်ကို့မျက်ဝန်းတွေနှင့် ဆုံသည်။

"အစ်ကို… အစ်ကို ဘာမှမဖြစ်ဘူးနော်"

မုံ့အသံက တုန်နေသလို၊ မုံ့တစ်ကိုယ်လုံးလည်း တဆတ်ဆတ်

www.burmeseclassic.com

www.burmeseclassic.com



တုန်နေ၍ မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အသာပွေ့ဖက်ထားလိုက်သည်။

"ကိုယ်က ဘာဖြစ်ရမှာလဲ မုံရယ်၊ မုံ့နားမှာ အတူရှိနေတာပဲ"

သူတိုးတိုးတိတ်တိတ်စွာဆိုတော့ မုံက သူ့မျက်နှာကို တစ်ခါမှမမြင်ဖူးသလိုကြည့်သည်။

"သူတို့ပြောတော့ လူ့လောကကြီးထဲမှာ အစ်ကို မရှိတော့ဘူးတဲ့"

"မုံ့ကို ဘယ်သူပြောတာလဲ"

"မိုး ပြောတာလား"

မုံ့အကြည့်တွေက ချက်ချင်း ရီဝေဖျော့တော့သွားကာ မျက်နှာလေးပါ ရုတ်တရက် ဖွေးဖြူသွားသည်။

"အ..."

"ဘာဖြစ်တာလဲမုံ ဘာဖြစ်တာလဲ"

မုံက သူ့မ ဗိုက်ကိုကိုင်ရင်း ပြင်းထန်သည့်ဝေဒနာကို စူးခနဲခံစားလိုက်ရပြီးနောက်မှာ မိုးကောင်းကင်မျက်နှာကို အလန့်တကြားကြည့်သည်။

"ဗိုက်ထဲက နာတယ်အစ်ကို"

"ဟင်... မုံ့သမီးလေး မွေးတော့မယ်ထင်တယ်"

"ခဏလေးနော်"

"ဒေါ်ကြီး... ဒေါ်ကြီး... လာပါဦး ဒီမှာ မုံ ဗိုက်နာနေပြီ... ကလေးမွေးတော့မယ်ထင်တယ်"

"လာပြီ... လာပြီ ဒေါ်ကြီး အခုလာပြီ"

မိုးကောင်းကင် ဆေးရုံကို ချက်ချင်းဖုန်းဆက်သည်။ ဒေါ်ကြီးက မုံ့အနား အပြေးအလွှားရောက်လာကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသည်။ မုံက တဟင်းဟင်း ညည်းညူလျက် ဒေါ်ကြီးလက်ကို ဆုပ်ကိုင်



ထားသည်။ နာကျင်ခြင်း၊ ထိတ်လန့်ခြင်းတွေနှင့် ရောထွေး ယှက်သန်းနေသောအသံ ဖြစ်သည်။

"ကျွန်တော် မုံ့ကို ကားပေါ်ပွေ့တင်လိုက်မယ်၊ ဒေါ်ကြီးက လိုအပ်တာတွေယူပြီး လိုက်ခဲ့"

"အေးပါကွယ်... အေးပါ"

ဒေါ်ကြီးက မုံကလေးမွေးရင် ယူသွားရမည့်ပစ္စည်းတွေ စုထားသည့် အခန်းဘက်ကို မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ထွက်သွားသည်။

"မုံ... ခဏလေးနော်"

"ကိုယ် မုံ့ကို ဆေးရုံကို အခုပဲ ခေါ်သွားမယ်ဟုတ်လား"

"ဗိုက်ထဲက နာလိုက်တာ အစ်ကိုရယ်"

မုံ့တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်နေသည်။ သူ မုံ့ကိုယ်လေးကို သတိနှင့် အသာထိန်းပွေ့ပြီး ကားရပ်ထားသည့်နေရာကို လျှောက်ခဲ့တော့ ဒေါ်ကြီးက သူ့အတွက် ကားတံခါး အသင့်ဖွင့်ထားပေးသည်။ မုံ ကားပေါ်ရောက်တာနှင့် ဆေးရုံကို အပြင်းမောင်းသည်။ မုံ့ထံက တစ်ခါညည်းသံကြားတိုင်း နာနာကျင်ကျင်အော်လိုက်တိုင်း မိုးကောင်းကင် အသည်းနှလုံးကို တစ်စုံတစ်ယောက်က ဆုပ်ညစ်လိုက်သလို အခံရခက်အောင် ဆတ်ဆတ်ခါ နာကျင်သွားသည်။

ဖုန်းဆက်ထား၍ ဆေးရုံက အားလုံးအသင့်ပြင်ပြီး စောင့်နေသည်။ သူ့ကားရပ်လိုက်တာနှင့် မုံ့ကို လူနာတွန်းသည့် ခုတင်ပေါ်တင်ပြီး မွေးခန်းကို ခေါ်သွားသည်။ စိတ်လှုပ်ရှားနေသဖြင့် မိုးကောင်းကင် ဘာမှ မလုပ်နိုင်သော်လည်း ဆေးရုံအုပ်ကြီးကိုယ်တိုင်က မုံ့ထံမှ သမီးလေးကို အောင်မြင်စွာ မွေးဖွားပေးခဲ့သည်။ မိခင်ရော ကလေးပါ ကျန်းမာသည်ဆိုသော အဖြေရမှ မုံ့ထံ သူ အပြေးရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မုံ"

"အစ်ကို့သမီးလေးကို အရင်ကြည့်ပါဦး အစ်ကိုရယ် ဘယ်သူနဲ့ တူလဲဟင်"

"မုံနဲ့တူတယ်"

ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ အားယူပြီး မုံ ပြုံးသည်။

"မဟုတ်ဘူး… အစ်ကိုနဲ့ တူတာပါ"

"မုံရယ်"

သူ မုံ့ နဖူးလေးကို ညင်သာစွာ ငုံ့နမ်းလိုက်သည်။ မုံ ပြောသည့်အတိုင်း သမီးလေးကို သေချာကြည့်လိုက်တော့ ကလေးက ကိုကိုနှင့် တူနေမှန်း သိလိုက်သည်။

ကိုကိုနှင့်တူသော ကိုကို့သမီးလေးက လူလောက လူကမ္ဘာထဲကို အောင်မြင်စွာ ရောက်ရှိလာပြီဖြစ်သည်။ ကောင်းကင်ကမ္ဘာရဲ့ တစ်ဦးတည်းသော တစ်ဦးတည်းသော မျိုးဆက်သစ်လေးကို မိုးကောင်းကင် စိတ်လှုပ်ရှားစွာ ငုံ့ကြည့်ရင်း သူ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ ပြည့်လျှမ်းပိတ်ဖုံးသွား၏။

## အခန်း (၁၉)

ကိုကို့သမီးလေး မွေးဖွားသည့်အကြောင်း ကောင်းကင်ကမ္ဘာကို အသိပေးသည့်အနေဖြင့် ဒယ်ဒီ့ဆီဖုန်းဆက်တော့ ဒယ်ဒီက ဂမ်းသာကြောင်း ပြောသည်။ မိခင်နှင့်ကလေး ကျန်းမာရေးအခြေအနေကို မေးသည်။ သားအမိနှစ်ယောက်စလုံး ကျန်းမာသည့်အကြောင်း ပြောတော့ ကျေနပ်စွာ ဖုန်းချသွားသည်။ မှာမီ့အကြောင်း ဘာမှမပြော။ မာမီ နေကောင်းလားဟု သူမေးတော့ ကောင်းပါတယ်ဟု ဖြေသည်။ တခြား ဘာမှမပြော။ မိုးကောင်းကင်လည်း ထပ်မမေးတော့။

ဒယ်ဒီ့ကို ကိုကို့သမီလေးအကြောင်း ပြောပြီးပြီမို့ သူ့တာဝန်ကျေပြီဟု ထင်သည်။ နောက်ထပ် ဘာအဆက်အသွယ်မှ မလုပ်တော့။ ကလေးကို အကြောင်းပြပြီး စွန့်လွှတ်ထားသည့် အမွေကိုစွ ပြန်လည်ရုပ်သိမ်းပေးစေချင်သည်ဟု အထင်မခံလို၍ ဖြစ်သည်။ ကောင်းကင်ကမ္ဘာကလည်း ငြိမ်နေသည်။ ဘာသံမှ မကြားရ။ သတင်းစာနှင့် ဂျာနယ်တွေပေါ်မှာတော့ အစ်ကိုလတ်ဖြစ်သူ လကောင်းကင်နှင့် သင်ဇာတို့ ဓာတ်ပုံတွေ မကြာခဏ တွေ့ရသည်။ မိဘမဲ့ကလေးတွေအတွက် ပရဟိတလုပ်နေသည့် မာမီ့သတင်းတွေ ဓာတ်ပုံနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ပါလာတော့ မိုးကောင်းကင် သက်ပြင်းချသည်။ စိတ်သဘောထား တင်းမာပြတ်သား သည့် မာမီ့ကို သူကိုယ်တိုင် နားမလည်။

တခြားသူတွေအပေါ်မှာ ပရဟိတလုပ်ငန်းလုပ်သလို မုံတို့ သားအမိအပေါ်မှာ ထိုစိတ်ကလေးထားလိုက်ရင် ဘယ်လောက်ကောင်းမလဲ ဟု တွေးသည်။ လက်တွေ့မှာ မာမီက သူ့တစ်ဦးတည်းသော မြေးအပေါ်မှာ ဘာတစ်ခုမှ စိတ်မဝင်စား။ ကိုလတ်ကလည်း သူ့တူမလေးအကြောင်း ဘာမှမမေးပေမယ့် သမီးလေး ငါးလပြည့်သည့်နေ့မှာ ထင်မှတ်မထားသည့် ကြော်ငြာတစ်ခု သတင်းစာမှာ ပါလာသည်။

အချစ်ဆုံးသမီးလေး လမင်းသင်ဇာ ငါးလပြည့်မွေးနေ့ဆုတောင်းဆိုသည့် ခေါင်းစဉ်နှင့်အတူ လမင်းသင်ဇာအတွက် မွေးနေ့ဆုတောင်းအောက်မှာ ရေးထိုးထားသည့် နှစ်ဘက်မိဘ အဘိုးအဘွားအမည်၊ ဒယ်ဒီ ဦးလကောင်းကင်၊ မာမီ ဒေါ်သင်ဇာပိုက်တွေးဆိုသည့် အမည်တွေကို သူ အံ့သြစွာ ငေးကြည့်မိသည်။ သားသမီး မရနိုင်သည့် အစ်ကိုဖြစ်သူအကြောင်း မိုးကောင်းကင် အသိဆုံးဖြစ်သည်။ အရင်ကလည်း ဘာသတင်းမှ မကြားမိ။ မုံ့သမီးလေးမွေးပြီးမှ မုံ့လို သမီးမိန်းကလေးတစ်ယောက်ကို ဘယ်နေရာက ကောက်ယူ မွေးစားလိုက်မှန်း မသိသည့် သင်ဇာ၏ အပြိုင်အဆိုင်စိတ်ကို သူ ပို၍ ရွံမုန်းကြောက်လန့်သွားသည်။

တော်တော်မလွယ်တဲ့ မိန်းမပါလား။

သင်ဇာ့ရင်ထဲက မုံ့အပေါ်ထားသည့် အမုန်းနှင့်အငြိုးကကြောက်စရာဖြစ်သည်။ သင်ဇာနဲ့အတူ မာမီကပါ အလိုတူအလိုပါဖြစ်နေတာ မြင်ရတော့ မုံတို့ သားအမိအတွက် သူ ပိုရင်လေးမိ၏။ ကောင်းကင်ကမ္ဘာမှာ မိုးကောင်းကင်ကလွဲပြီး မုံတို့အပေါ်မှာ စာနာညာတာမည့်သူ မရှိမှန်းသိရလေ မုံနှင့်သမီးအပေါ်မှာ မိုးကောင်းကင်



ရင်ထဲအချစ်တွေ၊ မေတ္တာတွေကို သွန်ချပုံပေးမိလေဖြစ်သည်။ တစ်အိမ်လုံးမှာလည်း သမီးရယ်သံလေးတွေ၊ သမီးကို ရယ်မောချော့မြူသံတွေနှင့် ဝေစီနေသည်။ မိုးကောင်းကင်အသံကို သမီးက မှတ်မိနေပြီဖြစ်သည်။ သမီးဘယ်လောက်ငိုငို မိုးကောင်းကင်လက်ပေါ်ရောက်တာနှင့် အငိုတိတ်သွားသည့်သမီးက ကလေးအရွယ်လေးနှင့် မမျှအောင် ချစ်စရာကောင်းသည့် အချောအလှတွေ စုဝေးနေသည့် မိန်းမလှလေးဖြစ်နေသည်။ ဘယ်သူမှ သမီးကိုတွေ့လျှင် မချစ်ဘဲ မနေနိုင်ကြသလို ကလေးအရွယ်လေးနှင့် မမျှအောင် ချောလှသူလေးဖြစ်၍ တွေ့သည့်လူတိုင်းက သမီးအလှကို ချီးကျူးကြရမြဲဖြစ်သည်။

ကလေးအမေ မုံကတော့ တစ်သားမွေး တစ်သွေးလှဆိုသလို သမီးကိုမွေးပြီးမှ အလှကြီးထပ်လှနေသူဖြစ်သည်။ ဖြူနုဝင်းမွတ်နေသည့် အသားအရေက ပန်းသွေးရောင်ထနေသည်။ ခြေဖဝါး လက်ဖဝါးလေးတွေက ဆေးမကူဘဲ နှင်းဆီရောင်ပြေးနေသည့် နှုတ်ခမ်း ထူထူလေးတွေကလည်း မိုးကောင်းကင်ကို ရင်ခုန်သံမြန်အောင် တစ်နည်းတစ်ဖုံ ဆွဲဆောင်နေပြန်သည်။ မုံ့က သူ့အစ်ကိုအဖြစ် မိုးကောင်းကင်ကို ချစ်နေမြဲ၊ မြတ်နိုးနေဆဲ ဖြစ်ပေမယ့် တစ်ခါတစ်ခါ မုံ့အကြည့်လေးတွေ သူ့အပေါ် တစ်မျိုးဖြစ်ဖြစ်သွားတတ်တာ သူ သတိထားမိသည်။ တွေတွေငေးငေးလေး ဖြစ်နေတတ်တာကိုလည်း သူမြင်သည်။ အခုလည်း သမီးငယ်နှင့် ချော့မြူဆော့ကစားနေသည့် မိုးကောင်းကင်တို့သားအဖကို ကြည့်ပြီး မုံ ငြိမ်နေသည်။ အရင်လို သူတို့သားအဖနှင့် ရယ်ရယ်မောမော မရှိသဖြင့် မုံ့ကို သူ စိတ်ပူလာသည်။

သမီးကို ဒေါ်ကြီး လာယူသွားတော့ သူ မုံ့နားကို ရောက်သွားသည်။

"နေကောင်းရဲ့လားမုံ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် အစ်ကို"

မုံက သူ့ကို ကိုကိုအမှတ်ဖြင့် အစ်ကိုဟု ခေါ်နေဆဲ သူ မုံ့မျက်နှာလေးကို ရင်မောစွာ ကြည့်လိုက်သည်။ ဘယ်အချိန်ကြမှ သူနဲ့မုံ့ကြား အမှန်တရားတွေ ရောက်လာမှာပါလိမ့်ဟု တွေးရင်း မုံ့နှုတ်ခမ်းလေးကိုသာ ငုံ့နမ်းတော့ မုံက သူ့ကို အကြည့်တစ်မျိုးလေးနှင့် ကြည့်သည်။

"အစ်ကို"

"ဘာလဲမုံ ပြောလေ"

"အစ်ကိုက ဘာလို့ ဆရာဝန်ဖြစ်နေတာလဲဟင်"

"ဘယ်လို..."

"အစ်ကို့ကို လူတွေက ဒေါက်တာလို့ခေါ်နေကြတာ မုံ သိတယ်၊ ပြီးတော့ အစ်ကိုက ဆေးလည်း ကုတတ်တယ်နော်"

မုံနှင့် အတူသွားသည့်နေရာတိုင်းမှာ လူတွေက သူ့ကို ဆရာဝန်အဖြစ် ခေါ်ကြပြောကြ နှုတ်ဆက်ကြသလို တချို့လူမမာတွေက အိမ်အထိလိုက်လာပြီး ဆေးဝါးကုသမှု ခံယူတတ်ကြတာကို ကြားမြင်ပြီး မုံက သူ့ကို မေးခြင်းဟု သူ သိလိုက်သည်။

"ကိုယ်က အစကတည်းက ဆရာဝန်ပဲ မုံရယ်၊ လူမမာတွေကို ကုတတ်တာပေါ့"

"မဟုတ်ဘူး... အစ်ကိုက ဆရာဝန် မဟုတ်ဘူး"

သူ မုံ့လက်နှစ်ဖက်ဆွဲယူပြီး သူနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"မုံချစ်တဲ့ အစ်ကိုက ဆရာဝန်မဟုတ်ဘူးဆိုရင် မုံ့အစ်ကိုက ဘာအလုပ် လုပ်တာလဲ မုံသိလား"

"သိတာပေါ့ မုံချစ်တဲ့အစ်ကိုက သတ္တုတွင်း အင်ဂျင်နီယာလုပ်တာ၊ ဒီက အစ်ကိုလို ဆေးလည်း မကုဘူး ဆရာဝန်လည်း မဟုတ်ဘူး"



ပြောရင်း မုံ့မျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်လာတာ မြင်ရသည်။ မုံ့အခြေအနေက အများကြီး တိုးတက်လာပြီဖြစ်သည်။ အရာရာကို ခွဲခြားသိမှတ်စပြုလာပြီဖြစ်၍ မိုးကောင်းကင်နဲ့ မုံ့ကြားမှာ ခြားနေသည့် အလွှာပါးပါးလေးကို ဖယ်ရှားနိုင်လျှင် မုံက လူကောင်းပကတိဖြစ်တော့မည်။ လူရောစိတ်ပါ ကျန်းမာသည့် မုံ့အဖြစ် ပြောင်းလဲရန်မှာ အချိန်သိပ်မလိုတော့။ သူ့ကို မုံ တစ်ခုခုသိနေသည်။ လွဲမှားနေမှန်း နားလည်သည်။ သို့သော် ထိုလွဲမှားခြင်းကို ဘယ်အရာဟု မုံကိုယ်တိုင် သိမှတ်နိုင်စွမ်း မရှိ။ နားလည်နိုင်ခြင်းမရှိဘဲ ဖြစ်နေသည်။

သူနှင့် မုံ့ကြားထဲက လွတ်နေသည့် ဆက်စပ်ပတ်သက်မှုလေးကို ရှာဖွေဖော်ထုတ်ပေးရမည့်သူက မိုးကောင်းကင် ဖြစ်သည်။ ထို့ကြောင့် အသိရခက်နေသည့် မုံ။ သူ့အပေါ် နားလည်ရခက်နေရှာသော မုံ့မျက်နှာလေးကို သူစူးစူးစိုက်စိုက် ကြည့်လိုက်သည်။ မုံကလည်း သူ့မျက်နှာကို နားမလည်နိုင်သည့် အကြည့်လေးတွေနှင့် တန်ပြန်ကြည့်နေသည့်အတွက် မုံ့ကို အလိုက်လှဲဆုံးပြုံးပြီး မုံသိချင်သည့်အဖြေကို မုံနားလည်အောင် အေးဆေးညင်သာစွာ ပြောပြရန် ဆုံးဖြတ်လိုက်သည်။

"ဒါဆို မုံ အရင်ကချစ်တဲ့ အစ်ကိုနဲ့ အခု မုံချစ်နေတဲ့အစ်ကို မတူဘူးဆိုပါတော့ဟုတ်လား"

"ဟုတ်တယ် မတူဘူး၊ တစ်ခါတစ်ခါ အစ်ကိုဟာ မုံ အရင်က ချစ်ခဲ့တဲ့အစ်ကိုမှ ဟုတ်ရဲ့လားလို့ ထင်မိတဲ့အခါလည်း ရှိတယ်"

မုံက သူမစိတ်ထဲရှိသည့်အတိုင်း မိုးကောင်းကင်ကို ပြောလိုက်၍ မုံပြောတာကို စာနာနားလည်စွာ သူ ခေါင်းညိတ်လိုက်သည်။

"မုံထင်တဲ့အတိုင်းပဲ အစ်ကိုဟာ မုံအရင်ချစ်ခဲ့တဲ့ မုံ့အစ်ကို မဟုတ်ဘူး မုံ"

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို ဘာပြောတာလဲဟင် အစ်ကိုဟာ မုံ့ချစ်တဲ့အစ်ကိုပါ၊ ဘာဖြစ်လို့ မုံ့အစ်ကို မဟုတ်ဘူးလို့ ပြောတာလဲ”

“ဘာဖြစ်လို့လဲဆိုတော့…”

သူစကားကိုမဆက်ဘဲ မုံ့မျက်နှာလေးကို ကြည့်လိုက်သည်။ ပြီးတော့ မုံ့ကို ဘယ်လိုမှ မပြော၍မဖြစ်သည့် စကားတစ်ခွန်းကို သူကိုယ်တိုင် ဖျစ်ညစ်အားတင်းပြီး မုံ့ သိအောင် ပြောလိုက်သည်။

“မုံ့ချစ်တဲ့ မုံ့မြတ်နိုးတဲ့ မုံ့အစ်ကို ကိုကိုနေကောင်းကင်ဆိုတာ လူ့လောကကြီးထဲမှာ မရှိတော့လို့ ကိုကိုနေကောင်းကင် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားလို့ပေါ့ မုံ့ရယ်”

“ရှင်”

“ကိုကိုနေကောင်းကင် မရှိတော့ဘူး မုံ့၊ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီ၊ အခု မုံ့ရှေ့မှာ ရပ်နေတဲ့လူက မုံ့ချစ်တဲ့ မုံ့ရဲ့အစ်ကို မဟုတ်ဘူး၊ ကိုကိုနေကောင်းကင်ရဲ့ညီ မိုးကောင်းကင်ဆိုတဲ့ ကိုယ်ပါ မုံ့၊ ဒါကြောင့် ကိုယ်ဟာ မုံ့မြင်တဲ့အတိုင်း ဆရာဝန်တစ်ယောက်ဖြစ်နေတာ”

“မဟုတ်ဘူး… မဟုတ်ဘူး”

မုံ့က ခါးခါးသီးသီး အော်ဟစ်ရင်း ပါးပြင်ပေါ်မျက်ရည်တွေ စီးကျလာသည်။ သူ့လက်တွေက မုံ့ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး သူ ပြောမှဖြစ်မည့်စကားတွေကို မုံ့ကို မပြောရက်ပေမယ့် ဆက်ပြောသည်။

“ကိုကိုနေကောင်းကင် မရှိတော့ဘူးမုံ့၊ ဒါကို မုံ့လက်ခံရမယ်၊ မုံ့ဘဝထဲမှာ ကိုယ်တို့မိသားစုဘဝထဲမှာ ကိုကို ထာဝရ ထွက်ခွာသွားပြီ၊ သူ ဘယ်တော့မှ ကိုယ်တို့ရှိတဲ့နေရာကို ပြန်လာတော့မှာ မဟုတ်ဘူး မုံ့”

“ကိုကိုသေပြီ မုံ့၊ မုံ့ကို သိပ်ချစ်တဲ့အစ်ကို ကားအက်ဆီးဒင့်



ဖြစ်လို့ သေသွားပြီ”

“မဟုတ်ဘူး… မဟုတ်ဘူး”

“ဟုတ်တယ် မုံ့၊ မုံ့အစ်ကို သေသွားပြီ၊ ဒါကို မုံ့ လက်ခံရမယ်၊ မုံ့ဘဝထဲမှာ မုံ့ချစ်တဲ့အစ်ကို မရှိဘူး၊ အခုလည်း မရှိဘူး၊ နောင်ကိုလည်း ရှိလာမှ မဟုတ်ဘူး”

“မုံ့ချစ်တဲ့အစ်ကိုက သေပြီ၊ သေဆုံးသွားခဲ့ပြီ မုံ့”

“အစ်… ကို… သေပြီ… ဟုတ်လား”

“ဟုတ်တယ်… မုံ့ချစ်တဲ့အစ်ကို သေပြီ၊ အခု မုံ့ရှေ့မှာ ရောက်နေတာ မုံ့ချစ်တဲ့ မုံ့ရဲ့အစ်ကို မဟုတ်ဘူး၊ မုံ့ကို သိပ်ချစ်ပြီး သိပ်သနားလွန်းလို့ မုံ့တို့သားအမိနားက မခွာနိုင်တဲ့ မိုးပါ”

“မုံ့ကို သိပ်ချစ်တဲ့ ကိုကိုနေကောင်းကင်ရဲ့ညီ၊ မုံ့ကိုယ်တိုင်က မိုးလို့ခေါ်ခဲ့တဲ့ ဒေါက်တာမိုးကောင်းကင်ပါ အချစ်ရယ်”

“မိုး”

“ဟုတ်တယ်… ကိုယ်က မိုးကောင်းကင်… ကိုကိုနေကောင်းကင်ရဲ့ညီ ဒေါက်တာမိုးကောင်းကင် ကိုယ်တိုင်ပဲ”

“ဒေါက်တာမိုးကောင်းကင်”

မုံ့က သူ့အမည်ကို တိုးတိုးရေရွတ်ပြီး မျက်ရည် တွေတွေ စီးကျနေ လျက်က သူ့မျက်နှာကို တစ်ခါမှ မမြင်ဖူးသလို သေသေချာချာ စူးစိုက်ကြည့်သည်။ သူကလည်း မုံ့မျက်နှာပေါ်က အပြောင်းအလဲတွေကို တစ်ခုပြီးတစ်ခု သေချာကြည့်သည်။ ခံစားချက်အမျိုးမျိုးကြောင့် မုံ့မျက်နှာလှလှလေးမှာ ထင်ဟပ်နေသည့် အံ့သြတုန်လှုပ်ခြင်း၊ ဝမ်းနည်း ကြေကွဲချောက်ချားခြင်း မယုံကြည်နိုင်လောက်အောင် စိတ်လှုပ်ရှားခြင်းတို့ကို တစ်ပြိုင်နက်တည်း ခံစားရင်း မုံ့အကြည့်လေးတွေက ဝေဝါးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသိပ်ချစ်သည့် အစ်ကိုဆိုတာ လူ့လောကကြီးထဲမှာ မရှိတော့ဘူး ဆိုပါလား။

မုံချစ်တဲ့အစ်ကိုက ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားပြီ။ မုံတို့သားအမိကို ထာဝရ ထားသွားခဲ့ပြီတဲ့။ ပြီးတော့ မုံ့မျက်စိရှေ့မှာ ရှိနေတဲ့လူက မုံချစ်တဲ့အစ်ကို မဟုတ်။ အစ်ကိုရဲ့ညီ ဒေါက်တာ မိုးကောင်းကင်ဆိုတဲ့ မိုး။

"အစ်... ကိုရယ်"

"မုံ... မုံ..."

မုံက သူ့ရင်ခွင်ထဲ အသိမဲ့စွာ လဲပြိုကျလာ၍ မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ လျင်မြန်စွာ ဆွဲယူပွေ့ဖက်လိုက်ရသည်။

"မုံ ဘာဖြစ်သွားတာလဲ မောင်မိုး"

"သတိလစ်သွားတာ ဒေါ်ကြီး"

ဒေါ်ကြီးက ဘာမှမပြောဘဲ မုံ့မျက်နှာလေးကို ငေးကြည့်သည်။

"အဖြစ်မှန်တွေဟာ နာကျင်ကြေကွဲစရာ ခါးသီးပေမယ့် ဒါဟာ အမှန်တရားတွေပဲကွယ်၊ မုံ ခံနိုင်ရည်ရှိပါစေလို့ပဲ ဒေါ်ကြီး ဆုတောင်းပါတယ်"

သူတို့နှစ်ယောက်ပြောနေသည့် စကားတွေကို ဒေါ်ကြီး ကြားပြီးပြီဟု သိလိုက်သည်။

"သမီးရော... ဒေါ်ကြီး"

"သမီးလေး... အိပ်နေပြီ မောင်မိုး၊ မုံ့အတွက် ဒေါ်ကြီး ဘာတွေ လုပ်ပေးရဦးမလဲ"

"ဘာမှ လုပ်ပေးစရာမလိုပါဘူး၊ ဒေါ်ကြီးဘာသာ စိတ်အေးအေးထားပြီး သမီးလေးနားမှာပဲ နေပါ၊ မုံ့အတွက် လိုအပ်တာတွေ ကျွန်တော်ပဲ လုပ်ပေးလိုက်ပါ့မယ်"



ဒေါ်ကြီးက မိုးကောင်းကင် မျက်နှာကို တစ်စုံတစ်ခု ပြောချင်ဟန်ဖြင့် လှမ်းကြည့်သည်။ စိုးရိမ်သောကတို့ဖြင့် ပြည့်လျှမ်းနေသည့် မိုးကောင်းကင် မျက်နှာပေါ်က စိတ်မချမ်းမြေ့မှုကို မြင်လိုက်ရသည့်အတွက် ဘာစကားမှမပြောတော့ဘဲ သမီးလေးရှိသည့် အိပ်ခန်းသို့ လေးလံသော ခြေလှမ်းများဖြင့် ထွက်သွားသည်။

မိုးကောင်းကင်ကတော့ မုံ သတိရလာမည့်အချိန်ကိုသာ ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်နေသည်။ ပျော်ရွှင်ကြည်နူးစရာ၊ ချစ်ခင်မြတ်နိုးစရာ မိသားစုဘဝလေး ဆုံးရှုံးစွန့်လွှတ်ရတော့မည်ဆိုသည့်အတွေးက မိုးကောင်းကင် နှလုံးသားကို အပြင်းထန်ဆုံး တုန်လှုပ် ချောက်ချားစေသောအတွေး ဖြစ်သည်။ မုံ့ကို ချစ်သလို သမီးကိုလည်း သူ မခွဲနိုင်။ မုံ့မျက်နှာလေးကို သူ စူးစိုက်ကြည့်နေတုန်း မုံ သတိရလာသည်။

"မုံ"

သူ မုံ့လက်လေးကိုကိုင်ပြီး မုံ့မျက်နှာကို စိုက်ကြည့်ကာ မုံ့အမည်လေးကိုခေါ်လိုက်တော့ မုံ့အကြည့်လေးတွေက သူ့ထံ ရောက်လာသည်။

"သတိရပြီနော် မုံ၊ ခေါင်းထဲမှာ ဘယ်လိုနေသေးလဲဟင်"

မုံက သူ့အမေးကို မဖြေ။

မိုးကောင်းကင်မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်ပြီး ငြိမ်နေသဖြင့် သူ မုံ့အကြည့်လေးတွေ သေချာပြန်အကဲခတ်နေသည်။ မုံ့မျက်ဝန်းတွေက ငြိမ်နေသည်။ မုံ့အကြည့်တွေကလည်း မိုးကောင်းကင်မျက်နှာမှာသာ ရှိနေသည်။ မုံ့မျက်နှာပေါ်က စိတ်ခံစားချက်ကို မတွေ့ရ။ ပကတိငြိမ်စက်နေသည့် မုံ့ပုံစံက တစ်မျိုးထူးခြားနေ၍ မိုးကောင်းကင်စိတ်ထဲ မုံ့အနေအထားကိုကြည့်ပြီး တစ်မျိုး တွေးမိလာ၏။

"မုံ သတိထားလေ၊ ကိုယ် ဘယ်သူလဲဆိုတာ သိတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လားဟင်''

ဆိုးရိမ်စိတ်နှင့် မုံ့ပခုံးလေးကို အသာကိုင်လှုပ်တော့ မုံ့မျက်ဝန်းတွေ လှုပ်လာသည်။ မုံ့အကြည့်လေးတွေ လှုပ်ရှားလာကာ မုံ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လာသည်။ ပြီးတော့ မုံ့နှုတ်ဖျားက အသံတိုးတိုးလေး ထွက်လာသည်။

''မိုး''

''ဟာ... မုံ့ကိုယ့်ကို မှတ်မိပြီနော်''

မိုးကောင်းကင်တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ဝမ်းသာသွားကာ မုံ့ကိုယ်လေးကို ရင်ခွင်ထဲ အတင်းကျပ်ဆုံး ဆွဲယူပွေ့ဖက်လိုက်သည်။ သူအလိုချင်ဆုံးနေ့ကို ရောက်လာပြီ။ သူအဖြစ်ချင်ဆုံး နွေးထွေးသည့် မိသားစုဘဝ လှလှလေးကို ပိုင်ဆိုင်ခွင့်ရပြီဆိုသည့် အတွေးနှင့် ပျော်သွားသည်။

''ကိုယ်ဝမ်းသာလိုက်တာမုံ့ရယ် ဒီလိုနေ့ကိုရောက်ဖို့ ကိုယ်ဘုရားမှာ ဘယ်လောက်တောင် ဆုတောင်းခဲ့ရလဲဆိုတာ မုံ့သိမှာ မဟုတ်ပါဘူး အချစ်ရယ်''

''ကိုယ် မုံ့ကို သိပ်ချစ်တယ်''

''ဟင့်အင်း... ဟင့်အင်း''

မုံ့ထံမှ ငြင်းဆန်ကန့်ကွက်သည့် လေသံနှင့်အတူ မုံ့က သူမကိုယ်လေးကို မိုးကောင်းကင်ရင်ခွင်ထဲက မျက်ရည်တွေနှင့် ဖွတ်ရုန်းထွက်သည်။

''မုံ့''

''မုံ့ဘဝထဲမှာ အစ်ကိုပဲ ရှိတယ်မိုး''

''မုံ့အစ်ကို့ကိုပဲ ချစ်တယ်၊ အစ်ကိုကလွဲပြီး မုံ တခြားဘယ်သူကိုမှ မချစ်ဘူး လက်မခံနိုင်ဘူး၊ မုံ့ကို ခွင့်လွှတ်ပါ''



ပြောပြီး မုံ့ငိုသည်။ ကြေကြေကွဲကွဲ ငိုသည်။ အားပါးတရ ငိုသည်။ ကိုကို့ကို နောက်ဆုံးအချိန်တွေတုန်းက ငိုခဲ့သည့်အတိုင်း မုံ ငိုခြင်း ဖြစ်သည်။ သူမဘဝထဲမှာ မေ့လျော့ကွယ်ပျောက်ထားသည့် ခံစားချက်တွေက အခုမှ အသစ်ပြန်ဖြစ်လာပုံဖြင့် မုံ့ပုံက နင့်နင့်သည်းသည်း ခံစားကြေကွဲမှုတွေနှင့် တသိမ့်သိမ့် တုန်နေအောင် ရှိုက်ငိုနေသည့် မုံ့ကိုယ်လေးက မိုးကောင်းကင် မျက်စိရှေ့မှာ တဆတ်ဆတ် တုန်နေသည်။

''အစ်ကို... မုံ့ချစ်တဲ့ အစ်ကိုရယ်''

တမ်းတမ်းတတ လှိုက်လှဲစွာ သူချစ်သော အစ်ကို့ကိုခေါ်နေသည့် မုံက သူမနားမှာ မိုးကောင်းကင်ရှိနေတာကိုပင် အမှတ်မရ။ သတိမရနိုင်တော့သည့် မုံ ဖြစ်သွားသည်။

''မုံ့ကို အစ်ကိုထားသွားပြီမိုးရယ်၊ မုံ့နားမှာ အစ်ကို မရှိတော့ဘူး။ တကယ်ဆို အစ်ကို မသေဘဲ မုံ သေပစ်လိုက်ရမှာ၊ အစ်ကို့နဲ့အတူ မုံပါ သေပါရစေ အစ်ကိုရယ်''

''မုံသေလို့ ဘယ်ဖြစ်မှာလဲ မုံရဲ့၊ မုံ မရှိတော့ရင် မုံ့သမီးလေးကို ဘယ်သူကြည့်မှာလဲ''

သည်းသည်းလှိုက်လှိုက်ငိုနေသည့် မုံက သမီးဆိုသည့်အသံကြောင့် မျက်ရည်တွေနှင့် သူမနားက မိုးကောင်းကင် မျက်နှာကို တွေတွေလေး မော့ကြည့်သည်။

''မုံ့မှာ သမီးလေးရှိတယ်၊ မုံ့သမီးကို မုံ မချစ်ဖူးလားဟင်''

''သမီး''

''ဟုတ်တယ်... မုံ့သမီးလေးလေ၊ မုံသိပ်ချစ်တဲ့ သမီးလေးပေါ့''

သူက မုံမေ့နေသည့် အစိတ်အပိုင်းတစ်ခုကို ထုတ်ဖော်လိုက်၍

www.burmeseclassic.com

www.burmeseclassic.com



မုံ အငိုတိတ်သွားပြီး သူ့ကို မှုန်သီစွာ ကြည့်သည်။

"ဟုတ်တယ်၊ မုံ့မှာ သမီးရှိတယ်နော်၊ အစ်ကိုနဲ့ မုံတို့ သမီးလေး လေ"

"သမီး ဘယ်မှာနေလဲဟင် မိုး"

"ဒေါ်ကြီးနဲ့အတူ သမီးလေး အိပ်နေတယ်"

"ဒေါ်ကြီးဟုတ်လား၊ ပန်ဆောင်ခက မုံ့ဒေါ်ကြီးလား မိုး"

သူ ခေါင်းညိတ်လိုက်တော့ မုံ့နှုတ်ဖျားက အသံတိုးတိုးလေး ထွက်လာသည်။ အံ့သြသည့်အသံ။ မယုံကြည်နိုင်သည့် အသိအားလုံးကို မုံ ပြန်မှတ်မိပြီ။ မုံ့စိတ်တွေ အရင်လို အကောင်းပကတိ ဖြစ်သွားပြီဟု သိလိုက်ချိန်မှာ သူ မုံ့ကို ဆေးတစ်ခွက်တိုက်သည်။

"မုံ ဒီမှာ ခဏလေးနေဦးနော်၊ ကိုယ် သမီးလေးနဲ့ဒေါ်ကြီးကို ခေါ်ခဲ့မယ်"

"မုံပါ မိုးနဲ့အတူ လိုက်မယ်"

မိုးကောင်းကင်နှင့်အတူ သမီးအခန်းကိုရောက်သွားတော့ ဒေါ်ကြီး က သမီးအတွက် ခြေအိတ်သေးသေးလေးကို မီးရောင်အောက်မှာ သူကိုယ်တိုင် စိတ်ရှည်လက်ရှည် ထိုးနေသည်။ အခန်းထဲကို မုံနှင့် မိုးကောင်းကင် ဝင်လာတာမြင်တော့ လုပ်လက်စအလုပ်ကိုရပ်ပြီး သူတို့ နှစ်ယောက်ကို လှမ်းကြည့်သည်။ မုံက သူ့ကိုထားခဲ့ပြီး ဒေါ်ကြီးကို တစ်အားဖက်ပြီး အင့်ခနဲ ငိုချလိုက်၍ ဒေါ်ကြီးလက်ထဲက သိုးမွေးလုံး လွတ်ကျသွားသည်။

"ဒေါ်ကြီး"

"မုံ... ကလေး ဘာဖြစ်လို့လဲဟင်"

"မုံ အားလုံးကို ပြန်သတိရသွားပြီ ဒေါ်ကြီး၊ မုံ နေကောင်း သွားပြီ"



"အိုကွယ်..."

သူ ရှင်းလိုက်မှ ဒေါ်ကြီး သဘောပေါက်သွားကာ မုံ့ကိုယ်လေး ကို တင်းကျပ်စွာဖက်၍ နှစ်ယောက်အတူ ငိုကြသည်။ ဝမ်းသာသော အပျော်မျက်ရည်နှင့် ဝမ်းနည်းကြေကွဲနေသည့် မျက်ရည်တို့က ဆန့်ကျင် ဖက်အနေအထားဖြင့် ပေါင်းစည်းသွားကြသည့် အဖြစ်ကိုကြည့်ပြီး မိုးကောင်းကင် သက်ပြင်းချလိုက်သည်။

"အစ်ကို မရှိတော့ဘူး ဒေါ်ကြီးရယ်၊ အစ်ကို မရှိတော့ဘူး"

မုံ့အသံက နှလုံးသားထဲမှ ထွက်ပေါ်လာသည့် ကြေကွဲဆွေးမြေ့ နေသည့်အသံဖြစ်သည်။

"မုံ့ဘဝလေးမှာ မုံချစ်တဲ့အစ်ကို မရှိတော့ပေမယ့် မုံသိပ်ချစ်တဲ့ သမီးလေး ရှိပါသေးတယ် ကလေးရယ်၊ မုံ့ သမီးလေးဟာ မုံ့ဘဝ၊ မုံ့အသည်းနှလုံး မုံ့အချစ်တွေပဲ မဟုတ်လားကွယ်"

"ထိပ်ထား သမီးကိုကြည့်ပါဦး၊ ဘယ်လောက်ချစ်စရာကောင်း လဲ ၊ဘယ်လောက်တောင်ချောလိုက် လှလိုက်သလဲ ကလေးရယ်"

မုံက ဘာမှမပြောနိုင်။

ပုခက်ထဲမှာ နှစ်ခြိုက်စွာ အိပ်နေသည့် သမီးငယ်မျက်နှာကို တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း မျက်ရည်တွေ ကျနေသည်။ အသံ မထွက်အောင် ကြိတ်ငိုရှိုက်နေသည်။

"မုံအစ်ကို့ကိုချစ်ရင် မုံ့ ကိုယ့်ကိုကိုယ် ကျန်းမာအောင်နေရမယ်၊ မုံချစ်တဲ့ သမီးလေးရဲ့ဘဝကိုလည်း မုံကိုယ်တိုင်ပြုစုပျိုးထောင်ပေးရမယ် ဒေါ်ကြီးပြောတာ မုံနားလည်တယ် မဟုတ်လားဟင်"

မျက်ရည်တွေကြားက မုံ ခေါင်းညိတ်သည်။ ဒေါ်ကြီးပြောတာ ကို မုံ လက်ခံသည်။ မုံ့မှာ သမီးလေး ရှိသည်။ မုံ့နားမှာ အစ်ကို မရှိပေမယ့် မုံချစ်တဲ့ အစ်ကို့ကိုယ်စား၊ အစ်ကို့ကိုယ်ပွားလေး ရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက် မုံ့နှလုံးသားတွေ နာကျင်ပေမယ့် တစ်စိတ်တစ်ပိုင်းကတော့ ဖြေသိမ့်နိုင်လာသည်။

"မုံ အခုလိုကျန်းမာလာတာ ဒေါ်ကြီး သိပ်ဝမ်းသာတယ်ကွယ်၊ ကဲ... ညည်းနက်နေပြီ မုံ အနားယူလိုက်ဦး မနက်ကြမှ မုံနဲ့ သမီးလေး တွေ့ကြမယ် ဟုတ်လား"

"မောင်မိုး၊ မုံ့ကိုခေါ်ပြီး မင်းတို့လည်း နားလိုက်တော့လေ"

"လာ... မုံ... မနက်ကြမှ ကိုယ်တို့သမီးလေးနဲ့ တွေ့ကြမယ် ဟုတ်လား"

"ဟင့်အင်း"

မုံ ခေါင်းခါလိုက်တော့ ဒေါ်ကြီးနှင့်မိုးကောင်းကင်က မုံ့ကို နားမလည်သလို ကြည့်သည်။

"ဘာဖြစ်လို့လဲ မုံ"

မုံဖြစ်နေတာတွေ အများကြီးပါဆိုသည့် စကားကို မုံ့နှုတ်မှားက မထွက်။ မိုးကောင်းကင်မျက်နှာကိုသာ ထိတ်လန့်အံ့ဩသလို မော့ကြည့် နေမိသည်။ မုံ့ဘဝထဲက အစ်ကို ထွက်သွားသည်။ ကားအက်ဆီးဒင့်ဖြစ်ပြီး အစ်ကို ဆုံးသွားသည်။ နောက်တော့ မုံ ဘာမှ မသိတော့။ မုံ ဘာမှ မမှတ်မိတော့။ မုံ့ကိုမုံ သိသည့်အချိန်။ မုံ့ အဖြစ်အပျက်တွေကို အမှန်အတိုင်းနားလည်လက်ခံလာချိန်မှာ အတူရှိနေသူက မိုးကောင်းကင် ဖြစ်နေသည်။

ချစ်ခြင်းတွေ၊ ကြင်နာခြင်းတွေ၊ မြတ်နိုးခြင်းတွေ အထင်အရှား မြင်နေရသည့် မိုးရဲ့မျက်ဝန်းအကြည့်တွေ၊ နူးညံ့သိမ်မွေ့နေသည့် မိုးရဲ့ မျက်နှာပေါ်က ခံစားချက်တွေက မုံ့ရင်ကို အရှိန်ပြင်းပြင်း ဝင်ရောက် ရိုက်ခတ်သွားသည်။ ဘယ်အချိန်တည်းက မုံဟာ မိုးဆီမှာ ရှိနေခဲ့တာလဲ။ မိုးနဲ့အတူ မုံ မသိသည့် မုံ မမှတ်မိသည့် အချိန်တွေကို ဘယ်လို



များ ကျော်ဖြတ်ခဲ့လဲ။

မုံ့ရင်ထဲမှာ ရှိနေတာ အစ်ကိုတစ်ယောက်တည်းပါ။ မုံ့အချစ်ဆုံး ယောကျ်ားဟာလည်း အစ်ကိုကလွဲပြီး တခြားဘယ်သူမှ မရှိပေမယ့် မုံ့ဘဝထဲမှာ မိုးက ရောက်နေသည်။ မုံနှင့် အသက်ဆိုင် အပတ်သက် ဆုံးလူက မိုးဖြစ်နေသည်။

"သမီးမုံ... ဘာဖြစ်လို့လဲဟင်၊ နေမကောင်းလို့လား"

ဒေါ်ကြီးအသံက နူးညံ့ညင်သာသလို ဒေါ်ကြီးအကြည့်တွေက ကြင်နာခြင်းတွေနှင့် ရောထွေးနေသည်။

"မုံနေကောင်းပါတယ် ဒေါ်ကြီး"

တိုးတိတ်သော မုံ့အသံက တုန်ယင်နေသည်။ လက်တွေ့ ရင်ဆိုင် လိုက်ရသည့် မုံ့ဘဝရဲ့ အချိုးအကွေ့ အပြောင်းအလဲကို မုံကိုယ်တိုင် ရင်ဆိုင်ရန် အင်အားမရှိဘဲ ဖြစ်နေသည်။

"အခုမှ နေကောင်းကာစမို့ ဒီလိုဖြစ်နေတာပါ၊ မုံ အေးအေး ဆေးဆေး အနားယူလိုက်ရင် အားလုံး ကောင်းသွားမှာပါ၊ လာ... မုံ... ကိုယ်တို့အခန်းကို ပြန်ရအောင်"

ကိုယ်တို့အခန်းဆိုပါလား။

"သွား... သွား သမီး လိုက်သွား၊ မနက်လင်းတာနဲ့ မြေးလေးကို ဒေါ်ကြီး သမီးဆီ ခေါ်လာခဲ့မယ်"

မိုးကောင်းကင်ခေါ်ရာနောက်ကို အတူပါလာရင်း မုံ့အကြည့်တွေ က နေရာအနှံ့ ရောက်နေသလို၊ မုံ့အတွေးတွေကလည်း ပြန့်ကျဲနေ သည်။

"မိုး"

"ဗျာ"

"မုံတစ်ယောက်တည်း နေလို့မရဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ရတာပေါ့၊ ကဲ... မှုံ့ အိပ်ပျော်အောင်အိပ်လိုက်၊ ကိုယ် ဟိုဘက်အခန်းမှာ ရှိနေမယ် ဟုတ်လား"

မှုံ့ကိုယ်လေးပေါ် သူကိုယ်တိုင် စောင်ခြုံပေးပြီး အခန်းမီးကို ပိတ်ကာ ညအိပ်မီးကို ထွန်းပေးသည်။

"ဂွတ်နိုက်မှုံ့"

"ဂွတ်နိုက်"

နှုတ်ဆက်သံနှင့်အတူ မှုံ့အိပ်ခန်းတံခါးကို သူကိုယ်တိုင် ပိတ်ပေး သွားသူကိုကြည့်ကာ မှုံ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

"အစ်ကို..."

မှုံ့ရဲ့ အစ်ကိုရယ်။

## အခန်း (၂၀)

"အဲဒါ မှုံ့ရဲ့အဆုံးအဖြတ်၊ မှုံ့ရဲ့ သဘောထားပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

အေးဆေးတည်ငြိမ်စွာ တုံ့ပြန်လိုက်သည်။ မှုံ့မျက်နှာကိုကြည့်ပြီး ဘာစကားမှ ပြန်မပြောနိုင်အောင် ရင်ထဲဆို့နင့် နာကျင်သွားရသူက မိုးကောင်းကင်။ မှုံ့က သူမဘဝ၊ သူမ ရင်ဆိုင်ရသည့် အဖြစ်မှန် အားလုံးကို သိပြီးနောက်မှာ သူမ ဆုံးဖြတ်ချက်ကို မိုးကောင်းကင်ကို ပြတ်သားစွာ ထုတ်ဖော်ပြောပုံက တည်ငြိမ်သည်။ ရဲရင့်သည်။ လေး နက်ခိုင်မာမှုအပြည့်နှင့် ဖြစ်သည်။ မှုံ့ချစ်တာက သူ့ကို မဟုတ်။ မှုံ့ နှလုံးသားထဲမှာ ရှိနေသူက မှုံ့ချစ်တဲ့ အစ်ကို။ မှုံ့ရဲ့ အစ်ကို တစ်ယောက် တည်းသာဖြစ်၍ မှုံ့အနေဖြင့် မိုးကောင်းကင်နှင့် ဘယ်လိုမှ ဆက်နေ၍ မဖြစ်နိုင်။

သမီးနှင့်အတူ မှုံ့ အိမ်ပြန်မည်။ ဒေါ်ကြီးကို မှုံ့နှင့်အတူ ခေါ်သွား မည်။ အစ်ကိုနှင့်အတူနေရန် ပြင်ဆင်ထားသည့် မှုံ့တို့ မိသားစုလေး နေမည့်အိမ်ထဲမှာ မှုံ့ချစ်သည့်အစ်ကို စိတ်ကူးနှင့်ပြင်ဆင်ထားသည့် အစ်ကို့လက်ရာတွေ ရှိသည်။ အစ်ကို့ပုံရိပ်တွေ ရှိသည်။ အစ်ကို့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



အသုံးအဆောင်တွေ အားလုံးရှိသည်။ အစ်ကိုနှင့်မှ မတတ်သာလို့ ခွဲခွာလိုက်ရပေမယ့် အစ်ကိုနှင့်အတူ ပျော်ရွှင်စွာနေခဲ့သည့် အိမ်လေးထဲမှာ မုံချစ်တဲ့အစ်ကို့ကို တမ်းတလွမ်းဆွတ်သတိရရင်း အစ်ကိုနှင့်တူသော အစ်ကို့ကိုယ်ပွား၊ အစ်ကို့ကိုယ်စား သမီးလေးကို မုံ့အချစ်တွေ ပုံအောပေးပြီး သမီးလေးနဲ့အတူ မုံ့ဘဝကို ကုန်ဆုံးစေမည်။

ဒါတွေအားလုံး မုံ့စိတ်ကူး။ မုံ့အတွေး။ မုံ့ဆုံးဖြတ်ချက်တွေဖြစ်ပေမယ့် မုံ အခုလို ရက်စက်စိမ်းကားစွာ သူ့အပေါ်မှာ ဘာမှမဆိုင်သလို ဘာခံစားချက်မှ မရှိသလို ပြတ်သားစွာ ဆုံးဖြတ်နိုင်ပေမယ့် မုံ့ အဆုံးအဖြတ်ကို အသည်းနာနာနှင့် လက်မခံနိုင်သူက မုံ့ကို အသက်တမျှ ချစ်မြတ်နိုးနေသော မိုးကောင်းကင်ကိုယ်တိုင် ဖြစ်သည်။

မုံ့ကို ချစ်သည်။ သမီးကို ချစ်သည်။ သူချစ်သော မုံနှင့် သမီးကို မခွဲနိုင်သလို သူ့ဘဝတစ်ခုလုံး ပေးဆပ်ပြီး ချစ်ခဲ့ရသည့် မြတ်နိုးခဲ့ရသည့် မိသားစုလေးကို အပြိုကွဲမခံနိုင်ရင် သူ့အပေါ်မှာ စိမ်းကား၊ ပြတ်သားနိုင်သည့် မုံ့မျက်နှာလေးကို သူ စိုက်ကြည့်လိုက်သည်။

“မုံ့ ဆုံးဖြတ်ချက်တွေကို မပြင်တော့ဘူးလား မုံ”

“မုံ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်တာပါ မိုး”

“မုံ့အတွက် မုံစဉ်းစားတာကို ကိုယ်လက်ခံပါတယ်၊ ကိုယ့်အတွက်ရော မုံ၊ မုံနဲ့ သမီး မရှိဘဲ ကိုယ်တစ်ယောက်တည်း ဘယ်လိုနေခဲ့ရမှာလဲ”

မုံ မဖြေ။

ဖြေစရာလည်း မုံ့မှာ စကားမရှိ။ ကျောက်ရုပ်လေးချထားသလို ငြိမ်နေသော မုံ့ရှေ့မှာ သူရပ်ပြီး မုံ့မျက်နှာလှလှလေးကို ရင်နာစွာ စိုက်ကြည့်လိုက်သည်။



“ကိုယ်မေးတာ ဖြေပါဦးမုံ၊ မုံတို့သားအမိမရှိဘဲ ကိုယ်ဘယ်လိုနေခဲ့ရမလဲဆိုတာ မုံ မဖြေနိုင်တော့ဘူးလား”

“မုံ့ကို မုန်းလိုက်ပါ”

“ဘာပြောတယ် မုံ့ကို မုန်းလိုက်ပါဟုတ်လား”

“ဟုတ်တယ် မုံဆိုတဲ့မိန်းမဟာ မိုးအတွက် မုန်းစရာကောင်းတဲ့မိန်းမ၊ ကိုယ့်အတ္တကိုယ်ကြည့်ပြီး တခြားသူ ဘာဖြစ်ဖြစ် ဂရုမစိုက်တဲ့မိန်းမပါမိုး…”

ဒေါ်ကြီးပြောလို့ အားလုံးကို မုံ သိခဲ့ရပြီးပါပြီ။ မုံ့ကို လက်ထပ်လိုက်၍ မိုးမာမီက အမွေပြတ်စွန့်လွှတ်ခဲ့တာဟွေ၊ မုံ့သမီးလေး မွေးပြီးမှ သင်ဇာက မုံ့လို သမီးလေးတစ်ယောက် ကောက်ပြီးမွေးစားခဲ့တာတွေ။ သားနှစ်ယောက်လုံးကို မုံ လက်ထပ်လိုက်လို့ ဒေါ်မမ အမုန်းက မုံ့အပေါ်မှာ အငြိုးတစ်ခုအဖြစ် ပြောင်းလဲသွားကာ မိုးအပေါ်မှာရော၊ သူ့မြေးအရင်း ခေါက်ခေါက်အပေါ်မှာပါ အရက်စက်ဆုံး အပြစ်တွေ စီရင်ချမှတ်ခဲ့သည့် အမေတစ်ယောက်၊ အဘွားတစ်ယောက်။ တိုက်ဆိုင်ချင်တော့ ဒီနေ့သတင်းစာမှာ အချစ်ဆုံးမြေးလေးအတွက် မွေးနေ့ဆုတောင်းဆိုပြီး စာမျက်နှာအပြည့်။ လမင်းသင်ဇာအတွက် အဖေအမေနှစ်ဖက်ဘိုးဘွား နာမည်တွေ စာလုံးမည်းကြီးနှင့် ပါလာသည်။

သားအရင်းနှင့် မြေးအရင်းကိုတော့ အရေးပင် မစိုက်။ မိုးအခုလို သားအဖြစ်က စွန့်လွှတ်ခံလိုက်ရတာလည်း မုံ့ကို ချစ်မိလို့။ မုံ့ကို လက်ထပ်မိလို့။ မိုးရဲ့ ရပိုင်ခွင့်တွေအားလုံး အစ်ကိုလိုပဲ လက်လွှတ်ဆုံးရှုံးလိုက်ရတာ မဟုတ်လား။ မိုးနားမှာ မုံမရှိရင် မိုးကို ဒေါ်မမက ပြန်ခေါ်မှာ သေချာသည်။ မုံ့ရဲ့ ဒုက္ခတွေ၊ မုံ့ကြောင့် ဖြစ်ခဲ့ရတဲ့ မိုးရဲ့ ဆုံးရှုံးမှုတွေအားလုံး မုံ့ကို စွန့်လွှတ်လိုက်တာနဲ့ မိုးပြန်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မိန်းမကိုမှ ကိုယ်က သိပ်ချစ်နေမိတယ်ဆိုရင်ရော မုံ"

"မုံမှ မိုးကို မချစ်ဘဲ"

"မုံချစ်တာ မုံ့ရဲ့အစ်ကိုတစ်ယောက်တည်းဆိုတာ ကိုယ်သိပါတယ်၊ မုံ့နားမှာ ဒုတိယအစ်ကိုအဖြစ်နဲ့ပဲ နေမှာပါ၊ မုံ မချစ်တဲ့ကိုယ့်ကို ကိုယ်ကလည်း ဖွတ်အတင်း ပြန်မချစ်နိုင်းပါဘူး မုံ…"

"မုံ့ကို ကိုချစ်တယ်"

"မုံ မရှိဘဲ ကိုယ်ဘယ်လိုမှ နေလို့ရမှာမဟုတ်ဘူး မုံ၊ သမီးနဲ့လည်း ကိုယ် မခွဲနိုင်ဘူး၊ ကိုယ့်ကိုပစ်ပြီး ထွက်မသွားပါနဲ့ မုံရယ်။ ကိုယ်တို့ မိသားစုလေး အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် အတူပြန်နေကြရအောင်နော်…"

"ကိုယ်နဲ့အတူ နေမယ်မဟုတ်လား မုံ"

"ကိုယ်ရယ်၊ မုံရယ်၊ သမီးရယ်၊ ဒေါ်ကြီးရယ်ပေါ့"

အချိုသာဆုံး ပြောသည်။ အနူးညွတ်ဆုံး တောင်းဆိုသည်။ ဘယ်လိုပဲဖြစ်ဖြစ် မုံနဲ့သမီးကို မခွဲရရင်ပြီးပြီ။ သူ့နားမှာ သူချစ်သော မုံနှင့် သမီးလေးရှိရင် မိုးကောင်းကင်ဘဝ ပြည့်စုံပြီ။ တခြားဘာမှ မလိုတော့။ မုံက သူ့ကို ဘာမှမပြောဘဲ အကြာကြီး ခေါင်းငုံ့ပြီး ငြိမ်နေသည်။ မုံ ဘာတွေစဉ်းစားပြီး ဘာတွေဆုံးဖြတ်နေသည်ကို သိချင်သည့် စိတ်ဆန္ဒဖြင့် မုံ့ထံမှ အဖြေကို ရင်တထိတ်ထိတ် ခုန်ရင်းစောင့်နေသည်။ သူ့သဘောထား၊ သူဖြစ်ချင်တာ၊ သူ့ဆန္ဒအားလုံးကို သူပြောပြီးပြီ။ မုံ့ဘက်က သူ့အပေါ် ဘယ်လိုတုံ့ပြန်မလဲဟု စိတ်လှုပ်ရှားနေချိန်မှာ မုံ့ဆီက အသံတိုးတိုးလေး ထွက်လာသည်။

"မုံ့ကို ခွင့်လွှတ်ပါမိုး"

"ကိုယ်က ဘာကို ခွင့်လွှတ်ရမှာလဲ မုံ"



"မုံ ဆုံးဖြတ်ထားတဲ့အတိုင်းပဲ မုံ့အိမ်ကို မုံပြန်ပါရစေ"

"ဩော်… ကိုယ်တစ်ယောက်တည်း ဘာဖြစ်ဖြစ်ပေါ့ဟုတ်လား"

မချိတင်ကဲ နာကျင်ကြေမွစွာ ရေရွတ်လိုက်သည့် သူ့အသံအဆုံးမှာ မုံ့ပါးပြင်ပေါ်မှာ မျက်ရည်တွေ စီးကျလာသည်။

ဒါမုံ့ရဲ့အဖြေ။ မုံ့ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပေါ့။ သူဘယ်လိုမှ တောင်းပန် အသနားခံလို့မရတော့ပြီဟု သိလိုက်ရပြီးနောက်မှာ မုံ ဖြစ်စေချင်သည့်အတိုင်း မုံ့ဆန္ဒအတိုင်း လိုက်လျောဖြည့်ဆည်းယုံသာ ရှိသည်။ မုံ့ကို ဖွတ်အတင်းအကျပ် သူ ဘာမှမလုပ်ချင်တော့။

"ကောင်းပြီလေ မုံ ဘယ်နေ့သွားချင်လဲ ကိုယ့်ကိုပြော"

"ဒီတနင်္ဂနွေ မုံပြန်ပါရစေ"

နောက်သုံးရက်အကြာ မုံနှင့်သမီးလေး မိုးကောင်းကင်ဘဝထဲက အပြီးအပိုင် ထွက်သွားတော့မှာပါလားဟု တွေးမိတော့ သူ့ရင်တစ်ခုလုံး အခံရခက်အောင် ပူလောင်နာကျင်လာသည်။ သူ့နားမှာ မနေချင်သူကို သူဘယ်လိုမှ ထားလို့မရ။

"ဒေါ်ကြီးကို အသင့်ပြင်ခိုင်းထားလိုက်ပါ မုံ၊ မုံဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ်"

"ကိုယ်ဆေးရုံကို ခဏသွားလိုက်ဦးမယ်"

ဒီနေ့ သူ့နားရက်။ ဘာဂျူတီမှ မရှိ။ မုံ့နားမှာ ဆက်နေလျှင် သူ့ကိုယ်သူ ထိန်းနိုင်မှာ မဟုတ်။ တစ်ခုခုပေါက်ကွဲမိတော့မှာ သွား သည်။ ထို့ကြောင့် မုံ့နားက အကြောင်းမရှိ အကြောင်းရှာပြီး အခင် ထွက်လာခဲ့ခြင်းဖြစ်သည်။ ဘယ်ကိုမှ သွားချင်စိတ်မရှိ၍ ကားကို ခြေဦးတည့်ရာ လျှောက်မောင်းရင်း လူရှင်းသည့်နေရာမှာ ထိုးရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးချုပ်မှ သူအိမ်ပြန်သည်။ ဒေါ်ကြီး ပြင်ပေးသည့်ညစာကို မစားဘဲ၊ အိပ်ပျော်နေသည့် သမီးပါးပြင်လေးကို ဖွဖွရှိုက်နမ်းပြီးမှ သူ့အခန်းတံခါးကို ပိတ်လိုက်သည်။ မုံကိုယ်တိုင်လည်း သူမအိပ်ခန်းထဲက မထွက်။ ဒေါ်ကြီးက သူတို့နှစ်ယောက်ကိုကြည့်ပြီး စိတ်မချမ်းမြေ့သည့် မျက်နှာနှင့် သက်ပြင်းရှိုက်သည်။ အိမ်ကြီးတစ်အိမ်လုံး တိတ်နေသည်။ ဘာသံမှ မကြားရ။ အရင်က မိသားစု ပျော်ပျော်ရွှင်ရွှင် ကြည်နူးရွှင်ပြစွာ ရယ်မောသံ၊ ကျီစယ်နောက်ပြောင်သံ၊ သမီးကို ချစ်စနိုးချော့မြူသံတွေ ဆိတ်သုန်းသွားသည်။

မုံ့ကို မိုးကောင်းကင် ဘယ်လောက်ချစ်သည်။ ဘယ်လောက် မြတ်နိုးသည်ဆိုတာကို မုံ မသိသော်လည်း ဒေါ်ကြီး အားလုံးသိသည်။ မိုးကောင်းကင်လောက် မုံ့ကို ချစ်သူ မရှိ။ မြတ်နိုးနိုင်သူ မရှိ။ ပစ္စည်းတွေသိမ်းရင်း အသံတစ်ခုကြား၍ ဒေါ်ကြီး သူ့အခန်းထဲက အသာထွက်ပြီး အသံလာရာကို အသာသွားကြည့်တော့ ဧည့်ခန်းထဲမှာ မုံ့ကို တွေ့ရသည်။ ငိုထား၍ မျက်လုံးတွေက မို့နေသည်။ ဧည့်ခန်းမှာ လှပစွာ ချိတ်ဆွဲထားသည့် မိုးကောင်းကင်နှင့် သူ့အစ်ကို ပျော်ရွှင်ကြည်နူးစွာ ရယ်မောနေသည့် ဓာတ်ပုံကြီးကို ငေးကြည့်နေမိသည့်အတွက် နေရာက အသာပြန်လှည့်ထွက်သွားသည်။

မုံက သူမကို ဒေါ်ကြီး လာကြည့်တာလည်း မသိ။ အသံမကြားအောင် ပြန်လှည့်ထွက်သွားတာလည်း မသိ။ နှလုံးသားတွေ ကွဲအက်မွကျေနေသည့် ခံစားချက်ဖြင့် မိုးကောင်းကင် ရင်ခွင်ထဲမှာ စိတ်လွတ်လက်လွတ် ပျော်ပျော်ကြီး ရယ်နေသည့် သူမပုံနှင့် မုံ့မျက်နှာလေးကို ချစ်မြတ်နိုးသော မျက်လုံးလဲ့လဲ့လေးတွေ စူးစိုက်ကြည့်ရင်း ချစ်စနိုးပြုံးနေသည့် မိုးကောင်းကင်မျက်နှာကို ငေးကြည့်သည်။

အစ်ကိုနှင့်တူသည့် မိုး။



မိုးကို မြင်တွေ့နေရတာကိုက အစ်ကို့ကို အသက်ရှင်လျက် ပြန်တွေ့နေရသလို မုံ့စိတ်မှာ ထင်နေတတ်တာကိုက မုံ့အားနည်းချက်။ မိုး မုံ့ကို ဘယ်လောက်ချစ်သည်။ မြတ်နိုးသည်ဆိုတာကို သိသိနဲ့ မိုက်မဲစွာ မိုးကို ထားရစ်ခဲ့ဖို့ ဆုံးဖြတ်သည့် မုံ့ကို ဘယ်တော့မှ ခွင့်မလွှတ်ဘဲ တစ်သက်လုံး မိုးကို မုန်းစေချင်သည်။

မုံ့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ မိုးရယ်။ မိုးတားနေသည့်ကြားက မုံက မိုးကိုထားရစ်ခဲ့ဖို့ ဆုံးဖြတ်ပြီးမှ မိုးဒိုင်ယာရီကို ဖတ်မိသည်။ ဆေးရုံခဏ ကိုသွားမည်ဟု ပြောသွားသည့်မိုးက ညဆယ်နာရီထိုးသည့်အထိ ပြန်မလာ။ မုံကတော့ မိုး ကားနှင့်ထွက်သွားကတည်းက မိုး ဒိုင်ယာရီကိုဖတ်ပြီး တစ်ချိန်လုံး ငိုနေသည်။ အစ်ကို့အတွက်၊ မိုးအတွက်၊ သမီးလေးအတွက်။ မုံနှင့်လေယာဉ်ကွင်းမှ စတွေ့သည့်အချိန်ကတည်းက မုံ့ကို မြင်မြင်ချင်း ချစ်သည့်အကြောင်း၊ မုံဝတ်လာသည့် အဝတ်အစား၊ လက်ကိုင်အိတ်၊ ဖိနပ်ကအစ အဖြူရောင် ပုလဲပုတီးတွေအကြောင်း အသေးစိတ်ရေးထားသလို သူ့ရင်ထဲက မုံ့အပေါ် ထားရှိသည့် အချစ်တွေကိုလည်း မချွင်းမချန် ရေးထားသည်။

မုံ့မျက်ဝန်းကို မှိတ်လိုက်တော့ နောင်တမျက်ရည်တွေတမုံ့ပါးပြင်ပေါ် စီးကျလာသည်။ မုံ့ အာရုံထဲမှာ မိုးပုံရိပ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာသည်။ မုံ့ကို ချစ်သည့် မိုး။ မုံ့ကို အမြဲညှာတာမြတ်နိုးတတ်သည့် မိုးရဲ့အချစ်တွေ။ သမီးလေးနဲ့ မုံ့အပေါ်မှာ အိမ်ထောင်ဦးစီးကောင်း တစ်ယောက်၊ ဖခင်ကောင်းတစ်ယောက်အဖြစ် မုံနဲ့သမီးလေးကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့သူ။ မုံက မိုးရဲ့အသည်းကို ရက်စက်စွာ ခွဲရက်သူဖြစ်သည်။

မိုး အိမ်ပြန်လာသည့်အချိန်အထိ ဘာတစ်ခုမှ မစားသောက်နိုင်ဘဲ သူမအခန်းထဲမှာ မျက်ရည်တွေကျရင်း အကြိမ်ကြိမ် နောင်တတရား

www.burmeseclassic.com

www.burmeseclassic.com



တွေရရင်း တစ်ချိန်လုံး ငိုနေမိသည့် မုံ့ကို ကြည့်ပြီး ဒေါ်ကြီး ကိုယ်တိုင်လည်း စိတ်မချမ်းသာ။ မိုးချုပ်မှ ပြန်လာသည့်မိုးက မုံ့ကိုပင် စကားမပြော၊ နှုတ်မဆက်ဘဲ သူ့အခန်းထဲဝင်ပြီး တံခါးပိတ်လိုက်၍ မိုးပြန်လာရင် ပြောရန်ပြင်ဆင်ထားသည့် မုံ့စကားတွေ မုံ့ရင်ထဲမှာပဲ ကျန်ခဲ့သည်။

မုံ့ဆိုတဲ့ မိုက်မဲတဲ့မိန်းမကို စကားပြောချင်စိတ်မရှိအောင် မုန်းတီးသွားပြီလား မိုးရယ်...။

သူတို့နှစ်ယောက် လက်ထပ်သည့်နေ့က ဓာတ်ပုံကို မုံ့ရင်မှာပွေ့ပိုက်ပြီး တစ်ယောက်တည်း ရင်နာစွာ ကျိတ်ငိုနေချိန်မှာ မုံ့ငိုရှိုက်သံကြောင့် အိပ်ခန်းထဲက ထွက်လာသူက မိုးကောင်းကင်။ အစတုန်းက မုံ့ငိုသံကို ဘယ်ကလာမှန်း မသိ။ နောက်တော့ အိမ်ရှေ့ဧည့်ခန်းမှာ သူ့ကို ကျောပေးပြီး ရှိုက်ငိုနေသည့် မုံ့ကိုမြင်တော့ သူစိတ်ဆင်းရဲသွားသည်။

သူ့ကြောင့် မုံ့ငိုနေရတာ မဟုတ်လား။

ချစ်သူရဲ့မျက်ရည်တွေကို ရင်မဆိုင်ချင်ဆုံးလူက သူပါ။ မုံ့ကိုမှ အချစ်ကြီးချစ်၊ အမြတ်နိုးကြီး မြတ်နိုးနေသည့် မိုးကောင်းကင်ဆိုတဲ့ ယောကျ်ားတစ်ယောက်။ သေချာပြန်တွေးကြည့်တော့လည်း မုံ့မှာ ဘာအပြစ်မှ မရှိ။ ကိုကို့စိတ်နဲ့ သူမကိုယ်တိုင် သတိလက်လွတ်ဖြစ်သွားသည့်အချိန်မှာ မုံ့တို့သားအမိကို ချစ်သည့်စိတ်၊ ဆောင့်ရောက် ကာကွယ်လိုစိတ်နှင့် လက်ထပ်ခဲ့သည့် သူ့အပြစ်သာ ဖြစ်နေသည်။ တစ်နေ့ဒီလို အဖြစ်တွေကို ရင်ဆိုင်ရမှာကိုသိသိနဲ့ မိုးကောင်းကင်ကိုယ်တိုင် သူ့စိတ်ကြိုက် ရွေးချယ်ခဲ့သည့်လမ်းမှာ ရပ်တန့်ရစ်ခဲ့ရသည်မှာ မုံ့အပြစ်မဟုတ်။ မုံ့ချစ်ခဲ့တာ အစကတည်းက မုံ့ချစ်တဲ့အစ်ကို ကိုကိုနေကောင်းကင်ပဲ။ မိုးဆိုတဲ့ ကိုကိုညီ မိုးကောင်းကင် မဟုတ်။



"မုံ့"

နောက်ပါးဆီမှ ညင်သာတိုးတိတ်စွာ ထွက်ပေါ်လာသည့် မိုးအသံကြောင့် တသိမ့်သိမ့် ရှိုက်ငိုနေရာက မုံ့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"ဘယ်အချိန်ကတည်းက ဒီမှာ တစ်ယောက်တည်း လာငိုနေတာလဲ မုံ့ရယ်... တိတ်နော်"

အပြစ်တင်သံ အရိပ်အယောင်လေးမျှပင် မပါ။ ချစ်ကြင်နာသော နူးညံ့သိမ်မွေ့သော အသံနှင့်အတူ မုံ့ကိုယ်လေးကို ဆွဲယူထူမပြီး သူ့ဘက် ဆွဲလှည့်လိုက်၍ မုံ့နှင့် မိုးကောင်းကင် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။

"ကိုယ့်ကြောင့် မုံ့ စိတ်ပင်ပန်းနေပြီ၊ ကိုယ့်ကို ခွင့်လွှတ်ပါမုံ့ရယ်၊ မုံ့ရင်ထဲက ခံစားချက်ကို မကြည့်ဘဲ ကိုယ့်စိတ်ခံစားချက်ကိုပဲ ဦးစားပေးသလို ဖြစ်သွားတာ ဆောရီးနော်"

"တကယ်ဆို ကိုယ့်အနေနဲ့ မုံ့ကို ဒီလိုမလုပ်သင့်ဘူး၊ မုံ့ စိတ်ချမ်းသာတာကိုပဲ လုပ်ခွင့်ပြုသင့်တယ်ဆိုတာ အခုမှ ကိုယ်စဉ်းစားမိလာတယ် ကိုယ်ဟာ လူညံ့ပါ မုံ့ရယ်"

"မောင့်အင်း မဟုတ်ဘူး"

မျက်ရည်တွေနှင့် မုံ့ခေါင်းခါသည်။ ခွဲဝေရခက်သော အကြည့်တွေနှင့် မိုးကောင်းကင်မျက်နှာကို နင့်နင့်သည်းသည်းလေး စူးစိုက်ကြည့်သည်။ မျက်ရည်တွေ အဆက်မပြတ် စီးကျနေတာတစ်ပြိုင်နက် မိုးကောင်းကင်တို့ မုံ့ ဘာစကားပြောရမှန်းမသိ ဖြစ်နေတုန်း မိုးက မုံ့လက်နှစ်ဖက်ကို တင်းကျပ်စွာဆုပ်ကိုင်လျက် ရင်ခွင်မှာပိုက်ထားသည့် ဓာတ်ပုံကို စိတ်ဝင်စားသလိုနှင့် ငုံ့ကြည့်သည်။

"ဘယ်သူ့ပုံလဲ မုံ့ ကိုကို့ပုံလားဟင်"

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

မုံ ခေါင်းခါတော့ သူက မုံ့မျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့ မုံ့လက်ထဲကဓာတ်ပုံကို မုံ့ရင်ခွင်ထဲက ဆွဲယူလိုက်၍ မုံ အသာဖြည်လွှတ်ပေးလိုက်သည်။ သူ့အကြည့်တွေက ဓာတ်ပုံထဲမှာ နှစ်ယောက်အတူ ကြည်နူးပီတိတွေနှင့် ရယ်မောနေသည့် သူနှင့် မုံ့မျက်နှာတွေကို ရှုံးရှုံးနှင့်နှင့် ငေးစိုက်ကြည့်ပြီး မုံ့ကို ပြန်ကြည့်သည်။

"မုံ"

သူ့အသံတွေက စိတ်လှုပ်ရှားနေသလို သူ့အကြည့်တွေကလည်း မုံ့ဆီက တစ်စုံတစ်ရာကို မဝံ့မရဲ မျှော်လင့်နေသည်။

"မုံ မပြန်တော့ဘူး"

"ဘယ်လို"

"မိုးမပါဘဲ မုံတို့သားအမိ ဘယ်တော့မှ အိမ်ကို မပြန်တော့ဘူးလို့ ပြောတာပါ မိုးရယ်"

"မုံရယ်"

မိုးကောင်းကင်လက်ထဲက သူတို့နှစ်ယောက်ဓာတ်ပုံကို ဆိုဖာပေါ်ပစ်ချလိုက်ပြီး သူ့ရှေ့က မုံ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ အတင်းကျပ်ဆုံး ဆွဲယူပွေ့ဖက်လိုက်တော့ မုံက မိုးရင်ခွင်ထဲ သူ့မကိုယ်လေးကို တအား တိုးဝင်ပြီး ရှိသမျှအားနှင့် မိုးကောင်းကင်ကိုယ်ကြီးကို အတင်းကျပ်ဆုံး ပြန်လည်ပွေ့ဖက်လိုက်ခြင်းဖြင့် မုံနှင့် သမီးလေးဘဝတစ်ခုလုံး နွေးထွေးလုံခြုံသော ရင်ခွင်တစ်ခုဆီမှာ ထာဝရအပ်နှင်းလိုက်ပြီဟု သိလိုက်သည်။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ
ချစ်မေတ္တာဖြင့်
မြပုလဲသွယ်

BURMESE CLASSIC
www.burmeseclassic.com